www.burmeseclassic.com

# လရောင်ကျူးရှင်

## အလင်းဖြောင့်တန်းစွာသွားခြင်း



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးဝိုင်ဇော်ဟိန်း (၀၁၆၅၉)
ရွှေငွေခိုင်စာပေ၊ အမှတ်(၃၇)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

–ဘွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်မှု – ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
အလင်းဖြောင့်တန်းစွာသွားခြင်း/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေငွေခိုင်စာပေ၊ ၂၀၁၆။
၁၃၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အလင်းဖြောင့်တန်းစွာသွားခြင်း

BURMESE CLASSIC



## အခန်း(၁)

"ဟိတ်ကောင် .. မင်း ...."

"ဟာ .. မင်း .. မင်း သူ့ကို သတ်လိုက်တယ်"

"ကျွန်တော်သတ်တာမဟုတ်ဘူး .."

သူ နောက်ဆုတ်လိုက်တာနှင့် ရင်ဘတ်ချင်းကပ်၍ထပ်နေသော ...ီးသမီး၏ကိုယ်ခန္ဓာက အရုပ်ကြိုးပြတ် ဘုန်းခနဲပစ်လဲသွား၏။ သူတို့ခြေထောက်တွေပါ ရှဲခနဲ နောက်ဆုတ်ကုန်ကြကာ ဓားတန်း...နှင့် သွေးအိုင်ထဲမှာလဲနေသည့်အလောင်းက သူ့ဘက်ကို မျက်နှာမူ...ည့်ပြင် ...

"ဟိုမှာ .. ဟိုမှာ တွေ့လား၊ မင်းကိုပဲ စိုက်ကြည့်နေတာ"

"မဟုတ်ဘူး"

သူ ခြေထောက်တစ်ဖက် ဘေးကိုရွှေ့ရပ်လိုက်သည်။ အားလုံးက ...း အလန့်တကြားရှောင်တိမ်းကုန်ကြကာ အပြင်ကို ဝရုန်းသုန်းကား ...ွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒူးတွေတုန်နေသည်။ အလောင်းက စူးစိုက်ကြည့်နေသော မျက်လုံး အစုံက ကိုယ့်ခြေလှမ်းတွေအတိုင်း တစိုက်မတ်မတ်လိုက်ကြည့်နေသည် ဖြစ်နေခဲ့လျှင် ...

"မင်း .. မင်းနော် .."

"ဒုတ် ..."

ဖျတ်ခနဲလှည့်ပြေးဖို့ အားအပြည့်နှင့် ကြိုးစားလိုက်သော်လည်း ခြေထောက်ကို တစ်စုံတစ်ရာက လာရောက်ရစ်ပတ်၏။ ပြီးတော့ နော ယိုင် ရှေ့ယိုင်နှင်ထိန်းရင်း ...

"အား ..."

အလောင်းပေါ်ကို လဲကျပြီဆိုသည့်အသိစိတ်က ကူတစ်ကိုယ် ကို ချောက်နက်ကမ်းပါးကြီးပေါ်ကနေ တွန်းချခံလိုက်ရသလို ...၊

"ဟော .. လူနာ သတိရလာပြီ ..."

"ပေးရှင့်ရဲ့လိပ်စာကို ဆက်သွယ်ပြီးပြီလား ..."

"ဟုတ်ကဲ့၊ ခုလာနေပြီလို့ ပြောပါတယ် ..."

သူ့နားထဲမှာ လေတိုးသံတွေလား၊ စကားသံတွေလား မသဲကွဲ ဒါပေမယ့် အကြောင်းအရာတွေကို နားလည်လာသည်။ ကို ပြောနေကြတာမှန်းလည်း သိလာ၏။ ထို့ပြင် ...

"ကိုရန်ဘက်ချင်း .."

"သူ့ကို ကိုချင်း လို့ ခေါ်သံကြားလိုက်တယ် ဒေါက်တာ ကိုချင်း .."

ငါ့ကိုခေါ်နေတာပဲ ...၊

ဒါပေမယ့် ငါမှ ကိုချင်း မဟုတ်တာ ...၊

"ဘိုရန်ဘက်ချင်း"

"ဗျာ .."



လုံး၏အမြင်မှာ သူ့ပုံစံက ပြူးတိပြူးကြောင် တအံ့တသြဖြစ်နေကာ ခေါင်းညိတ်လိုက် ခေါင်းခါမိလိုက်နှင့်။

ဆရာဝန်တွေနဲ့ သူနာပြုတွေအားလုံး စိုးရိမ်မကင်းသည့်အကြည့် ဘို့နှင့် တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်း စကားပြောကုန်ကြ၏။

ပြီးမှ ကိုချင်း လို့ ခေါ်သည့် သူနာပြုလေးက ပြုံးလိုက်ကာ...

"ရှင့်ကို မြို့ပတ်ရထားပေါ်မှာတွေ့လို့ ဒုရဲအုပ် ကိုလင်းမောင် က ဆေးရုံလာတင်ပေးခဲ့တာ .."

ဒုရဲအုပ် ကိုလင်းမောင်၊

ငါနဲ့သိသလား ...၊

ရင်ထဲမှာ ဒိန်းခနဲမြည်သွားသည်။

"ရှင်က သူ့မိတ်ဆွေတဲ့၊ သတိရရင် ဖုန်းဆက်ပြောပါလို့တောင် ာထားခဲ့သေးတယ်၊ ကျွန်မတို့ ရှင့်အိမ်ကိုလည်း အကြောင်းကြားပြီး ါပြီ"

"ဗျာ ..."

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်၏။ စမ်း ်ကိတော့ ခေါင်းမှာ ပတ်တီးနဲ့ဖြစ်ကာ ဘယ်ဘက်လက်မှာ ကျောက် ်တ်တီးနဲ့ဖြစ်နေသည်။

ဒါကြောင့် ကိုယ့်ကိုယ် ရူးသွားပြီလို့ ဘွေးနေကြတာမှန်း သတိရ ်ကာ ...

"ကျွန်တော် .. ကျွန်တော့်ဒဏ်ရာက နည်းနည်းနာနေတော့ ..."

"ဟုတ်ပါတယ်၊ ဒါ ဖြစ်တတ်ပါတယ်၊ တစ်ခါတလေ အိပ်ရာ ာရင်တောင် နေ့နဲ့ညနဲ့ မှားနေတတ်သေးတာပဲ၊ မင်းမှာ ဒဏ်ရာ ား သေးလေးမှမဟုတ်တာ"

ဂျူတီကုတ်အဖြူနှင့် ဆရာဝန်ကြီးက နားလည်သည့်အပြုံးနဲ့ပေ

www.burmeseclassic.com

www.burmeseclassic.com



ခပြုံးရှိဦးမည့်အဖြစ်ကသာ ကြီးစိုးနေခဲ့၏။

အကြီးမားဆုံး စိုးရိမ်နေခြင်းက ဒုရဲအုပ် ကိုလင်းမောင် ဆိုက်ရောက်လာမှာကိုပင် ...၊

ဒုရဲအုပ်က သူ့မိတ်ဆွေဆိုပြီး ဘာဖြစ်လို့ ဆေးရုံလာဝင်ပေးခဲ့တာလဲ၊ ဟိုဆိုင်ထဲမှာ ဖြစ်ခဲ့တဲ့အဖြစ်ကို သိသွားလို့လား၊ ဒါမှမဟုတ် သူ့ဒဏ်ရာတွေကြောင့် မသင်္ကာမှုနဲ့လား ...။

"ရှင် သိပ်မတွေးပါနဲ့ သက်သက်သာသာနေပါ၊ တော်ကြာ ရှင့်အိမ်က ရောက်လာကြတော့မှာ"

"ဗျာ ..."

ဒီတစ်ခါ သူ့ရဲ့မျက်လုံးပြူးသွားခြင်းကို ဘယ်သူကမှ တားဆီး မနေတော့ဘဲ အလျှိုအလျို ထွက်ခွာသွားကြ၏။ ဒါ ပြည်သူ့ဆေးရုံကြီး

လှည့်ပတ်ကြည့်ပြီး ဘေးခုတင်ကလူနာတွေနဲ့ မျက်လုံးချင်းဆုံ လိုက်ကာမှ မျက်နှာလွှဲပစ်ရ၏။ သူ ဘာတွေဖြစ်ခဲ့တာလဲ ...၊

ဓားတန်းလန်းနဲ့လူသေကောင်ပေါ် ပြန်လဲကျခဲ့သည်၊ ထို့ကြောင့် ခေါင်းမှာ ဒဏ်ရာရခဲ့တာဖြစ်မည်။ လက်ကျိုးဟာကတော့ ဘယ်မှာ လဲခဲ့လို့ ဘယ်လိုရခဲ့တဲ့ဒဏ်ရာမှန်း မသိပေ။ သွေးတွေမြင်လေ ချောက်ချားလေနှင့် သွေးရူးသွေးတန်းထွက်ပြေးခဲ့တာလည်း ခြေဦးတည့်ရာ အတိုင်း။

ငုတ်တုတ်ထိုင်တွေးနေရင်း တံတွေးမျိုတာတောင် လည်ချောင်းမှာ ကျပ်ခဲခဲကြီးဖြစ်နေခဲ့သည်။

ထိုစဉ် ...

ခုနလေးတင် ထွက်သွားသည့် သူနာပြုလေး ပြန်ဝင်လာကာ —

"ကိုရန်ဘက်ချင်း ရဲ့အိမ်က ရောက်လာပါပြီ .."

သူမ စကားမဆုံးခင် နောက်ကပါလာတာက အမျိုးသမီးနှစ်ယောက် —



ပိုင်းမှာ ဒဏ်ရာတော့ မတွေ့ဘူး၊ ဒါပေမယ့် ..."

သူနာပြုက သေချာရှင်းပြနေ၏။ သူမတို့က သူနာပြုရဲ့စကားတွေကို စိတ်ဝင်စားပုံမရှိဘဲ သူ့ကိုသာ စူးစိုက်ကြည့်နေကြ၏။ သူလည်း ထို့အတူပင် ...၊

မျက်စိရှေ့ရောက်လာသည့် အမျိုးသမီးနှစ်ယောက်ထဲမှာ ရှေ့က ဝင်လာသူသာ ရန်ဘက်ချင်း နဲ့ အရင်းနှီးဆုံးပတ်သက်သူဖြစ်နိုင်ကာ နောက် တစ်ယောက်ကတော့ ဆက်နွယ်ပတ်သက်မှုလောက်သာဖြစ်နိုင်၏။

ထို့ကြောင့် သူ့အကြည့်တွေကလည်း ထိုတစ်ယောက်ထံမှာပဲ ရှိနေခဲ့၏။ သို့သော် ...

"မင်းက အတင့်ရဲလှချေလား ချင်း .."

အနက်ရောင်ကိုယ်ကျပ်နှင့် စတော်ဘယ်ရီရောင် စကတ်ရှည်ကို ဝတ်ထားသော သူ စူးစိုက်နေခဲ့သည့် တစ်ယောက်ကတုတ်တုတ်မှ မလှုပ်ဘဲ ဘေးကတစ်ယောက်က ရှေ့တက်လာပြီး ကပ်ပြောသည်။

အနားမှာ သူနာပြုလည်း မရှိတော့ပါ၊ ဒါပေမယ့် သူမက ခပ်အုပ်အုပ် သွားကြားစေ့သံနှင့်သာဆိုလျက် ...

"မင်းကိုယ်မင်း ဘာအားကိုးနဲ့ ပြန်ရောက်လာခဲ့တာလဲ"

"ကျ .. ကျွန်တော် ..."

သူ ဘာပြောရမှန်းမသိဘဲ စကားတွေ ထစ်ငေါ့ကုန်သည်၊ သူက မျက်နှာအနည်းငယ်စောင်း၍ စူးစိုက်နားစွင့်၏။ ထို့ပြင် သူ့ဘက်က စိုးရိမ်ထိတ်လန့်မှုတွေကို သတိထားမိသွားပြီး သူမကပဲ မျက်ခုံး တွေပင့်၍ မဲ့လိုက်ပြန်သည်။

"ပြောစမ်းပါ၊ မင်းက ကြောက်တတ်တဲ့သတ္တဝါမှမဟုတ်တာ၊ ဘာဖြစ်သွားတာလဲ"

"ဒီမှာ ကျွန်တော်က .. ခင်ဗျား ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဆိုမှ သူမက တအံ့တသြသဒေါသတွေလည်းနှက်ကျက်...

"ခင်ဗျား ဟုတ်လား၊ ခေါင်းမှာ ဒဏ်ရာလေးလက်သည်းခွံလောက်နဲ့ အတိက်မေ့သွားသလို ကြောင်တောင်တောင်တွေလုပ်ပြီး အရူးကွက်မနင်းနဲ့နော်"

"လက်သည်းခွံလောက်မဟုတ်ဘူးဗျ၊ ခင်ဗျား ပြောချင်တာတွေ စွတ်ပြောမနေနဲ့"

"အဲဒီတော့ မင်းကို သနားပေးရမလား"

"မလိုပါဘူး"

"အေး .. မလိုရင် မင်းကို ငါ အကောင်းဆုံး အကြံပေးမယ်၊ ရော့.."

လက်ကိုင်အိတ်ထဲကထုတ်ယူလိုက်တာ မောင်းပြန့်ဓားလေး တစ်ချောင်း ...၊

ပြီးတော့ သူ့ရင်ခွင်ထဲ လှမ်းပစ်လိုက်ပြီး ...

"ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်"

"ဘာဗျ ..."

ဓားကို ငုံ့ကြည့်ပြီး ဒေါသအစစ်အမှန်တွေ ခုန်ပေါက်ထွက်၏။ ဒီမိန်းမ ထင်ရာမြင်ရာတွေပြောပြီး လူကို စိန်ခေါ်နေပါပြီ။

"ထက်ထက် ရယ် ဆားလူတွေ သိကုန်တော့မယ်၊ အဲဒီကိစ္စ ငါ ရှင်းပါ့မယ်"

"နင် ရှင်းမရလို့ပဲ သေဖို့နီးခဲ့ပြီးပြီလေ၊ သူ ဒီလောက်ယုတ်မာတာကို ကြံဖန်ခွင့်လွှတ်ချင်သေးလို့လား .."

"မဟုတ်ပါဘူး၊ ငါသိပါပြီ .."

"အပိုတွေပြောမနေနဲ့၊ နင် ဘယ်တော့မှသိမှာမဟုတ်ဘူး၊ ဒီမှာ ရန်ဘက်ချင်း .."

ထက်ထက် ဆိုသည့် သူမက ဘာတွေ ဘယ်လိုပတ်သက်ပြီး ဒေါသတွေ ပါမစ်မဲ့ကြီးထွားခွင့်ရှိနေသည့်မသိ။



"နင့်ဟာနင် သေမယ့်ရောဂါကြီးပဲရနေနေ နင့်လိုလူကို သနားစရာမရှိဘူး .."

"တစ်ဆိတ်လောက်ရှင် ဒေါက်တာက ပြောနိုင်းတာရှိလို့ပါ"

ထက် စကားမဆုံးခင် သူနာပြုတစ်ယောက် အခန်းဝကနေ အကြောင်းကြားသံပေါ်လာခဲ့သည်။ ထက်ထက်က လှည့်ကြည့်ပြီး ပြီးစလွယ်ခေါင်းညိတ်လိုက်ကာ ...

"နင် လိုက်သွားလိုက်"

"နင် သွားလိုက်ပါ ထက်ထက်ရယ်"

"သိတယ်၊ ဟွန်း .. ဘာစကားမှမပြောဘဲ နောက်ဆုတ်ရပ်နေ၊ ဒါ နင့်ကိစ္စပေမယ့် ဒီတစ်ခါ ငါ ဝင်ရှင်းမှ ဖြစ်မှာ .."

ဘာစကားမှမပြောဘဲနေတာပဲဖြစ်သည်။ ဒါပေမယ့် နောက်ဆုတ်မနေနိုင်ဘဲ လူနာခုတင်နားကို ထပ်တိုး၍ စူးစိုက်ထားမိသည့် မျက်လုံးတွေကို မလွှဲနိုင်။

သူကလည်း ထိုမျက်ဝန်းလေးတွေကို ပြန်ကြည့်နေမိလျက် စတော်ဘယ်ရီရောင်သမ်းနေသည့် သူမရဲ့ပါးပြင်လေးတွေကိုလည်း သတိထားမိနေ၏။

ပြီးတော့ နဖူးကျဉ်းသလိုရှိပေမယ့် နားသယ်စပ်ဆံစလေးတွေ စိမ်းမြနေသည့် ပါးရိုးမို့မို့လေးတွေနဲ့ ကြည့်ကောင်းနေတောကအစ သေချာကြီး ကြည့်နေမိခဲ့ပြီး ...

"မင်းက အနှစ် ..."

"အူကြောင်ကြောင်တွေ လျှောက်မေးမနေနဲ့ ချင်း၊ ကျွန်မ ရှင်နဲ့ စကားမပြောချင်ဘူး .."

"အူကြောင်ကြောင်မေးတာ မဟုတ်ဘူး၊ ကိုယ်က ..."

"ရှင် ဘာကျန်ခဲ့လို့ ပြန်လှည့်ကောက်တာလဲ"

"ဘယ်လို .."

www.burmeseclassic.com

www.burmeseclassic.com



စကားတွေက ဘယ်ကိုဦးတည်နေမှန်းမသိ၊ ကိုယ်က ဘာပြောရမှန်းမသိဖြစ်နေသလောက် သူမတို့ ဘာတွေပြောနေကြမှန်း ခုထိ နားမလည်တာက ဘာမှ ရှေ့ဆက်လို့မရအောင် ဖြစ်နေခဲ့၏။

**ထိုစဉ်** ထက်ထက် က ခြေလှမ်းကျဲတွေနဲ့အတူ ဒေါသမျက်လုံးများနှင့်လာ၍ ...

"သွားမယ်"

"ဟင် .."

"အဲဒီအရှုးကိုပါ ခေါ်လာခဲ့တော့"

"ဟင် .."

"တဟင်ဟင်နဲ့ ဘာဖြစ်နေတာလဲ အနှစ် ရယ်၊ သူ ဟန်ဆောင်ကောင်းထားတာ ဟိုဆရာဝန်တွေက ယုံနေကြပြီလေ .."

"အဲ့ဒါ ဘာပြောကြလို့လဲ"

"လူနာက အတိတ်မေ့သလိုဖြစ်နေတာတဲ့၊ သူ့ကိုယ်သူ ဘယ်သူမှန်း မသိသေးဘူးဆိုရင် စိတ်အေးအေးထားပြီး .. ကျွတ် .."

ပြောနေရင်းနဲ့ မပြောချင်တော့သလို ကျွတ်ခနဲဖြစ်ကာ သူ့ကို မျက်စောင်းရှုပ်ထားသည့်မျက်လုံးတွေနဲ့ လှည့်ကြည့်၏။

"လုပ်မနေနဲ့တော့ အနှစ်၊ ဒီဆေးရုံပေါ်ကလွတ်တာနဲ့ လမ်းမှာ ကန်ချပစ်ခဲ့မယ် .."

ဆေးရုံက ခုချက်ချင်းဆင်းမှဖြစ်မှာလို့လည်း ဆရာဝန်ကြီးနဲ့ ဆွေးနွေးခဲ့ပြီးပါပြီ။

ဘာဖြစ်လို့လဲဆိုလျှင် ရန်ဘက်ချင်း ကို ကိုယ့်လူနာလိုတော့ ဆေးရုံကိုလာပြီး ကျွေးမွေးပြုစုမထားနိုင် ...။

ဒါပေမယ့် ခေါ်မသွားဘဲထားခဲ့လို့လဲမရပေ၊ ဒုရဲအုပ် ကိုလင်းမောင်က တစ်အိမ်လုံးနဲ့ ရင်းနှီးနေသည့်အဖြစ်မှာ ကိုယ့်ပြဿနာတွေကို မသိဘဲ တောင်တောင်အီအီတွေ ထင်သွားခဲ့ရင် အားလုံး ပွကုန်မှာဖြစ်၏။



"နေပါဦး၊ ကျွန်တော့်ကို ဘယ်ကိုလိုက်ခိုင်းနေတာလဲ၊ ကျွန်တော်က.."

"ဟန်ဆောင်ကာမူပို လုပ်မနေစမ်းနဲ့၊ ရှင် အဲဒီလိုဖြစ်ချင်လို့ မျက်နှာပြောင်တိုက်လာခဲ့တာမဟုတ်ဘူးလား .."

"ဟော့ .. မင်း စကားပြောတာ .. အား ..."

ခေါင်းက တဆစ်ဆစ်တိုးဆောင့်လာခဲ့၏။ ဒေါသနှင့် ပြင့်ဆင်လိုက်ပေမယ့် ကိုယ့်ခေါင်းကို နှိပ်၍ ငိုက်ကျသွားခဲ့သည်။

"ဟော .. လူမမာ ထထိုင်နေပြီလား .."

နောက်တစ်ယောက် ဝင်လာတော့ အပြုံးအရယ်တွေနဲ့ပါ။ ဒါပေမယ့် ထိုသူကိုလည်း သူမသိ ..၊

"ဘယ်လိုလဲ ချင်း၊ မင်းကို ငါ သတိပေးနေတာတွေ ခု သိသွားပြီလား .."

ခေါင်းကိုက်သည့်ဝေဒနာတစ်ဖက်နှင့် ထိုမျက်နှာကိုတော့ သေချာကြည့်နေမိသည်။ အသားလတ်လတ် အရပ်အမောင်းကောင်းကောင်းနှင့် ကိုယ့်ထက်တော့ အသက်နည်းနည်းပိုကြီးနိုင်၏။

"သူ့ခေါင်းမှာ ဒဏ်ရာရထားလို့ နည်းနည်းခေါက်နေတယ် အစ်ကိုလင်းမောင် .."

"ဟာ .. အဲ့လိုဖြစ်သွားတာလား .."

သူ့အတွက် စိုးရိမ်သည့်မျက်ဝန်းတစ်စုံကိုတော့ ပထမဆုံး မြင်လိုက်ရပြီဖြစ်သည်။ ထိုသူက ဒုရဲအုပ်ကိုလင်းမောင် ဆိုတာ ထပ်သိလိုက်ရသဖြင့် ခေါင်းထဲမှာ မကောင်းသည့်အတွေးတွေ ပါဝင်လာခဲ့၏။

အားလုံးက ကိုယ့်ကို လူမှားနေကြတာဖြစ်ကာ ရန်ဘက်ချင်း ဆိုသူက သူနဲ့ ရုပ်ချင်းခွဲမရလောက်အောင်တူနေပြီဆိုတာလည်း သေချာနေသည်။

ကိုယ်က ဒါကို ရှင်းပြဖို့ကြိုးစားရင်း ပြောခွင့်မသာခဲ့ရခြင်းဟာ...၊

"လာပါ၊ ထက်ထက် က ကုမ္ပဏီသွားရမှာမို့လား ကားယူသွားလိုက်တော့လေ၊ အနှစ် တို့လင်မယားကို ကျွန်တော်ပဲ လိုက်ပို့ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

ထက်ထက်ရဲ့မျက်လုံးတွေ အနှစ် ဆီကို အဓိပ္ပာယ်များစွာနှင့် ရောက်သွားခဲ့သည်။ ပြီးတော့ သူ့ဆီပြန်ရောက်လာ၏။ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်မကောင်းတာ သိနေသောကြောင့် နေရာသီ မျက်နှာလွှဲလိုက်၏။

ထိုအခါ ခေါင်းက ပို၍ကိုက်ခဲလာကာ သူတို့ တွဲခေါ်လာကြတဲ့ အတိုင်း တောက်လျှောက်မှာ သူ့မျက်နှာ ရှုံ့မဲ့နေခဲ့၏။

"ရဂုံလား ချင်း၊ ဒေါ်ရာတွေ ဒီလောက်များတာကို ဘာဖြစ်လို့ ဆေးရုံက ချက်ချင်းဆင်းခဲ့တာလဲ"

ကားထဲရောက်အောင် သေချာဂရုစိုက်တင်ပေးရင်း သူ့ကိုပြောတာလား၊ အနှစ် ကို မေးတာလား မသိ ..။

အနှစ် ကလည်း မျက်နှာလေးမှုန်နေလျက်နှင့် သူ့ဘေးမှာ ဝင်ထိုင်၍—

"အင်း .. ဟုတ်တယ်၊ ညီမလည်း နလံထပဲကို၊ ဒါပေမယ့် ညီမရယ် သူ့ကိုတော့ လောလောဆယ် ကိုယ်ပိုင်ဆေးရုံတစ်ခုမှာ တင်ပေးထားသင့် တယ်ထင်တယ်၊ ဒေါက်တာ ဘာမှမပြောလိုက်ဘူးလား"

"ထက်ထက် သွားပြောတာပဲ၊ ဘာမှထပ်မပြောလိုက်လို့နေမှာပေါ့၊ ရပါတယ် အစ်ကိုလင်းမောင်ရယ်၊ အိမ်မှာပဲ စပါယ်ရှယ်နာ့စ် ငှားလိုက်ရင် အဆင်ပြေမှာပါ .."

"ဟား .. ဟား .. ဟား .."

ကိုလင်းမောင် ကားမောင်းထွက်လိုက်ရင်း ရယ်နေကာ ...

"ကိုယ့်ယောက်ျားကို ကိုယ်ပဲ ပြုစုရမှာပေါ့ အနှစ် ရယ်၊ ငါ့ညီမ ကတော့ လုပ်ပြီ .."

"အဟွန်း .."

အနှစ် က ပြုံးလိုက်သလို မဲ့သလို မျက်နှာလေးနှင့် ငုံ့နေလိုက်၏။ ပြီးမှ ဘာသတိရသွားသည်မသိဘဲ သူ့ကို ဖျတ်ခနဲလှည့်ကြည့်၏။ သူမ



ကို ငေးစိုက်ကြည့်နေမိသည့် ကိုယ့်မျက်လုံးကို ရုပ်သိမ်းချိန်မရလိုက် သဖြင့် နေရာသီ က ခပ်တည်တည်မျက်နှာနှင့် ထူပွေရရ မျက်နှာလွှဲသည်။

ရင်ထဲမှာတော့ မျက်တောင်းတွေချည်း ဖိထိုးခံနေရသဖြင့် 'ကြည့်မိဦး ဒီမျက်လုံး'လို့ ရေရွတ်ရင်း နောက်ထပ် မျက်စောင်းထိုးမခံရဖို့ တရားမှတ်နေရ၏။

"ချင်း ..."

"ဗျာ ..."

သူ ပျာပျာသလဲထူးလိုက်သဖြင့် ကိုလင်းမောင် က မှန်ထဲကနေ လှမ်းကြည့်ပြီး ပြုံးသည်။

"အတိတ်မေ့သွားတာဆိုရင်လည်း မင်း ယဉ်ကျေးလာတာ အမြတ်ပေါ့ကွာ .."

ရန်ဘက်ချင်း ဆိုတဲ့လူ ဘယ်လောက်တောင် ဆိုးသွမ်းနေခဲ့လို့လဲ မသိ ..။

"မင်း သတိမရတော့ဘူးဆိုရင်လည်း သတိရလာတဲ့အထိတော့ သတိထားနေရမယ်ကွ၊ မင်းတွဲခဲ့တဲ့ကောင်တွေက မရှိမကောင်း ရှိမကောင်း ကောင်တွေ .."

သူ့စကား သူပြောပြီး နောက်ကို မျက်နှာငဲ့စောင်းကြည့်ကာ ...

"မရှိမကောင်း ရှိမကောင်း ဆိုတာ သူတို့တွေကိုပြောတာမဟုတ်ဘူးနော်၊ ငွေကိုပြောတာ၊ မင်းလက်ထဲမှာ ရေလျှံနေရင်လည်း မကောင်းဘူး၊ ရေခန်းနေရင်လည်း မကောင်းဘူး၊ အဲဒါကိုပြောတာ၊ မင်း အခု သူတို့နဲ့ပဲ ကွိုင်တက်ခဲ့တယ်ဆိုတာ ငါ ရိပ်မိတယ် .."

"အပေါင်းအသင်းမှားတယ်ဆိုတာလည်း 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့' ပါ အစ်ကိုလင်းမောင် ရယ်၊ သူ ကလေးမှ မဟုတ်တော့"

အနှစ် ရဲ့လေသံက ခုကျတော့ ထက်ထက် ဆိုသည့် သူမနဲ့ ထစ်ထပ်တည်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



နေရာသိ နောက်ထပ်လှည့်ကြည့်မိပြန်ကာ ချက်ချင်း မျက်နှာလွှဲရ၏။ ကိုယ့်မှာ သူမတို့နဲ့ ရောနှောပြောစရာ ဘာစကားမှမရှိ၊ ဘာအကြောင်းအရာကိုမှလည်း မသိခဲ့။

"ကလေးကို အပေါင်းအသင်းများတော့မယ်မှန်းသိရင် ခေါင်းခေါက်ပြီး လက်လေးဆွဲခေါ်လာရုံပဲ ညီမရဲ့၊ ကလေးမဟုတ်လို့ ခက်နေတာ၊ အဲဒီလူက ရန်ဘက်ချင်း ဖြစ်နေလို့လည်း ပိုဆိုးတာ၊ သူ အစတည်းက သူထင်ရာလုပ်လာခဲ့တဲ့သူ .."

သိပ်မှန်တာပေါ့ ..။

ထင်ရာလုပ်ဖို့အတွက် သူများအသက်ကိုသတ်ရမှာလည်း ဝန်လေးခဲ့တာမှမဟုတ်ဘဲ ..။

အနှစ် နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ထားမိကာ မျက်ဝန်းတို့က ကိုယ့်ဘေးမှာထိုင်နေသည့် သူ့ထံ ခပ်စိုက်စိုက်ရွေ့လျားသွားခဲ့သည်။

ဂျင်းဘောင်းဘီနက်ပြာရောင်နှင့် ပေါင်ပေါ်တင်ထားသည့် လက်တစ်ဖက်က မြင်ကွင်းထဲမှာ နီးကပ်စွာဝင်နေ၏။ ခပ်သွယ်သွယ် ဖြူနုသော လက်ချောင်းတို့မှာ မွေးညင်းနုတို့က သိသာစွာတင်နေကာ လက်ဖဝါးစောင်းတို့က နီမြန်းနေသည်။

ထို့ပြင် လက်သည်းရှည်အပိုမထွက်သော လက်ချောင်းတို့က ရှင်းသန့်ကြည်စင်နေကြ၏။ ရန်ဘက်ချင်း ကို သူမ တစ်ခါမှ အနီးကပ် သေချာ မကြည့်ခဲ့ဘူးပေ။

လူကြီးချင်း သဘောတူခဲ့ကြသည်။ သူမကလည်း သဘောတူခဲ့၏။ သူ့မှာလည်း ချစ်သူမရှိခဲ့ဘူးဆိုတာ သိလိုက်ရသည့်အချိန်မှာ ဘဝနှစ်ခု ပေါင်းစပ်ထူထောင်ကြဖို့ အခက်အခဲ ရှိမလာနိုင်ဘူးလို့ သူမတွက်ခဲ့မိသည်။

တကယ်တမ်းကျတော့ သူ့မှာ ချစ်သူမရှိခဲ့ပေမယ့် သူ့အတွက် အမြဲတမ်းလိုအပ်နေတာက ငွေပဲဖြစ်သည်။



"လိုအပ်လို့ မင်းကိုပြောနေတာပေါ့ကွ၊ ငါ့အတွက် မင်းမရှိရင် ရတယ်၊ ငွေမရှိလို့ မဖြစ်ဘူး"တဲ့။

နှစ်ဖက်မိဘက မဆင်းရဲကြပါဘဲ သူ့အတွက်တော့ ငွေက အမြဲတမ်းလိုနေခဲ့သည်။ အရပ်မြင့်မြင့် ဖြူဝင်းချောမွေ့နေခဲ့သောမျက်နှာက မျက်ကွင်းညိုသလိုဖြစ်နေတာလည်း ဟိုလိုဒီလိုတွေ သူမ မတွေးမိခဲ့ပေ။

'အသားဖြူပြီး မျက်ခုံးအရမ်းထူတော့ မျက်ကွင်းညိုနေတာလေးက ပိုကြည့်ကောင်းတယ်'လို့တောင် ထက်ထက် ကို ပြောပြီး သဘောကျတာတွေ ရင်ဖွင့်မိခဲ့သေးသည်။

သူ ဘာဖြစ်လို့ ငွေတွေ ဒီလောက်လိုနေသလဲဆိုတာ သိလိုက်ရတော့မှ ...

"နင့်အဖြစ်က ဂေးမှန်းမသိလို့ လက်ထပ်ယူခဲ့မိတဲ့ မိန်းမထက်တောင် ဆိုးသေးတယ် အနှစ် ရယ်၊ အဲဒီလိုကောင်တွေကလည်း သူတို့အသုံးနေရဖို့ကလွဲရင် နတ်သမီးလောက်ချောရင်တောင် စိတ်ဝင်စားတာမဟုတ်ဘူး"

ထက်ထက် က အကြောင်းစုံသိတော့ တက်တခေါက်ခေါက်နှင့် ချင့်မရဲတွေဖြစ်လို့မဆုံး ..။

"ကျွိ .."

"ဟေး .."

ရုတ်တရက် ကားက ဘရိတ်အုပ်လိုက်သဖြင့် အတွေးလွန်နေသည့် အနှစ် ကိုယ်လေး ရှေ့က ကူရှင်မှာ ပြေးရိုက်သွား၏။ သို့သော် နေရာသိ ဖမ်းဆွဲထားလိုက်သဖြင့် အဖြစ်ဆိုးမသွားခဲ့ဘဲ ..

"ခါးပတ် ပတ်ထားလိုက်ပါလား .."

"ရတယ် .."

သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး သူမမျက်နှာက တင်းနေ၏။ သူလည်း ခေါင်းကိုက်သွားသဖြင့် နောက်မှာပြန်မှီနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါကွာ၊ ရုတ်တရက်ကြီး ဆိုင်ကယ်လ်ဖြတ်ဝင်လာ ဘရိတ်အုပ်လိုက်ရတာ .. ကျွတ် .."

ဆားကကားတွေ ကပ်ထပ်နေတာ လှည့်ကြည့်ပြီး ဆောရီးခြေ နေသည့်ကြားက ကိုလင်းမောင် မျက်နှာမဲ့သွားသည်။ ပြီးတော့ ..

"ဒီပွိုင့်မှာမိမှာစိုးလို့ အမြန်မောင်းချလာတာကွာ၊ ဆိုင်ကယ် တွေ ကတစ်မျိုး၊ စက်ဘီးတွေ လူတွေကတစ်မျိုး လမ်းပေါ်မှာ စ ကမ်းမရှိသွားလာနေကြတာ တော်တော်ဆိုးတယ် .."

ကိုလင်းမောင် က သူ့ဒုက္ခ သူညည်းနေသည်။ နေရာသီ က ရဲ့အနာဂတ်အတွက် ဖယားချနေခဲ့၏။ အနှစ် ကတော့ သူကိုင်လို သည့် လက်မောင်းကို မသိမသာပွတ်သပ်နေမိကာ သူ့ဘက်ကို မ တောင်ဖျားတို့စင်းချပြီး ခိုးကြည့်နေမိ၏။

ဒီလူ သူလုပ်ခဲ့တဲ့အပြစ်အတွက် နောင်တရနေတာလား၊ တင်း ထပ်ကြံစည်ဖို့ အစပျိုးနေတာလား၊

ကားပေါ်မှာ အတူတူပါလာပြီဆို ဒရိုင်ဘာမပါလျှင် ကိုယ်ပဲ မော ရကာ ခုလို အလန့်တကြားတစ်ခုခုဖြစ်လိုက်တာနှင့် သွားပြီ၊

"ဟား .. ဘာဖြစ်တာလဲ"

"လန့်လိုက်တာကွာ၊ ကားမောင်းရင်း မင်းစိတ်က ဘယ်ရော နေတာလဲ .."

"ကိုထွန်း ခင်ဗျား ကားမမောင်းတတ်ဘူးလား .."

စသဖြင့်သော မြည်တွန်တောက်တီးခြင်းတွေက ကားဘ ဆောင့်အုပ်မိသည့်အပြစ်အတွက် သေမိန့်ချတော့မယ့်အတိုင်း။

တွေးလိုက်မိရင်း မျက်နှာကို လှည့်ကြည့်မိသည့်အထိ အနှစ် ၏ လိုက်မိသည်။ သူက ကူရှင်မှာမှီကာ မျက်နှာခပ်မော့မော့နှင့် မျက်ခ တွေကို ပိတ်ထား၏။

ကိန်းဆောင်ကနက်သော မျက်ခုံးတန်းတို့နှင့် နှာတံကော့ကော



ယာက်ျားပီသစွာထင်းနေသည်။ အထူးသဖြင့် နှုတ်ခမ်းမွေးရာတွေ ဝင်းလျက် စိမ်းမှောင်နေသည်မို့ သေချာစူးစိုက်ကြည့်မိ၏။

သူ ပျောက်သွားတာ ရက်ပိုင်းပဲရှိပါသေးသည်။ နှုတ်ခမ်းမွေးရာ တွေ ထင်းတက်လာတာ အဆန်းပါလား၊ ပုံစံအရ နဂိုတည်းက နှုတ်ခမ်း မွေးရှိထားတာကို မကြာခဏရိတ်သင်ထားပုံပေါ်နေပြီး ခုကျမှ ယောက်ျား ပီသသော ချောမွေ့ခြင်းက ပို၍ပေါ်လွင်လာတာဖြစ်သည်။

သူ ဘာလုပ်မှာလဲ၊ ဘာတွေကြံစည်နေသလဲ ..၊

တကယ်အတိတ်မေ့နေတာလား၊ အိမ်ပြန်လာဖို့အတွက် ဟန်ဆောင် နေတာလား ..၊

ဟန်ဆောင်နေတာဆိုရင်တော့ သူမ နောက်ထပ်တစ်ကြိမ် သေဖို့ နီးရဦးမည်သာ ..၊

"ရှင် .. ရှင် .. ကျွန်မကို သတ်မယ်ဟုတ်လား၊ ဘာအတွက်နဲ့လဲ၊ ဘာဖြစ်လို့လဲ"

"ရှင် ဒီလိုလုပ်ဖို့မလိုဘူး ချင်း၊ ရှင်လိုချင်သမျှ ကျွန်မ အခုပဲ လက်မှတ်ထိုးပေးလိုက်လို့ရတယ်၊ ရှင်မက်တာတွေ ကျွန်မ မမက်ဘူး သိလား"

"ငါလည်း မမက်ဘူး၊ ဒါပေမယ့် ငါမက်တာက ငွေရှိမှရမှာ၊ ခဲဒါကြောင့် လိုတယ်၊ ဒါပေမယ့် ငါလိုချင်တာ ပေးစာကမ်းစာ မဟုတ် ဘူး .." တဲ့။

နောက်ထပ် ရှင် ဘာလိုချင်သေးတာလဲ ချင်း ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အတိတ်မေ့နေသလို ဆက်လက်ဟန်ဆောင်ဖို့ ဆုံးဖြတ်လိုက်ရပေ မယ့် သူ့ကိုယ်သူ 'ရန်ဘက်ချင်း' ပါဆိုတဲ့ စကားတစ်ခွန်းကိုတော့ ဘယ်တော့မှပြောမှာမဟုတ်။

ထို့အတူ ကျွန်တော်က နေရာသိ ပါလို့လည်း ပြောဖို့ စိတ်မကူး တော့ပါ။

သူ့အမူအရာတွေ ဘယ်လိုပဲဖြစ်နေနေ ထက်ထက် နဲ့ အနှစ် မှလွဲပြီး အကဲခတ် မျက်စောင်းထိုးမယ့်လူလည်း မရှိ။

"တော်သေးတာပေါ့ မောင်လင်းမောင်နဲ့တွေ့လာလို့၊ မဟုတ်ရင် ဒဏ်ရာတွေနဲ့ရောက်လာလည်း မှုခင်းနဲ့ပတ်သက်လို့ ဘာညာတွေရှုပ် မယ်"

"ဘယ်ကမလဲ၊ ပိုင်ရှင်မရှိတဲ့လူနာကို ဘယ်ဆရာဝန်မှလည်း ကုပေး မှာမဟုတ်ဘူး၊ ပိုက်ဆံရှင်းပေးမယ့်လူမရှိတဲ့လူနာတွေများ .."

"ကဲ .. ကဲ .. အမေကြီးရေ ကိုယ့်စကားကိုယ်ပြော၊ သူများအကြောင်း မပါစေနဲ့"

အနှစ် ရဲ့ မိဘနှစ်ပါးကတော့ ချင်း ကိုတော့ သူတို့သားလို သဘော



ထားနေကြတာ သိသာ၏။ အနှစ် က သူမရဲ့အမူအရာတွေကိုရော ဆေးရုံ မှာ ပြောခဲ့တဲ့စကားတွေကိုရော ဘာမှပြန်မဟဘဲ နောက်ခန်းထဲ တန်း ဝင်သွားခဲ့သည်။

ကိုလင်းမောင်လည်း ကော်ဖီသောက်ပြီးတာနှင့် ထပြန်သွားခဲ့ပြီး။

"သားရယ် .. မေကြီးတို့က စေတနာနဲ့ သတိပေးနေကြတာပါ၊ ဒီတစ်ခါတော့ မေကြီးတို့စကားကို နည်းနည်းအလေးထားစမ်းပါ၊ သားရဲ့ အပေါင်းအသင်းတွေက နာမည်ပျက်တွေရှိခဲ့တယ်ဆိုတာ .."

"အား .. ကျွတ် .. ကျွတ်"

"သား .."

"ချင်း ဒဏ်ရာနာလာလို့ထင်တယ်၊ ငါတို့ကလည်း စကားတွေ ပြောနေမိကြတာကိုး၊ သွား သွား .. သားအခန်းမှာ ပြန်နားတော့"

"ခြော် .. နေဦး"

ဦးမြင့်မောင် က ခွင့်ပြုပေမယ့် ဒေါ်သဲနှစ် က သတိရသွားပြီး အလုပ် သမားတစ်ယောက်ကို လှမ်းခေါ်ကာ ...

"မောင်ဟိန်း မင်းအစ်ကိုလေးကို သူ့အခန်း လိုက်ပို့လိုက် .."

သူ အတိတ်မေ့နေတာကို သိထားပြီးပြီမို့ ဒေါ်သဲနှစ် က မျက်နှာကို တကြည့်ကြည့်နှင့် ...

"သား နေရတာ သက်သောင့်သက်သာမရှိရင် ပြောနော်၊ မောင်ဟိန်း မင်းအစ်ကိုလေးနားမှာပဲ နေလိုက်နော်"

"ဟုတ်ကဲ့ ကြီးကြီး"

မောင်ဟိန်း က သူ့လက်ကိုလာတွဲပြီး အပေါ်ထပ်တက်လာခဲ့၏။ လှေကားတစ်ဝက်လောက်မှာ မောင်ဟိန်း လက်ကို သူ ဖြုတ်ချလိုက်ပြီး—

"အဲဒီ အန်ကယ်လ်ကြီးနဲ့ အန်တီက အနှစ် ရဲ့ မိဘတွေလား"

မောင်ဟိန်း က အံ့သြသွားသလိုကြည့်ပြီးမှ ကပျာကယာ ခေါင်း ညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ၊ ကြီးကြီးတို့က အစ်ကိုလေးကို ချစ်ကြတယ်၊ မမလေးနဲ့ အစ်ကိုလေး အဆင်မပြေဖြစ်ကြတိုင်း အပြဲတမ်း အစ်ကိုလေး ဘက်ကပဲ"

"ဘာဖြစ်လို့လဲ"

"ဗျာ .."

"အဲဒီလိုဘက်လိုက်ရအောင် ဘာတွေချစ်စရာဖြစ်နေလို့လဲလို့"

"ဟာ .. အစ်ကိုလေးကလည်း"

မောင်ဟိန်းက ရယ်ကျဲကျဲနှင့် ခေါင်းတစ်ချက်ကုတ်၏။ ပြီးမှ ...

"အဲဒါတော့ ဘယ်လိုပြောရမလဲမသိဘူး၊ ဟို .. အဲ .. အစ်ကိုလေး မာမီနဲ့ တော်တော်ခင်ကြလို့ထင်တယ်"

"မာမီ"

"ဟုတ်တယ်"

သူ ရှုးရှုးစမ်းစမ်းဖြစ်နေတာကို မောင်ဟိန်း က ရယ်ကာ ...

"အစ်ကိုလေး ဟမီလေ၊ အန်တီ ဒေါ်ခင်နှောင်း"

"ဒေါ်ခင်နှောင်း"

"ဟုတ် .. အန်တီဒေါ်ခင်နှောင်းက အစ်ကိုလေးလိုပဲဗျ၊ ဖြူဖြူ ဖြောင့်ဖြောင့်နဲ့ အရမ်းလှတယ်၊ အန်ကယ်လ်ကြီးကလည်း အသားနည်း နည်းညိုပေမယ့် အရပ်က အမြင့်ကြီးပဲ၊ နှစ်ယောက်စလုံး တအားလိုက် ဖက်ကြတာ၊ အစ်ကိုလေး ဒီလောက်ချောတာ အဲဒါကြောင့်ဖြစ်မယ် သိလား"

ရယ်နေရင်း သူ့လက်ကို လာတွဲပြန်သည်။ သူကလည်း ဖယ်ချပစ် လိုက်ကာ ...

"ငါ ဘာမှမဖြစ်ဘူး"

"ဟင် .. ဟုတ်"

ရယ်နေသည့်မျက်နှာက အိုးတိုးအမ်းတမ်းနှင့် ရပ်သွားရကာ



လက် ကို ကမန်းကတန်းပြန်ရုပ်၏။

"အနှစ် နဲ့ ငါ ဘယ်တုန်းကလက်ထပ်ခဲ့တာလဲ မင်းသိလား"

"ဟာ သိတာပေါ့ အစ်ကိုလေးကလည်း၊ ကျွန်တော် ဒီအိမ်ရောက် လာတာ သုံးနှစ်လောက်ကြာပြီဥစ္စာ၊ အစ်ကိုလေးတို့ လက်ထပ်ကြတာ တစ်နှစ်တောင်မပြည့်သေးဘူးလေ၊ မနှစ်က ဘယ်အချိန်ပါလိမ့် .."

သူ စဉ်းစားနေတာကို နေရာသီ က စိတ်မရှည် ..၊

"တော်ပြီ ဘယ်အချိန်ဖြစ်ဖြစ်"

"အဲဒါလည်း တူတာပဲ"

"ဘာ .."

"ခြော် .. အတိတ်မေ့သွားပေမယ့် အစ်ကိုလေး အဲဒီလို စိတ်မရှည် တတ်တာလေ၊ ဟဲ ဟဲ .. စိတ်ကတော့ ဒီစိတ်ပဲလို့"

သူတို့ အပေါ်ရောက်လာကြတော့ တံခါးပေါက်တွေ တန်းစီနေ သည့်အခန်းပေါင်းမြောက်မြားစွာကို မြင်လိုက်ရ၏။ အောက်ထပ်မှာ ပါကေးရောင်တလက်လက်နှင့် ကျယ်ဝန်းရှင်းသန့်နေသလောက် အပေါ် ထပ်ကတော့ ဟိုတယ်ကြီးတစ်ခုထဲ ရောက်သွားရသလို ခမ်းနားမှု အားလုံးက အခန်းတွေမှာပဲဖြစ်နေခဲ့၏။

"အိမ်မှာ လူတွေ တော်တော်များလို့လား"

အိပ်ခန်းတွေကို ကြည့်မေးလိုက်တာမို့ မောင်ဟိန်း က ခေါင်းခါပြ၍-

"မများပါဘူး၊ အစ်ကိုလေးရဲ့ မာမီနဲ့ဒက်ဒီတို့ လာကြရင်တော့ နောက်ထပ် ညီသည်နှစ်ယောက်လောက် ပါလာတတ်တယ်"

"သူတို့က ဘယ်မှာနေလို့ ဘယ်ကလာကြတာလဲ"

"စလုံးမှာလေ၊ ကျွန်တော် ကြားရသလောက်တော့ မြန်မာနိုင်ငံမှာ အစ်ကိုလေးတစ်ယောက်ပဲ ကျန်ခဲ့တာတဲ့"

"ဘာဖြစ်လို့လဲ"

"အဲ .. အဲဒါတော့ ကျွန်တော် မသိဘူး အစ်ကိုလေးရ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အိပ်ခန်းဆိုတာကို လိုက်ပို့တော့ ဝရန်တာနဲ့ကပ်လျက်ဖြစ်ကာ ခြေရင်းဘက်မှာလည်း ဝရန်တာတိုလေးတစ်ခု ရှိနေ၏။

ထို့ပြင် ဝရန်တာပေါ်မှာ ပန်းတွေ အလှဆင်စိုက်ပျိုးထားသဖြင့် ပန်းဥယျာဉ်ငယ်လေးနဲ့လည်း တူ၏။

အခန်းက တစ်ယောက်ခန်းပဲဖြစ်လျက် အိပ်ရာကလည်း တစ်ယောက် အိပ်ရာပဲဖြစ်နေသောကြောင့် သူ ဒီဘက်ပြန်လှည့်လိုက်ပြီး ...

"ငါက ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်းအိပ်တာလဲ"

"ဗျာ ..."

"အနှစ် က ဘယ်မှာအိပ်တာလဲ"

"ဒီကနေ တတိယမြောက်အခန်းမှာ"

နေရာသီ မျက်မှောင်ကုတ်သွားသည်။ ဒါကို လူကြီးတွေ သိရက်နဲ့ ခွင့်ပြုထားတာလား ..၊

ဒါမှမဟုတ် နိုင်လုံတဲ့အကြောင်းတစ်ခုခုကို အားလုံး လက်ခံပြီး နေလိုက်ကြတာလား၊

ဒါဆိုရင် သူတို့လက်ထပ်ထားကြတယ်ဆိုတာ ဘာလဲ၊

"ဟိုလေ .. ကျွန်တော် သိသလောက် ပြောရရင်တော့ ..."

သိတော့သိထားပြီး မပြောရဲသလိုဖြစ်နေသဖြင့် မောင်ဟိန်း က ထစ်ငေါ့နေ၏။ ပြီးတော့ ဟိုကြည့်ဒီကြည့်နှင့် ...

"ဟို .. အဲဒါက ..."

"မင်းကိုမေးနေတာ ငါ့အကြောင်း၊ ရန်ဘက်ချင်း ဆိုတာ ငါပဲ ပြောစရာရှိတာ မြန်မြန်ပြော"

"ဟုတ် .. ဟို .. အဲလေ .. အစ်ကိုလေးကပဲ ခွဲအိပ်လိုက်တာ ထင်တယ်"

"ဘယ်လို .."

"ကျွန်တော် သေချာမသိလို့ပါ၊ ဒါပေမယ့် ကြီးကြီးတို့ကတော့



အစ်ကိုလေးကို နားလည်ခွင့်လွှတ်နေကြတာပဲ၊ မမလေးကလည်း အစတုန်းကတော့ အေးဆေးပါပဲ၊ နောက်ကျမှ .."

"ဘာဖြစ်လဲ .."

"အစ်ကိုလေးနဲ့ ခဏခဏ စကားများလာကြတာ .."

"မောင်ဟိန်း .."

"ခင်ဗျာ .."

နောက်ကျောကခေါ်သံကြောင့် ဘယ်သူမှန်းသိလိုက်ကာ မောင်ဟိန်း တုန်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ အနှစ် က ဖုန်းကိုင်ထားလျက် ခြေလှမ်းမှန်မှန်နှင့်လျှောက်လာနေပြီး ...

"အဲဒါတွေ နင်ပြောစရာ ဘာလိုသလဲ"

"ဟို .. အစ် .. အစ်ကိုလေးက ..."

"ဘယ်သူမေးမေး စကားပြောတာ စည်းကမ်းမဲ့ရဘူး၊ သွားတော့"

"ဟုတ်ကဲ့ .."

မောင်ဟိန်း က အသက်ငယ်ပုံပေါ်ပေမယ့် ကိုယ်တွေနဲ့ အရွယ်တမတိမ်းမယိမ်းပါပဲ၊ နေရာသီ မျက်လုံးထဲမှာ သူမရဲ့စကားလုံးတွေက လိုတာထက်ပိုပြီး မာကျောနေသလို ဖြစ်နေခဲ့၏။

ထို့ကြောင့် သူမတစ်ကိုယ်လုံးကို မျက်မှောင်ကုတ်ကြည့်မိရင်း ...

"သူ့ကို ကိုယ် မေးနေတာ"

"အပိုတွေမေးနေတာကို ဖြေနေတော့ အချိန်ကုန်အလုပ်ရှုပ်တာပေါ့၊ ဒီအိမ်မှာ ရှင့်လို မင်းမနိုင်ပုဂ္ဂိုလ်တစ်ယောက်ကလွဲရင် အားလုံးက ကိုယ့်တာဝန်နဲ့ကိုယ်"

"အနှစ် .. မင်းက ငါ့ကို ဟန်ဆောင်နေတာလို့ ထင်နေတာလား"

"မသိနိုင်ဘူးလေ၊ အတိတ်မေ့တဲ့ရောဂါတွေကို ကျွန်မတို့လို လူတွေက ကိုယ်ပူစမ်းသလို စမ်းကြည့်လို့မှမရတာ"

"ဒါဆို မသေချာတဲ့ကိစ္စတစ်ခုကို မင်း ဘာဖြစ်လို့ တပ်အပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com


နှုပ်စွဲနေတာလဲ"

"ဒါမှ ရှင့်ရဲ့ဇာတိရုပ် ပေါ်လာမှာပေါ့၊ ခုပဲကြည့်လေ၊ ဆေးရုံမှာတော့ ပြုံးတူးပြတဲပုံစံနဲ့ ရှင့်ကိုယ်ရှင် ကျွန်တော်လို့ပြောလို့ပြော၊ ခင်ဗျားလို့ ခေါ်လို့ခေါ်၊ ခုကျတော့ မင်းတွေ ကိုယ်တွေ ဖြစ်သွားပြန်ပြီ၊ ဒေါသထွက်လာရင် လူယောင်ဖန်ဆင်းထားတဲ့ဘီလူးတောင် ဇာတိရုပ်ပေါ်လာသေးတာ"

"မင်း မြင်ဖူးလား .."

"မြင်ဖူးနေပြီလေ၊ အခု ကျွန်မရှေ့မှာရပ်နေတာ ဘီလူးတစ်ကောင်ပဲ၊ ပြောရရင် ဘီလူးထက်ပေဘောင် ဆိုးသေးတယ်၊ ဒီမှာ ရန်ဘက်ချင်း .."

သူမက အခန်းထဲကို ချဉ်းနင်းဝင်ရောက်လာရင်း ကျိခနဲအံကြိတ်သည်။ ပြီးတော့ လည်ကပ်ဆွယ်တာလေးဖြစ်သည့် သူမရဲ့အင်္ကျီလည်ပင်းစကို သေချာပိဆွဲလှန်လိုက်ပြီး ..

"ရှင် ကျွန်မကို လည်ပင်းညှစ်သတ်ခဲ့တာ"

"ဘာ!..."

သူ့မျက်လုံးတွေ နှုတ်ခမ်းနှင့်တစ်ပြိုင်တည်း ဘယ်လောက်တောင် ပွင့်ဟသွားခဲ့သည်မသိ ...၊

မျက်လုံးပြူးနှင့် သူမကိုကြည့်နေရင်း နောက်ကို ခြေတစ်လှမ်းဆုတ်သွားမိသည်။ ပြီးတော့ နောက်ထပ်ဆုတ်လိုက်မိရင်း ခေါင်းခါ၍...

"အဲ့ဒါ ငါမဟုတ်ဘူး .."

နှုတ်ဖျားကနေ ယောင်မှားသည့်အသံက ပြောဖို့မရည်ရွယ်ခဲ့ဘဲ ခုန်ပေါက်ထွက်သွား၏။ ဖွေးနုကျော့ရှင်းသော မိန်းမလှလေး၏ လည်တိုင်ကျော့မှာ အညိုအမည်းစွဲနေသည့်လက်ရာကြီးက သူ့တစ်ကိုယ်လုံးကို လှုပ်ခါမွှေ့ယမ်းနေသလိုပင်။

သူ့မှာ ဘယ်လိုကံဇာတာတွေ ပါလာခဲ့လို့ ဒီလောက်တောင် တိုက်ဆိုင်ပြီး ကံဆိုးမိုးမှောင်ကျခဲ့ရတာလဲ၊ သူ့ကြောင့် မိန်းမတစ်ယောက်သေခဲ့ရသည်၊ သူနဲ့တူသောလူကြောင့် မိန်းမတစ်ယောက်က သေအံ့မူးမူးခံစားခဲ့ရသည်။

ပြီးတော့ ထိုဖြစ်ရပ်နှစ်ခုစလုံးက သူ့ခေါင်းပေါ်မှာ စုပုံကျလာခဲ့ပြီး ...

"ငါ .. ငါ မသတ်ဘူး"

"ရှင် ဘာပြောလိုက်တယ် ရန်ဘက်ချင်း၊ ရှင် .. ရှင့်ရဲ့လက်တွေနဲ့ ကျွန်မလည်ပင်းကို ညှစ်ခဲ့တာ"

"ငါ .."

"ပြီးတော့ ကျွန်မကို ဟိုပြတင်းပေါက်ကနေ ပစ်ချဖို့ ကြိုးစားခဲ့သေးတယ် .."

သူမ ပြောနေတာတွေ ညာတာမဟုတ်မှန်း သိသည်။ ဒါပေမယ့် ဘယ်လိုမှမယုံနိုင်၊ သူမှာ ဘာအပြစ်တွေရှိနေလို့လဲ၊ ဘာကြောင့် မသေမချင်း သတ်ချင်နေရတာလဲ၊ သူမက မသေဘဲကျန်ရစ်ခဲ့ပြီး ရန်ဘက်ချင်းက ဘယ်ပျောက်သွားတာလဲ ...။

ခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ ကိုယ်ဟာ အတိတ်မေ့ဝေဒနာသည်မဟုတ်ဘဲ တွေးနေရင်း ခေါင်းတွေတဆစ်ဆစ်ကိုက်ခဲလာခဲ့သည်။

နာကျင်လာသည့်ခေါင်းကိုလည်း လက်နှစ်ဖက်နဲ့ အုပ်ကိုင်ထားရင်း မျက်လုံးတွေမှိတ်လိုက်တော့ မိုက်ခနဲပြာမည်းသွားခဲ့ပြီး ...

"ဒုန်း ..."

သူမရှေ့မှာပဲ ဒူးထောက်လဲကျသွားပေမယ့် အနှစ် က သက်မကင်းသည့်မျက်လုံးတွေနဲ့ ကြည့်နေဆဲဖြစ်၏။

"အား .."

သူ စုတ်သပ်မညည်းမိအောင် ထိန်းနေရင်း သူမရဲ့ပုံရိပ်ကို ထင်ရှားပီပြင်လာအောင် မြင်ရဖို့ မျက်လုံးတွေကို မရမကပြန်ဖွင့်မိ၏။

သို့သော် မျက်လုံးဖွင့်နေမိတာလား၊ ဖွင့်မရတော့ဘူးလားဆိုတာ သူ မသိတော့ပေ ...၊

www.burmeseclassic.com

www.burmeseclassic.com

"မင်း .. မင်း သွားတော့ .. သွား"

နောက်ဆုံးအင်အားနှင့်ပြောရင်း ကြမ်းခင်းပေါ် ပြိုလဲသွားခဲ့၏။ အနှစ် မျက်လုံးတွေ ရှုံ့စိုက်ကျဉ်းမြောင်းသွားခဲ့သည်။ သူ တကယ်ပဲ အတိတ်မေ့နေတာလား ..။

ပထမဆုံး သံသယနှင့် ရှေ့ကို ခြေတစ်လှမ်းတိုးမိသည်။ သူ ငြိမ်သက်နေတာကိုကြည့်ရင်း အနားမှာ ခြေစုံရပ်လိုက်တဲ့အထိ နီးကပ်သွားခဲ့သည်။ သို့သော် ..

နောက်ထပ် အသက်တစ်အောင့်လောက် ထပ်ကြာတဲ့အထိ ဒီတိုင်းရပ်နေခဲ့ရင်း ပြတ်သားစွာ ကျောခိုင်းလိုက်သည်။

"အနှစ်"

သူမ ခြေလှမ်းတုံ့သွားသည်။ သူ ခေါ်လိုက်တာလား ..။

ပြန်ငဲ့ကြည့်လိုက်တော့ ချင်း က တုတ်တုတ်တောင်မလှုပ်တော့ပေ ..။

"နင် သူ့ကို သနားတဲ့စိတ်နဲ့ နည်းနည်းလေးမှ ငဲ့မကြည့်လိုက်နဲ့နော်၊ သူ့ကိုမြင်ရဲ့သားနဲ့ ရဲမတိုင်ဘဲနေတည်းက သူ့ကို နင် မပြတ်ဘူးဆိုတာ ဒီကောင် သိတယ်၊ အလကား လူသတ်သမား၊ အယုတ်တမာ"

ထက်ထက် က ဒေါသထွက်ကာ လက်သီးဆုပ်ကြိမ်းဝါးနေခဲ့၏။ ဒီကို လမ်းခွဲထွက်ခါနီးထိ ကားပေါ်မရောက်ခင် တရရမှာခဲ့သည်။ သို့သော် ...

သူမ ခြေလှမ်းတွေ ဒီနေရာကနေ မခွာဖြစ်သေးပေ ..။

ချင်း ကို ခွေးသေကောင်ပုပ်တစ်ကောင်လို ဒီတိုင်းထားခဲ့ရမလား၊ မျက်စိရှေ့မှာ ဝေဒနာခံစားနေရသည့် ရောဂါသည်တစ်ယောက်လို စာနာစိတ်မွေးကြည့်ရမှာလား၊

လဲကျနေသည့်အဖြစ်ကို ကြည့်နေမိကာ ရင်ထဲမှာ နာကြည်းမှုနဲ့ ထိတ်လန့်ခြင်းတွေ ရောထွေးနေ၏။ ပြီးတော့ ကိုယ့်လည်ပင်းကို မထိကတထိ စမ်းကိုင်မိလျက် ထိုနေ့က ကိုယ့်မျက်နှာထက်မှာ စီးမိုးနေခဲ့သည့်



မျက်လုံးတွေက ခုပဲ ကိုယ့်ရှေ့မှာရှိနေသလို ခံစားလာခဲ့မိသည်။

"ငါ့အလုပ်ကို မင်း နှောင့်ယှက်လို့မရတော့ဘူး၊ ခုကစပြီး မင်း ငါ့နောက်ကိုလိုက်ချောင်းနေဖို့လည်း မလိုတော့ဘူး"

"မင်းက ငါ့အတွက် အနှောင့်အယှက်ပဲ အနှစ်"

"ငါ့အတွက် လက်ထပ်ခြင်းက ရင်ခုန်သာယာဖို့မဟုတ်ဘူး၊ ငါလိုသမျှ ခြွေတိုင်းရနေမယ့် ကုဏ္ဍာသယပဒေသာပင်တစ်ခု၊ ဒါမှမဟုတ် ရင်လည်း သုံးရာသီစလုံးအတွက် အသုံးပြုကာကွယ်လို့ရမယ့် နတ်ဖန်ဆင်းတဲ့ အရိပ်မိုးတစ်ခုပဲ"

"မင်းက ငါ့အတွက် ထီးတစ်ချောင်းဖြစ်ပေးပါမယ်ဆိုရင်တောင် ငါ မလိုအပ်တော့ရင် အမှိုက်စုတ်ပဲ၊ အခု မင်းက ငါ့အတွက် အမှိုက်ထက်ဆိုးတယ်၊ ရေထဲက သစ်ငုတ်စ" တဲ့။

လူတစ်ယောက်အတွက် သေဆုံးခါနီးအချိန်မှာ အမှန်တွေကိုသာ ဖွင့်ချပြောသွားတတ်သလို သူမကို သေရတော့မယ့်လူအဖြစ် ချင်း ပါးစပ်က ပြောပြသွားခဲ့တာတွေက ကြောက်ခမန်းလိလိ ..။

ကိုယ်နဲ့ အမြဲအတူရှိနေခဲ့တဲ့ယောကျ်ားက ကိုယ့်ကိုမလိုအပ်ဘဲ စေစားမောင်းနှင်ရုံ အသုံးချခဲ့ပြီး ရက်ရက်စက်စက်သတ်ပစ်ဖို့လည်း အချိန်မရွေး အဆင်သင့်ဖြစ်နေခဲ့လေသည်။

သူမ တောင်းပန်ခဲ့သည်။ ဘာဖြစ်ဖြစ်ပေးမယ့်အကြောင်း ကတိတွေပေးပြီး လွတ်မြောက်ခွင့်ရဖို့ ကြိုးစားခဲ့၏။ ဒါပေမယ့် ချင်း ရဲ့မျက်နှာမှာ သနားကြင်နာဟန် တစ်ချက်လေးမှ မပြခဲ့ဘဲ သူမကို လည်ပင်းညှစ်ထားရင်း ပြတင်းပေါက်ဆီ တွန်းထိုးခေါ်သွားခဲ့၏။

အကယ်၍ အဲဒီအချိန်မှာသာ အောက်က ရေကူးကန်အလုပ်သမားတွေ ရှိမနေခဲ့ဘူးဆိုလျှင် ဒါမှမဟုတ် သူ့အိတ်ထဲက ဖုန်းမြည်လာပြီး အရေးတကြီးထွက်သွားရဖို့ကိစ္စ ပေါ်မလာခဲ့လျှင် ..

"အနှစ် .. မင်း .. အ.. ကျွတ် .. ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်း ထံမှ လှုပ်ရှားမှုနဲ့ ခေါ်သံကြောင့် သူမ အတွေးတွေ ပြတ်တောက်သွားခဲ့သည်။

"မင်း ငါ့ကို ဒီတိုင်းကြည့်နေမလို့လား"

"ကြည့်မနေလို့ ဟိုပြတင်းပေါက်ကနေ တွန်းချပေးလိုက်ရမှာလား .."

"ကျွတ် .. ကျွတ်"

"အဲဒါကိုပဲ ကျွန်မ စဉ်းစားနေတာ၊ ဒါပေမယ့် လူသတ်ဖို့ထိ သတ္တိ မရှိဘူးဖြစ်နေလို့"

"ငါ အရမ်းကိုက်ခဲနေလို့ပါ၊ ငါ့အတွက် ဆေး .. ဆေး ယူပေးစမ်းပါ"

"ရှင် သတိမလစ်သေးဘူးပဲ၊ ကျွန်မက အသက်ပါ ပါသွားပြီလားလို့ ရပ်ကြည့်နေတာ၊ ကိုယ် သက်သာချင်ရင် ကိုယ့်ဘာသာထယူပါ၊ ယူမပေးနိုင်ဘူး"

ချင်း စိတ်တိုသွားသည်၊ သို့သော် စိတ်တိုမိတဲ့အတိုင်း ခေါင်းက တဒိန်းဒိန်းဆောင့်ခါလာခဲ့ပြီး မူးဝေခြင်းက တစ်က ပြန်စလာပြန်သည်။

"မင်း သက်သက်ညစ်နေတာပဲ"

ချင်း ရဲ့ စကားကြောင့် ကျောခိုင်းလိုက်ပြီးမှ ရှေ့မဆက်ဖြစ်ဘဲ တုံ့သွားခဲ့၏။

"လင်မယားချင်းရန်ဖြစ်ကြတာ ဒီလိုပဲ တွန်းထိုးရန်းကန်ရင်းနဲ့ 'ငါ သတ်မိတော့မယ် ဘာညာ'ကြိမ်းဝါးကြတာရှိတာပဲ၊ တချို့ဆို ခေါင်းကွဲထိပ်ပြဲဖြစ်ကြ .."

"ရှင် ကျွန်မကိုသတ်ဖို့ကြံတာ ဒေါသအလျောက်မဟုတ်ဘူး"

တုန်ခါနေသည့်အသံက နာနာကြည်းကြည်းအော်လိုက်ပေမယ့် ရှိုက်သံစွက်၍ ကျန်ရစ်၏။

"ရှင် ဘာတွေလုပ်ခဲ့သလဲ သိပ်သိချင်ရင် အဲဒါ ရှင့်အခန်းပဲ၊ ကြိုက်သလိုမွှေနှောက်ရှာကြည့်လိုက်၊ တကယ်အတိတ်မေ့နေတာမဟုတ်ဘဲ ဟန်ဆောင်ကောင်းနေတာဆိုရင်တော့ ရှင့်ကိုယ်ရှင် သိနေမှာပါ"



"အနှစ်"

ငါက သူ မဟုတ်ပါဘူးလို့ ပြောလိုက်ချင်သည့် ဆန္ဒက သူမကို နာမည်ပဲခေါ်နေမိတာ နှစ်ခါရှိပြီ ..၊

သို့သော် ..

"ငါ .. ငါ မင်းကို တောင်းပန်ပါတယ်ဆိုရင် မရဘူးလား"

ဟွန်း ....၊

တောင်းပန်ပါတယ်ဆိုရင် မရဘူးလား .. တဲ့၊

ကျွန်မ တောင်းပန်နေတုန်းက ရှင် တစ်ချက်လောက်တွေဝေသွားခဲ့ရင်တောင် လွမ်းလို့ရသေးတယ် ရန်ဘက်ချင်း ..၊

နာကျင်သည့်မဲ့ပြုံးနှင့် အနှစ် ခြေလှမ်းတွေ ပြတ်သားနိုင်ခဲ့သည်။ ဒီလိုလူအတွက် သူမ တွေဝေခဲ့မိတာကိုက ရှုံစရာကောင်းသည့် ပျော့ညံ့မှုတစ်ခု ..၊

"ဟော့ .. အနှစ် .. မင်း .. မင်း ... ကွာ ..."

သူမရဲ့ခြေအစုံ မြင်ကွင်းထဲက ပျောက်ကွယ်သွားသည့်အတွက် စိတ်ပျက်စွာအံကြိတ်မိ၏။

"ငါက မင်းရဲ့ ရန်ဘက်ချင်း မဟုတ်ဘူးကွ ... တောက်"

တော်တော်ရက်စက်တဲ့မိန်းမလို့ရေရွတ်ရင်း ကြမ်းပြင်ပေါ်မှာ လဲနေသည့်အဖြစ်ကနေ ထထိုင်ဖို့ကြိုးစားမိ၏။ ကံကြမ္မာက ဘယ်လိုပဥ္စလက်တွေနဲ့ ဒီအိမ်ကို အရောက်ပို့လိုက်တာလဲ ..၊

သေချာနေတာက ဇာတ်လမ်းတွေထဲကလို ရန်ဘက်ချင်းနဲ့ သူနဲ့က အမြွှာညီအစ်ကိုတွေလည်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"ဟုတ်တယ်၊ ကျွန်တော် အများကြီးတွေ့ဖူးတယ်၊ ခေါင်းမှာ ထိတဲ့ ဒဏ်ရာကို နည်းနည်းလေးပါ များများကြီးပါလို့ ပြောလို့မရဘူး၊ အာရုံကြောငယ်လေးတွေကို ထိခိုက်သွားမိရင် သက်ဆိုင်ရာအခန်းကဏ္ဍတွေမှာ ချို့ယွင်းချက်တွေ ဖြစ်ကုန်တာပဲ"

ကိုလင်းမောင် က ရန်ဘက်ချင်း ကို ဝင်ကြည့်ခဲ့ပြီး စိတ်မကောင်းစွာပြောနေ၏။ ပြီးတော့ အနှစ် ကိုလည်း အားပေးသလိုကြည့်ကာ ...

"ညီမ တော်တော်စိတ်ညစ်နေတဲ့ပုံပဲ"

"ဟုတ်တယ်"

အနှစ် က ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ပြောလိုက်ပေမယ့် ကိုလင်းမောင် က ခေါင်းညိတ်၍ ...

"အေးလေ၊ ဒါပေမယ့် အဆိုးထဲက အကောင်းလို့ပဲ မှတ်လိုက်ပါ၊ သူ့ကို ညည်း ပြောဆိုမကောင်းလို့ စိတ်ညစ်ရတာတွေ ရှိတယ်မို့လား၊ လူမမာဖြစ်နေတုန်း စည်းရုံးလို့ရတာပေါ့၊ မဟုတ်ဘူးလား"

"အဲဒါ ဟုတ်တယ်"

"ဟုတ်တယ်နော်၊ သားက အခု ကလေးလိုပဲ သိလား၊ နူးနူးညံ့ညံ့ လိမ်လိမ်မာမာလေး"



ဖြစ်ရလေ ...၊

သမီးကို ရှေ့မှာထားပြီး ဒီလောက်ရှိုင်းစိုင်းခဲ့တဲ့ သမက်ကိုတော့ ချစ်စနိုးပြောနေလိုက်တာ ပုခက်ထဲက ကလေးကို ငုံ့ကြည့်ပြီး ချစ်မဝ ဖြစ်နေတဲ့အတိုင်း ...၊

ဦးမြင့်မောင် ထက် ဒေါ်သဲနှစ် က ပိုပြီးကျေနပ်နေတာ သိသာ၏။ ဘယ်လိုစိတ်ခံစားချက်မှန်းမသိပေမယ့် ချင်း ကို သူမက ယုံကြည်နေခဲ့သည်။

"ဒီကောင်လေးက လူဆိုးလူရမ်းကားလေးမဟုတ်ပါဘူးကွယ်၊ ပြီးတော့ သူဆိုးတာက သမီးတို့ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က နားမလည်ကြလို့ အထင်လွဲနေကြတာမျိုးပါ၊ ဒီအရွယ်တင့်တယ်ချောမောတဲ့ယောကျ်ားတွေမှာ ဒီထက်အများကြီး ဆိုးလို့ရတဲ့အကြောင်းတွေ ရှိတယ်" တဲ့။

ဒေါ်သဲနှစ် က ချင်း ရဲ့စိတ်ကို နားလည်နိုင်သူဖြစ်သည်။ ထို့ပြင် သမီးပေါ်မှာ မဖောက်မပြန် ရိုးသားစွာနေခဲ့တာကိုပဲ ကျေနပ်နေခဲ့၏။

"မင်းပဲစဉ်းစားကြည့်ပါဦး.မောင်လင်းမောင်ရယ်၊ သူ တကယ် တမ်းသာ ရမ်းကားချင်ရင် သမီးကိုလည်း မေတ္တာမရှိမှတော့ ခုလောက်ဆို ဖောက်ပြန်နေပြီပေါ့၊ သူ့ညဉ်ကိုက ဖွတ်ဆတ်ဆတ် မာကျောကျော ဖြစ်နေတာပါ၊ မဆိုးလှပါဘူး"လို့ ပြောခဲ့ဖူးတာကိုလည်း သတိရ၏။ သားအမိနှစ်ယောက်ရဲ့ မတူညီသောသဘောထားတွေကို နှိုင်းယှဉ်ကြည့်မိပြီး ကိုလင်းမောင် က ပြုံးသည်။

အခန်းထဲမှာ လူမမာကတော့ စကားနည်းရန်စဲသဘောနှင့် ပါးစပ်ပိတ်ပြီး ခေါင်းညိတ်ခေါင်းခါလုပ်နေတာလား၊ တကယ်ပဲ နေကောင်းတရနေပြီလား ...၊

ဒါကိုတော့ ခုချိန်မှာ မသိနိုင်သေးပေ ...၊

"ဒါနဲ့ အနှစ်တို့ စပါယ်ရှယ်နှာစ်ပွားဖို့ အဆင်ပြေရဲ့လား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး"

"မလိုပါဘူး"

"ဟ .. ဒီသားအမိ ဘယ်လိုလဲ"

ဦးမြင့်မောင် က မျက်စိလည်သွားသည့်ပုံနှင့် အနှစ် နဲ့ ဒေါ်သဲနှစ် ကို ကြည့်၏။ အနှစ် က မျက်တောင်ခတ်ရင်း ငုံ့ချပစ်မိကာ ...

"သူ ဒီလောက်ဆိုးတာမှမဟုတ်တာ"

ဟု မရဲတရဲပြော၏။

"ဒီလောက်မဆိုးတာက ဆိုးနေတာကို သမီးမှ ဂရုမစိုက်တဲ့"

ဦးမြင့်မောင် က အနှစ် ကိုပြောရင်း ကိုလင်းမောင် ဘက်လှည့်ကာ ...

"ဒီကောင်လေး ခေါင်းကိုက်လာရင် တော်တော်ခံရရှာတာ မောင်လင်းမောင်"

"ဟုတ်တယ်၊ သူ ဘယ်လိုပဲဆက်ဆံခဲ့ပါစေ နေထိုင်မကောင်းဖြစ်နေတာကိုတော့ မာနပြိုင်နေလို့ ဘယ်ဖြစ်မလဲကွယ် မဟုတ်ဘူးလား"

ဒေါ်သဲနှစ် က ရှင်းပြရင်း အနှစ် မျက်နှာကိုလည်းကြည့်၏။ လင်နဲ့ မယားမှာ 'ဒီတစ်ခါငါ့အလှည့်' ဆိုပြီး မဆိုင်သလို လက်ပိုက်ကြည့်နေရအောင် တစ်ဖက်က သေကောင်ပေါင်းလဲဖြစ်ထားတဲ့ လူမဟုတ်၊

"အန်တီတို့အနေနဲ့က ပိုပြီး နေရခက်တယ် မောင်လင်းမောင် ရဲ့ သူ့မိဘတွေက အနီးအနားမှာရှိကြတာမဟုတ်ဘူး၊ အန်တီတို့လက်ထဲမှာ ယုံယုံကြည်ကြည်...."

"ဗြဟ္မာကြီးဦးခေါင်းလေ"

"ဟင် .."

အနှစ် က မျက်တောင်ဖျားလေးစင်းချလာပြီး မော့ကာ ..

"အားလုံး စိတ်ညစ်ခဲ့ရတာတွေရှိတာပဲဥစ္စာ၊ အဲဒါကိုပြောတာ"

"ယောကျ်ားလေးမို့ သူ့အခွင့်အရေးနဲ့သူ လွတ်လပ်သလိုနေတာပဲ



ချင်း က လူတော်လူကောင်းလေးတော့မဟုတ်ပေမယ့် လူဆိုးလေးလို့လည်း ပြောလို့မရပါဘူး၊ အသိစိတ်ဆိုတာလည်း ကိုယ်တိုင်သိပြီး ပြုပြင်နှ ရတာမျိုး"

"ကြီးမှ လက်ပေးသင်သလိုဖြစ်နေရင် မကောင်းဘူးလေ"

"သမီး"

"အဲလိုဖြစ်နေတာကို ပြောပြတာပါ မေမေရယ်၊ ဒီအရွယ်ထိ ထင်သလိုပြော ထင်သလိုနေတဲ့လူကို ဘယ်အချိန်မှာ သူ့အသိနဲ့သူ ပြုပြင်လာမလဲလို့ မျှော်လင့်နေတာက .."

"အဲဒီလိုပြောကြကြေးဆို ဇနီးဖြစ်တဲ့သမီးမှာလည်း တာဝန်ရှိတာပဲနော်၊ ကိုယ့်ယောကျ်ားဖြစ်လာပြီဆိုရင် ..."

"မေမေရယ် .. အနှစ်တို့ မိန်းမသားတွေက ကိုယ့်ဘဝကို ပုံအပ်ပြီး အိမ်ထောင်ဦးစီးကောင်းလို ကိုးကွယ်ချင်ကြတာလေ၊ ကြီးမိုက်တွေကို ပြုပြင်ပြောင်းလဲပေးဖို့ သူ့အမေဆီကနေ စာချုပ်စာတမ်းနဲ့ လက်လွှဲယူလိုက်တာမှမဟုတ်တဲ့"

"ကြည့်စမ်းကွယ်၊ ပြောနေလိုက်တာ"

ဒေါ်သဲနှစ် တအံ့တသြကြီးဖြစ်သွားတော့ ကိုလင်းမောင်က ရယ်နေ၏။ ဦးမြင့်မောင် မျက်နှာကြီးလည်း ပြုံးတုံ့တုံ့ဖြစ်သွားခဲ့လျက် ...

"ဒီလိုမပြောရဘူးလေ သမီး၊ အိမ်ထောင်ပြုကြတယ်ဆိုတာ မိဘရင်ခွင်ထဲကနေ ရုန်းထွက်ပြီး နှစ်ယောက်တစ်ဘဝထူထောင်ကြတာမျိုးမို့လား။

ဖေဖေ့ကိုတော့ အနှစ် တစ်ခွန်းမကျန် မချေပဝံ့ပေ။

"သူ့အပေါင်းအသင်းတွေကိုကြည့်ပြီး သူ့ကို လောင်းကစားသမား၊ ဆေးသမားလို့ သမီး ထင်တယ်၊ ဟုတ်နေရင်တောင် ဒါကို နေ့ရှိသမျှ တူးဖော်စွပ်စွဲပြီး ရန်ဖြစ်နေရမှာမဟုတ်ဘူး၊ ကိုယ့်ယောကျ်ား လမ်းမှန်ရောက်အောင် သမီးက ကိုယ့်အရည်အချင်းနဲ့ကိုယ် စည်းရုံးရမှာ"

www.burmeseclassic.com

www.burmeseclassic.com



မိဘမို့ ဘောကြည့်က သာတယ်လို့တော့ မပြောချင်ပါ၊ ဒါပေမယ့် သူနဲ့ အမြဲတမ်းပြောဆိုဆက်ဆံနေရတဲ့ အနှစ် လောက် ဘယ်သူ သိမှာလဲ။

သူက လောင်းကစားသမားလား၊ မူးယစ်ဆေးသုံးစွဲသူလား၊ ဒါမှ မဟုတ် ရောင်းဝယ်နေတဲ့သူလား၊ ဘာမှန်းမသိပေမယ့် သေချာနေတာ တွေကို အနှစ် သိထားခဲ့သည်။

ဘယ်သူ့ကိုမှမပြောဘဲနေတာက ပြောချိန်မရလိုက်ခင် သူမ လုပ်ကြံခံခဲ့ရသည်။ ပြီးတော့ သူ ထွက်ပြေးသွားခဲ့သည်။ ထို့ပြင် ...

"ငါ့အကြောင်းကို မင်းသိသွားလို့ ငါ မင်းကို မသတ်ချင်ဘဲ သတ်ရတော့မယ်၊ မင်းလိုလူတွေ ထပ်ရှိလာရင်လည်း ထပ်သတ်ရဦးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ ရပ်တည်မှုဆိုတာ ဂုဏ်သိက္ခာပေါ်မှာ မှီတည်နေလို့" တဲ့။

သူမကို အဲဒီနေ့တည်းက သတ်ပစ်ဖို့ သူ ဆုံးဖြတ်ခဲ့သည်။ တကယ်လည်း ကြိုးစားခဲ့၏။ ဒါပေမယ့် မပြီးမြောက်လိုက်မီ သူ ထွက်ပြေးပျောက်ကွယ်သွားခဲ့သည်။

ပြန်ရောက်လာတော့ သူ့ပုံစံက သူမဟုတ်သော လူတစ်ယောက်ကဲ့သို့...၊

"ကဲပါ .. ချင်း လည်း အရင်လို ပြန်ဆိုးမှာမဟုတ်တော့ပါဘူး ကျွန်တော် နှုတ်ဆက်လိုက်ဦးမယ်နော်"

ချင်း နဲ့ ပတ်သက်ပြီး အနှစ် နဲ့ မိဘနှစ်ပါးတို့ နားလည်ပုံချင်း မတူကြတာကို ကိုလင်းမောင် က သိနေသည်။ ထို့ကြောင့် ပြန်ခါနီး ချင်း ကို နှုတ်ဆက်ဖို့ အခန်းထဲ ပြန်ဝင်ရန် အကြောင်းပြချက်နှင့် ထ လိုက်၏။

အနှစ် ကလည်း နေရာမှ ထကာ ...

"အနှစ် ထက်ထက် နဲ့ ဖုန်းချိန်းထားလို့ သွားပြောလိုက်ဦးမယ်"

"ဟော.."



ဒေါ်သဲနှစ် က အလိုမကျသည့်အကြည့်တို့နှင့် ...

"ချင်း က တစ်နေ့လုံး ဘာမှစားသောက်ရသေးတာမဟုတ်ဘူး၊ သူ့အတွက် သမီး တစ်ခုခုလုပ်ပေးရဦးမှာလေ"

"လုပ်ပေးမှာပါ၊ ခဏပဲ"

ထက်ထက် ကတော့ ချင်း ကို ဒီမှာ လက်ခံထားပြန်ပြီဆိုတာ သိရင် ဒါတွေကန့်နေလိမ့်မည်။ သူမသဘောက လူကြီးတွေကို ပြန်တိုင်ပြောပြီး ဒီယောက်ျားကို ကွာရှင်းဖို့ လုပ်ရမည်ဟု ...၊

ဒါပေမယ့် ချင်း ဘယ်လိုလူလဲ၊ ဘာတွေလုပ်နေသလဲဆိုတာ အနှစ် သိထားသလောက် ဘယ်သူ့ကိုမှ အသေးစိတ် ပြောပြခဲ့တာမဟုတ်ပေ၊

ထက်ထက် သိထားသလောက် သူ့ကို မပေါင်းသင့်တော့တာ ...နဲ့ပေမယ့် ကိုယ်သိနေတာက ဒါတွေကို ဘယ်သူ့ကိုမှ ဖွင့်ပြောပြဖို့ မဖြစ်နိုင် ခြင်းပင်။

ကိုလင်းမောင် ကလည်း ဘယ်သူ့ကိုမှ ဖွင့်ပြောပြလို့ မဖြစ်နိုင်သော ...င်း နဲ့ ပတ်သက်သည့်အကြောင်းအရာတချို့ကို နှစ်ယောက်တည်းမေး... စိတ်ကူးလျက် ...

"ငါသိချင်တာက မင်းခေါင်းထဲမှာ ခပ်ဝါးဝါးလောက်ထင်ကျန်...စ်မယ့်ပုံရိပ်တစ်ခုခုကွာ"

"ကျွန်တော် .."

"မင်း မမှတ်မိတော့ပေမယ့် နောက်ကွယ်မှာရှိနေတဲ့ မင်းရဲ့အပေါင်း...အသင်းအပ်စုကြောင့် တစ်ခုခုအန္တရာယ်ရှိလာနိုင်တယ် ချင်း၊ ငါသိထား...သလောက်ဆိုရင် မင်းလည်း သူတို့လို မကောင်းမှုတွေနဲ့ ထိတွေ့မှု ရှိနေ...တယ်"

"ကိုလင်းမောင်"

"ငါ မင်းကို ကိုယ့်ညီလေးလိုသဘောထားပါတယ်၊ ဒါတွေ တကယ်...နေတယ်ဆိုလည်း ပစ္စုပ္ပန်လုပ်ရပ်ကြောင့် မင်းကို လူသုံးတစ်ယောက်

www.burmeseclassic.com



လို့ ငါ မသတ်မှတ်ဘူး၊ အဲဒါ စိတ်ထဲရှိတဲ့အတိုင်းပြောတာ၊ ဒီလိုလူတွေက မင်းတို့လိုလူငယ်တွေကို ဘယ်လိုနည်းနဲ့စည်းရုံးကြသလဲဆိုတာ ငါ နားလည်တယ်"

"အခု ကိုလင်းမောင် က ကျွန်တော် တစ်ခုခုသိနေသားနဲ့ ဖုံးကွယ်ထားတယ်လို့ ထင်နေတာလား"

"မဟုတ်ဘူး ငါ့ညီ၊ သတိရလာတာရှိရင် အစ်ကို့ကို ပြောပြစေချင်တာပါ၊ လောလောဆယ် ပို့ပြီးစိတ်ဝင်စားဖို့ကောင်းတာက မင်း ဒီဒဏ်ရာတွေနဲ့ အမြန်ရထားပေါ်ရောက်လာခဲ့တဲ့အကြောင်းပဲ"

ကျွန်တော်လည်း လူသတ်ဝရမ်းပြေးတစ်ယောက်ပဲ ကိုလင်းမောင်လို့ ပြောပြချင်မိသည်။ ဒါပေမယ့် သူ တကယ်သတ်ခဲ့တာမဟုတ်ဘဲ ဖြေရှင်းဖို့ခက်တော့မည့် ထိတ်လန့်မှုကြောင့် ပြေးလာခဲ့ရတယ်ဆိုတာ ယုံပါ့မလား ...၊

လောလောဆယ် သူ့အတွက် မဖြစ်မနေ လိမ်ညာဟန်ဆောင်နေရမယ့်အကြောင်းရှိနေသည့်အတွက် ရှင်းပြချင်ပေမယ့်လည်း ...၊

"ကျွန်တော် ဘာမှစဉ်းစားလို့မရဘူး"

နှစ်ဖက်စလုံးမှာ အရေးတကြီးလိုက်နေကြသည့် 'လောလောဆယ်' အရေးအခင်းကြောင့် လောလောဆယ် ညာပြောလိုက်ရပြီး ...

"စဉ်းစားလိုက်တိုင်း ခေါင်းက မခံနိုင်အောင်ကိုက်လာတာ"

"ကိုယ်သိပါတယ်၊ မင်းကိုလည်း နားလည်တယ်၊ အားလုံးကလည်း နားလည်ဖို့ကြိုးစားနေကြတာပေါ့၊ ငါဆန္ဒရှိတဲ့အတိုင်း ပြောရရင်တော့ ခု မင်း အတိတ်မေ့သွားလို့ မသိတော့တဲ့ပုံစံအတိုင်း၊ ပြီးခဲ့တဲ့အကြောင်းအရာတွေကို တစ်သက်လုံးမေ့သွားရင် ကောင်းမှာပဲ"

"ဗျာ .."

"အနှစ် နဲ့ကိုယ်တို့သွေး မပါဘူးလေ၊ မင်း မှန်တယ်ထင်လို့ ရဲရဲဝံ့ဝံ့ ဖွတ်တိုးလုပ်ခဲ့တာတွေကိုပဲ မေ့ဖို့ပြောတာ"



"ကျွန်တော် ဘာတွေလုပ်ခဲ့လို့လဲ"

"ငါလည်း သေချာမသိဘူး၊ မကောင်းတာတွေတော့ အများကြီးပဲကွ၊ အဲဒါပြောနိုင်တယ်၊ မကောင်းဆုံးတစ်ခုကို ထောက်ပြရမယ်ဆိုရင် အင်း အနှစ် ကို မင်း ဂရုစိုက်ဖို့ပြောရမှာပဲ"

"ကျွန်တော်က ဂရုမစိုက်တာလား"

"ဟုတ်တယ် ..."

"သူ ဂရုမစိုက်တာ အနည်းအကျဉ်းရှိနိုင်တယ်ဆိုတာတော့ ကိုလင်းမောင် မတွေးမိဘူးပေါ့"

"တွေးမိပါတယ်၊ ဒါပေမယ့် .."

နေရာသီ က အဓိပ္ပာယ်အပြည့်နှင့် ပြုံးလိုက်ကာ ...

"ဒါဆို မမျှတတာ ဘာရှိလို့လဲ"

"မင်းကတော့လေ .."

"ဒီလိုအလုပ်မျိုးက ကိုယ့်စိတ်က ခိုင်းလို့လုပ်မှ အဓိပ္ပာယ်ရှိတာ"

"ပြောတော့မယ်"

"ခုချိန်ထိ ဘယ်မိန်းမအပေါ်မှာမှ ကျွန်တော် စိတ်မဝင်စားခဲ့ဘူး၊ သူတို့ကို ဂရုစိုက်ပေးဖို့ဆိုတာ အဝေးကြီးပဲ"

ဆိုလိုချင်တာက နေပူပူ ချောင်းလမ်းမှာ နင်းဖြတ်ရှင်သန်လာခဲ့ရတဲ့ သူ့အတွက် ဘဝဟာ ရုန်းကန်ခြင်းပဲဖြစ်သည်။

ဘဝကို ရုန်းကန်ခြင်းအမျိုးမျိုးနဲ့ ရင်ဆိုင်နေကြရပေမယ့် သူ ရုန်းကန်ခဲ့ရတာကတော့ ပူပြင်းခြောက်သွေ့လွန်းပါ၏။ ရန်ဘက်ချင်း နဲ့ နေရာသီ ရုပ်ချင်းခွဲမရအောင်တူနေပေမယ့် ဘဝချင်းက မိုးနဲ့မြေ ..၊

"ဒါပေါ့ကွ၊ မင်းက တက္ကသိုလ်မှာတည်းက အချောအလှလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ ပြောနိုင်မှာပေါ့"

'ကျွန်တော့်မှာတော့ တစ်ယောက်မှမရှိခဲ့ပါဘူး' လို့ စိတ်ထဲက ပြောလိုက်မိသည်။ တက္ကသိုလ်ဆိုတာလည်း ကိုယ့်လုပ်အားနဲ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အဝေးသင်တက်ရင်း အနီးကပ် ဆယ်ရက်လောက်လေး တက္ကသိုလ်နယ်မြေမှာ ခြေချခွင့်ရတာတောင် မှန်မှန်မတက်နိုင်ခဲ့ပေ။

စာမေးပွဲဖြေကြတော့လည်း ကျောင်းသားတာဝန်မကျေနိုင်သည့် ချို့တဲ့မှုတွေကြောင့် ချွေးပြန်ချင်အောင် စိတ်ပင်ပန်းခဲ့ရတာ ဘယ်မှာလဲ တက္ကသိုလ်ကျောင်းသားရဲ့ သာယာမှု ..။

ကိုလင်းမောင် ရဲ့ ခင်မင်စရာ စနောက်သည့် စကားတွေအတွက် သူ ဘာမှမချေပနိုင်ပေမယ့် ပြောစရာစကားတွေကတော့ ရင်ထဲမှာ အပြည့်ပါ။

"ဒါပေမယ့် ချင်း မင်း တစ်ခုတော့ အထာမကျဘူးနော် .."

"ဘာကိုလဲ .."

"မင်းလောက်မဟုတ်ပေမယ့် အနှစ် ကလည်း မိန်းမလှစာရင်းဝင်ဝါတယ်၊ ပြီးတော့ ငါ အကဲခတ်ရသလောက်ဆိုရင် ချစ်သူမရှိခဲ့ဘူးဆိုတာလည်း ဖြစ်နိုင်တာပဲ၊ မင်းအနေနဲ့ သူ့ကို ဆွဲဆောင်ဖို့ မခဲယဉ်းပါဘူး၊ လုံးဝ စိတ်မဝစားချင်တဲ့အထိ မင်းဘက်က ဖြစ်မနေဘူးဆိုရင် ပြောတာပါ"

"ကျွန်တော်က စိတ်မဝင်စားပါဘူး ပြောရင် ကိုလင်းမောင် က အထာမကျပါဘူးလို့ ထပ်ပြောဦးမှာလား"

"ထပ်မပြောပါဘူး၊ လူလူချင်းတူပေမယ့် အယူအဆတွေ ကွဲပြားကြတာပဲ၊ ငါကတော့ မင်းတို့နှစ်ယောက်ကို လိုက်ဖက်ညီတဲ့စုံတွဲလို့ ထင်ခဲ့တာ၊ တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာရှိကြစေချင်တာ အမှန်ပဲ၊ ရှင်းရှင်းပြောရရင်ကွာ ဟိုဘက်က ရန်ဘက်ချင်း ကို မင်း အခု မသိတော့ဘူးမို့လား၊ ဒီဘက်မှာရှိနေတဲ့ ရန်ဘက်ချင်း က ရင်ခုန်သံအသစ်နဲ့ ချစ်ကြည့်ရင် မဖြစ်နိုင်ဘူးလား"

နေရာသီ လှဲနေရင်းက ခပ်ယဲ့ယဲ့ပြုံးလိုက်မိသည်။ လူက ကောင်းနေပေမယ့် ယထိုင်လိုက်တိုင်း မူးလာတတ်တာမို့ မလှုပ်ချင်။

"ကိုလင်းမောင် က ကျွန်တော် မဖြေနိုင်တဲ့ မေးခွန်းတွေ မေးလာ



ဘော့မယ်လို့ ထင်ပြီး စိတ်ညစ်နေမိတာ"

"ခု ကိုယ် မေးတာတွေကိုလည်း မင်း မဖြေနိုင်ပါဘူး"

"မဟုတ်ဘူးလေ၊ ရန်ဘက်ချင်း ဘာတွေလုပ်ခဲ့သလဲဆိုတာတွေနဲ့ ပတ်သက်လို့ ပြောတာ"

"အဲဒါတွေ မင်း မဖြေနိုင်မှန်း သိတယ်၊ ဖြေဖို့ရှိလာရင် ငါက ဦးဆုံးကြားချင်တာလေ၊ အဲဒါကိုမေးတဲ့ကဏ္ဍက ပြီးသွားပြီ၊ ငါလာခဲ့တဲ့ အကြောင်းကိုကမင်းတို့အခြေအနေပြောင်းလဲနိုင်ရဲ့လားဆိုတာကို သိချင်လို့"

"အဲဒါကိုပဲ ဘာဖြစ်လို့ စိတ်ဝင်စားနေတာလဲ"

"မင်းဘက်က စိတ်ဝင်စားသင့်တဲ့အကြောင်း ပြောချင်လို့ပါ၊ မင်းတို့နှစ်ယောက် တခြားမှာ အချစ်သစ်ရှာကြတာမျိုးလည်း မရှိခဲ့ဘူး"

"ကျွန်တော်က ယောကျ်ားလေးပဲ ကိုလင်းမောင် မသိလိုက်ပေမယ့် ရှိချင်ရှိခဲ့မှာပေါ့၊ ယောကျ်ားစကားပြောရရင် ချစ်တာတွေ သာယာမှုတွေမှာ လှတာက အဓိကမကျဘူးမို့လား၊ အနှစ် က လှပေမယ့် သူ့လောက်မလှတဲ့ မိန်းမကို သူ့ထက် ပိုစိတ်ဝင်စားမိရင် ..."

"ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်လေ၊ ဒါမျိုးက မုန့်နိုးစားသလို မျိုချပြီး နှုတ်ခမ်းမလှုပ်ဘဲ နေလိုက်တာနဲ့ ပြီးပျောက်သွားတာမဟုတ်ဘူးကွ၊ မင်းလုပ်သမျှ ငါ မသိနိုင်ပေမယ့် လုပ်ပြီးသွားရင်တော့ သိရင်သိမှာပေါ့"

ကိုလင်းမောင် ရယ်တော့ သူပါ ရယ်မိသည်။ ကြောက်နေရခြင်းနှင့် ပတ်သက်သမျှကို ခဏတစ်ဖြုတ်တော့ မေ့ထားလိုက်ချင်သည်။

ပြည်မြို့၏မြင်ကွင်းနှင့် ခပ်စုတ်စုတ်ရပ်ကွက်ငယ်ထဲက နေရာသီဟာ ...

"မင်းကိုယ်မင်း ရန်ဘက်ချင်း ဆိုတာ မေ့ထားလို့မရသရွေ့ ရန်ဘက်ချင်း ရဲ့ဇနီးက အနှစ်သား ဆိုတဲ့ မိန်းကလေးပဲဆိုတာ ပျောက်ကွယ်သွားမှာ မဟုတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းမောင် က ဒါကိုပဲ ဦးသည်ပြောရင်း ရယ်မောနှင့် နေရာမှ ထရပ်လိုက်၏။ ထိုစဉ် အနှစ် က အမွှေးတသောင်းလောင်းနှင့် ခေါက်ဆွဲပြုတ်ပန်းကန်ကို ဗန်းလေးပေါ်တင်၍ ဝင်လာ၏။

"ဟော လူမမာစာ ရောက်လာပြီဆိုတော့ ကိုယ်က ပြန်ရတော့မှာပေါ့"

"မပြန်နဲ့ဦးလေ၊ အစ်ကိုလင်းမောင်ကို ညနေစာ စားပြီးမှ ပြန်ခိုင်းမလို့တဲ့၊ မေမေက စီစဉ်ပြီးနေပြီ"

"ဟာ .. ဆောရီး၊ အစ်ကို အချိန်မရတော့ဘူး၊ မနက်ဖြန် ခရီးထွက်ရမှာဆိုတော့ ဒီည အလုပ်ရှုပ်မှာ၊ ခုနတည်းက ပြန်ဖို့ထွက်လာတာပဲ၊ ဒီကောင်လေးကို ပြောစရာရှိသေးလို့ နှုတ်ဆက်ရင်း ပြန်ဝင်ခဲ့တာ"

"မသိဘူး၊ မေမေက ချက်ခိုင်းပြီးနေပြီ"

"အန်တီကတော့ လုပ်ပြီ"

ကိုလင်းမောင် ထွက်သွားသည်နှင့် အနှစ် က ဆေးနဲ့ ရေခွက်ကို ဘေးမှာ သေချာတင်ပေးလိုက်ကာ ...

"စားသောက်ပြီးရင် အဲဒီမှာ ဆေး .."

"ခဏနေပါဦး"

အနှစ် က မျက်နှာလွှဲထားရင်း ရယ်နေလိုက်၏။ နေရာသီ လှဲနေရာမှ ထထိုင်၍ ခေါင်းအုံးတွေ ယှင့်ခံမိလိုက်ပြီး ...

"ဗိုက်ကတော့ ဆာနေတာ အမှန်ပဲ၊ မင်း ငါ့ကို အဆိပ်တော့ ခတ်မထားပါဘူးနော်"

အနှစ် မျက်နှာလေး တင်းခနဲဖြစ်သွားသည်၊ ပြီးမှ ခပ်မဲ့မဲ့ပြုံးပြီး လှည့်ကြည့်ကာ ...

"ကြောက်နေရင် မစားနဲ့ပေါ့၊ ဆေးကလည်း ရောဂါပျောက်တဲ့ ဆေး ဟုတ်ချင်မှဟုတ်မှာ"

"ဆေးကိုတော့ မကြောက်ပါဘူး၊ ငါ စာဖတ်တတ်တယ်"



နေရာသီ က သူမမျက်နှာကိုစိုက်ကြည့်ပြီး ဒေါသကို တူးဆွရာ မြောက်စေသော စကားလုံးတို့ကို ရွေးချယ်၍ ...

"ငါ့ကို မင်းက ကလဲ့စားချေလိုစိတ်တွေ ပြင်းထန်နေတော့ မေးကြည့်သင့်တယ်ထင်လို့ မေးတာ၊ ရင်ဆိုင်ယှဉ်ပြိုင်ရမယ့်ရန်သူကို မကြောက်ပေမယ့် ရင်မဆိုင်ရဲလို့ နောက်ကျောက ဓားနဲ့ထိုးတာမျိုး ဆိုရင်တော့ အဲဒီလိုနည်းနဲ့သေရတာ မလိုချင်ဘူး"

"ကိုယ် ဘယ်လိုသေရမယ်ဆိုတာ ဘယ်သူမှကြိုမသိနိုင်ပါဘူး၊ ရှင်လည်း သိခွင့်ရလိုက်မှာမဟုတ်ဘူး၊ ရှင့်ကို သတ်ချင်နေတဲ့ ရန်သူက နောက်ကျောက မားနဲ့ထိုးမယ့်အပြင် မားမလွယ်ရင် ဖနောင့်နဲ့ တက်ပေါက်ဖို့လည်း ရှိတယ်၊ ချောင်းမြောင်းရိုက်ပြီး မသေမရှင်ထားမယ်၊ လည်ပင်းမှာ ခဲဆွဲပြီး ရေထဲကန်ချမယ်"

"မင်း အစီအစဉ်တွေလား"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ ကျွန်မမှာ ချောင်းမြောင်းသတ်ဖို့ အစီအစဉ်တွေ ရှိနေရင် ရှင့်ကို သတိထားသလိုဖြစ်အောင် ကြိုပြောစရာလား"

သူမ လှည့်ထွက်သွားတော့ ပြုံးလိုက်မိသည်။ သူမ ဘယ်လိုထင်သွားလဲတော့မသိ၊ အဆိပ်များခတ်လိုက်မလားလို့ ဖျတ်ခနဲအတွေးဝင်ခဲ့တာကတော့ အမှန်ပဲဖြစ်သည်၊ ကိုယ့်ဘက်ကကြည့်တော့ ရန်ဘက်ချင်းက ကိုယ်လည်းမဟုတ် ...၊

ရန်ဘက်ချင်း ယောင် ဟန်ဆောင်နေရသဖြင့် မလုံခြုံသည့်စိတ်အပြင် ထိုပုဂ္ဂိုလ်က ပြဿနာရှာထားခဲ့တာ တကယ့်အကြီးကြီး ...၊

သက်ပြင်းရှည်ကြီးချမိရင်း ခေါက်ဆွဲပြုတ်က အနံ့ကြောင့် အကြည့်က ထိုဆီရောက်လေသည်။ ခုချိန်မှာတော့ သေဆေးဖြစ်ဖြစ် ဘာဖြစ်ဖြစ်...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"နင်တို့ ငါ့သားကို လုပ်ကြံကြတာ"

"ကျွန်တော်တို့ အဲဒါတွေကို ခုမှသိရတာ ဒေါ်လေး၊ ယုဇနခင် ကို သတ်ပြီးထွက်ပြေးသွားတယ်ဆိုတာက အဲဒီပတ်ဝန်းကျင်မှာ သက်သေတွေရှိတယ်တဲ့"

"ဘာသက်သေလဲ၊ သက်သေဆိုတာ ပိုက်ဆံရှိရင် ဖြစ်တယ်"

ဒေါ်ခွာညို က သန်းဌွေးတို့မျက်နှာတွေကို ရန်လိုမောင်းမဲစွာ ကြည့်သည်။ အရင်ကတော့ သားရဲ့သူငယ်ချင်းတွေဆိုပြီး ရောက်လာကြတဲ့အခါ မရှိရှိတာလေး ချခင်းကျွေးမွေးခဲ့သည်။

စကားစမြည်ပြောကြရင်း ချစ်ခင်ရင်းနှီးခဲ့ကြ၏။ ခုချိန်မှာတော့ သားရဲ့ဘဝက သူငယ်ချင်းအပေါင်းအသင်းကြောင့် ရေလယ်ကျွမှ လှိုင်းအောက်ရောက်သွားခဲ့ရသည့် လှေငယ်လေးလို အဖြစ်ဆိုးခဲ့ရသည့်အတွက် ...

"ဒီမိန်းမဆီမှာ မင်းတို့ပဲ အလုပ်အပ်ပေးခဲ့ကြတာ၊ သားကို အလုပ်အပ်ပေးပြီး မင်းတို့ကျတော့ ..."

"ကျွန်တော်တို့ အရမ်းလုပ်ချင်တဲ့အလုပ်ပါ ဒေါ်လေးရယ်၊ ဒါပေမယ့် ယုဇနခင် က နေရာသီ ကိုပဲ လက်ခံခဲ့တာ၊ သူနဲ့ကျွန်တော်တို့က ဘာတာမှမဟုတ်ဘဲ"



"ဒါပေါ့၊ ငါ့သားက လူချောလူလှ အားကောင်းမောင်းသန် ယောကျ်ားပုံကြီးကိုး၊ တစ်ခုလပ် မုဆိုးမတွေ မျက်စိကျချင်စရာ ဖြစ်နေတာပေါ့"

ကိုယ့်ရဲ့စကားလုံးတွေ ရိုင်းစိုင်းကြမ်းတမ်းနေမှာကို သိသည်။ ဒါပေမယ့် ဒီကိစ္စကြောင့် ပြဿနာကြီးမားသွားခဲ့မှန်း သိနေသဖြင့် ဒါတွေကို ကွေ့ရှောင်ပြောဖို့က မဖြစ်နိုင်။

"ယုတ်မာတဲ့မိန်းမတချို့က ဒီလိုပဲ ခပ်ရိုင်းရိုင်းပြောရရင် 'သူတို့ကြည်သာနေတော့ ခြင်ထောင်ထဲ၊ မကြည်သာတဲ့အခါ ထောင်ထဲ'တဲ့၊ ငါ့သားကို သူလိုတာမရလို့ ရှုံးမဲ မဲတာ"

"အခု ယုဇနခင် ကို နေရာသီ က သတ်သွားတာ ဇဒါလေး"

"သတ်မှာပေါ့၊ ငါ့သားက ချော်လဲရောထိုင်လုပ်မယ့် ယောကျ်ားမျိုးမှမဟုတ်ဘဲ၊ ဒီပြဿနာတွေ တက်ပြီဆိုတည်းက ဘာကြောင့် ဖြစ်လာသလဲဆိုတာ ငါ တန်းသိတယ်"

သန်းဌွေး က ဖိုးချိုကိုလှည့်ကြည့်ပြီး သက်ပြင်းချသည်။ ဖိုးချို က သန်းဌွေးရဲ့ဘေးမှာ တိုးရပ်လိုက်ပြီး ...

"ပြဿနာဖြစ်ကြတုန်းက ကျွန်တော် ရှိတယ် ဒေါ်လေး၊ အဲဒီညနေ က နေရာသီ နဲ့ ကျွန်တော် တစ်နေရာသွားဖို့ချိန်းထားလို့ သူ့ကို ဝင်စောင့်နေတာ၊ ဒါပေမယ့် သူတို့ အထဲမှာ ဖြစ်နေကြတာတော့ ကျွန်တော် မမြင်လိုက်ဘူး"

"အေး .. မင်း မမြင်ဘဲနဲ့ ငါ့သားကို ဘာဖြစ်လို့ စွပ်စွဲနေတာလဲ"

"ကျွန်တော်တို့က ကိုယ့်သူငယ်ချင်းကို စွပ်စွဲစရာလား ဒေါ်လေးရာ၊ ဖြစ်နိုင်ချေတွေကို ဒေါ်လေးကို လာပြောတာပါ၊ အများမြင်လိုက်ကြတဲ့ သက်သေတွေအရ ..."

"ဟော့ .. သက်သေတွေအရဖြစ်ဖြစ် သူကိုယ်တိုင် ဝန်ခံတယ်ပဲထား၊ ငါ့သား မှန်တယ်၊ ပိုက်ဆံရှိတဲ့ မုဆိုးမတစ်ခုလပ်ရဲ့ ပေးကမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



ကို မှိန်းတုတ်နေတဲ့ယောက်ျားပိုင်းလုံးတွေနဲ့စာရင် ငါ့သား ယောက်ျား ပီသတာ ငါ ကျေနပ်တယ်"

ဒေါ်ခွာညို မျက်နှာက မာန်မာနတို့ဖြင့် ပြင်းထန်နေခဲ့၏။

"ဒါပေမယ့် ငါ သေချာသိတယ်၊ ငါ့သား လူမသတ်ဘူး"

"ကျွန်တော်တို့လည်း မယုံနိုင်ပါဘူး၊ ယုဇနခင် ရဲ့ မောင်ဝမ်းကွဲ ဆိုတဲ့ ကိုမိုးခြိမ်း ကတော့ နေရာသီ သတ်တယ်ဆိုတာ သက်သေအခိုင် အမာရှာထားတယ် ဒေါ်လေး၊ သူ့အစ်မ အသက်မတွက်ခင် နေရာသီ လို့ ပြောသွားတာလည်း အနားကလူတွေက ကြားတယ်တဲ့"

"ဘာလဲ 'ငါ့မယ့် ငါ့မယား မေကြည့်'ဆိုတာမျိုးလား၊ အဲဒီဘက် က သက်သေတွေအကြောင်းကို ငါ့ကို လာမပြောနဲ့၊ 'ငွေများတရားနိုင်' ဆိုတဲ့ စကားပုံရှိရင်လည်း ငါ့သားအတွက် ငါ့မှာ ရှိသမျှ ကုန်ရင်ကုန် ပေ့စေ၊ နောက်ဆုံး ထဘီ အကျီပါ ချွတ်ရောင်းရပါစေ ငါ ဂရုမစိုက်ဘူး"

"ကျွန်တော်တို့ အထဲကို ခဏလောက်ဝင်လို့ရမလား"

တိုက်ခံပျဉ်ထောင်အိမ်လေးက လှေခါးသုံးထစ်စာပေါ်မှာ ဖိနပ် ချွတ်လေးနဲ့ ဂရန်တာအကျယ်လေး ထုတ်ထားတာပဲရှိသည်။

တံခါးဝမှာ လူရပ်လိုက်တာနှင့် ညှိုခန်းရှေ့မျက်နှာစာကို ရောက် နေပြီဖြစ်ကာ ဒေါ်ခွာညို ဆတ်ခနဲလှည့်ကြည့်ပြီး မျက်လုံးတွေက မီး တောက်သွားသလိုပင် ...၊

ယောက်ျားနှစ်ယောက်နှင့်အတူ ရပ်ကွက်လူကြီး ပါလာတည်းက ဘယ်သူတွေမှန်း သေချာသိ၍ ...

"အထဲဝင်လို့တော့ရပါတယ်၊ ဒါပေမယ့် ဒီအိမ်မှာ ကျွန်မ တစ် ယောက်တည်းရှိတာဆိုတော့ ..."

ဒေါ်ခွာညို က ပြောနေရင်း သန်းဋ္ဌေးတို့ကို တစ်ချက်ပဲကြည့်သည်။ သန်းဋ္ဌေး နဲ့ ဖိုးချို နှုတ်တောင်မဆက်ဘဲ ထွက်သွားကြ၏။ ဒေါ်ခွာညို စိတ်ကို ကြားဖူးနားဝရှိထားခဲ့သောကြောင့် ရပ်ကွက်လူကြီး မျက်နှာ



ပျက်သွားသည်။

သန်းဋ္ဌေးတို့ အပြင်ထွက်သာအောင် ကိုယ်တစ်ခြမ်းရှိုပြီး ရှောင် ပေး လိုက်ပေမယ့် ရှေ့ကို တစ်လှမ်းမှ မတိုးတော့ဘဲ ပါလာသည့် လူရွယ် နှစ်ယောက်ကို ပြန်ကြည့်၍ ...

"ဟုတ်ပါတယ်၊ နေရာသီ လည်းမရှိဘူးဆိုတော့ ငါတို့ကြီးတို့ လည်း သူနဲ့တွေ့ဖို့ ..."

"နေရာသီ မရှိဘူးဆိုတာ ကျွန်တော်တို့ သေချာသိရမှဖြစ်မှာ မဟုတ်ဘူးလား အန်ကယ်လ်၊ ပျောက်နေတဲ့သူက လူသတ်ဝရမ်းပြေး ဆိုတာ ..."

"ဝရမ်းပြေးဖြစ်ရအောင် ငါ့သား သတ်ပါတယ်ဆိုတာ လက်ဆုပ် လက်ကိုင်ပြောနိုင်တဲ့သက်သေ ရှိလို့လား သူငယ်"

"ကျွန်တော်က အသတ်ခံရတဲ့ ယုဇနခင် ရဲ့မောင် မိုးခြိမ်း ပါ"

"မိုးပဲခြိမ်းခြိမ်း မိုးကြိုးပဲပစ်ပစ် မင်းတောင်မှ ယုဇနခင် ရဲ့မောင် ပါလို့ ကောက်ကပ်ဖြစ်သွားသေးတာ၊ ငါ့သား အိမ်ထဲမှာမရှိဘူးဆိုတာ ဘာသက်သေပြရဦးမှာလဲ"

မိုးခြိမ်း မျက်နှာကွက်ခနဲပျက်သွားသည်။ ရပ်ကွက်လူကြီးက လည်း စိတ်မသက်သာသည့်မျက်နှာဖြစ်သွားကာ ...

"မခွာညို သူက ..."

"သိတယ်လေ၊ ယုဇနခင် ရဲ့မောင်လို့ ပြောနေတာကို .."

ဒေါ်ခွာညို က ရှေ့နေတစ်ယောက်ဖြစ်ခဲ့တာမို့ ပြောဆိုရာမှာ ရဲရင့် သလို သူများက လုံးကြီးတင်လျှင် ဆဲခတ်တတ်တဲ့သူဖြစ်၏။

မှဆိုးမပေမယ့် တစ်ရပ်ကွက်လုံးက ဆူရှိသေရှင်ရှိသေရှိကြတာ အားလုံးအသိ၊ မသိတဲ့လူက မိုးခြိမ်း နဲ့ သူ့အဖော်ပဲ ဖြစ်၏။

"ဒီအဒေါ်ကြီးက ဖမ်းဝရမ်းပြမှ လက်ခံမယ်ထင်တယ် မိုးခြိမ်း"

"ဟော့ .. နားမလည်ရင် ဝင်မပြောနဲ့၊ ဖမ်းဝရမ်းပြဖို့ မလိုသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခု မင်းတို့ ငါ့အိမ်ပေါ်ရောက်နေတဲ့ကိစ္စ ဘယ်အဆင့်ကျော်နေပြီလဲ အရင်စဉ်းစား”

ဒေါ်ခွာညို့ စကားကြောင့် သူတို့ ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်မိကြကာ ဒီမှာ ရပ်နေတာ ဘာဖြစ်နိုင်လို့လဲလို့ ပြိုင်တူ တွေးမိကြလေသည်။

“အခု ငါ့သား မရှိဘူး၊ အထဲထိ ဆက်ဝင်ချင်တယ်ဆိုရင် ဝင်လာလို့ရတယ်”

မိုးခြိမ်း မျက်နှာပြုံးသွားသည်။ ရှေ့ကို ခြေတစ်လှမ်းတိုးကာ ချဉ်းနင်းဝင်ရောက်ဖို့ ပြင်လိုက်လျှင် ...

“အိမ်ရှင်က ဖိတ်ခေါ်မှုမရှိဘဲ ဝင်လာရင်တော့ ကိုယ့်သဘောနဲ့ ကိုယ် ဝင်လို့ရပေမယ့် ပြန်ထွက်ချင်တိုင်းထွက်လို့မရဘူး”

ဟင် ...၊

လှမ်းသည့်ခြေလှမ်း တွန့်ခနဲ ပြန်ဆုတ်သွားသည်၊ ဒေါ်ခွာညို က ထိုင်ရာက ယလှမ်းကြည့်နေပြီး ခပ်မဲ့မဲ့ပြုံး၏။

“ဦးဘအောင် ကို အားနာလို့ ကြိုသတိပေးတာပါ၊ ကျွန်မ အိမ်မှာ ကျွန်မ ဥပဒေပဲ ..”

ကံကောင်းလို့ပါလား ...၊

ဒီမိန်းမ ပြောသလို မလုပ်ဘူး မပြောနိုင် ...၊

ဦးဘအောင် တံတွေးမျိုမိရင်း နောက်ဆုတ်ရပ်လိုက်ခြင်းသို့ ရောက်ကာ ...

“ဒီအချိန်မှာ အထဲဝင်သွားဖို့ မသင့်တော်ဘူးကွယ့်၊ မောင်ရင်တို့ ပြင်ဆင်ပြီးမှလာခဲ့လိုက်ပါ”

လူကြီးပါနေတာတောင်မှလား ...၊

မိုးခြိမ်း မျက်နှာတင်းမာသွားသည်၊ ဒါပေမယ့် သူလည်း ရှေ့ဆက်မတိုးရဲပေ၊ ဒီမိန်းမကြီးက ဘာလဲ၊ ရပ်ကွက်ထဲက မိန်းမတစ်ယောက်



က ဒီလောက်ထိ ပြောရဲနေရအောင် ဘာမို့လို့လဲ၊

‘ပိုက်နက်’ဆိုသည့် အဆီးအတား၏ သက်ရောက်မှုကို ဂရုမစိုက်ချင်သည့် ခေါင်းထဲမှာ မိုးခြိမ်း ကြိတ်မနိုင်ခဲမရ ဖြစ်ရင်း လှည့်ပြန်ခဲ့ရသည်။

ပြီးတော့ ကိုယ့်ကားပေါ် ပြန်ရောက်လာကာမှ ...

“တောက်၊ သူ့အိမ်ကိုရှာဖို့ ရှာဖွေဝရမ်း ယူလာရဦးမှာလား”

“အေးကွာ၊ အသက်လေးဆယ်ကျော် ငါးဆယ်တွင်းလောက်နဲ့ ခပြာလိုက်တာ မတန်မရာ၊ သူ့ကို ဘယ်သူက စိတ်ဝင်စားမှာမို့လို့လဲ၊ မသကာ ဧည့်ခန်းမှာထိုင်ရုံလောက်တော့ လုပ်လို့မရဘူးလား”

တစ်ယောက်တစ်လှည့် ဒေါသတွေထွက်နေကြလျက် ...

“မိုးခြိမ်း .. ငါတို့ ရှာဖွေဝရမ်းနဲ့ ပြန်လာမယ်ကွာ၊ ဒီမိန်းမကြီး ဘင်းလွန်းတယ်”

“အသာနေစမ်းပါကွာ ..”

မိုးခြိမ်း မျက်နှာက ထွက်ပေါက်ပိတ်နေသည့်ကြွက်တစ်ကောင်လို ဒုက္ခများပါဒတွေရှိနေဆဲနှင့် ...၊

‘ဒီအိုဗာတင်းကို ဘယ်လိုဖျော်ချလိုက်ရမလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

တံခါးတိုင်းမှာ သံပန်းတွေတပ်ထားပေမယ့် ဒီတံခါးတစ်ပေါက်မှာ သံပန်း မရှိ ...၊

သံပန်းတပ်ခဲ့သည့်တံခါးဘောင်ပတ်လည်က မူလီနေရာတွေကို သေချာကိုင်ကြည့်ရင်း အောက်ကိုပါ ငုံ့ကြည့်လိုက်မိ၏။ အောက်မှာ ရေကူးကန်ကြီးက ပြာလွဲ့သောရေပြင်နှင့် ဒီဇိုင်းဆန်းသည့်ကန်ဘောင်ကြောင့် တော်တော်ကြည့်ကောင်းနေ၏။

အနှစ် ပြောပုံအရ သူမကို ဒီပြတင်းပေါက်ကနေ တွန်းချပစ်ဖို့ ကြိုးစားခဲ့တာဖြစ်သည်။ အောက်က ရေကူးကန်ထဲကျစေချင်တာဆိုရင်လည်း ပစ်ချလိုက်ရုံနဲ့တော့ ကန်ထဲကို တည့်တည့်မရောက်နိုင်ပေ။

ဒါဆို ရန်ဘက်ချင်း ဘာလုပ်ချင်တာလဲ၊ ခြောက်လှန့်ရုံ သက်သက်ဆိုရင်တောင် လည်ပင်းမှာ အညိုအမည်းစွဲကျန်ရစ်အောင် သဘာဝကျဖို့လိုသလား ...၊

"ရှင် [illegible]သတ်ဖို့ ကြိုးစားတာ မတော်တဆမဟုတ်ဘူး"တဲ့၊ အနှစ် [illegible]တော်လေးနာကျင်ခံစားပြီး ပြောခဲ့တာဖြစ်သည်၊



ရန်ဘက်ချင်း တစ်ခန်းလုံးကို သေချာလိုက်ဝေ့ကြည့်ရင်း အနှစ် ရဲ့ စကားတွေနဲ့ ဖြစ်နိုင်ချေကို ဆက်စပ်ကြည့်နေမိ၏။

ဒီလူ ဘယ်လိုလူလဲ၊ ဘာလိုချင်တာဖြစ်ဖြစ် ဘာလုပ်ချင်တာဖြစ်ပါစေ မိန်းမသားတစ်ယောက်အပေါ် ကာယအားကိုးနဲ့ ဒီလောက်ထိ နာကျင်အောင် နှိပ်စက်သင့်သလား ...၊

အနှစ် ကတော့ ဒီနေ့ထိ ဘယ်သူ့ကိုမှမပြောဘဲ မျိုသိပ်ထားရှာသည်၊ ဒါလည်း ဘယ်လိုအကြောင်းတွေနဲ့ ရှုပ်ထွေးငြိတွယ်နေခဲ့လို့လဲ ဆိုတာ မသိနိုင် ...၊

ရေအိမ်နှင့်ကပ်လျက် အခန်းကျဉ်းလေးရှေ့မှာ ငုတ်တုတ်ထိုင်ကြည့်လိုက်တော့ မလွယ်ပေါက်လို အခန်းလေးဖြစ်လျက် တံခါးလည်း ဘယ်မထားပေ ...။

အထဲမှာထောင်ထားသည့် တစ်စုံတစ်ခုကို လှမ်းမြင်လိုက်ကာ ချ့ကခံနေသည့် ကတ္တူပုံးကြီးကို ဆွဲဖယ်ထုတ်လိုက်မိသည်။ ပြီးတော့ ချ့ထပ်တိုးပြီး ငုံ့ကြည့်လိုက်လျှင် အထဲမှာ ပြတင်းပေါက်သံပန်းကြီး ဖြစ်နေ၏။

"ကျွတ် .. ဒီသတ္တဝါ ဘာလဲ .."

"ဘုန်း ..."

စိတ်ပျက်စွာရေရွတ်ရင်း ကတ္တူပုံးကြီးကို ဖြစ်သလို ပြန်ဆွဲပြီး အခန်းဝမှာ ပြန်ကပ်သွားအောင် တွန်းထည့်ပေးလိုက်၏။ ပြီးတော့ နေရာမှထရပ်လိုက်သည်။

ပြတင်းသံပန်းကို သေချာဖြုတ်ထားပြီး အနှစ် ကို တွန်းချပစ်ဖို့ သေချာစီစဉ်ထားတာ ဘယ်လိုမှ မထင်ရက်စရာပင် ...၊

ဒီကောင် ဆေးကြောင်နေတာလား၊ မှန်ကြောင်ဖြစ်နေတာလား၊ ရန်ဘက်ချင်း က မဖောက်မပြန်တတ်သူပါဆိုလျှင်တော့ ဖြစ်နိုင်စရာ ာစ်ခုပဲရှိသည်။ ဒါပေမယ့် ဒီလိုကိစ္စမှာ ကာယကံရဲ့ သွားလာနေထိုင်မှုဆွ သိသာစွာ ပျက်ပြားလာပြီဆိုလျှင် ဒါကို ဘယ်သူမှ မရိပ်မိဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တာ မဖြစ်နိုင်၊

နေရာသီ ကိုယ့်ခေါင်းကို ပြန်ကိုင်မိရင်း နံရံထောင့်တစ်ခုမှာ ပခုံးမှီနေလိုက်မိသည်။ ဒီဒဏ်ရာရခဲ့လို့ မရှုးပေမယ့် ဒီအခြေအနေနဲ့ ဒီဒဏ်ရာကြောင့် သူ ရူးသွားနိုင်၏။

ကိုယ့်နောက်က ပါလာမည့် အရုပ်ထွေးကြောင့် မတတ်သာလို့ လူစားဝင်ပြီး ချော်လဲရောထိုင် နေခဲ့ရပေမယ့် ဘယ်မှာ သက်သာရာ ရလို့လဲ ...၊

ရန်ဘက်ချင်း ချန်ရစ်ခဲ့တဲ့ အရုပ်ထုပ်တွေက သူ့ထက် ပို၍ သိုဝှက်များပြားနေခဲ့တာ ထိုင်တွေးနေလျှင် အသက်ရှူပါ ကျပ်လာနိုင်၏။

သူ့အဖြစ်က ရှေ့တိုးဖို့မလွယ်၊ နောက်ဆုတ်ဖို့ခက် ...။

စဉ်းစားရင်း ရှေ့ကိုထွက်လာမိစဉ် ဖုန်းမြည်သံကို သတိထားမိလိုက်၏။ သူ့မှာ ဖုန်းမရှိတော့ပေ ...၊

ယုဇနခင်၏ အိပ်ခန်းထဲမှာ ချွတ်ထားခဲ့သည့် ဂျာကင်အိတ်တစ်ခုထဲမှာ ကျန်ခဲ့ပြီဖြစ်သည်။ ဒီဖုန်းသံ ကိုယ့်ပတ်ဝန်းကျင်က မြည်နေမှန်းသိကာ အသံနောက်ကို လိုက်ရှာမိ၏။

ပထမတစ်ခါ ပြတ်ကျသွားသဖြင့် သူ့ခြေလှမ်းတွေပါ ရပ်သွားခဲ့သည်။ သို့သော် သိပ်မကြာခင် ပြန်မြည်လာသဖြင့် အသံနောက်လိုက်ရင်း ဖုန်းကိုတွေ့တော့ မှန်တင်ခုံ၏ တတိယအံဆွဲထဲမှာ ...၊

ဖုန်းကို ထုတ်ယူလိုက်ရင်း စခရင်မ်မှာပေါ်နေသည့် အရိုးခေါင်းပုံကြီးကို စူးစိုက်ကြည့်နေမိသည်။ သူ ကြည့်နေတုန်းမှာ ဖုန်းက နောက်ထပ် miss call ဖြစ်သွားပြန်၏။

နေရာသီ မျက်မှောင်ကုတ်ရင်း ထပ်စောင့်နေလိုက်လျှင် ဒီနံပါတ်ချည်းပဲ သုံးကြိမ်မြောက်ခေါ်လာခဲ့ပြီး ...

"ဟလို .."

"တောက် .. မင်းတော်တော်ယုတ်မာပါလား ခွေးကောင်"

ကိုင်လိုက်တာနဲ့ ဒဲသံက တစ်တစ်ခွခွ ..၊



ဒေါသထောင်းခနဲဖြစ်သွားပေမယ့် သူကိုင်လိုက်တာ ရန်ဘက်ချင်း ...ဲ့ဖုန်း ..

"မင်းလုပ်ချင်ရာလုပ်ပြီး ကိုယ်ယောင်ဖျောက်နေရုံနဲ့ ပြီးမသွားဘူး ...န်ဘက်၊ မင်းမိန်းမကို မင်း ဘယ်လောက်ပဲပိုင်နေနေ အခု လိုချင်တာ ...အောင်ယူနိုင်သလား"

"ငါလည်း ကြိုးစားနေတာပဲကွ"

နေရာသီ သွေးတိုးစမ်းသလို မရုတ်မလွန်ပြောကြည့်လိုက်၏။ ...ဘစ်ဖက်က အကြီးအကျယ်ဒေါပွသွားလျက် ...

"မင်း ဘယ်လောက်ကြာအောင်ကြိုးစားဦးမှာလဲ၊ အနုနည်းနဲ့ ...ရရင် ကြမ်းပစ်လိုက်လို့ ငါပြောပြီးပြီ၊ မင်းကောင်မ ငါတို့ကိစ္စတွေကို ...ိပ်မိနေပြီကွ၊ အဲဒါ ဖွမ်းထုပ်ထဲကိုကျတဲ့ မီးခဲပဲ"

"ငါသိတယ်"

"ဟိတ်ကောင် သိနေလို့မပြီးဘူး၊ မင်း မပြတ်သားရင် သေမယ့် ...ူက မင်းပဲဖြစ်သွားမှာနော်"

"အေးပါ"

"ဘယ်လိုဖြစ်နေတာလဲ ရန်ဘက်၊ ငါတို့နေရာကို မင်း မလာဘူး၊ ...ေးစရာရှိတာတွေလည်း မင်းပဲပျောက်ကွက်ခဲ့တာများပြီ၊ ငါတို့က မင်း ...ို သူဌေးသားဆိုပြီး ယုံယုံကြည်ကြည်နဲ့ အာမခံပေးထားတာနော်၊ အခု မင်းကို နောက်ဆုံးငမ်တိန်ပေးမယ်၊ လာမယ့်ဖရိုက်ဒေး မင်း မပျောက်...ကွက်လာခဲ့၊ ဒါပဲ"

"..... ..... ....."

"ပြောတာကြားလား ရန်ဘက်၊ မင်းလာရင် ဘာတွေပါလာရမလဲ ...င်းသိမှာပါ၊ နောက်ပြီး မင်း ပျောက်ကွက်ခဲ့တာတွေအတွက် ဒီတစ်ခေါက် ...စုစည်းသိမ်းဖို့ မင်း ထွက်ရမှာ"

ဘာတွေပြောနေမှန်းမသိဘဲ ပြောသမျှစကားတွေကို ခေါင်းထဲမှာ ...နေအောင် လိုက်မှတ်နေရသဖြင့် သူ့ဘက်က အင်း အဲ နဲ့ပဲ ပြီးခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ဖက်က ဖုန်းချသွားသည့်တိုင် ဘယ်သူပြောတာမှန်းမသိ၊ ဘာအလုပ်တွေမှန်း နားမလည် ..။

ရန်ဘက်ချင်း ဆိုတဲ့လူ မကောင်းမှုတွေလုပ်နေတာ ပေါ်လွင်နေပြီပေမယ့် ဒီလောက်ထိတောင်တင်းပြည့်စုံပါလျက်နှင့် မတော်လောဘတွေနဲ့ ငွေရှာနေသည်ဆိုတာ ယုံနိုင်စရာမရှိပေ။

ကိုယ်တိုင်သုံးစွဲရင်း နွံနစ်ရင်းနှင့် ဘယ်လိုမှရုန်းမထွက်နိုင်ဖြစ်သွားခဲ့သည်ဆိုရင်တောင် ...

"ဒေါက် .. ဒေါက်"

တံခါးခေါက်သံကြောင့် ဖုန်းကို အိမ်ထဲထည့်လိုက်ကာ အပြင်ထွက်လာမိသည်။

"ဒေါက်ဒေါက်"

"အစ်ကိုလေး"

"အော .. ဝင်ခဲ့"

မောင်ဟိန်း က အခန်းထဲဝင်လာကာ မလှမ်းမကမ်းမှာ ရပ်လိုက်ပြီး ...

"အစ်ကိုလေး အစ်ကိုလေးရဲ့ ဟိုလူတွေ ခြံရှေ့မှာ တရစ်ဝဲဝဲ လုပ်နေကြတာ တွေ့တယ်"

"ဘာ!..."

"ကျွန်တော် မနေ့က ကြီးကြီးကို အပြင်လိုက်ပို့တော့ လမ်းထိပ်မှာ သူတို့နဲ့တွေ့တယ်၊ ဒီမနက်လည်း တွေ့သေးတယ်"

"မောင်ဟိန်း"

"ဗျာ ..."

နေရာသီ က မောင်ဟိန်း လက်ကို ဆွဲခေါ်လာပြီး သူ့စားပွဲဘေးမှာ ထိုင်စေလျက် ...

"မင်းကို ငါ မေးမလို့ပဲ၊ အဲဒီလူတွေက ရန်ဘက် .. အဲ .. ငါနဲ့ ဘယ်လိုတွေပတ်သက်ကြတာလဲ မင်းသိလား"



"ဗျာ!..."

ရန်ဘက်ချင်း သူ့ကို ဤသို့ လက်ပွန်းတတီး ဂရုစိုက်စကားပြောဘယ်ဆိုတာ မရှိခဲ့ဘူးပေ၊ လိုအပ်တဲ့အခါ ခေါ်သည်၊ ပြောစရာ မှာစရာရှိတာလောက်ပဲ ခေါ်ပြောဖော်ရပြီး စပ်စုတာလည်း မကြိုက်၊ မမေးဘဲဝင်ပြောတာလည်း မကြိုက်ပေ။

နောက်ဆုံး မျက်လုံးနဲ့ စူးစမ်းတာတောင် မကြိုက်ခဲ့ဘဲ ...

"မင်း ဘယ်လောက်စပ်စုချင်နေသလဲဆိုတာ မင်း မျက်လုံးတွေမှာမြင်နေရတယ်နော်၊ ပါးစပ်တင် စည်းကမ်းရှိဖို့လိုတာမဟုတ်ဘူး၊ မျက်လုံးပဲဆိုပြီး ရောက်တတ်ရာရာ လျှောက်ကြည့်တာလည်း ဆင်ခြင်၊ အထူးသဖြင့် ငါ့ဘေးမှာဆို ငြိမ်ငြိမ်သက်သက်နေဖို့ ကြိုပြောထားမယ်"တဲ့။

ပြန်တွေးပြီး တံတွေးမျိုချလိုက်မိသည်။ မတ်တတ်ကနေ လက်ယောက်ငုံ့မိုးနေသော မျက်နှာကို မော့ကြည့်လိုက်တော့ အစ်ကိုလေးမျက်နှာက နူးညံ့ချောမွေ့နေတာ ခါတိုင်းနဲ့တော့မတူ ...၊

"ပြောစမ်းပါ၊ ငါ အခု ဘာမှမသိတော့ဘူးဆိုတော့ .."

အခြေအနေကိုကြည့်ပြီး စကားကို ခပ်ဆဆပြောရင်း ...

"ခုန ဖုန်းတစ်ကောလ်လာတယ်၊ ဘယ်သူမှန်းလည်းမသိဘူး၊ ငါဘာပြန်ပြောရမှန်းလည်းမသိဘူး၊ အဲဒါ .. အဲဒါကို မင်း ကူညီမှဖြစ်မယ်"

"အစ် .. အစ်ကိုလေးက .. ကျွန်တော့်ဆီက စကားအစ်နေတာတော့မဟုတ်ပါဘူးနော်"

"ဘာကွ ..."

"အဲ .. မဟုတ်ပါဘူး၊ ဒီလိုလေ .. ကျွန်တော့်ကို မစပ်စုရဘူးလို့ ခဏခဏကပ်ကြိမ်းနေပြီး အခုလိုမေးတော့ ..."

"မင်းကလည်း တစ်မျိုး .. ကျွတ်"

"ဟုတ်ကဲ့ပါ၊ အစ်ကိုလေး ဘာမှသတိမရတော့ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဟို .. ကျ .. ကျွန်တော်လည်း အဲဒီလူတွေကို

www.burmeseclassic.com

www.burmeseclassic.com

တော့ သေချာမသိဘူး”

“သူတို့နဲ့ငါ ဘာတွေလုပ်နေတယ်လို့ထင်လဲ”

“ဗျာ ...”

“ဥပမာကွာ .. ပုံမှန်လှုပ်ရှားနေကြတာမျိုးလား၊ မှုမမှန်လှုပ်ရှားသွားလာနေတာမျိုးလား၊ မကောင်းမှုတစ်ခုခုလုပ်နေပြီဆိုရင် အဲဒါမျိုးက သိသာပါတယ်၊ မင်းရဲ့အမြင်ပေါ့”

“အဲဒါ .. အဲဒါတော့ မသိ ...”

“မောင်ဟိန်း”

“ဗျန်း ...”

“ခင်ဗျာ ...”

နေရာသီ က စားပွဲကို ဖျန်းခနဲပုတ်ပစ်လိုက်ပြီး ခေါ်လျှင် မောင်ဟိန်း တုန်ခနဲဖြစ်သွား၏။

“မေးနေတာကို ဖြေ၊ စိတ်ထဲရှိတဲ့အတိုင်းပြော၊ မင်း စကားများတာနဲ့ ကြိုးမိန့်ခံရမယ့်ကိစ္စလည်းမဟုတ်ဘူး”

“ဟုတ်ပါတယ် အစ်ကိုလေးရယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ဘာမှန်း တကယ်မသိလို့ပါ”

“မင်းကိုလည်း သိရမယ်လို့ မပြောဘူး၊ ငါ့ကိုယ်ငါ ဘာမှန်းမသိလို့ မင်း သိနေတာတွေ ဘယ်လိုမြင်ခဲ့သလဲလို့ မေးတာ၊ ငါသွားလာလှုပ်ရှားနေတာတွေ မင်းမြင်နေခဲ့တယ်၊ အဲဒါတွေက ဘာပုံစံပေါက်နေသလဲ၊ ငါလိုချင်တာ အဲဒါ ..”

“အစ်ကိုလေးကတော့ ကျွန်တော် စတွေ့ဖူးတုန်းက အဲဒီလိုမျိုး မဟုတ်ပါဘူး”

မရဲတရဲပြောနေလျက် နေရာသီ မျက်မှောင်ကုတ်လိုက်တာနှင့် ပြောလက်စက တိခနဲရပ်၏။

“ဆက်ပြော”

“အဲဒီလူတွေကတော့ သိပ်မကောင်းဘူးထင်တယ်၊ ဟိုလေ . အစ်ကို



လေးကို ဒုရဲအုပ် ကိုလင်းမောင် သတိပေးနေတာလည်း ကျွန်တော့်ရှေ့မှာပဲမို့လို့ ကြားနေရလို့ပါ”

“ဟုတ်ပြီ ဆက်ပြော”

“ကျွန်တော် မြင်သလောက်ဆိုရင် .. အဲ ..”

“အင်း ...”

“ဒါပါပဲ ..”

“ဘာ ...”

“ကျွန်တော် အဲလောက်ပဲမြင်တာ အစ်ကိုလေးရ..”

“မဟုတ်ဘူး၊ ပြောနေကြတဲ့ပုံအရဆို ရန်ဘက်ချင်း က အဲ .. ငါ တော်တော် ခြေလှမ်းပျက်ခဲ့တာ ..”

မကျေနပ်နိုင်သေးသည့် သူ့ကိုကြည့်ကာ မောင်ဟိန်း လျှာနှင့်နှုတ်ခမ်း တစ်ချက်သပ်၍ ပင့်သက်တစ်ဝကြီးရှိုက်ထားလိုက်သည်။

အစ်ကိုလေး မကောင်းတဲ့အရောင်းအဝယ်တွေလုပ်နေတာ ဖြစ်နိုင်တယ်လို့ ဘယ်လိုမျက်နှာနဲ့ ပြောရမလဲ ...၊

“အဲဒီတော့ တခြားလူတွေတောင် ဒီလောက်သိနေရင် ငါနဲ့ အချိန်တော်တော်များများ အတူရှိနေခဲ့တဲ့ ...”

“အတော်များများမရှိပါဘူး အစ်ကိုလေးကလည်း”

ဒါကျတော့ အားတက်သရော ငြင်းဖော်ရကာ ...

“အစ်ကိုလေးက အစ်ကိုလေးရဲ့ ငါးဆယ့်သုံးပြိုင်ကားအညိုလေးနဲ့ပဲ တစ်ယောက်တည်း သွားတတ်တာ”

“အဲဒီကားရော ..”

“အစ်ကိုလေး အိမ်ကထွက်သွားတော့ မောင်းသွားတာပဲလေ”

သူ မျက်မှောင်ကုတ်မိပြန်ကာ ...

“အင်း .. ဒါဆို မင်း အတူရှိခဲ့တဲ့အပိုင်းကို ပြော၊ ငါပဲ ရှင်းရှင်းမေးမယ်ကွာ၊ ငါက မူးယစ်ဆေးသုံးစွဲနေတာလား”

“ဟင်!...”

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကိုမော့ကြည့်ပြီး မောင်ဟိန်း မျက်လုံးပြူးနေ၏။

အစတုန်းကတော့ အဲဒီလို ထင်ချင်စရာ အစ်ကိုလေးမျက်နှာက မျက်ကွင်းတွေကျပြီး အညိုရောင်သမ်းလာခဲ့တာ၊

ဒါပေမယ့် ခုကျတော့ ...၊

"မူးယစ်ဆေးတွေ ရောင်းဝယ်နေတာမျိုးလား"

"ဗျာ!..."

"ဒါမှမဟုတ် နှစ်မျိုးစလုံးနဲ့ ငြိနေတာလား"

"အစ် .. အစ်ကိုလေးရယ် .. အဲဒါကြီးတွေ ကျွန်တော် မသိတာ တကယ်ပါ၊ အစ်ကိုလေး ပေါင်းတဲ့လူတွေတောင် ဒုရဲအုပ်ကြီးက သတိပေးနေလို့ ဘယ်လိုလူတွေမှန်းသိတာ"

"ဘယ်လိုလူတွေလဲ"

သေစမ်း မောင်ဟိန်း .. သေနှာ ..၊

အဲဒီလူတွေကိုသိနေမှတော့ မင်း မသိဘူးဆိုတာ ဘာလဲ၊ သွားသေလိုက်တော့ ...၊

နေရာသိ နှုတ်ခမ်းက အပြုံးတစ်ချက်ကြောင့် သေချင်စော်နံ သွားသည်။

ဒါပေမယ့် အစ်ကိုလေး သတိပြန်ကောင်းလာရင် ငါပြောခဲ့တာတွေကို သိချင်မှသိတော့မှာ၊

ကိုယ့်ကိုယ်ကို ရဲဆေးတင်၍ အသက်တစ်ဝကြီးရှူမိသွာပြန်သည်။

ဒီတစ်ခါ ပြောတော့မယ် အမှန်အတိုင်း ...။



အခန်း (၆)

"အစ်ကိုလေးက သူ ဘာတွေလုပ်ခဲ့သလဲလို့ အတင်းမေးနေတာလေ၊ ကျွန်တော်လည်း ဘာပြောရမှန်းမှမသိတာ၊ ရွှေးကိုပြန်သွားတာပဲ မမလေးရာ .."

မောင်ဟိန်း ပြောတဲ့စကားကို ပြန်သတိရရင်း သူ တကယ် အတိတ်မေ့သွားတာလားလို့ သံသယဖြစ်လာခဲ့မိသည်။ ဆေးသေတ္တာလေးပိုက်လျက် အခန်းထဲဝင်လာတော့ ရန်ဘက် ကို မတွေ့ ...၊

အိပ်ခန်းတစ်ခုလုံးက အရင်လို ရှုပ်ပွမနေတော့ဘဲ ကြမ်းပေါ်မှာ ပြန့်ကျဲနေတတ်သည့် အမှိုက်တိုအမှိုက်စတွေလည်း မမြင် ..။

မောင်ဟိန်းကို ခေါ်ရှင်းခိုင်းထားတာဖြစ်လိမ့်မည်၊ ဟိုအရင်တည်းက ဘာဖြစ်ဖြစ် မောင်ဟိန်းကိုပဲ ခေါ်ခိုင်းသည်။ အပြင်သွားရင်လည်း အိမ်ကဒရိုင်ဘာကို ဘယ်တော့မှမခေါ်ပေ ..။

သူကိုယ်တိုင် မောင်းဟိန်း ချည်းပဲဖြစ်၏၊ ခုလည်း သူ့အကြောင်း မောင်ဟိန်းကို မေးနေပြန်ပြီ ..။

ဒါတွေ ဒီလူကိုမေးရင် သိရမှာပဲဆိုတာကျတော့ သတိရနေသလား...၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်က ယုံကြည်တော့မလိုဖြစ်သွားလိုက်၊ တင်းတင်းကျပ်ကျပ် ပြန်ဖြစ်လိုက်နှင့် တစ်ခန်းလုံးကို မျက်လုံးကစားကြည့်မိသည်။

"နေရာဘာကာ ဖော်ကောင်လုပ်ဖို့ စိတ်မကူးနဲ့ အနှစ်၊ လမ်းပေါ်က ခါးပိုက်နှိုက်တွေတောင် ဘေးကမြင်ပြီး ဖော်ကောင်လုပ်တဲ့သူကို အလွတ်မပေးဘူး၊ ငါ ဘာလုပ်နေနေ မင်း ဘာတွေမြင်မြင် ပါးစပ်ပိတ်ထား၊ ငါက ခါးပိုက်နှိုက်လို လုပ်မှာမဟုတ်ဘူး၊ မင်းတို့အားလုံးကို မျိုးဘုံးပစ် မှာ" လို့ ခြိမ်းခြောက်တာတွေက အပိုပြောတာမဟုတ်မှန်း လက်တွေ့ပြခဲ့၏။

သူ့လုပ်ရပ်ဟာ လင်နဲ့မယား လျှာနဲ့သွားဆိုတာလို ဒေါသအလျောက် မတော်တဆ လက်လွန်သွားတာမျိုးမဟုတ်မှန်း အနှစ် သိနေသည်။

နောက်ထပ် ပြန်လာပြီး အပြီးသတ် နှုတ်ပိတ်ပစ်မှာပဲလို့ တွက်ပြီး သေလောက်အောင်ကြောက်ခဲ့သည်။ ခရီးသွားမည်ဆိုပြီး ထက်ထက် တို့ဆီမှာ သွားနေခဲ့တာလည်း တစ်ပတ်ကျော်သည်။

ဒီလူ ရက်စက်တာတွေကို ပြောပြမိပေမယ့် 'ဘာကြောင့်လုပ်တာလဲ' ဆိုသည့် မေးခွန်းတွေပါလာရင် မဖြေတတ်တာမို့ တချို့ကိုတော့ မျိုသိပ်ထားခဲ့ရ၏။

ခု ပြန်ရောက်လာတာ ဘာအတွက်လဲ ...၊

တကယ် အတိတ်မေ့သွားတာမှန်ရင်တော့ အနီးကပ်ရန်သူအဖြစ် နှာရီစက္ကန့်မလပ် ထိတ်လန့်သတိထားနေရမည့် ဒုက္ခက ခဏတစ်ဖြုတ် ကင်းဝေးနေလိမ့်သည်။

အနှစ် စိတ်ချမ်းသာစရာရှာကြံတွေးရင်း ဖွင့်လက်စ ကွန်ပျူတာ ရှေ့မှာ ခြေစုံရပ်ကြည့်နေမိ၏။

ဘာတွေရိုက်ထည့်နေတာလဲ၊ ဘာတွေသိမ်းဆည်းနေတာလဲ၊ မဟုတ်ရင် ဘယ်သူတွေနဲ့ ဆက်သွယ်နေတာလဲ ...၊



သိချင်စိတ်ပြင်းပြမိသော်လည်း သူ့လျှို့ဝှက်ချက်တွေကို အလွယ်တကူဖွင့်ကြည့်လို့ရမှာမဟုတ်မှန်း သိနေသဖြင့် ကွန်ပျူတာရှေ့ကနေ လှည့်ထွက်လိုက်လျှင် ...

"အမေ့ .."

မားမားကြီးရပ်နေသည့်ရင်ဘတ်ကြီးက မျက်နှာရှေ့မှာ အနီးကပ်ဘွားခနဲပေါ်လာသလိုရှိကာ သတိလက်လွတ် လန့်ဖျန့်အော်မိ၏။

"သူများအခန်းထဲ ခိုးဝင်နေတဲ့လူက ပြန်လန့်နေတာလား"

"ခိုးဝင်တာမဟုတ်ပါဘူး"

"မဟုတ်ရင်လည်း လူမရှိရင် ပြန်ထွက်ပေါ့"

"ပြန်ထွက်ရအောင် ရှင် ရှိ မရှိ လာကြည့်တာမှမဟုတ်တာ"

"ဒါဆို ဘာလာလုပ်တာလဲ"

"လူကို စစ်မေးနေစရာမလိုပါဘူး၊ ရှင့်ကိုယ်ရှင် ဘာဆိုတာ ဟန်ဆောင်ဖို့ မေ့နေတာလားပဲ ပြန်စဉ်းစား"

"ဟွန်း ..."

နေရာသီ က သူမကို စေ့စေ့ကြည့်ပြီး မဲ့လိုက်သည်။

"ငါ့ခေါင်းက စိတ်ညစ်စရာတွေ တွေ့လာရင် ဒုက္ခပေးတာ၊ မဟုတ်ရင် ဘာမှမဖြစ်ဘူး"

သူက သူမ ကိုင်ထားဆဲရှိသည့် ဆေးသေတ္တာလေးကို ငေ့ခနဲ ကြည့်ကာ ...

"ငါ့ခေါင်း ကြည်လင်နေဖို့ မင်းနဲ့ပဲ ဆိုင်တာ၊ ဒါတွေမလိုဘူး"

ဘာကိုရည်ရွယ်မှန်း မသိသောစကားကြောင့် အနှစ် ဘာမှ ချက်ချင်းတုံ့မပြန်ဘဲ ကြည့်နေလိုက်မိ၏။

"ဝေဒနာပျောက်စေချင်နေတာဆိုရင် မင်း ပါးစပ်ပိတ်ထားရုံပဲ"

"ရှင် ဘာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ငါ့ရှေ့ရောက်လာတိုင်း နာကျင်တာတွေ မုန်းတီးတာတွေ ပြောပြောနေတာ၊ ငါ ခေါင်းခဲရတာ အဲဒါ"

"သြော် .. ရှင့်ကျတော့ ..."

"ကိုယ့်လက်ပူမှ ပူတတ်သလားလို့ မပြောနဲ့နော်၊ ငါ ဘာမှမသိတော့တဲ့ကိစ္စတွေအတွက် ရန်ဘက်ချင်း ဆိုတဲ့ကောင်က မင်းအသားကို ပါးပါးလှီးခဲ့ပါတယ်ပြောလည်း ဆောရီးပြောရုံပဲ"

"ဆောရီးပြောဖို့လည်း မလိုဘူး၊ ရှင့်ဆီက ဘာမှမလိုဘူး ရန်ဘက်ချင်း၊ ကျွန်မက ရှင့်ရဲ့နောက်ကွယ်က ဘာမှန်းမသိတဲ့သတ္တဝါတွေကြောင့် ဘယ်သူ့ကိုမှ ဘာမှမပြောဘဲ နေနေတာ၊ အဲဒီအတွက် ကိုယ့်စိတ်ကူးနဲ့ ကိုယ် လျှောက်တွေးမနေနဲ့၊ သိစေချင်တာက ကျွန်မ ရှင့်ကို သိပ်မုန်းတယ်ဆိုတာပဲ"

"သြော် .."

သူ့ရဲ့ သြော်သံရှည်ကြီးက လူကို ခနဲ့လိုက်မှန်းသိသာနေသည့်ပြင် အကြည့်က ရိုင်းသည်။ ပြီးတော့ သူမ ဝတ်ထားသည့် အင်္ကျီ ...၊

ရွှေအိုရောင်ဖဲသားညဝတ်အင်္ကျီရှည်က ဒူးအောက်ထိရှည်ကာ ရင်ဖုံးခါးစည်းဖြစ်၏။

ကိုယ့်ကို တစ်ကိုယ်လုံး စူးစူးရဲရဲစေ့ကြည့်နေတော့ အနှစ် ဒီတိုင်းပဲ ပြန်ထွက်ဖို့ ခြေလှမ်းပြင်သည်။

"နေပါဦး၊ နောက်ထပ်တစ်ခါ ပြောနေရမှာစိုးလို့ ခုတစ်ခါတည်း ပြောလိုက်မယ်"

သူက ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေ့ထည့်ထားလျက် အနှစ် ခြေလှမ်းပြင်လိုက်သည့်ရှေ့က ကာဆီးထားလိုက်ပြီး ...

"မင်း စိတ်ထဲကတော့ ငါ့ယောက်ျားအိပ်ခန်းပဲလို့ တွက်မယ်ထင်တယ်၊ ဒါပေမယ့် ငါက အတိတ်မေ့နေတာလေ၊ မင်းကို ..."



မျက်ခုံးတွေပင့်ပြီး ပခုံးတွန့်လိုက်တော့ အနှစ် မျက်နှာလေး ရဲတက်သွားသည်။

"မင်းနဲ့ပတ်သက်ပြီး ငါ့မှာ ဘာမှမရှိဘူး"

"ဘာ ..."

"ဆောရီး .. ငါ ခံစားလို့မရတာ ပြောပြတာပါ၊ ကျန်းမာရေးကြောင့်ပဲ ထင်ပါတယ်"

"ရန်ဘက်ချင်း .."

"ပြော ..."

"ရှင် စီးစီးပိုးပိုးပြောနေတာတွေပဲ ရပ်လိုက်စမ်းပါ၊ ဘယ်သူကရော ရှင့်ကို ခံစားပေးပါ ရင်ခုန်စမ်းပါ နိုင်းနေလို့လဲ .."

"မဟုတ်ဘူးလား .."

ရပ်တည်ကြီးနဲ့ပေမယ့် ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းသားတွေနဲ့ မျက်ဝန်းတို့မှာ ရယ်ချင်ပက်ကျိတွေဖြစ်နေတာ အထင်းသားနှင့် ...၊

"မသိဘူးလေ၊ မင်းက ညဝတ်အင်္ကျီတစ်လွှာတည်းနဲ့ ညမှုညတာကြီးမှာ ..."

"လျှောက်ပြောမနေနဲ့ .."

အနှစ် စိတ်တိုလွန်းသဖြင့် လက်သီးလေးနှစ်ဖက်ဆုပ်ပြီး ကြိတ်အော်သည်။

"ဘာ တစ်လွှာတည်းလဲ၊ ဘာသိလို့ လျှောက်ပြောနေတာလဲ"

"သိတော့မသိဘူးပေါ့ကွ၊ မင်းကို ငါကိုယ်တိုင် ဝတ်ပေးထားတာမှမဟုတ်တာ၊ ဒါပေမယ့် အိမ်ထောင်သည်တွေပဲ၊ ဒီလိုအင်္ကျီတွေ အတွယ် ဝတ်တာမဟုတ်ဘူးလား၊ ကြိုးစတစ်စဆွဲလိုက်ရင် ပြီးပြီ"

"ရှင် ပါးစပ်မသရမ်းနဲ့၊ ဖယ် ..."

ဆေးသေတ္တာပိုက်ထားလျက်နှင့် လူကို အတင်းမစ်တိုက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့ အထဲမှာ နေရာသီ တစ်ယောက်တည်း မိုက်နှိပ်ရယ်နေလေသည်။

ပြီးတော့ အသံမထော်တာဆ ထွက်သွားမှာစိုးသဖြင့် ပါးစပ်ကို လက်ခုံနဲ့ကပ်ပိတ်ထားလိုက်မိ၏။ သူမနဲ့ ဒီလိုအချိန်တွေမှာ မကြာခဏ မတွေ့ချင်တာက အမှန်ပင်။

ဒါပေမယ့် မရည်ရွယ်ဘဲ အစလွန်သွားတာမို့ သူမ ဒေါကန်သွားတာကို မရယ်ဘဲမနေနိုင် …၊

သူမက မသိပေမယ့် ကိုယ်က ရန်ဘက်ချင်း မဟုတ်တာ ကိုယ့်ဟာကိုယ် သိနေသည်။ ဒါကြောင့် ဖြစ်လာနိုင်ဖွယ်တွေကို ကြိုတင်ကာကွယ်ထားရမှာဖြစ်၏။

ယောက်ျားနှစ်ယောက်နဲ့ အနီးကပ်ဆုံးရင်းနှီး ပတ်သက်နေရတာကို မင်းကမှ မသိဘဲ …။



## အခန်း (၇)

"ဟင် .. ရေချိုးမလို့လား သား"

"ဟုတ်ကဲ့ .."

"ခေါင်းကိုတော့ ရေစိုလို့မရဘူးနော်၊ ချုပ်ရိုးတွေမဖြေရသေးဘဲ … …"

အခန်းထဲမှာ ရေမလာသဖြင့် အခန်းကူးမလို့ အပြင်ထွက်လိုက်တာ … ဒေါ်သဲနှစ်က လှမ်းမြင်သွားပြီး အနားရောက်လာသည်။

"ရေမချိုးလို့ ဘာမှမဖြစ်ပါဘူး သားရယ်၊ ဒီညနေ ချုပ်ရိုးဖြေရမှာ … လား"

"ချုပ်ရိုးက အဓိကမဟုတ်ပါဘူး အန်တီ၊ အနာလည်း ကျက်နေပြီ … ကျွန်တော်က ရေချိုးရင် ခေါင်းလောင်းချိုးရမှ ကြိုက်တာ"

ဟုတ်တာပေါ့၊ သူ့ခမျာ ရေမချိုးဘဲနေခဲ့ရတာ ဘယ်နှစ်ရက်ရှိပြီ … …။

ဒေါ်သဲနှစ် စာနာစိတ် ဝင်သွားမိကာ …

"ဒါဆို နေပါဦးကွယ်"

www.burmeseclassic.com



ဒီဘက်လှည့်လိုက်တာနှင့် လှေကားထိပ်ကိုတက်လာသည့် အနှစ် ကို လှမ်းမြင်လိုက်ကာ ...

"အတော်ပဲ၊ သမီး လာပါဦး ခဏ"

နေရာသီ နဲ့ အနှစ် မျက်လုံးချင်းဆုံသွားသည်။ ပြေလည်ငြိမ်းချမ်းမှုမရှိသော မျက်ဝန်းတွေထဲက အေးစက်မှုကို ဒေါ်သဲနှစ် က သိသည်။ သို့သော် ...

"လာစမ်း သမီး၊ သားရဲ့ခေါင်းက ဒဏ်ရာအခြေအနေကို ကြည့်လိုက်စမ်း၊ ချုပ်ရိုးဖြေလို့ရနေရင်လည်း ကိုယ့်ဘာသာပဲ ဖြေလိုက်ရအောင်"

"မောင်ဟိန်း ရှိတာပဲ မေမေ"

"ဩော် ကွယ် .. မောင်ဟိန်း ဒီအချိန် မအားဘူးလေ၊ သမီးက မသိတာကျနေတာပဲ"

"ရပါတယ်၊ ကျွန်တော် ..."

"ဘယ်ကရရမှာလဲ၊ သွား .. ရေမချိုးခင် ဒဏ်ရာအခြေအနေ ကြည့်လိုက်ဦး"

ဒေါ်သဲနှစ် က နနု ကို လှမ်းခေါ်ပြီး ဆေးသေတ္တာ ယူခဲ့ဖို့ပါမှာပြီး ပြီးမှထွက်သွားသည်။

"ဒါလေးကြည့်ပေးရုံပဲ၊ အိပ်ခန်းထဲသွားစရာမလိုပါဘူး၊ ဒီဧည့်ခန်းမှာပဲ လုပ်လိုက်"

"ရှင့်ကိုရော အိပ်ခန်းထဲသွားရအောင်ပါ ခေါ်နေလို့လား"

"မသိဘူးလေ၊ မင်းက အိပ်ခန်းကိုကြည့်နေတော့ ..."

"ရှင် ဘာပြောတယ်"

"မင်း အဲဒီထဲဝင်ရမှာစိုးလို့ စိတ်ပျက်နေတယ်ထင်လို့ပါ၊ မင်းဘာသာ က တွေးပေးတာ .."

ဒီလူ ဘယ်လိုအချိုးမျိုး ချိုးနေတာလဲ၊ တစ်နေကုန်နေလို့ တင်း



ောင် မျက်နှာချင်းမဆိုင်ဖြစ်တာတွေရှိသည်။ အတူရှိနေရင်လည်း သူ ိုင်းစရာရှိရင်သာ ခေါ်ပြီး 'ဒါကို အလုပ်သမား နိုင်းစရာလား' 'ငါက မင်း ကျွန်ဘူး' စသဖြင့်သော တော်စပ်ခြင်းတို့ဖြင့် နိုင်းရခြင်း အကြောင်း ာ နိုင်လုံနေတတ်တဲ့သူ ..၊

ရန်ဖြစ်ဖို့ရော သင့်မြတ်ဖို့ရော ဘယ်အတွက်မှ စကားကြာကြာ ပြောဖြစ်ကြတယ်မရှိပေ၊ တစ်ခါတစ်ခါ သူ့စိတ်တိုင်းမကျလျှင် မထင်မှတ် သာက်အောင် ဒေါသကြီးတတ်သလောက် လူကိုရှိတယ်လို့တောင် သင်ဘဲ နေချင်သလိုနေတတ်တဲ့သူဖြစ်၏။

ခုတော့ ရန်ဖြစ်ဖော်ရလာပေမယ့် လူကို အထင်မြင်သေးစွာ စီးကြော ပြောနေတာတွေကြောင့် ဒေါသနှင့် မုန်းတီးခြင်းက ရေးရှုအမှတ်ထိ ာင့်တက်သွားခဲ့၏။

အတိတ်မေ့ရောဂါကနေ ဘဝကိုပါ မေ့သွားပြီထင်သည်။ ယောကျ်ား စ်ကနေ မိန်းမလိုမိန်းမရ ရန်တွေ့တတ်နေတာ တစ်စက်လေးမှ ုမပေါက် ...၊

ရင်တွင်းမှ ခံစားချက်တွေကြောင့် အနှစ် သူ့ကိုစိုက်ကြည့်ရင်း ဆောင်းထိုးပစ်လိုက်မိသည်။

"မမလေး ဘာနိုင်းဦးမလဲဟင် .."

နနု က ဆေးသေတ္တာလေးပေးနေရင်း မေးလိုက်မှ အနှစ် ခေါင်းခါ လိုက်ကာ ...

"မသွားနဲ့ဦး၊ ဧည့်ခန်းမှာ သွားစောင့်နေ၊ ဒဏ်ရာ ချုပ်ရိုးဖြေပေး မယ်"

ဟင် ...၊

နနု မျက်လုံးအဝိုင်းသားဖြစ်သွားပြီး ချင်း ကို လှမ်းကြည့်၏။ ဧည့်ခန်း ခြေဦးလှည့်နေပြီဖြစ်သည့် ချင်း ရဲ့ခြေလှမ်း တုံ့သွားကာ ဖျတ်ခနဲ ည့်သာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလိုက်တာလဲ၊ သူ့ကို ကိုယ့်ဒဏ်ရာ ကြည့်ခိုင်းတာလား"

"ဟုတ်ပါတယ်"

နေရာသီ လှမ်းကြည့်လိုက်တော့ နန္ဒ မျက်လုံးတွေ ပိုပြူးသွားလျက် ခေါင်းခါတော့မလို တစ်ခုခုပြောတော့မလိုနှင့် နောက်ကို ခြေလှမ်းဆုတ်သွား၏။

"နင် .. သွားတော့ .."

"ဟုတ်ကဲ့ ..."

နန္ဒ ဝမ်းသားအားရ ထွက်ပြေးသွားလျှင် နေရာသီ က အနှစ်နားကို ပြန်လျှောက်လာကာ ...

"သူ့ရှေ့မှာ မပြောချင်လို့ ခဏပြန်ခိုင်းလိုက်တာ၊ မင်း ပြုစုတာကို ခံချင်လို့မဟုတ်ဘူး"

ပြောနေရင်း အနှစ် မျက်နှာနားမှာ သူ့မျက်နှာ တိုးကပ်၍ ...

"ငါ့ခေါင်းက ဒဏ်ရာကို နန္ဒ က ကိုင်ပေးမယ်ဆိုရင် မင်းအတွက် မောင်ဟိန်းကို လွှတ်ပေးလိုက်မယ်၊ ဘယ်လိုလဲ"

"ဘာ ..."

"ဘာကြောင့်ညီသွားတာပေါ့"

"ရှင် မိုက်ရိုင်းလှချေလား ရန်ဘက်ချင်း"

"ဟုတ်လား၊ ကိုယ်ပြောလိုက်တာ မိုက်ရိုင်းသွားတယ်ပေါ့၊ မင်းပြောလိုက်တာရော .."

"ကျွန်မက ..."

"အင်း .. ပြော .. ဘယ်လိုကြားကောင်းတဲ့ဆင်ခြင်စကား ရှိသေးလဲ"

"ကျွန်မ ရှင်ပြောတဲ့အဓိပ္ပာယ်နဲ့ခိုင်းတာမဟုတ်ဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ကြားကောင်းတဲ့စကားမဟုတ်မှန်း မင်း ခု သိသွားပြီလား"



နှီးကပ်နေသည့် သူ့ရှေ့ကနေ အနှစ် ခြေလှမ်းဆုတ်လိုက်ကာ ...

"ရှင့်ပါးစပ်ထဲမှာပဲ ကြားမကောင်းအောင်ဖြစ်သွားတာ၊ ရှင်ကိုက ကြီးချဲ့တတ်တာ၊ အဲဒီလောက်ထိ ရိုင်းမယ်လို့ ထင်ကိုထင်မထားဘူး"

"နေစမ်းပါဦး"

အနှစ် က ရှေ့က ရှောင်ထွက်သည်၊ နေရာသီ က လက်ကို ဖမ်းဆွဲထားလိုက်ပြီး ...

"အခု ရိုင်းမှန်းသိသွားပြီဆိုတော့ နောက်ထပ် မဖွယ်ရာတာတွေ ပင်းက စမပြောမိဖို့ ဆင်ခြင်"

"ဖယ်စမ်းပါ .."

"ဒီမှာ လာကြည့်ပေး .."

လက်ကို တစ်ချက်မှမလွှတ်ဘဲ ညွှန်ခန်းထိဆွဲခေါ်သွားကာ သူမကို ရင်ထိုင်စေ၏၊ ပြီးမှ သူက ဘေးမှာထိုင်လိုက်ကာ ...

"ဒဏ်ရာကျက်တာ မကျက်တာ မလိုဘူး၊ ချုပ်ရိုးတွေကို ဖြုတ်ပစ်လိုက်တော့"

ပြောပြီး ခေါင်းလှည့်ပေးလိုက်၏၊ အနှစ် သူ့ရဲ့နားရွက်နောက်က ဒဏ်ရာကို ငုတ်တုတ်ကနေကြည့်သည်။ တော်တော်နဲ့ မကိုင်ဘဲနေပြီးမှ ...

"ဟာ .. ဟော့ .."

"ဘာဖြစ်တာလဲ .."

"အ .."

နောက်ထပ် တွန့်ခနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်တော့ အနှစ် က ဘတ်ကြေးအသေးလေး ကိုင်ထားလျက် ခပ်တည်တည် ကြည့်နေ၏။

"မင်း ဘယ်လိုလုပ်တာလဲ"

"ရှင်ခိုင်းတာ လုပ်တာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com

"လေးချက်ပဲချုပ်ထားတဲ့ဒဏ်ရာကို ဒီကတ်ကြေးနဲ့ထိုးကော်လိုက်တာလား"

"ဟုတ်တယ်၊ အသားထဲမှာမြုပ်နေတာကို လက်နဲ့ ဘယ်လို နှိုက်ထုတ်ရမလဲ"

ပြောပြီး အနှစ် က နှာခေါင်းလေးရှုံ့ကာ ...

"ပြီးတော့ အနာအဆာတွေကို ကျွန်မက ရှံ့တယ်"

"ဟုတ်လား၊ ဒါဆို လက်နဲ့ပဲကိုင်၊ အဲဒါ ထားလိုက်တော့"

"အိုး .. ဘာလုပ်တာလဲ"

နေရာသီ က အနှစ် လက်ထဲက ကတ်ကြေးကိုဆွဲယူပြီး တခြားဆိုဖာပေါ် ပစ်တင်လိုက်၏။

"ရှင် ဘာလုပ်တာလဲ ချင်း၊ ရှင် ခိုင်းတိုင်းလုပ်ရအောင် ကျွန်မက ရှင့်အတွက်ငှားထားတဲ့နာ့စ် မဟုတ်ဘူး"

"နာ့စ်ကလည်း မင်းလို တမင်ထိုးကော်ထည့်လိုက်မှာမဟုတ်ဘူး၊ အဲဒီတော့ မကျွမ်းမကျင်နဲ့ မင်းလုပ်နေသမျှ ငါက လိုမ့်ခံနေရမှာလား၊ လက်နဲ့ပဲလုပ်"

"မလုပ်ဘူး ..."

အနှစ် က အပြတ်အသတ်ငြင်းပြီး ထရပ်လိုက်လျှင် နေရာသီ က မော့ကြည့်လိုက်ရင်း နှုတ်ခမ်းမဲ့ကာ ...

"ရတယ်လေ၊ ငါ ဒီတိုင်းရေသွားချိုးလိုက်မယ်၊ တစ်ခုခုဆိုးရွားသွားလို့ ဒီကိစ္စ ပွထကုန်ရင်တော့ မင်းတာဝန်ကျေတာတွေ လူသိကုန်မှာ ပဲ၊ ငါသည်း မင်းကို တော်တော်နားလည်နေပါပြီ၊ အခန်းခွဲအိပ်တာ ငါ့အပြစ် .."

"ဟင် .."

ကောင်းကောင်းနဲ့ နားထောင်နေပြီးမှ အနှစ် ဆတ်ခနဲဖြစ်သွား



သည်။ ပြီးတော့ ဘေးမှာပြန်ထိုင်လိုက်မိရင်း ...

"ရှင် ဘာပြောလိုက်တာ"

"သြော် .. မင်းဘက်ကိုပြန်မတွက်ဘဲ ငါ လွှတ်လပ်သလိုနေခဲ့ခ်ဘာကိုပါ၊ အိမ်ထောင်ရေးတစ်ခုမှာ အပေးအယူနားလည်မှုတွေ မညီသွတ်ကြရင် စိတ်ဆန္ဒမပြည့်ဝတဲ့ဘက်က ..."

"ရန်ဘက်ချင်း"

"ဟင် ..."

ဒေါသထွက်လွန်း၍ နှုတ်ခမ်းလေးကိုက်နေသည့် အနှစ် မျက်နှာကို သူက လှည့်ကြည့်တာ အေးဆေး ..၊

"ရှင် ဒီစကားမျိုးနဲ့ စော်ကားတာ နှစ်ခါရှိပြီနော်၊ ရှင် .. ရှင့်ကို..."

အနှစ် လက်သီးလေးဆုပ်၍ အံတကြိတ်ကြိတ်ဖြစ်နေတော့ သူ့မျက်လုံးတွေမှာ ရယ်ချင်ပက်ကျိနှင့် ...

"မသိဘူးလေ၊ ငါကပဲ မင်းကို မနေ့တစ်နေ့ကမှ ကင်းကင်းရှင်းရှင်းနေကြဖို့ ပြောသေးတာဆိုတော့ မင်းကိုမြင်လိုက်ရတိုင်းလည်း ဒေါသတွေ ကြိတ်မရခဲမရဖြစ်နေတာချည်းပဲ၊ တွေးလို့ရတာ ဒါပဲရှိတာ"

"ဒီလမ်းကြောင်းမျိုးပဲ ရှင့်ခေါင်းထဲမှာရှိနေတာ ရှင်းနေတာပဲ"

"ဟာ .. မင်း အဲဒီလိုတော့ မစွပ်စွဲနဲ့လေ၊ ငါ့အခန်းထဲ ဝင်ဝင်မလာဖို့ သတိပေးနေရတာက ငါ .."

"ရှင် မဟုတ်တာတွေလုပ်ပြီး ကိုယ့်မိန်းမကိုသတ်ဖို့ ကြိုးစားတဲ့အထိ ဖြစ်လာလို့ ရှင့်ကို ဘာမှန်းညာမှန်းသိဖို့ကြိုးစားနေရတာလည်း ကျွန်မပဲလေ"

"မင်းသိနေပြီပဲ၊ ကျွန်မကိုသတ်ဖို့ကြိုးစားပါတယ်ဆိုပြီး လည်ပင်းက အညိုအမည်းကွက်ကိုပြပြီး သက်သေပြလို့တောင်ရသေးတယ်"

"ရှင့်ကို သဘောကျနေလို့ ကျွန်မက ဖုံးဖိကာကွယ်နေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com

များ ထင်နေတာလား"

"မင်းပဲသိမှာပေါ့ .."

ဒါကို သိချင်လို့ သူမ ဓါသတွေကို တမင်တူးဆွပြီး မတည့်အောင် ပြောနေရတာပါ၊ ကိုယ့်ကို ကိုယ်ထိလက်ရောက် နာကျင်အောင်ပြုရုံ မကဘဲ သတ်ပစ်ဖို့ကြိုးစားတဲ့သူကို ခုချိန်ထိ မထုတ်ဖော် အပြစ်မယူဘဲ နေခဲ့တာ နားမလည်နိုင် ...။

ရန်ဘက်ချင်း ကို သူမ စိတ်ဝင်စားနေတာလား၊ ဒါမှမဟုတ် တစ်စုံ တစ်ရာရဲ့ဖိအားတစ်ခုခုနဲ့ ခြိမ်းခြောက်ခံနေရတာမျိုးလား၊ ဖြစ်နိုင်ချေက ဒါပဲရှိသည်။

သို့သော် အနှစ် က သူ့မျက်နှာကိုသာ စူးစိုက်ကြည့်နေပြီး တစ်ချက် မဲ့၍ ...

"ရှင့်စကားတွေကို အရူးစကားလို့ပဲသဘောထားပြီး ကျွန်မ မေ့လိုက်မယ်၊ ဒါပေမယ့် ဘာမှမသိတော့တဲ့ ခေါင်းစဉ်အောက်ကို ရောက်နေတဲ့အတွက် တစ်ခုတော့ ကျွန်မ ပြောနိုင်တယ်၊ လက်ထပ်ပြီးတဲ့နောက် နေ့ကစပြီး ရှင်နဲ့ အခန်းခွဲအိပ်ဖို့ တောင်းဆိုခဲ့တာ ကျွန်မ ..."

"လက်ထပ်တဲ့ညကရော ..."

အနှစ် မျက်နှာလေး ရဲခနဲဖြစ်သွားသည် မိန်းကလေးပေမယ့် မေးရိုး လေးနှစ်ဖက်စလုံး လှုပ်ခတ်သွားတဲ့အထိ အံကြိတ်ပစ်လိုက်တာ သိသာနေ၏။ ပြီးတော့ အေးစက်စက်စကားသံလေးက တစ်ခွန်းချင်း ပီသစွာ ...၊

"အဲဒီညမှာတည်းက ရှင့်စိတ် ဘယ်ရောက်နေတယ်ဆိုတာ ကျွန်မ နားလည်သွားလို့ပဲ .."

နေရာသီ မျက်မှောင်ကုတ်သွားသည်။

"ငါက ရှုပ်ပွေခဲ့တဲ့လူလား .."



"ဟွန်း .."

အနှစ် က မဲ့လိုက်ပြီး မျက်နှာလေး တစ်ဖက်လှည့်သွား၏။ ပြီးမှ—

"ဘာတွေလဲဆိုတာ ခုထိ ကျွန်မ မသိဘူး ..."

ထိုညက လူပျိုညမို့ အလည်လွန်သည်ထင်ပြီး သူမသာမကဘဲ အားလုံး သူ့ကို ညဉ့်နက်တဲ့အထိ စောင့်နေခဲ့ကြသည်။ ဖုန်းဆက်တာ လည်း မရ၊ ဘာအကြောင်းမှမကြားဘဲ ညဉ့်နှစ်နာရီကျော်မှ မေမေတို့ကို အိပ်ဖို့ အတော်ပြောယူရသည်။

ဖေဖေနဲ့မေမေတို့ သမက်ကို ချစ်ကြပုံက ထိုညမှာတည်းက လိုက် လျောသည်းခံခဲ့ရခြင်းတို့ဟာ ဒီသမက် မထိမဲ့မြင်ပြောသမျှ ထင်သလို နေသမျှ ပန်းနဲ့ပေါက်နေတဲ့အတိုင်း ...၊

"ဒါဆို မိုးလင်းမှ ပြန်လာတာပေါ့"

"တစ်ညလုံး အိမ်ထဲမှာ ရှိနေတာပဲ"

"ဘယ်လို .."

"အပေါ်ဆုံးထပ်က ဆန်းရှိတ်ပေါ်မှာလေ"

"ဘာလုပ်နေတာလဲ"

အနှစ် ဆတ်ခနဲလှည့်ကြည့်သည်။ မင်္ဂလာဦးညမှာ သတို့သားက တစ်ယောက်တည်း လူကွယ်ရာသွားပြီး မိန်းမောနေတာ ဘာလုပ်နေ တာရှိသေးလို့လဲ ...၊

"ရှင် တကယ်မသိတာလား၊ ဟန်ဆောင်ကောင်းနေတာလား"

"ဟား ..."

သူ့ ဆံပင်တွေဆွဲဖွမိကာ ...

"မင်းကလည်း တစ်မျိုး .."

"ကျွန်မကလည်း ရှင်ဖြစ်နေတဲ့ရောဂါကို အယုံအကြည်မရှိတော့ ပြောပြနေရတာ စိတ်ပျက်တယ်၊ ရှင် အဲဒီမှာ ဘာလုပ်နေသလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မမြင်ခဲ့ဘူး၊ ဒါပေမယ့် သိခဲ့တယ်၊ ပိုက်ဆံတွေ အချိန်တိုင်း လိုနေတဲ့ ရှင့်ရဲ့စိတ်တိုင်းမကျမှုတွေက အကဲခတ်ပညာ ကျွမ်းကျင်နေဖို့မှ မလိုတာ ..."

ဒါဖြင့် ဘာဖြစ်လို့ မိန်းမယူခဲ့သေးတာလဲ၊ ကိုယ်ထင်ရာကိုလုပ်ပြီး လွတ်လပ်စွာနေခဲ့ပါလား၊

နေရာသီ ကိုယ့်အတွေးနဲ့ကိုယ် နိုင်သွားတော့ အနှစ် က တစ်မျိုး တွေးပြီးမှဲ့သည်။

"ကိုယ်က ဆေးသုံးနေတာဆိုရင်လည်း မင်းက ဇနီးမယား တစ်ယောက်အနေနဲ့ စည်းရုံးယူလို့ရတာပဲကွ"

"ရှင့်ကိုရှင်တော့ လုပ်ချင်ရာလုပ်ခွင့်ရှိနေပြီး ရှင်ဆိုးသမျှ ကျွန်မမှာ တာဝန်ရှိတယ်ပေါ့"

"ဒီလိုတော့မဟုတ်ဘူးလေ၊ ဒါပေမယ့် ဟုတ်တယ်၊ ယောကျ်ားလေးတွေက လူပျိုဖြစ်ဖြစ်၊ အိမ်ထောင်သည်ဖြစ်ဖြစ် မှားခြင်းအမျိုးမျိုးနဲ့ မှားသွားနိုင်တယ်၊ မိဘလက်ထဲမှာဆိုရင် မိဘက ဆုံးမပဲ့ပြင်မယ်၊ ဇနီးမယား ရှိရင်တော့ ...."

"ရှင် ဘယ်လိုလူစားမျိုးလဲဆိုတာ ရှင့်ကိုယ်ရှင်တောင် မသိဘဲနဲ့ သူများကို လွှဲချဖို့တော့ တတ်သားပဲ"

နာကြည်းမိသည့်လေသံမှာ အေးစက်သည့်အငွေ့အသက်တို့နှင့် ပြတ်သားနေခဲ့၏။ ဆိုးပေနေတဲ့ကလေးငယ်လေးတွေဆိုရင်တောင် ဆိုးတဲ့အခါ ဆိုးပေမယ့် ကောင်းတဲ့အခါလည်း ရှိနိုင်သေးသည်။

ငိုတစ်ခါ ရယ်တစ်လှည့်နှင့် ချော့လိုက်ခြောက်လိုက် ဆုံးမရတာတွေက သဘာဝမကျတာ မရှိ ...။

သူကတော့ ငိုတစ်ခါ ရယ်တစ်လှည့်မျက်နှာမျိုး ဖြစ်မလာခဲ့ပေ၊ အမြဲတမ်း သုန်မှုန်နေသည့်မျက်နှာနှင့် မျက်နှာချင်းဆိုင်လိုက်တိုင်း မရှိ



တာကို တောင်းသည်။

မသိတာတွေမေးပြီး ရန်ရှာသည်။ မရနိုင်တာတွေကို သူမ ဘာမှ လုပ်မပေးနိုင်သည့်အတွက် မရသည့်အကြိမ်ရေတွေကို မျိုသိပ်စုပေါင်းပြီး ရိုးမယ်ဖွဲ့ခဲ့တာ သတ်ပစ်ချင်တဲ့အထိ မုန်းပါသည်လို့ ပြောလာခဲ့တဲ့အထိ...

တကယ်သတ်ပစ်ချင်နေသည်လို့ မထင်ခဲ့သဖြင့် သတ်ဖို့ကြိုးစားလာတော့ သူမ မကာကွယ်နိုင်ခဲ့ပေ၊ သူ့ကိစ္စ သူ့အတွေးနဲ့ နောက်ပြန်ဆုတ်သွားသည်သာမဟုတ်ခဲ့လျှင် ခုလောက်ဆို သူမ အရိုးပြာတောင် ကျန်ပါဦးမလား မဆိုနိုင် ...။

ဒါတွေကို ကိုယ်က မျိုသိပ်နေခဲ့တာတောင် သင်းက တူးဆွ ပြစ်တင်လာခဲ့၏။ နေရာသီ နဲ့ သူမ ဆူးရဲသည့်မျက်ဝန်းတွေ အတန်ကြာ စူးစိုက်နေခဲ့ကြလျက် ...

"ရှင်ပြောပုံအရဆိုရင် ရှင် သတ်ပစ်တာ ခံလိုက်ရရင်တောင်မှ ကျွန်မက မစည်းရုံးတက်တဲ့မိန်းမမို့ ခံရတာပဲလို့ အဖြေထွက်မယ်ပေါ့"

"မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် ဒီလောက်တင်းမာသွားကြတာ မဖြစ်သင့်ဘူးလေ၊ ငါ ဘယ်လိုနေခဲ့တယ်ဆိုတာ မသိပေမယ့် တစ်ဖက်ဖက်က လျှော့ခဲ့သင့်တာကို တွေးမိလို့ပါ"

"အဲဒီကစပြီး ဒီနေ့ထိရော နောက်ရော ဘယ်တော့မှ အလျှော့မပေးဘူးလို့ ဆုံးဖြတ်ခဲ့ပြီးသား"

"ဒါပေမယ့် လင်မယား ခွဲအိပ်ဖို့ထိ ..."

"အဲဒီလိုနေကြဖို့ထိ မိဘတွေက ခွင့်ပြုခဲ့ရတယ်ဆိုတည်းက ရှင် ဘယ်လိုအချိုးချိုးနေခဲ့သလဲ တွေးကြည့်ပေါ့"

ခေါင်းကဒဏ်ရာကို လက်နဲ့စမ်း၍ ချုပ်ရိုးဖြေဖို့ကြိုးစားရင်း နေရာသီ က စိတ်ထဲရှိတဲ့အတိုင်း ဝေဖန်လိုက်သည်။ အနှစ် ဘက်က ကြည့်တော့ သူပြောပုံက တခြားတစ်ယောက်အကြောင်းပြောနေပြီး ဝေဖန်တာမျိုး ...၊

www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေရဲ့လား"

"ဗျာ ..."

မေမေ နောက်ထပ်ပြန်ရောက်လာတော့ 'အဆင်မပြေဘူး'လို့ ပြော လိုက်ချင်မိ၏။ အနှစ် က ခပ်တည်တည်မျက်နှာလေးနှင့် တစ်ဖက်ကို သွဲ့နေကာ နေရာသီ က ခေါင်းကို လက်နဲ့ပြန်စမ်းနေပြီး မျက်နှာက ရှုံ့မဲ့မဲ့ ...။

ဒေါ်သဲနှစ် ကြည့်လိုက်တာနဲ့ သဘောပေါက်သွားပြီဖြစ်ကာ ရှေ့တိုး လိုက်ပြီး နေရာသီ့ လက်ကို ဖယ်ကြည့်လိုက်လျှင် ...

"အို .. သွေးတွေထွက်လို့ပါလား၊ ဘယ့်နှယ် လက်နဲ့ကိုင်နေတာ လဲ သားရယ်၊ သမီးက ဘာလုပ်နေတာလဲ၊ ခက်တော့တာပဲ၊ သူတို့ကို ရန်ဖြစ်ခိုင်းလိုက်တာကျနေတာပဲ၊ လာ .. လာ .. ဒီမှာ ထလုပ်ပေးလိုက် ဦး၊ ရေမိုးချိုးစားသောက်ပြီးရင် ကုမ္ပဏီက ကိစ္စတွေ ပြောပြချင်လို့တဲ့၊ သားအန်ကယ်လ်က ခေါ်ခိုင်းထားတယ်"

"ဗျာ ..."

ဒီတစ်ခါ ဗျာ့မှာ မျက်လုံးပါပြူးသွား၏။ ကုမ္ပဏီကိစ္စတွေပါလာ လျှင် လက်မှတ်တွေ လက်မရေးတွေက ပြဿနာရှိလာတော့မည်။ သူ လုပ်တဲ့ကုမ္ပဏီမှာဆို သူဌေးနဲ့ဘဏ္ဍာတိုက်ထဲ အဝင်ဝတွေမှာ လက်ဗွေရာ နဲ့ ဆင်ဆာဖတ်ခိုင်းတာတွေနှင့် ...။

"ရော့ .. ရှင့်လက်ကြီး သုတ်လိုက်ဦး"

"ဟင် .."

"ခေါင်းတိမ်းထားလေ .."

လက်ထဲကို ဂွမ်းစတွေ လုံးထွေးပြီး လာထည့်ပေးသည်၊ ပြီးတော့ ခေါင်းကို ဟိုဘက်တိမ်းပါ၊ ဒီဘက်တိမ်းပါ လုပ်ခိုင်း၏။

နေရာသီ ဂွမ်းစတွေနဲ့ လက်သုတ်ရင်း ခေါင်းကို သူမခိုင်းတဲ့ အတိုင်း ငုံ့စောင်းပေးနေခဲ့သည်၊ စိတ်ကတော့ ကုမ္ပဏီကိစ္စဆီမှာပဲ ရောက်နေခဲ့လျက်—



"အနှစ်"

"ဘာလဲ"

"ကုမ္ပဏီကို ဘာလုပ်ဖို့လဲ"

"မသိဘူး"

"ငါ ဘာမှမသိတော့တဲ့ထဲမှာ အဲဒီကိစ္စတွေပါ ပါလာရင် ဘာမှမှ မသိတာ ဘာလုပ်ရမှာလဲ"

ဘာမှမသိတာတွေချည်း ရေရွတ်နေသဖြင့် အနှစ် က ဒဏ်ရာကို အာရုံစိုက်နေရင်း စိတ်မရှည်ဖြစ်လာကာ ...

"အစတည်းက ဘာမှမသိတာတွေတော့ ရှင်မမေ့ဘူးပဲ"

"ဘယ်လို .."

"ရှင် ဘာမှမသိတာ ဖေဖေ သိတာပဲ၊ လိုက်သွားပြီး ငုတ်တုတ် ထိုင်နေလိုက်ပေါ့"

ဒါဆို ကုမ္ပဏီကိုခေါ်သွားဦးမယ့်သဘော ရှိနေတာပေါ့ ..၊

ရန်ဘက်ချင်း က ဘာမှမသိဘူးဆိုတာ ဘာလဲ၊ သူက ဘာမှမသိ ဘူးဆိုလျှင် ကိုယ်က သိနေတာတွေရှိရင် ဘယ်လိုလုပ်မလဲ ..။

ရန်ဘက်ချင်း ဘယ်လိုလူလဲ၊ ဘာတွေလုပ်ထားခဲ့သလဲဆိုတာ သိဖို့ တော့ လိုနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

နောက်ထပ် ဖုန်းမြည်လာတော့ တော်တော်နဲ့မကိုင်ဖြစ်ဘဲ ကြည့်နေမိသေးသည်။ နံပါတ်ကို မှတ်မိနေပြီမို့ ရန်ဘက်ချင်း လို့ခေါ်ပြီး ဆဲဆို ကြိမ်းမောင်းသွားသည့်လူမှန်း သိလိုက်၏။

ဒီလူက ရန်ဘက်ချင်း အကြောင်း အသိဆုံးဖြစ်လိမ့်မည်၊ အနှစ်တို့ မသိသေးတာတွေလည်း သူတို့ပဲ သိနိုင်တာမို့ ဖွင့်လိုက်မိသည်။

"ဟလို"

"ဟိတ်ကောင် .. ငါ မင်းအိမ်ရှေ့မှာ ခုထွက်လာခဲ့"

ခေါသံအရ မနေ့တစ်နေ့ကထက် တင်းမာခြင်း ပိုမြင့်၏။ လုပ်ဖော်ကိုင်ဖက်ချင်းလား၊ ခေါင်းဆောင်လား ..၊

ရန်ဘက်ချင်း ဒီလောက်ထိ ခွဲခြားဆက်ဆံခံနေတာကို အံ့ဩလာခဲ့မိသည်။

"ရန်ဘက် .."

"ပြော .."

"အံမာ .. လေသံက မာလှချေလား၊ ဒီအချိန်မှာ ပျော့ပျော့ပျောင်း ပျောင်းရှိနေရမှာက မင်းနော်"

ဘာအကြောင်းနဲ့လဲလို့ မေးလိုက်ချင်ပေမယ့် ပြန်ထိန်းထားလိုက်



သည်၊ သူတို့ချင်းက ဘယ်လိုပတ်သက်မှုတွေရှိထားကြတယ်ဆိုတာ ဘာမှမသိရသေး။

"ငါ ထွက်လို့မရသေးဘူး၊ ဘာကိစ္စတွေ အရေးကြီးနေလို့လဲ"

"အရေးကြီးတာက လည်ပင်းနိုက်နေတဲ့ မင်းရဲ့ကြွေးတွေလေ၊ ငါတို့က မင်းကို အာမခံပေးထားရတာ၊ မင်း ခုလိုရှောင်နေလိုက်တာနဲ့ ပြီးသွားပြီထင်နေလား၊ ဒီလောကမှာ မင်းလိုကောင်ကြောင့် အိပ်ရေးပျက် ခံမယ့်သူမရှိဘူး"

"ငါလည်း အဲဒါရအောင်ဖန်နေတာပဲကွ၊ မင်းပြောတုန်းကတော့ ပစ္စည်းသွားပို့ရမှာဆို"

"အဲဒါက အလုပ်ကိစ္စလေ၊ မင်း ရှင်းရမှာက ငါတို့တွေ မင်းအတွက် မျှဝေထားတာတွေအတွက်၊ တောက် .. သူဌေးသားဆိုပြီးတော့ အလကား ရေမလျှံဘဲ လေခံနေတဲ့ကောင်"

"ဟိတ်လူ .. မင်း အဲလိုတော့မပြောနဲ့"

"ဒါပဲ၊ ပြောရင် မင်း မကြိုက်ဘူး၊ ကြာတယ် .. ခုထွက်လာခဲ့ကွာ"

"ခုတော့ မဖြစ်ဘူး၊ မနက်ဖြန် ဘယ်ကိုလာရမလဲ"

"ဟိတ်ကောင် .. ဘာမှမသိသလိုလုပ်မနေနဲ့၊ ဆုံနေကျနေရာပဲ၊ ဆယ်နာရီမကျော်ခင် ရောက်အောင်လာခဲ့"

သူ မသိပေမယ့် ထပ်မေးဖို့လည်း ခက်နေစဉ် ...

"ရန်ဘက်.. မင်း လူချည်းပဲလာဖို့တော့ မစဉ်းစားနဲ့နော်၊ နောက်ထပ် ပုန်းနေဖို့လည်း မကြိုးစားနဲ့၊ မနက်ဖြန် မလာရင် မင်း သေပြီ"

ကြိမ်းမောင်းသွားလိုက်တာ ကြောက်စရာပါလား ..၊

ရန်ဘက်ချင်း ဆိုတဲ့ ပုဂ္ဂိုလ် ဘယ်ပျောက်နေတာလဲ၊ သူတို့အချင်းချင်းတောင် မသိကြဘူးဆိုတော့ တကယ်ပဲ ကြွေးတွေနစ်ပြီး ထွက်ပြေးနေတာလား၊

အနှစ် ကို လည်ပင်းညှစ်သတ်ဖို့ ကြိုးစားသည်ဆိုတာ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



အမုန်းငြိုးနဲ့လဲ .. ငွေကြောင့်လား၊ တခြားတစ်ခုခုလား ..။

ခက်နေတာက အနှစ် ကို ဒီအကြောင်းတွေ ထပ်မေးဖို့ကလည်း ကောင်းတော့မည်မထင် ..၊

ဖုန်းကိုင်ရင်း ရန်ဘက်ချင်း အကြောင်းစဉ်းစားရတာ ခေါင်းတွေ ပါနောက်သွားခဲ့သည်။ သက်ရှိထင်ရှားရှိနေသူတစ်ယောက်၏ နေရာမှာ အတိတ်မေ့နေသည့်အဖြစ်နဲ့ ဘယ်လောက်ကြာအောင် နေနိုင်မှာလဲ၊ သူ ဒီလိုနေချင်တာမဟုတ်ပေ ..။

ဒါပေမယ့် ဒီရှုပ်ထွေးမှုတွေကို သူ သိချင်နေပြီဖြစ်သည်။

ပျက်စီးလေလွင့်နေသည့် သူဌေးသားဆိုတာတွေကို မြင်ဖူးသည်၊ ဘယ်လောက်ထိ ပျက်စီးနေကြတာလဲ ဇာတ်လမ်းတွေထဲမှာ ကြည့်ခဲ့ဖူး၏။ ကိုယ်တိုင်သရုပ်ဆောင်ရဖို့ ဖြစ်လာလိမ့်မည်ဆိုတာကိုတော့ ...

"အစ်ကိုလေး ထမင်းစားတော့မလား"

မောင်ဟိန်း ကို လှည့်ကြည့်မိကာ စိတ်ကူးဝင်လာတာက တခြား..၊

"မစားသေးဘူး၊ ငါ အပြင်သွားစရာရှိလို့"

ပြောပြီး ဖုန်း ချက်ချင်းကောက်ဆက်လိုက်ရင်း ...

"မင်း ပြန်လှည့်လာခဲ့ပါလား၊ ငါ ခု ထွက်ခဲ့မယ်"

"ဟ .. မင်းက အမျိုးမျိုးပါလား၊ လက်ချည်းပဲ ထွက်လာလို့တော့ မရဘူးနော်"

"အေးပါ .."

ပြောလိုက်ပေမယ့် ဘယ်လိုနည်းနဲ့ ပိုက်ဆံ ဘယ်လောက်ပ အောင် ယူသွားရမယ်ဆိုတာကို ခေါင်းထဲမှာ အရေးတကြီးမထည့် ..။

သူ အပြင်ကို ဒီတိုင်းထွက်လို့မရသည့်အဖြစ်ကို တွေးမိရင်း ...

"မောင်ဟိန်း ငါ့ကို ဆိုင်ကယ်လ်သော့ ယူပေးစမ်းပါ"

"အစ်ကိုလေး ဆိုင်ကယ်လ်စီးမလို့လား"

"အေး .."



မောင်ဟိန်း က တစ်ခုခုပြောချင်သေးပုံရှိပေမယ့် ဘာမှမပြောဘဲ ...ယူလာပေးကာ ...

"ခဏလေးနော်၊ ကျွန်တော် အစ်ကိုလေးဆိုင်ကယ်လ်ကို ဆာဗင် ... သွားလုပ်လိုက်ဦးမယ်"

"မြန်မြန်လုပ်"

"မကြာစေရဘူး"

ဆိုင်ကယ်လ်ဆေါ် သူ ထိုင်မိသည်နှင့် မောင်ဟိန်း က နောက်ဆုတ် ...်လိုက်ကာ ...

"အစ်ကို ဆိုင်ကယ်လ်မစီးတာ ကြာပြီနော်၊ သတိလည်းထားဦး"

"ဘာဖြစ်လို့မစီးတာလဲ"

"တစ်ခါ အက်ဆီးဒန့်ဖြစ်ဖူးတယ်လေ"

"ဒါ ပြန်ပြင်ထားတာလား"

ဆိုင်ကယ်လ်က သိန်းထောင်ကျော်တန်သည့် BMW အမြင့်စား ဖြစ်သည်။ ဒါမျိုးကြီးတွေက တော်ရုံကျွမ်းကျင်တာလောက်နှင့် ထိန်းနိုင်ဖို့ ...လွယ်။

"အစ်ကိုလေးကို ဆိုင်ကယ်လ်စီးတာ မကြိုက်တော့..."

"ဘယ်သူကလဲ"

"အန်တီကြီးတို့ကပါ"

အနှစ် ကတော့ မပါဘူးလားလို့ တွေးမိလိုက်သေးသည်။ မောင်ဟိန်း ...လည်း ပြည့်စုံစွာဖြေ၏။

"မမလေးကတော့ ဘာမှပြောသံမကြားဘူး၊ ရန်ကုန်က နေရာ ...ကာ ဆိုင်ကယ်လ်စီးလို့မရဘူးလေ၊ ပြီးတော့ အန်တီကြီးတို့ကလည်း ...ားကြတော့ သိပ်မစီးဖြစ်တာလည်း ပါမှာပေါ့၊ ဒီကောင်ကြီးက တ...ယ့် ...ဗီးဝိတ်"

"အက်ဆီးဒန့်ဖြစ်တော့ လူက ဘာမှဖြစ်မသွားဘူးလား"

www.burmeseclassic.com



"လက်မောင်းရိုးအက်သွားတာ၊ ခြေထောက်ကို နှစ်ပတ်လောက် ပတ်တီးစည်း ဆေးကုလိုက်ရတယ်"

"နောက်ထပ် မစီးတော့ဘူးလား"

သူမေးလိုက်တော့ မောင်ဟိန်း က ခေါင်းတစ်ချက်ပွတ်ပြီး မရဲတရဲ ကြည့်ကာ ...

"ဖြစ်တယ်၊ အဲဒါက မုန့်ဆိုင်တစ်ဆိုင်ကို ဝင်တိုက်မိတာ၊ ဆိုင်ကယ်ငြိ ရော လူရော ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် ငါးသိန်းလောက်လျော်ပေးလိုက် ရတယ်"

ကြားရသမျှ သတင်းတိုကိုစုဆောင်း၍ သူ ထွက်လာခဲ့သည်၊ သူက တော့ ဆိုင်ကယ်လ်ပဲစီးနေကျမို့ ဒါမျိုးဖြစ်မှာကို စိတ်ပူစရာမရှိပါ။

အပြင်ရောက်သည်နှင့် လမ်းထောင့်တစ်နေရာမှာ ရှုပ်ဆလွန်း အဖြူရောင် ခပ်နွမ်းနွမ်းလေးတစ်စီးနှင့် လူရွယ်နှစ်ယောက် ရပ်နေကြ တာကို လှမ်းမြင်လိုက်သည်။

ဒီလူတွေပဲဆိုတာ သိပေမယ့် သူလည်း လူတွေကိုမသိ၊ ခုချိန်မှာ သူက ရန်ဘက်ချင်း မဟုတ်ဘူးဆိုတာ သူတို့ သိသွားလို့ မဖြစ်ပေ ...၊

ဒါပေမယ့် ဖြစ်လာသမျှကို ရင်ဆိုင်ရုံအပြင် ဘာမှမရှိ ...၊

ထိုကားရဲ့ဘေးမှာ သူ့ဆိုက်ကယ်လ် ထိုးရပ်လိုက်လျှင် မျက်လုံး တွေက ဆိုင်ကယ်လ်ဆီမှာ စူးစိုက်ကျရောက်သွားကာ...

"မင်း ဒါကြီးပြန်ထုတ်လာတာ ငါတို့ကို ထိုးပေးဖို့များလား"

ရပ်တွေက စပ်ဖြဲဖြဲနှင့် ကားထဲက တစ်ယောက် ထပ်ထွက်လာတော့ သုံးယောက်ဖြစ်သွား၏။ ထပ်ရှိသေးလားလို့ အကဲခတ်ကြည့်လိုက်ရင်း–

"ဘယ်သူမှမရှိတုန်း ထွက်လာတာ၊ ပေးစရာလားကွ"

"မင်းက ကိုယ့်ပစ္စည်းနဲ့ကိုယ် ခိုးယူ ခိုးသုံးရတဲ့ဘဝ ရောက်နေတာ ကျေနပ်စွာ ကြေညာနေတာလား .."

"မကျေနပ်လို့ရော ငါ ဘာလုပ်လို့ရလို့လဲ"



"မင်း ရင်ဆိုင်ရမှာလေ၊ ပြောရတာလည်း အက်ကြောင်းထပ်နေပြီ၊ ...င်းဘာသာ ခံနိုင်လို့ခံနေရင်လည်း ငါတို့ အကူအညီမယူရအောင် ...ြိုးစား၊ အခု ဘယ်မှာလဲ .. ဦးနိုင်ကို ဆပ်ဖို့"

ပြောပြီး လက်ဝါးဖြန့်၏။ ထိုလက်ဝါးကို မျက်လွှာတစ်ချက် စင်း ကြည့်လိုက်ပြီး ဘာပြန်ပြောရမလဲဆိုတာ ပြေးလွှားစဉ်းစားလိုက်သည်။

လူပုံတွေကတော့ အပြင်းစားဗီလိန်ပုံပေါက်တာ သေချာသည်။ ...နဲ့ဘက်ချင်း ဘယ်လိုပုံပေါက်နေသလဲမသိပေမယ့် မြင်နေရသည့်ပုံစံ ...တွေက ဆံပင်မသေမသပ်၊ သိုးညှပ်ငင်းညှပ်င်းနှင့် ညစ်တွန်းတွန်းဖို့လည်း ...နမလေးကြသည့်အကြည့်တွေနဲ့ဖြစ်သည်။

ဒါပေမယ့် ဦးနိုင် ဆိုတာ ဘယ်လိုမှန်း မသိသေး ...၊

"ဟိတ်ကောင် .."

ဆိုင်ကယ်လ်လက်ကိုင်မှာရှိသည့် သူ့လက်ပေါ်ကို ခပ်ဖိဖိထပ်ကိုင် ...ိုက်ကာ ...

"မင်းပျောက်သွားတာကို လိမ်သွားတာဆိုပြီး ဦးနိုင်က မင်းဆီကို ...ားမိုးလုံမိုးတွေ ရှာချဖို့ ပြင်ဆင်ခဲ့တာ၊ အဲဒါကို ခုလို အေးဆေးပြန်ဖြစ် ...သွားအောင် ငါတို့ ဘယ်လောက် ဘရိတ်နင်းပေးထားရလဲ သိရဲ့လား"

နေရာသီ က ဖိကိုင်ထားသည့်လက်ကို ကြည့်လိုက်ပြီးမှ မျက်လွှာ ...င့်လာ၍ ...

"ငါ့မှာလည်း ငါ့ဒုက္ခနဲ့ငါ"

"ဒုက္ခကိုမရှင်းနိုင်ဘဲ အကြွေးယူဖို့ကျတော့ မင်းသိလား"

"မင်းတို့လည်း ပါတာပဲကွာ .."

"ဘာ ..."

သူ အခြေအနေပေါ်လိုက်ပြီး ရှေ့တိုးပြောကြည့်လိုက်တာဖြစ်သည်။ ...တ်တရက် ဒေါပွသလိုဖြစ်သွားပြီး သူတို့ တစ်ယောက်မျက်နှာ တစ် ...ယောက် ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောက်မှာရပ်နေသည့် နှစ်ယောက်က ရှေ့တိုးလာကာ...

"ဒီကောင် ရေစီးကြောင်းမှားနေပါတယ်လို့ မင်းကို ငါ ပြောသားပဲ စက္က .."

"မှားတော့လည်းမှန်သွားအောင် တည့်မတ်ပေးလိုက်တာပေါ့ကွ"

တစ်ယောက်က ဆိုင်ကယ်လ်ဘီးကို ခြေထောက်နဲ့လှမ်းထောက်ကန်လိုက်ပြီး ရန်စလာ၏။ ဘယ်လိုအကြောင်းတွေပဲရှိပါစေ ဒီလို ရန်စတာမျိုးကို သည်းခံဖို့ယောက်ျားမာနက လက်မခံ ..၊

"မင်း ခြေထောက်ကို ပြန်ရုပ်လိုက် သူငယ်ချင်း၊ ကားဖြစ်ဖြစ် ဆိုင်ကယ်လ်ဖြစ်ဖြစ် စက်ပစ္စည်းဆိုတာ နတ်ကြီးတယ်"

"နတ်ကြီးမှာပေါ့ကွ၊ ဘီအမ်ဒဗလျူကြီးပဲဟာ၊ ဒါပေမယ့် နတ်ဘယ်လောက်ကြီးကြီး တစ်လုံးမှ ဘယ်လောက်မှမပေးရပါဘူး၊ ဟုတ်တယ်မို့လား မန်းသူ"

"ဒါပေါ့"

"ကိုယ်စီးတဲ့မြင်းတောင် အထီးမှန်း အမမှန်းမသိလို့ မနိုင်မနင်း တဗုန်းဗုန်းလဲနေတာ၊ နတ်တွေရှိရင်လည်း မင်းကောင်ကို မလဲအောင် မကူညီနိုင်ဘူး"

"မင်းတို့ကလည်းကွာ၊ 'လူမစွမ်းနတ်မ' ဆိုတာ အားကျလို့ဖြစ်မှာပေါ့"

"ဒါပေမယ့် 'ဆိုင်ကယ်လ်မနိုင် နတ်မ' ဆိုတာ ရှိလို့လား"

"မကြားဖူးဘူး"

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

တစ်ယောက်တစ်ခွန်းပြောကြရင်း ဟားတိုက်ရယ်ကြ၏။ နေရာသီစိတ်တိုသွားပေမယ့် ရယ်သံတွေ ပြီးဆုံးသွားတဲ့အထိ တိတ်ဆိတ်စွာကြည့်နေလိုက်သည်။



ပြီးမှ ရှေ့ဘီးကို ခါထုတ်ပစ်လိုက်၏။ ခြေထောက်တင်ပြီး ရယ်ရွှန်သတ်မရဖြစ်နေသည့် တစ်ယောက် ခြေထောက်လွတ်သွားပြီး ရှေ့ကိုငိုက်ကျလာလျှင် သူ့ခြေထောက်တစ်ဖက်က ဘောလုံးကန်လိုက်သလို..၊

"အား ..."

ခြေသလုံးသို့သကျည်းကို ဆောင့်ကန်ခံလိုက်ရကာ ဘိုင်းခနဲ ပစ်လဲသွား၏။

"ရန်ဘက် .. မင်း ..."

"ဘာလဲကွ .. အချင်းချင်းတွေကို .."

မျက်နှာတွေပျက်ပျက်နှင့် ဒေါကန်သွားကြပြီး နောက်ကို မသိမသာဆုတ်သွားသေးသည်၊ နေရာသီ ခြေထောက်ကို နေရာတကျပြန်တင်လိုက်ပြီး မတည်မပြုံး ကြည့်၍ ...

"အချင်းချင်းတွေဆိုရင်လည်း မင်းတို့ ရန်မစနဲ့လေ"

"ရန်စတာ မဟုတ်ဘူး၊ မင်း ငါတို့ကို ပေးစရာရှိတာပေးဖို့ ပြောနေတာ"

"ဘယ်လောက်တောင်မို့လို့လဲ"

"မင်းသိသားနဲ့"

"ခု ထပ်ပြော"

မန်းသူက ယျှာတစ်ချက်သပ်လိုက်ပြီး ဘေးကတစ်ယောက်ကိုလှည့်ကြည့်သည်။ ပြီးမှ ...

"နှစ်ရာကျော်ဘယ်"

မှုမမှန်သည့်မျက်လုံးတွေကို စိုက်ကြည့်ပြီး သူ ရိပ်မိလိုက်သည်။ ဒီလိုကောင်မျိုးတွေကို အကြောပေးဆက်ဆံနေရလောက်တဲ့အထိ ရန်ဘက်ချင်း ညှံ့နေတာတော့ မဖြစ်နိုင်။

"ခုနပြောတုန်းကတော့ ဦးနိုင် က ကြွေးတောင်းနေတာဆို"

"ငါတို့က အာမခံထားရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာနဲ့လဲ"

သုံးယောက်စလုံး မျက်နှာပျက်သွားကြ၏။

"မင်း ဘာဖြစ်လို့ စိစိပေါက်ပေါက်လိုက်မေးနေတာလဲ"

"ငွေဆိုတာ တွင်းထဲက နှိုက်ယူသလို လွယ်လွယ်မရဘူးကွ"

"ဘာ .."

"ငါ့လို လက်ဖြန့်တောင်းနေရတဲ့ကောင်အတွက် ပိုခက်တယ်၊ ပြီးတော့ မင်းပြောတာ ကျပ်နှစ်ရာမဟုတ်ဘူး၊ သိန်းနှစ်ရာ"

"မင်း ခုမှ လီဗာတွေ စွပ်တင်မနေနဲ့ ရန်ဘက်၊ ပစ္စည်းလိုနေတုန်းက မင်းပါးစပ်က တစ်မျိုး"

"အဲဒါတွေ ထားလိုက်စမ်းပါ၊ အခု ငါ ရကြွေးတင်သွားပြီဆိုတာ ဘယ်သူ့ဆီမှာ ဘယ်လောက်လဲ"

"ငါတို့ကိုပဲ ပေးလိုက်ရင်ရပြီ၊ ဦးနိုင်ဆီကို ငါတို့ပဲ ဆက်သွယ်တာ၊ မင်းလိုကောင် ကပ်လို့ရမယ့်ရပ်ဝန်း မဟုတ်ဘူး"

"ဒါဖြင့် ဒီကြွေးကို မင်းတို့က ဆပ်ပေးရမှာလား"

"ဘာကွ ..."

စက္က ဒေါသကြောင့် ဇွေ့ဇွေ့ခုန်မတတ်ဖြစ်သွားသည်။

"မင်း တော်တော်လူဝါးဝနေပါလား ရန်ဘက်"

"ဟုတ်တယ်၊ ဒီကောင် .. အား ..."

လဲကျနေရာမှ ကုန်းထလာသူက အံတကြိတ်ကြိတ်ဖြစ်နေပေမယ့် ရှုံ့မဲ့ညည်းညူလျက် ...

"ဒီကောင် ငါတို့ကို စစ်လားဆေးလားလုပ်နေတော့ ဦးနိုင် ဆီကို သွားပေ့စေ လွှတ်လိုက် .."

သူ့စကားကြောင့် စက္ကတို့ မျက်နှာပျက်သွားကြတာကိုလည်း ဂရုမစိုက်ဘဲ ခြေထောက်ကို ဖိနှိပ်ရင်း ဒေါသတွေထွက်လျက် ...

"ဦးနိုင် အခု မန္တလေးက ပြန်လာပြီ၊ သွားတွေ့လိုက် .. သွား၊ မင်းကို



ကောင်းကောင်းဆုချလိမ့်မယ်"

"ဘယ်မှာသွားတွေ့ရမှာလဲ"

နေရာသို့ မေးခွန်းကြောင့် မျက်နှာမှာ အလိုမကျခြင်းတွေ ဖြစ်ကုန်ကြလျက် ...

"မင်းက မသိဘူးပေါ့"

"ဒီမှာ မင်းတို့ကို ငါပြောပြမယ်"

သူ့စိတ်ထဲမှာ ဆုံးဖြတ်ထားသည့်အတိုင်း ပြောလိုက်ဖို့ စိတ်ကူးကာ...

"ငါ့ခေါင်းကို ထိခိုက်မိပြီး နှစ်ရက်သုံးရက်လောက်က ကိုယ့်ကိုယ်ကိုယ်တောင် မသိဘူးဖြစ်သွားခဲ့တာ"

မယုံနိုင်သည့်အကြည့်တွေ ချက်ချင်းပြောင်းလဲသွားကြ၏။ ပြီး တော့ ဒါကြောင့်ပြောင်းလဲသွားတာကို ဆိုသည့် မျက်နှာတွေ ဖြစ်သွားကြပြီး ...

"အတိတ်မေ့ရောဂါလား ..."

ဟု သရော်လှောင်ပြောင်ဟန်နှင့် ပြန်မေး၏။

"မသိဘူး၊ ဒါပေမယ့် ငါ ပြန်ကောင်းလာတယ်၊ တစ်ခါတစ်ခါ သိသလိုနဲ့ မသိဘဲဖြစ်နေတတ်တာကလွဲရင် ..."

"ဒီလောက်ခံလိုက်ရတာတောင် မင်းက ဦးနိုင်ဆီ သွားဖို့ ပြောရဲသေးတယ်ပေါ့၊ သူ့ကိုတွေ့ဖို့မပြောနဲ့ သူ့လူတွေ လက်ချက်နဲ့တောင် ဘဲကောင်းလို့ မသေခဲ့တာ"

"မသေပေမယ့် ငါ့ကို အားလုံးက အတိတ်မေ့သွားပြီလို့ပဲ သတ်မှတ်ထားကြတာ၊ ငါလည်း ဒီတိုင်းရောလိမ်နေတယ်"

"ဒါပေမယ့် မင်း မေ့မှမမေ့တာ၊ ဘာလို့လာမေးနေတာလဲ"

"သိသလိုနဲ့ မသိဘဲဖြစ်နေတတ်တာတွေ ရှိသေးလို့ပေါ့၊ ငါက ဘာဖြစ်လို့ညာပြောရမှာလဲ"

လူကူနှစ်ယောက် ရှိနေနိုင်သည်လို့ မတွေးမိကြသဖြင့် ဒီစကားက သဘာဝကျနေသည်ဖြစ်ရာ ...

www.burmeseclassic.com

www.burmeseclassic.com



"မေ့တတ်သွားဖားနဲ့ အကျင့်ပါပြောင်းသွားတယ်ဆိုတာ မကြားဖူးဘူး .."

"အခု လူကိုယ်တိုင်မြင်နေရပြီမို့လား၊ ဦးနိုင် ဘယ်မှာလဲ"

"ကမ္ဘာအေးဘုရားလမ်းက ခြံအမှတ်(.........) မှာ"

"နေဦး ဟိတ်ကောင်၊ ငါတို့ကို ပေးစရာရှိတာ ငါတို့ကိုပဲပေးသွား"

နေရာသိ က ဆိုင်ကယ်လ်ကို ခပ်ဖြည်းဖြည်း ပြန်ခေါက်၍ ...

"အရေးကြီးတာ အရင်ရှင်းရမှာ"

"ဘာကွ ..."

"ငါတို့ကိုတော့ ဂရုမစိုက်ဘူးလို့ ပြောသွားတာ"

"ဝရော ..."

ဆိုင်ကယ်လ်သံသာမကဘဲ အနားမှာ အမှိုက်အတိုအစတွေ ဖွားခနဲ လွင့်စဉ်ကျန်ခဲ့၏။

"ဒီကောင် မထိမဲ့မြင်လုပ်ရဲနေပြီ"

"ဆေးဖြတ်လိုက်တာထင်တယ်"

"ဒီလောက်မလွယ်ဘူး မန်းသူ၊ သူ့ဆီမှာ ပစ္စည်းရှိနေလို့ပါ၊ မကြာခင် ငါတို့ရှေ့မှာ ဒူးထောက်လာလိမ့်မယ်"

"ဦးနိုင်နဲ့ တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

"တွေ့စရာအကြောင်းမရှိဘူး ..."

ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်သွားကြသည်။ ကျေနပ်လောက်စရာ မဖြစ်သေးသည်က နေရာသိ ပဲဖြစ်၏။ ကုန်းဆင်းတစ်ခုမှာ ဘရိတ်မိနေပေမယ့် နောက်ထပ်ကုန်းဆင်းမှာ အဆင်ပြေပါ့မလား ..



## အခန်း (၉)

"ချင်း ရေ အန်ကယ်လ်ကို ကုမ္ပဏီလိုက်ပို့ပေးလို့ရမလား၊ ထွန်းဝင်း ဗိုက်အောင့်နေလို့"

"ဗျာ!..."

ပြဿနာက သူ ကားမမောင်းတတ်ပေ၊ ကားနဲ့ ဦးမြင့်မောင်ကို ကြည့်ကာ အဖြေဘယ်လိုပေးရမှန်းမသိဖြစ်သွား၏။

"ဩော် .. ဟုတ်သားပဲ၊ မင်း စိတ်ထဲမှာ အားလုံး အသစ်ဖြစ်နေတော့ ကားမောင်းရမှာ တစ်မျိုးဖြစ်နေမှာပေါ့"

"အဲ .. ဟုတ်တယ်၊ ဒီလိုပါ .. ကျွန်တော့်ဘာသာ မောင်းကြည့်ပြီး ပြန်ရဲလာတော့မှ .."

"အေးပါ .. ရပါတယ်"

"သမီး မောင်းပို့မယ် ဖေဖေ ..."

"သမီးက ပွဲရုံသွားမှာ တခြားစီကြီးကွယ်၊ ဖေဖေ မောင်းသွားလိုက်ပါ့မယ် .."

အနှစ် က ချင်း ကို မျက်စောင်းရွယ်ထားလျက် မျက်မှောင်ကုတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာလည်းရှိကာ ရန်လိုသည့်အကြည့်က လက်နက်ပေါ်န်စုံတစ်ရာနှင့် ပစ်ခွင်းလိုက်သလိုပင် ...၊

"ဖေဖေက မျက်လုံးအာရုံကြောတွေ အားနည်းနေတယ်လေ၊ ကားမောင်းလို့ မဖြစ်ပါဘူး၊ ဖေဖေ့ကို လိုက်ပို့ပေးပြီးမှ သမီး သွားလို့ရတယ်"

ဦးမြင့်မောင် နေမကောင်းဖြစ်နေမှန်း သိလိုက်ရတော့ နေရာသီ ပို၍အားနာသွားမိသည်။ ဒါပေမယ့် ကိုယ့်ဒုက္ခကိုလည်း ကိုယ်ပဲသိတာမို့ နေမထိထိုင်မသာ ကျန်ခဲ့လေသည်။

ဒါတောင် အနှစ် က ကားဆီလှေ့ာက် ဟိုဘက်မှာ ဦးမြင့်မောင် အတွက် တံခါးသွားဖွင့်ပေးတာ အကောင်း၊ ဒီဘက်မှာ တံခါးဖွင့်ပြီး ကားထဲဝင်မှ တံခါးကို အသားကုန်ဆွဲဖွင့်ပစ်လိုက်၏။

တံခါးက နေရာသို့ ကျောပြင်ကို တွန်းပစ်လိုက်သလိုဖြစ်သွားပြီး ...

"ဟာ ..."

"အို .. ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ်"

အိမ်ထဲက မေမေ ပျာယီပျာယာ ပြေးထွက်လာတော့ အနှစ် မျက်နှာပူသွား၏။ သို့သော် နေရာသီ ပုံဆိုးပန်းဆိုးကော့လန်သွားတာကို ကျေနပ်စွာ ပြုံးမိ၏။

ထိုအပြုံးကို ဦးမြင့်မောင်က ကြည့်နေသဖြင့် မှန်ထဲမှာ သားအဖ မျက်လုံးချင်းဆုံကာ အနှစ် နှုတ်ခမ်းက အပြုံးတွေ အောက်တိုမစ်တစ်တည်တုံ့သွား၏။

နေရာသီ ကတော့ ကိုယ်ကို မတ်မတ်ပြန်ရပ်နိုင်တာတောင် ရှက်ကိုးရှက်ကန်း ကျန်ရစ်ခဲ့လျက် ...

"ဖြစ်ရမယ် သားရယ်၊ ပခုံးတွေ ဘာတွေများ အောင့်သွားသေးလား၊ ဒီမိန်းကလေး ခုထိ ကလေးဆန်နေတာ ပြောရလည်း ကျပ်ပါ



ဘယ်ကွယ်"

"ရပါတယ် အန်တီ၊ ကျွန်တော်က မလွှတ်မလပ်ရပ်နေမိတာပါ"

အပြုံးနှင့် ပြောလိုက်ရပေမယ့် ...

ဒီမိန်းမ တမင်လုပ်သွားတာ .. တွေ့မယ် ...၊

မသိမသာ ကျောကော့ကြိမ်းဝါးမိရင်း ...

"ဘာမှမဖြစ်ပါဘူး၊ ဟို .. အန်ကယ်လ်ကို လိုက်မပို့နိုင်တာပဲ.."

"အပွန်း"

ဒေါ်သဲနှစ် က ခွင့်လွှတ်သည့်အပြုံးနှင့် ခေါင်းညိတ်လိုက်ကာ...

"မင်း အန်ကယ်လ်က နားလည်မှာပါ၊ ဒါပေမယ့် သားရယ် .. ကုမ္ပဏီအလုပ်တွေက သားမိဘ ထားရစ်ခဲ့တဲ့ အလုပ်တွေလေ၊ ကိုယ့်လုပ်ငန်းတွေအပေါ် ကျွမ်းကျင်နားလည်ထားသင့်တဲ့ စေတနာနဲ့ပါ"

ရန်ဘက်ချင်း ရဲ့ မိဘတွေက လုပ်ငန်းတွေပါ သားနဲ့အတူ ထားခဲ့တာလား၊

ဒါကို လူကြီးတွေက ဆက်လက်လုပ်ကိုင်နေကြပြီး သူက မသိဘူးဆိုတာ ....၊

"အနှစ် က ပွဲရုံသွားတာဆို"

"အန်တီတို့က ပွဲရုံလုပ်ငန်းကိုပဲ မိရိုးဖလာလုပ်ငန်းလိုပဲ လုပ်ခဲ့ကြတာ၊ သမီးက ပွဲရုံလုပ်ငန်းတွေကို ကျွမ်းကျင်တယ်လေ၊ ကုမ္ပဏီအလုပ်တွေကျတော့ သားပိုင်တဲ့လုပ်ငန်းဆိုပြီး သမီးကလည်း ဦးစီးနိုင်းလို့မရဘူး"

ဒေါ်သဲနှစ် က နေရာသီ မျက်နှာကို ကြည့်လိုက်ပြီးမှ ပင့်သက်ရှိုက်၍ ...

"သားကလည်း အလုပ်တွေကို စိတ်မဝင်စားဘူး၊ လူငယ်တွေကို ပြောမရတော့လည်း အဖေကြီးက ဝင်လိုက်ရတာပေါ့၊ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မကောင်းဖြစ်ရင်တောင် မနားရပါဘူးကွယ်"

ပြောသည့်ပုံက ငြိုငြင်ဟန်မပါပေမယ့် ရန်ဘက်ချင်း ကို ဝင်ရောက်လုပ်ကိုင်စေချင်တာ သိသာနေ၏။ သူ့ကိုလည်း အတိတ်မေ့နေသည့် အမှတ်နှင့် သေချာရှင်းပြနေပုံပေါ်၏။

"သားကို အန်တီက တစ်ခုတော့ တောင်းဆိုချင်တာ .."

"ဗျာ .. ဟုတ်ကဲ့ .."

"ဒီလိုပါ၊ သားက အတိတ်မေ့နေတယ်ဆိုပေမယ့် အန်တီတို့အနေနဲ့ကတော့ တစ်ခါမှ မမြင်ခဲ့ဖူးတဲ့ပုံစံနဲ့ သား ပြန်ရောက်လာသလိုပါပဲ၊ ပြောချင်တာကလေ .. သားက ခုမှ တကယ်ရည်မွန်ယဉ်ကျေးတဲ့ လူငယ်လေးတစ်ယောက် ဖြစ်လာတာ"

အကြည့်တွေ အပြုံးတွေကအစ ကျေနပ်ဝမ်းသာနေတာတွေ ပေါ်လွင်နေကာ သူ့လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ရင်း ...

"အတိတ်ကိုမေ့နေလျက်နဲ့ပဲ ကုမ္ပဏီကိစ္စတွေကို စိတ်ဝင်စားဖို့ ကြိုးစားပါလား သား၊ သားအန်ကယ်လ်လည်း ဝမ်းသာရှာမှာ၊ အတိတ်ကိုပဲ ပြန်ရရ ပစ္စုပ္ပန်ကိုပဲ ရောက်နေနေ သိပြီးတတ်ပြီးသားပညာရပ်ဆိုတာ ထာဝရပျောက်ဆုံးသွားတယ် မရှိပါဘူး၊ သား အခု လေ့လာဆည်းပူးမယ်ဆိုရင် နောက်မကျပါဘူးကွယ်"

သူ ဘယ်လိုပြောရမလဲ ...၊

ကျွန်တော်က ရန်ဘက်ချင်း မဟုတ်ပါဘူးလို့ လား ...၊

ဒါမှမဟုတ် ပြောသလို လိုက်လျောညီထွေနေလိုက်ရမလား...၊ သူ့ရဲ့ မသိခြင်းတွေ မတတ်ခြင်းတွေက အတိတ်မေ့နေခြင်းအောက်မှာ အစစ အဆင်ပြေသွားခဲ့ပေမယ့် တကယ်မေ့ခြင်း မမေ့ခြင်းကို ကိုယ့်စိတ်က သိနေတော့ ခက်၏။

"သားနဲ့သမီးရဲ့ အဆင်မပြေမှုတွေကို အန်တီတို့ သိပါတယ်၊ မိဘ



စကားကို နားထောင်ခဲ့ကြတဲ့ သားသမီးတွေကို စိတ်ချမ်းသာစေချင်တယ်၊ ချစ်ခြင်းမေတ္တာဆိုတာ တခြားလူက စေ့စပ်ပေါင်းဖက်ပေးလို့ မရနိုင်ဘူးဆိုတာမှန်ပေမယ့် ရင်းနှီးမှုလေးတွေနဲ့ နွေးထွေးခဲ့ကြမယ်ဆိုရင် ခိုင်မာတဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်မှာပဲ"

ဆုပ်ကိုင်ထားသည့်လက်ကို ပို၍တင်းအောင်ဖိညှစ်၍ ...

"သမီးကိုတော့ချန်ထားပြီး သမက်ကို ဖိအားပေးနေတာ မဟုတ်ဘူးနော် သား၊ သမီးကို အန်တီ ပြောပြနိုင်တယ်၊ ဒါပေမယ့် သမီးက မိန်းကလေးလေ၊ တချို့နေရာတွေမှာ လိုအပ်တိုင်း ဦးဆောင်လို့မရဘူး၊ သားတို့က မရင်းနှီးဘဲ လက်ထပ်ခဲ့ကြတော့ ပိုဆိုးတာပေါ့၊ ဒါကြောင့် သမီးနဲ့ ရင်းနှီးမှု ယူစေချင်တယ်၊ လုပ်ငန်းတွေကိုလည်း နားလည်အောင် လေ့လာစေချင်တယ်"

'ခက်နေတာက အန်တီ ပြောနေတဲ့ယောကျ်ားက ရန်ဘက်ချင်း မဟုတ်ဘူး' လို့ ဖြည့်စွက်ဖို့လိုပြီထင်၏။ ဒါပေမယ့် ...

"ကျွန်တော် နားလည်ပါတယ် ..."

ဥပါဒ်လွတ်ရုံတော့ ပြောလိုက်မိသည်၊ ကတိပေးဖို့က မဖြစ်နိုင်ပေ၊ လိမ်ညာတဲ့အလုပ်ဆိုတာလည်း လွယ်လွယ်လေးမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ဘယ်လို .."

ဦးနိုင်မင်း ဖုန်းနားထောင်ရင်း အံ့သြသွားသည်။

"ဒီကောင် မိသွားတာမဟုတ်ဘူးလား"

"မမိဘူး ဆရာ၊ ကျွန်တော် မဟူရာတို့နဲ့ ခုနကပဲ ဖုန်းပြောဖြစ်တာ၊ သူတို့ကိုတောင် ပြန်ကန်သွားသေးတယ်တဲ့၊ ပြီးတော့ ဆရာ့ကို တိုက်ရိုက်တွေ့ချင်တယ်လို့ ပြောတယ်တဲ့"

"ဟား .. ဟား .. ဟား .."

ဦးနိုင်မင်း ပြိုင်ကားပေါ်ကနေ တဟားဟားရယ်လိုက်တော့ ဘေးမှာယှဉ်လျက်ရှိနေသည့် ကားထဲကလူတွေ လှည့်ကြည့်ကြသည်။

"ဒီကောင် ဆေးဖြတ်ထားတာလား၊ ပစ္စည်းတွေ တခြားက ရနေတာလား မသိဘူးလို့လည်း ပြောသေးတယ်"

"မဖြစ်နိုင်ဘူး"

"ဒါပေမယ့် လုံးဝလတ်ဆတ်နေတယ်လို့ အတိအကျပြောတာ ဆရာ၊ ယောက်နေတဲ့ကာလအရ ဆေးဖြတ်လိုက်တာ မဖြစ်နိုင်ဘူးလေ"

"ဟုတ်တယ်"

"မဟူရာက ကျွန်တော်တို့ဆီ ရောက်ပြီးပြီမှတ်နေတာ၊ သူ့ငွေတွေ



လည်း မချေသေးဘူးတဲ့"

"ကောင်းတာပေါ့ .."

မီးပွိုင့်လွတ်သွားသည်နှင့် ကားက ရှောခနဲပြေးထွက်၏။ မျက်မှန်နက်အတွင်းကနေ ဦးနိုင်မင်း ရဲမြင်ကွင်းမှာ အရိပ်သဏ္ဍာန်တစ်ခုက ထူးခြားစွာ ဆွဲဆောင်သွားခဲ့၏။

ဖုန်းကို နားကခွာလိုက်ပြီး ဘေးကိုငဲ့၍ ...

"ရန်ဘက်ချင်း ငါတို့နားကို ရောက်နေပြီ၊ ဟိုကောင်တွေကို ပြောလိုက်၊ ဒီကောင် ငါ့ဆီရောက်လာအောင် ဖွင့်ပေးလိုက်လို့"

"ရက်စ် ဆာရ် ..."

ကားမောင်းနေသူက နားကျပ်ကိုဖွင့်လိုက်ပြီး ခိုင်းတဲ့အတိုင်း လုပ်၏။ ကားသည် အိမ်ရာဝင်းတစ်ခုထဲသို့ ဦးတည်ချိုးကွေ့လာခဲ့ပြီး ...

"အိမ်ပြာကို မမောင်းနဲ့၊ 'ငွေဇင်ယော်'ကို သွားမယ်"

သူတို့အတွက် နေထိုင်ရာက အတည်တကျ ဘယ်မှာဆိုတာ မရှိပေ၊ ထို့ကြောင့် လိပ်စာဆိုတာ အိပ်ရာပဲ ဖြစ်သည်။ မဟူရာတို့က လမ်းညွှန်ပေမယ့် ဦးနိုင်မင်း ကို တွေ့ဖို့က မလွယ်ပေ။

ထို့ပြင် ရန်ဘက်ချင်း ကို မဟူရာတို့အုပ်စုပ် တစ်ဆင့်သိရတာ ဖြစ်ပြီး ဒီကောင်လေးက အလုပ်လုပ်တာလည်း သိပ်မကြာသေးဘဲ အရှူးရင့်နေတာဖြစ်သည်။

ဦးနိုင်မင်း က ပတ်သက်သမျှ လူသစ်လူဟောင်းအားလုံးကို သူနဲ့ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ မသိဘူးဆိုတာ မရှိသလောက် သူ့ကိုတော့ မြင်ဖူးတဲ့သူ သိပ်မရှိခဲ့။

"တိ ..."

ကားဟွန်းသံ ကြားလိုက်တည်းက ကိုယ့်ဘေးရောက်တာပြီကို သိလိုက်ကာ ရန်ဘက်ချင်း ထိတ်ခနဲဖြစ်သွားသည်။ အငြိမ်အနေ သိရုံလေး ခိုးချောင်ခိုးဝှက်သွားလာနေမိကာမှ တစ်ယောက်ယောက်နဲ့ ထိပ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွေပြီကို နားလည်လိုက်သဖြင့် တုံ့ခနဲဖြစ်သွားသည့် ခြေလှမ်းက တုန့်ချင်ချင် ...၊

"ရန်ဘက်ချင်း ..."

ခဏအတွင်း သူ့ရဲ့တစ်ဖက်တစ်ချက်ကို လူနှစ်ယောက် ရောက်လာကြ၏။ ကြည့်လိုက်တော့ မန်းသူ တစ်ခါမိတ်ဆက်ပေးဖူးသည့် သူဌေးလူယုံတွေ ...၊

"မင်းကလား သူဌေးကို ရှာနေတာ"

"ဟာ .. မဟုတ်ပါဘူး"

သူ ပျာပျာသလဲပြင်လိုက်တာနှင့် လက်မောင်းကို တစ်ဖက်စီ ချုပ်ကိုင်လိုက်ကြကာ ...

"မင်းကိုခေါ်ခိုင်းလိုက်တယ်"

"ဘာဆိုင်လို့လဲ၊ မင်းတို့သူဌေးကို ငါက ..."

"မရှည်နဲ့၊ လိုက်ခဲ့"

သူဌေးရဲ့နောက်လိုက်တွေက အမဲလိုက်ခွေးတွေလို သခင်က ခိုင်းတဲ့အတိုင်း ဒါဆိုမှ ဒါ ...၊

နဂိုတည်းက အပြစ်ကြောက်နေသူမို့ လူနှစ်ယောက်လက်ထဲက နေ ရုန်းနိုင်စွမ်းမရှိခဲ့ဘဲ ပါလာခဲ့၏။

အိမ်ရာဝင်းထဲက ခြံကြီးတစ်ခြံထဲမှာ မြက်ခင်းစိမ်းစိမ်း ပန်းပင်လှလှတွေ ခြံရံလျက် .. ပလတ်စတစ်ထိုင်ခုံဖြူဖြူလေးတွေကလည်း ကဗျာဆန်သည်။

ထိုင်နေသူကို လှမ်းမြင်လိုက်တာနှင့် ဦးနိုင်မင်း ဆိုသူမှန်း သိလိုက်၏။ မီးခိုးရောင် ကုတ်အကျႌ မျက်မှန်နက်နှင့် အသက်ကတော့ လေးဆယ်ကျော် ငါးဆယ်နီးပါး ဖြစ်နိုင်သည်။

ဝတ်စားပုံနဲ့ ခြေချင်းချိတ်ထိုင်နေပုံက စမတ်ကျကျ ကြည့်ကောင်းနေပေမယ့် သူ့မျက်လုံးထဲမှာတော့ အလှအပအားလုံးနဲ့အတူ သူဌေး



ဦးနိုင်မင်း ဆိုတာကလည်း ကျက်သရေမရှိ...၊

ဦးနိုင်မင်း က ရန်ဘက်ချင်း သူ့ရှေ့ရောက်လာမှ ကိုင်ထားသည့် ကော်ဖီနဲ့ ဖန်ခွက်ကို စားပွဲပေါ် လှမ်းတင်လိုက်သည်။

ပြီးတော့ မျက်မှန်ချွတ်လိုက်ပြီး အိတ်ထဲ ထည့်လိုက်၏။

"သူ့ကို ခုံတစ်လုံးပေးလိုက်စမ်း"

ဦးနိုင်မင်း အမိန့်ကြောင့် ချက်ချင်း ထိုင်ခုံတစ်လုံး ရောက်လာ၏။ ...ဆက် ဝိုင်းပွဲထိုင်တာမျိုးမဟုတ်ဘဲ နောက်ဆုတ်၍ ခပ်ခွာခွာ ...၊

"ပြော .. မင်း ဘာပြောချင်တာလဲ"

"ကျွန်တော် .."

"မဟူရာ တို့ကို မင်း မကြိုက်တော့ဘူးမို့လား"

ရန်ဘက်ချင်း နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဘာမှမပြောနိုင်သေးခင်...

"ဒီကောင်တွေက လက်ဆင့်ကမ်းတာ တော်တယ်ကွ၊ လျှင်လည်း ...င်တယ်"

သူ ခေါင်းညိတ်လိုက်တော့ ဦးနိုင်မင်း က ပြုံးကာ ...,

"မင်း သူတို့ကို ဘယ်လောက်ပေးရမယ်ပြောသလဲ"

"နှစ်ရာ"

"အိုး .. အိုး .."

ဦးနိုင်မင်း ပခုံးတွန့်၍ အာမေဍိတ်သံနှင့် ခေါင်းခါ၏။

"ဆရာ့ကို တစ်ရာ ပြန်ဆပ်ရမှာလို့လည်း ပြောတယ်"

"ငါ့ကိုလား"

"ဟုတ်ကဲ့"

"မင်းက ငါ့ကို ဆရာလို့ခေါ်လိုက်တာလား"

ချင်း ကြောင်တောင်တောင်ကြည့်နေမိ၏။

"မင်း ငါ့ဆီမှာ မလုပ်ဖူးဘဲနဲ့ မလိုပါဘူးကွ ..."

"ဒါပေမယ့် ကျွန်တော့်ကို ပစ္စည်းထုတ်ပေးခဲ့တာ ရှိတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လမ်းကြောင်းနှစ်ခါက် ...”

“ဟား .. ဟား .. ဟား ..”

ဦးနိုင်မင်း က အသံထွက်အောင်ရယ်လိုက်၏။

“မင်း ငါ့ကို သိခဲ့လို့လား”

“မသိပါဘူး ..”

“မင်း ဒီကောင်တွေ လက်ထဲမှာ တော်တော်အပိုးကျိုးနေခဲ့တာပဲ”

ပြောပြီး ပခုံးတွေလှုပ်အောင် ရယ်နေသေးသည်။ ချင်း က နားမလည်စွာ ကြည့်နေပေမယ့် ဘာမှမပြောရဲပေ။

“ငါက တော်ရုံလူကို ပစ္စည်းချမပေးဘူး၊ ခိုင်းလည်းမခိုင်းဘူး၊ မင်း သူတို့ဆီ ရောက်နေတည်းက ငါနဲ့တွေ့ဖို့ ဘာဖြစ်လို့ မကြိုးစားခဲ့တာလဲ ..”

“သူ .. သူတို့က တွေ့ခွင့်ရဖို့ မလွယ်ဘူးဆိုလို့ပါ ..”

“ခုကျတော့ ဘယ်ကသတ္တိတွေ ရလာပြီး တွေ့ဖို့ကြိုးစားတာလဲ”

ဘယ်သူကကြိုးစားလို့လဲ ..၊

ဒီလူတွေ ဂုတ်ဆွဲခေါ်လာလို့ ထိတ်ထိတ်လန့်လန့် ပါလာရသည့်လူကို တမင်တွေ့ဖို့လာတယ်လို့ ဘာကြောင့်ပြောနေတာလဲ။

ချင်း မျက်လုံးတွေ မတည်မငြိမ်လှုပ်ရှားနေတာကို ဦးနိုင်မင်း က လည်း စူးစိုက်ကြည့်နေကာ ...

“တစ်ခုခုတော့ လွဲနေပြီ”

“ဗျာ ...”

ချင်း မျက်လုံးတွေ ပြူးခနဲဖြစ်သွားသည်။

“မင်း တော်တော်ရုန်းကန်ရင်ဆိုင်နေရတဲ့ပုံပဲ ..”

“ကျ .. ကျွန်တော် ...”

“မဟူရာတို့က မင်းကို ဘာတွေခြိမ်းခြောက်လွှတ်လိုက်လို့လဲ”

“ဟို ..”



“သူတို့ကိုပေးရမယ့်ပိုက်ဆံရော ...”

“အဲဒါကို ကျွန်တော် ...”

ဦးနိုင်မင်း ခေါင်းတခါခါဖြစ်သွားသဖြင့် ချင်း စကားမဆက်နိုင်..။

ဒီကြွေးကြောင့် သူတို့ခိုင်းတာ လုပ်ခဲ့ရသည်။ ရဲလက်ထဲမှာ မိ ဘော့မလို့ တဲတဲလေးကနေ လွတ်မြောက်ပြီး လူကိုရှောင်၊ ရဲကိုရှောင် နှင့် ခွေးတိုးဝက်ဝင် နေခဲ့ရ၏။

ဦးနိုင်မင် ပြောနေတာတွေကို နားမလည်သလို ဘာမှလည်း တိကျ မှာမဖြေနိုင်ဘဲ သူ့အဖြစ်က ခွေးအကြီးလှည်းနင်းသလိုမျိုး ...။

“ဒီကောင်တွေ ငါ့ကိုကျော်သွားတာ နှစ်ခါရှိပြီ”

စက္ကူ ပြောတော့ ဦးနိုင်မင်းကို မော်တောင်ကြည့်ခွင့်မရှိသလို ခိုနိုဖိနပ်တုန်အောင်ကြောက်ရသည်ဆိုပဲ၊ ဦးနိုင်မင်း ကတော့ ကျော်သွား ပါသည်လို့ ပြောနေသည်။

ဝီစကီဖန်ခွက်ကို ပြန်ကိုင်ပြီး သူ့ဟာသူပြောနေသလို ဦးနိုင်မင်း က ခပ်မဲ့မဲ့ပြုံးကာ ..

“အဲဒီကောင်တွေကို ဒီတစ်ခါ မင်းပြောလိုက်၊ ငွေရေးကြေးရေး တွေ ဦးနိုင်မင်း နဲ့ ရှင်းပြီးပြီလို့”

“ဗျာ ...”

“မင်းလုပ်ရမှာက မင်းရပ်မင်းရည်ကို အကောင်းတိုင်းပြန်ဖြစ် အောင် ပြောင်းလဲဖို့ပဲ”

ခေါင်းညိတ်လိုက်ရင်း ဝမ်းသာလွန်းသည့်စိတ်ကြောင့် ရယ်လိုက် မိသည်။ စက္ကူတို့ပါးစပ်ထဲမှာ ဦးနိုင် ဆိုတာ ဘုရင်တစ်ဆူလို ခမ်းနား သည်ဝါနေတာဖြစ်၏။

ဒီလိုလူက တာဝန်ယူသည်ဆိုတော့ သူ့အတွက် ဘာလိုသေးဖို့လဲ..၊

“မင်းကို တစ်ခုပဲ ငါခိုင်းမယ်၊ ဒါပေမယ့် ခုမဟုတ်သေးဘူး”

“ဟုတ်ကဲ့၊ ကျွန်တော့်ကို ကြိုက်သလိုခိုင်းပါ”

www.burmeseclassic.com

www.burmeseclassic.com



"အေး .. မင်း ဟိုကောင်တွေနဲ့နေသလို သွားတာ စားတာတွေ ဆင်ခြင်ရမယ်၊ ငါနိုင်းရင်လုပ်၊ တားရင် ရပ်နေရမယ်"

ဒါလည်း သူ လိုက်နာနိုင်သည်။

"ဘာဖြစ်ဖြစ် လစ်မစ်နဲ့ဖြစ်ရမယ်၊ အခုလောလောဆယ်တော့ ဖရိုးကြောနဲ့မျောလိုက်ဦး"

ရန်ဘက်ချင်း အိပ်မက်မက်နေသလားတောင် ထင်လိုက်မိ၏။ ကံကောင်းချင်တော့ ကယ်တင်မယ့်လူက ကိုယ့်ရှေ့ကို ဘွားခနဲရောက်လာခဲ့သည်။

မဟူရာတို့နဲ့တွေ့ဖို့မပြောနဲ့ ရှောင်တိမ်းပြေးလွှားနေရသည့်ဒုက္ခနဲ့တင် လူက သေလုပြီဖြစ်၏။ အိမ်ကိုပြန်ဖို့ကလည်း အနစ် က ခုလောက်ဆို အားလုံးသိအောင် ပြောဆိုတိုင်တန်းထားပြီဖြစ်နေနိုင်သည်။

စက္က တို့ကို ကြွေးဆပ်ရမှာတွေက နင့်နေ၏။ ရဲလက်က ပြေးနေရတာက တစ်ကြောင်း၊ သူ့ဘဝက သူဌေးသားတော့ သူဌေးသားပေမယ့် ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်ထဲကထက် ဆိုးဝါးနေခဲ့၏။

ခုတော့ မထင်မှတ်ဘဲ အားလုံး ပြေလည်သွားခဲ့ပြီး ...

ဦးနိုင်မင်းရဲ့လူအဖြစ် နတ်ရေကန်ထဲကျသလို အစစအရာရာ ပြည့်စုံကောင်းမွန်သွားပြီဖြစ်၏။

ဘာကိုမှကြောက်စရာမလိုတော့ဘူးဆိုလျှင် သူလုပ်ဖို့ရာ တစ်ခုပဲ ရှိတော့သည်။

တစ်ပါးသူအုပ်စိုးထားခဲ့သော စီးပွားလုပ်ငန်းတွေ ကိုယ့်လက်ထဲ ပြန်ရောက်အောင် ကြိုးစားဖို့ ...၊



အခန်း (၁၁)

"ဟိုကား ဝင်လိမ့်မယ်၊ လမ်းတောင်းနေတာ တွေ့လား၊ နည်းနည်းလျှော့ထား .."

သင်ပေးနေသည့်ဆရာက ဘေးမှာထိုင်ရင်း လမ်းစည်းကမ်းတွေ ပါးစပ်ပြင်ပြနေ၏။ အတိတ်မေ့နေလို့ ကားမမောင်းရဲတာ မဟုတ်တာကြောင့် ကြာကြာနေလျှင် ရိပ်မိသွားနိုင်သည်။

ထို့ကြောင့် တကယ်လည်းလိုအပ်သည့်အခြေအနေမို့ ကားမောင်းသင်နေရ၏။

"မင်း မဆိုးပါဘူး၊ တစ်ပတ်တောင်မရှိသေးဘူး ဖြောင့်နေပြီ၊ ပါကင်သွင်းတာလည်း ရဲတယ် ..."

ဆရာက ချီးမွမ်းတော့ ကျေနပ်သွားမိ၏။ မြန်မြန်မောင်းတတ်မှ ဖြစ်မှာပါ။

အိမ်မှာ ဒေါ်သဲနှစ် က ဆိုင်ကယ်လ်စီးတာ မကြိုက်ပေ၊ မကြိုက်ဘာသိလျက်နှင့် ခဏခဏ တလွှားလွှားယူစီးနေလို့မဖြစ်။

"ကျွန်တော် ဒီမှာ ခဏရပ်မယ်၊ ကိစ္စလေးရှိလို့"

"သွားလေ"

ကားကို အပြာရောင်ခြံဝန်းကြီးရှေ့မှာရပ်လိုက်ပြီး တံခါးနားမှာ ဘဲလ်တီး၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးနိုင် နဲ့ တွေ့ချင်လို့ပါ"

"ဘယ်က ဦးနိုင် လဲကွ .."

ထိပ်ပြောင်ပြောင် ခပ်ပုပုလူကြီးက အထဲကနေ မျက်နှာပေါ်ရုံလေး ချောင်းကြည့်ပြီး ခေါင်းခါ၏။

"ဒီမှာ လူသိပ်မနေဘူး၊ အိမ်ရှင် ဘယ်သူတွေဆိုတာလည်း ငါ မသိဘူး၊ ငါက လူမရှိတဲ့အခါ စောင့်ပေးရုံပဲ"

ခြံနံပါတ်လည်း ဒါပဲ၊ အိမ်ပြာလို့လည်း ပြောလိုက်သည်။

သူ ချက်ချင်းရောက်မလာနိုင်လို့ လွဲသွားတာလား...၊

ဒီရက်ပိုင်း ဘယ်ကဖုန်းမှလည်းမလာသဖြင့် ဘာမှမဟုတ်ဘူးဆိုလည်း ပြီးတာပဲလို့ သတ်မှတ်လိုက်သည်။

"လေဆိပ်ဘက်ကိုပတ်ရအောင်၊ ပါကင်ထပ်ကျင့်လို့ရတာပေါ့"

ဆရာက ပြောတော့ သူ ခေါင်းညိတ်လိုက်သည်၊ ကားရှင်းသည့် နေရာရောက်တာနှင့် လီဗာ နည်းနည်းနင်းထားလိုက်၏။

လမ်းက ဖြူးဖြောင့်နေသောကြောင့် အဆင်ပြေနေကာမှ ...

"အကွေ့မှာ ကျော်မတက်နဲ့လေ ကောင်လေး .. ဟေ့ .."

"ဟာ .. သေပြီ"

"ဂျိမ်း .."

ကားနှစ်စီး ဆောင့်ချင်းကပ်ပစ်ဆောင့်ကာ ပူးကပ်ငြိသွား၏။ တင်ဖက်ကား ပိုအထိနာကာ မီးလုံးကြီးတစ်ခုလုံး မွကြေသွားခဲ့ပြီး ...

"အဲဒါတော့ ငါတို့မှားတာဟေ့ .. ပြဿနာပဲ .."

ဆရာသမားက ညည်းညူရင်း တံခါးကိုင်လိုက်၊ လက်ပြန်ချလိုက်နှင့် လည်ပင်းရှည်ဖြစ်နေ၍ ...

"ရတယ်၊ ကျွန်တော် ရှင်းမယ် .."

နေရာသီ ကားပေါ်ကဆင်းလိုက်ကာ တစ်ဖက်ကားဆီ ပြေးသွားခဲ့၏။ ဟိုတစ်ဖက်က ဂျိမ်းခနဲ တံခါးပိတ်သံနှင့် ဒေါသကလည်း သူ့ဆဲ



ဆင့်ဘတ်ချင်းပြေးတိုက်ပြီး ရန်ဖြစ်တော့မလိုပင်။ သို့သော် ...

"ဟင် .. ရှင် ..."

"အနှစ် ..."

နေရာသီ အံ့ဩသွားခြင်းနှင့် ဝမ်းသာခြင်းက တစ်ပြိုင်တည်းမှာ ဖြစ်သျှက် သွားအဖြီးသားဖြစ်သွား၏။

အနှစ် မျက်နှာလေးကတော့ နီရဲတင်းမာသွားခဲ့ပြီး ...

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ရန်ဘက်ချင်း၊ ရှင် မောင်းလာကာ မို့လား"

"ဟုတ်တယ်"

"ရှင်..."

"ဟိုမှာ ကားတွေပိတ်ကုန်ကြပြီ၊ နောက်မှရန်တွေ့ပါကွာ"

"နောက်မှဖြစ်မလား၊ ဒီမှာတစ်ခြမ်းလုံး ..."

"ဟုတ်တယ် မြင်ပါတယ်၊ လင်မယားချင်းပဲကွာ"

"အို .. မရပါဘူး ..."

"ရလိုက်ပါကွာ ..."

သူ တောင်းပန်နေရင်း အနီးဆုံးရပ်နေသည့်ကားပေါ်က လူနှစ်ယောက် ဆင်းလာကြသည်။ နောက်ထပ် လူ လေးငါးယောက်ထပ်အုံလာကာ ...

"ငါ့ညီ .. မင်းမှားနေတာလေကွာ၊ ကျေနပ်အောင်လုပ်ပေးလိုက်"

"တော်ကြာ ယာဉ်ထိန်းရဲကားရောက်လာရင် ရှုပ်ကုန်လိမ့်မယ်၊ အချင်းချင်း မြန်မြန်ရှင်းလိုက်ကြလေ"

"တီ .. တီ .. တီ .."

"ဟေး .. နောက်မှရှင်းကြ၊ လမ်းဘေးချထားလေကွာ၊ ရှီးတဲ့မှာပဲ နောက်ကားတွေကို အားနာဦး"

"တီ .. တီ .. တီ .."

ကားဟွန်းသံတွေ ဆူညံနေ၏။ လူတွေ ဝိုင်းအော်ကြသံနှင့် အုပ်ခဲ

www.burmeseclassic.com



လာသည့်လူထုကြောင့် အနှစ် မျက်လုံးလေးဝိုင်းနေလျက် ဒေါသကိုလည်း မသိနိုင် …၊

"မင်းကလည်းမှားသေးတယ် ဘာဖြစ်လို့ငြင်းနေတာလဲ၊ ဒါဆို စခန်းရောက်မှ သွားရှင်းကြ"

စိတ်မရှည်သူလူက နေရာသီ ကို မျက်နှာထားနှင့်ပြော၏။ သူ တစ်ခုခုလုပ်မှဖြစ်တော့မှာကိုသိကာ နေရာသီ က အနှစ် ပခုံးလေးကို ဖက်လိုက်ပြီး …

"ပြန်ပါကွာ၊ အိမ်ကျမှ မင်းကြိုက်သလိုပြော .. နော် .. လိမ္မာတယ်"

"ရှင်နော် .. ရန်ဘက်ချင်း"

"ဟုတ်ပါတယ်၊ မင်းယောကျ်ားပါ၊ အိမ်ကျမှဖြစ်ရအောင်နော်၊ ဒီမှာ ပြဿနာတက်ရင် မော်တော်ယာဉ်ထိန်းသိမ်းရေးရောက်ကုန်လိမ့်မယ်.."

"ဖယ်ပေး .."

"ဖယ်ပါမယ်၊ အခု ကားပေါ်တက် .."

"ရန်ဘက်ချင်း နော် .. ရှင် .. ရှင့်ကိုလေ .."

ကားထဲကို အတင်းတွန်းတင်ပေးလိုက်ကာ တံခါးပါပိတ်ပေးလိုက်၏။ ပြီးမှ ဆံပင်တစ်ချက်သပ်ရင်း အားလုံးဘက်လှည့်ရယ်ပြကာ …

"ရပြီ၊ သူက ကျွန်တော့်ဇနီးပါ …"

"ဟင်!…"

"လင်မယားချင်းတဲ့"

"တီ .. တီ … တီ"

"ေဟား …"

"အိုခေ …,အိုခေ…"

ရန်ဘက်ချင်း နောက်ကကားတန်းကြီးကို လက်နှစ်ဖက်ကာ ပြရင်း သူကားဆီးပြေးသွားသည်။ ကားထဲဝင်ကာနီးမှ အနှစ် မောင်း မထွက်သေးတာကိုလှမ်းမြင်ပြီး တောင်ပန်းသလို လက်နှစ်ဖက်ဆုပ်၍



ရင်ဘတ်မှာကပ်ပြလိုက်သေးသည်။

ပြီးမှ သွားတော့ဖို့လက်ပြပြီး သူလည်း ကားထဲဝင်၏။

"တောက် …"

ဒေါသဖြစ်ရလွန်းကာ တက်ခေါက်နေမိတာ အနှစ် ဘယ်နှစ်ခါ မှန်းမသိ၊ စက်က မောင်းလို့ရသေးပေမယ့် ဒီပုံစံနဲ့ ဘယ်လိုဆက် မောင်းသွားရမလဲ …၊

ဒီလောက်လမ်းကျယ်ကြီးမှာ ကားလည်းမရှုပ်ဘဲ ကျော်ခွတက်ပြီး ဘယ်လိုမောင်းလာလို့လဲ …၊

ဒါ .. ဘယ်ကကားလဲ .. စိတ်ရှိလက်ရှိလုပ်ခွင့်ရမည်သာဆို ဒီကား စုတ်ကို နောက်ကနေ လိုက်တိုက်ပစ်ချင်၏။

ဘေးမှာသွားနေကြသည့်ကားတွေ ကိုယ့်ကား ကိုလှည့်ကြည့်သွား ကြတာလည်း ရှင်းသည်။ လူကိုကြည့်ပြီး တီးတိုးပြောသွားကြတာ ကိုလည်း စိတ်တိုမိ၏။

ထိုနေရာမှ အမြန်ဆုံးမောင်းထွက်လာခဲ့ရင်း ရန်ဘက်ချင်း ရဲ့ကား ကွေ့ဝင်သွားသည့်လမ်းတိုင်း တန်းမတ်စွာလိုက်လာခဲ့သည်။

ဒီဒေါသကို တစ်ခုခုတုံ့ပြန်ပြီးမှ ဖြေလို့ရမည့် ကိုယ့်စိတ်ကို သိနေသဖြင့် …

"ဟော .. နောက်မှာ မင်းတိုက်ခဲ့တဲ့ကားမို့လား .."

နေရာသီ မှန်ထဲကနေလှမ်းကြည့်ပြီး ရှုံ့မဲ့မဲ့ဖြစ်သွား၏။

"ဟုတ်တယ်၊ ဘယ်သွားမလို့လဲမသိဘူး၊ ဒါကြီးမြင်တိုင်း အားနာ နေရအောင် .. ကျွတ်"

"နို့ .. မင့်မိန်းမဆို"

"မိန်းမပေမယ့် ကျွန်တော်နဲ့က ဘယ်တုန်းကမှတည့်ခဲ့တာမဟုတ်ဘူး .."

"တည့်တဲ့အခါလေးတော့ ရှိမှာပေါ့ကွာ .."

နေရာသီ က ဆရာ့မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်၏။

"မဟုတ်ပါဘူး၊ လင်မယားပဲဟာ ဒီပြဿနာလေးကို …"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မသိပါဘူး၊ ဒ[illegible]ကိုက ..."

"ဂျိမ်း ..."

"ဟ .. သောက်ခွေး"

ကြည့်စမ်း ...

ဒီမိန်းမ ဒီလောက်တောင် ...

နောက်ကနေ ဘလိုင်းကြီးဝင်အောင်းသွားသည်။ ထို့ပြင် ဝေါခနဲ ဖြတ်တက်သွားပြီးမှ ...

"ဂျိုး .."

"ဟ .. ငါမရ .."

"ဒုန်း .."

လွန်ကာနီးမှ ဖင်နဲ့ပစ်ရိုက်သွားသဖြင့် နေရာသီ ကားကို မထိန်းတတ်ဘဲခါသွား၏။ ထိုအခါ ဆရာသမားခမျာ ဒက်ရှ်ဘုတ် နဲ့ပစ်ရိုက်ပြီးမှ နံကြားထဲကို အကွေးလိုက်လေးပြန်ကျလေသည်။

"တောက် .. ဒီမိန်းမ လွန်ပြီ .."

"မင်းက အရင်လွန်ထားတာကိုးကွ၊ အား .. ကျွတ် .. ကျွတ်"

"ဆရာ ဘယ်ထိသွားသေးလဲ .."

"ဘယ်ထိထိ မင့်ကားကို ကြည့်မောင်းစမ်းပါ၊ အောင်မယ်လေး .. ငါ့မိန်းမ ဘေးချင်းပြေးတိုက်တာတောင် ဒီလောက်အကျမနာခဲ့ဘူး၊ ဝင်ရှိလိုက်တာ .. ဝင့်လိုက်တာ"

ဒေါသထွက်နေပေမယ့် ဆရာ့မျက်နှာ မဲ့မဲ့ကြီးကို ငုံ့ကြည့်ပြီး ပြုံးလိုက်မိသည်။ ပြီးတော့ အနှစ် ရဲ့ကားနောက်မြီးဆီ အကြည့်ရောက်သွားပြီး နှုတ်ခမ်းကမဲ့သွား၏။

ဘယ်လိုယောကျ်ားနဲ့တည့်မှာလဲ ဒီလိုမိန်းမကို ...၊



## အခန်း (၁၂)

"ဩော် .. သား ရောက်လာပြီ .."

ဖုန်းတစ်လုံးနဲ့ ဒေါ်သဲနှစ် က နေရာသီ ကိုမြင်သည်နှင့် ကမန်းကတန်း ထလာကာ ...

"သမီး ကားပျက်သွားလို့တဲ့ သားရယ်"

"သူ ပြန်မရောက်သေးဘူးလား"

ခုလောက်ဆို တိုင်ချက်ဖွင့်နေလောက်ပြီထင်ခဲ့မိပေမယ့် ပြင်ဆင်လာခဲ့တာ သူပဲ အံ့ဩသွားခဲ့၏။ ကိုယ့်ရှေ့မှာ ကိုယ့်ကားကို တောင်တိုက်သွားခဲ့တာ အကောင်းကြီး ..၊

"ကားတိုက်ခံလိုက်ရတယ်တဲ့၊ တော်သေးတယ် လူ ဘာမှမဖြစ်လို့၊ အဲဒါ မောင်းထွက်လာပြီးမှ လမ်းမှာပျက်တာတဲ့"

ဒီလောက်ထိတိုင်ထားပြီးပြီဆိုတော့ နီးစပ်နေပြီထင်သည်၊ ဘာပဲဖြစ်ဖြစ် ကိုယ်က ကြိုဝန်ခံထားလိုက်ဖို့ ဆုံးဖြတ်၍ ...

"အန်တီ အဲဒါ ကျွန်တော်နဲ့ ..."

"သား လိုက်သွားလိုက်ပါကွယ်၊ အရှေ့က ကားတက်မောင်းပြီး ရပ်ထားတဲ့ကားကို တမင်ဝင်တိုက်သွားတာ"

"ဟင် .."

"ပါလာတဲ့ခွေးကြီးနဲ့ရှူးတိုက်လို့ သမီး ဘာမှမပြောနိုင်ဘဲ မြ တက်မောင်းလာခဲ့ရတာတဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



သေစမ်း နေရာသီ …၊

"လမ်းပေါ်မှာ ဒရိုင်ဘာတောင့်မပါဘဲ သွားလာနေရတာ အရမ်း အန္တရာယ်များတာ သားရယ်"

"ကျွန်တော်ကလည်း ကားမှမမောင်းတတ်တာ အန်တီ …"

ဒေါ်သဆိုတာ လူတိုင်းမှာရှိတာပဲ …၊

ဒီမိန်းမ အန်တီ ဒီတိုင်းပြန်ပြောမှာပဲဆိုတာ သိလို့ တမင်ပြောထားတာ…၊

"သား ကားမမောင်းရပါဘူး၊ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေလို့ …"

အဲဒီမိန်းကလေးတစ်ယောက်တည်းက ယောကျ်ားကြီးနှစ်ယောက်ကို ဘယ်လိုတိုက်ခိုက်သွားသလဲ ပြချင်ပါဘိ။

"သူ ဘယ်မှာတဲ့လဲ အန်တီ"

မျက်နှာပုံစံကတော့ ပြေပြေပြစ်ပြစ်ရှိမှာမဟုတ်တာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။ ဒါပေမယ့် မတတ်နိုင်၊ လူကို အရှုးနဲ့နှိုင်း .. ခွေးနဲ့နှိုင်း ပြောချလိုက်တာ ဘယ်သူခံနိုင်မှာလဲ …၊

ဒေါ်သဲနှစ် ကလည်း ဒီလိုမျက်နှာမျိုးနဲ့ ရန်ဘက်ချင်း ရဲ့ဆက်ဆံရေးကို မထူးဆန်းတော့သည့်အကြည့်နဲ့ပါ၊ ယောကျ်ားဖြစ်သူ ပြောသလို များ ဖြစ်နေပြီလားမသိ။

'မင်းကတော့ သမီးက ချွေးမဖြစ်ပြီး သမက်ကို သားထင်နေပြီ'တဲ့။

ကိုယ့်လက်ထဲမှာ သားလိုပဲမွေးစားလိုက်ပါတော့လို့ ယုံကြည်စိတ်ချစွာ အပ်ခဲ့တာကို …။ ပြီးတော့ ဒီကလေး ဘယ်လိုဆိုးပါစေ မိဘစဉ်ဆက် နိုင်ငံခြားမှာပျော်မွေ့ခဲ့ကြသလို သူ မဟုတ်ခဲ့ဘဲ မြန်မာပြည်မှာ အထီးကျန်နေခဲ့သည်။

သူ့အတွက် ဒီမိသားစုပဲရှိသည်။ ကိုယ်သာ ယောက္ခမ၊ ကိုယ်သာမိဘ …၊

ဒေါ်သဲနှစ် စိတ်ကူးတွေနဲ့ ငေးနေဆဲမှာ ဦးမြင့်မောင် တို့ကား ပြန်ရောက်လာကာ …

"မင်း ဘာလုပ်နေတာလဲ …"



"ဘာဖြစ်လို့လဲ ဖေကြီး"

"ဟ .. သမီး အက်ဆီးဒန့်ဖြစ်ထားတယ်ဆို"

"လူက ဘာမှမဖြစ်ဘူးလေ၊ ကားပဲ စုတ်သွားတာ"

"မင်းကွာ ကားတစ်ခြမ်းလုံးစုတ်သွားမှတော့ သမီး ဘယ်လောက်ထိတ်လန့်နေမလဲ၊ ဖုန်းရတာနဲ့ လိုက်ရမှာပေါ့ကွ"

"လိုက်မလို့ပဲ အဖေကြီးရယ်၊ ချင်း ပြန်ရောက်လာလို့ လိုက်သွားခိုင်းလိုက်တယ်လေ"

"ချင်း ပြန်လာတယ် ဟုတ်လား .."

အံ့ဩဟန်နှင့် နာရီပင့်ကြည့်၏။ ညနေငါးနာရီတောင် မထိုးသေးပေ၊ အိမ်ကထွက်သွားပြီဆို ညကိုးနာရီမကျော်မချင်း ပြန်မလာတတ်သူက ခဏပဲထွက်သွားတတ်ပြီး ခဏနဲ့ပြန်ရောက်လာသည်ဆိုတော့ ထူးဆန်းနေကာ …

"ဒီကောင်လေး ဒီတိုင်းပဲရှိသွားရင် သိပ်ကောင်းမှာပဲ"

"ဟုတ်တယ်၊ သူက ပြောင်းလဲနေပြီ၊ အဖေကြီး သမီးကတော့ ကလေးလိုပဲ၊ ချင်း ပြန်ရောက်လာမှ ပိုတောင်ဆိုးလာသလိုပဲ၊ ခုလည်း သူ့ဒေါ်သကို အဖေကြီး ကြည့်ဦးလေ၊ သူ့ကားကို ဝင်တိုက်ရကောင်းလား ဆိုပြီး ဟိုကားနောက်ကို ထပ်လိုက်ပြီး တိုက်ပစ်လိုက်တယ်တဲ့"

"ဟော !…"

မျက်မှန်ကြီးပင့်ရင်း ဦးမြင့်မောင် မျက်လုံးပြူးသွား၏။

"အဲဒါ .. အဲဒါ မင့်သမီး ဘာမှမဖြစ်ဘူးတဲ့လား၊ ဘယ်နေရာမှာလဲ ငါ့ကိုပြောစမ်း၊ မဖြစ်သေးပါဘူးကွာ၊ ချင်း ကိုလည်း ဒီမိန်းကလေးလေးစားသမှုရှိတာမဟုတ်ဘူး၊ ခုလောက်ဆို လင်မယားချင်း ရန်ပြန်ဖြစ်ချင်ဖြစ်နေကြမှာ .."

လူကြီးများ တွေးကြည့် .. ပြေးကြည့်တာထက်မှန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"အို .. များလှချေလား .."

"မများပါဘူး ညီမ၊ ဆော်ဒီတစ်ခြမ်းလုံး ထုရမှာ၊ ပြီးတော့ ပတ်တီး..."

"ခုခေတ်မှာ ပတ်တီးရိုက် ဆေးမှုတ်နေရတာမဟုတ်ပါဘူး .."

"ဘယ်ခေတ်မှာဖြစ်ဖြစ် ဆော်ဒီထုရရင် ပတ်တီးပါတာပဲ .."

ဆော်ဒီထုမယ့်သူကလည်း နည်းနည်းလေးမှမလျှော့ပေ၊ အနှစ်ကလည်း တမင်ရိုက်စားလုပ်တာမျိုးတော့ မခံနိုင်။

"ကိုးသိန်းဆိုတာတော့ များပါတယ်၊ ကျွန်မတို့က ကားကို သံယောဇဉ်ဖြစ်နေလို့ ပြုပြင်ဖို့ ကြိုးစားနေတာ၊ အသစ်လဲပစ်လိုက်ရင် တောင် ဒုက္ခအေးသေးတယ် .."

"အသစ်လဲနေတာလည်း လဲမှာ ဖယ်မှာနဲ့ ရှုပ်ဦးမှာပဲ၊ အဲဒါကြီးကို သံရည်ကျိုစက်ထဲ သွားထည့်လိုက်တော့"

ထိုအသံသည် ဆော်ဒီထုသမားက ပြောလိုက်တာမဟုတ်ဘဲ အနှစ်နောက်က ထွက်လာတာဖြစ်သည်။ ဒါပေမယ့် လှည့်ကြည့်ဖို့မလိုဘဲ သူမ သိလိုက်၏။

"ဘယ်လိုလဲ .. ကျွန်တော့်ကားအခြေအနေ"



သူများကိစ္စကို ပြောချင်ရာဝင်ပြောပြီး ကိုယ့်ဘေးကနေ ကပ်လျှောက်သွားတော့လည်း လှည့်မကြည့် ...၊

အဖြူနဲ့ရွှေသိုစိမ်းရောင်ဆွယ်တာလက်ရှည်နှင့် စတိုင်လ် ဘောင်းဘီနက်ပြာရောင်က ထင်းနေသည်။ ပခုံးချင်း မထိတထိကပ်လျှောက်သွားတာမို့ ရေမွှေးနံ့က ဆွတ်ပျံ့ကျန်ရစ်၏။

လူကိုမသိသလို ပြောဆိုကျော်ခိုင်းသွားသဖြင့် ဒေါင်းခနဲ စိတ်တိုသွားပေမယ့် စိမ်းသက်သောရေမွှေးနံ့ကြောင့် အနှစ် မျက်မှောင်ကုတ်သွားခဲ့သည်။

သူ့ကိုယ်က ရေမွှေးနံ့ မရခဲ့ဘူးပါ။ စီးကရက်နံ့ အမြဲသင်းနေတတ်ကာ တစ်ခါတစ်ရံ စိမ်းရွှေရွှေ ပရုတ်နံ့လိုလို ခွဲခြားရခက်သည့်အနံ့မျိုး...၊

"ခင်ဗျားလာတာနဲ့ အတော်ပဲ၊ ကားက ရှေ့ဘန်ဘာတစ်ခုလုံး မကောင်းတော့ဘူး၊ ဖြုတ်လဲရတော့မှာ"

"ကျွန်တော်တို့ဆီမှာ အိတ်တီအိတ်မော်ဒယ် မရှိတော့ဘူး ဆရာ"

သူရောက်လာတော့ ဘော်ဒီရုံကလူတွေ သူ့ကားအကြောင်းပဲ ပြောပြီး သူ့နားကိုပဲ စုပြုံသွားကြ၏။ အနှစ် ဒေါသထွက်ကာ ရှက်လည်း ရှက်မိ၏။

ကိုယ့်ကားလည်း ဒီမှာပဲအပ်ထားတာမို့ စကားမပြတ်သေးဘဲ ဒီတိုင်းထားခဲ့ပုံက ကိုယ့်ကားကို ကောက်ထမ်းပြီး လှည့်ပြန်ရတော့မလိုလို ...၊

"ဒီမှာ .. ဒီမှာ .."

အနီးဆုံးကလူကို လှမ်းခေါ်၍ ...

"ကျွန်မကားအတွက် ဈေးစကားပြောနေတာ မပြတ်သေးဘူး"

"အစ်မကို ဆရာ ပြောပြီးပြီမဟုတ်ဘူးလား၊ ကိုးသိန်းဆိုတာ"

"အဲဒါကို ကျွန်မက လျှော့ဖို့ပြောနေတာလေ .."

"မီးသာပုံရှို့လိုက်တော့ဗျာ ဒီလောက် တစ်စစီဖြစ်နေတာကို .."

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြန်ပြီ ဒီအသံ …၊

အနှစ် မျက်လုံးတွေ ထိုကျောပြင်ဆီ ဒိုင်းခနဲရောက်သွား၏။ သက်သက် လူကိုစော်ကားနေတာ ဒီလူ …၊

"ရန်ဘက်ချင်း"

ဟင် …၊

ထူးသံမထွက်ဘဲ မျက်နှာအနည်းငယ် ငှဲ့လာ၏။ ပြီးတော့မှ ကိုယ်တစ်ခြမ်းစောင်း၍ လှည့်ကြည့်လာကာ ..

"ဩော် .. မင်းလည်း ဒီရောက်နေတာလား"

"အပိုတွေပြောမနေနဲ့၊ ရှင်ဝင်လာတည်းက ကျွန်မကိုပဲပြောလာတာ"

"ငါ့ကားကို မင်း မမြင်ဘူးလား၊ ဟိုမှာ .."

ကြည့်လိုက်တော့ သူ့ကားနဲ့ကိုယ့်ကားက ဘော်ဒီရုံရဲ့အထဲနဲ့အပြင်မှာပေမယ့် အလယ်မှာ ကားတစ်စီးပဲခြားသည်။ အနှစ် ဒီကားကိုမြင်ပေမယ့် သူ့ကားမှန်းလည်းမသိပါ။

ဒီလောက် စုတ်ပြတ်နေသည့်ကားကို ဘယ်ကဘယ်လို ဆွဲထုတ်ငှားလာတာလဲ …။

အမောင်းသင်တာဖြစ်ဖြစ်၊ သုံးတာဖြစ်ဖြစ် အိမ်မှာ သူစီးနေကျကားတွေရှိသည်။ ဒါကို လူမသိ သူမသိ လုပ်ချင်လို့ တခြားကားငှားပြီး သင်နေတာ ဘာကြောင့်လဲ …၊

"တွေ့ပြီလား၊ အဲဒါကို အသစ်လည်းဝယ်မပေးနိုင်လို့ စိတ်တိုပြီးပြောနေတာ .."

"ဟွန်း .."

စိတ်တိုလို့ပြောနေတာက ကိုယ့်စကားထွက်လာမှ ကွက်တိကြီးပါလား …။

"မင်း ဒီဘော်ဒီရုံရောက်နေတာ သိတောင်မသိဘူး"



"တိုက်ဆိုင်တာလည်း ထူးဆန်းအံ့ဖွယ်ပဲ"

"ဟုတ်တယ်၊ မင်းထက်အရင် ငါက ထူးဆန်းအံ့ဖွယ်ဖြစ်နေတာ"

"ဒါဖြင့် ကျွန်မကို ရှင် ကြိုမြင်ခဲ့တာ ဝန်ခံပြီပေါ့"

"ဘာကိုဝန်ခံရမှာလဲ၊ မင်းထက်အရင်ဆိုတာ နှစ်စက္ကန့်လောက်ဆောသွားတာလည်း ဖြစ်နိုင်တာပဲ"

ကြည့် …၊

အနှစ် မျက်ဝန်းလေးတွေ ပြူးပြက်လက်သွား၏။ သူကတော့ ခပ်ည်တည်၊

"မင်းပဲစဉ်းစားကြည့်၊ ကားပျက်နေတယ်ဆိုလို့ ငါ လိုက်လာခဲ့ဘယ်၊ မင်းက ဝပ်ရှော့ခေါ်ပြီး ဆွဲခိုင်းသွားပြီးပြီ၊ အဲဒါကြောင့် ငါ့ကားခပ်ထားတဲ့ ဘော်ဒီရုံကိုပဲ လှည့်ဝင်လာတော့ မင်းလည်း ဒီမှာပဲဖြစ်နေဘယ်"

အနှစ် လက်သီးလေးနှစ်ဖက်ဆုပ်၍ မဲ့ပစ်ကာ …

"ပြောင်းလဲသွားတာ မှန်တယ်၊ သူခိုးဘိန်းစားထက် ပိုဆိုးလာတာ"

"ဘာ .."

"မလိမ့်တပတ်ပြောတာ နှစ်ယောက်မရှိဘူး"

"အနှစ်သား"

"ဟုတ်တယ် .. ကျွန်မပဲ"

သူကြားရုံ ခပ်ကြိတ်ကြိတ်ပြောပစ်လိုက်ပြီးမှ အနှစ် က ဘော်ဒီရုံက လူတွေဘက်လှည့်၍ …

"ဒီလိုလုပ်ပါလား၊ အဖျက်နဲ့အပြင်နဲ့ ချိန်းမယ်လေ၊ ကျွန်မလည်းဘော်ဒီထုခ ဈေးဆစ်မနေတော့ဘူး၊ အဲဒီကားစုတ်ကို သံရည်ကျိုစက်ထဲထည့်လိုက်ရင် ကျွန်မကားဘော်ဒီ ထုလို့ရမလား"

"အဲဒီလိုလုပ်ပါမယ်လို့ မင်းကို ဘယ်သူက သဘောတူနေလို့လဲ"

"တူတူ မတူတူ ကျွန်မကားကို ရှင် ပင်ကျူးတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်ကျူးသွားတာ ငါ့ကား နှစ်ခြမ်းစလုံး ရစရာမရှိဘူး"

"တရားခံရှာတွေ့သွားတာပါ၊ ရှင့်ကား အစတည်းက ချုံးချုံးကျနေတာ"

"ဘာဖြစ်ဖြစ် ဘဲစားဘဲချေပဲ"

"ကျွန်မကားက ရှစ်ရာကျော် တန်တဲ့ကား"

"မင်းက ရှစ်ရာကျော်တန်ကားစီးနိုင်တယ်၊ ငါက ကားကောင်းမမောင်းတတ်လို့ သူများကား ငှားသင်တာလေ၊ အခု ပြန်ပြင်ပေးဖို့ကိုတောင် အနိုင်နိုင်"

"ကိုယ့်အခြေအနေ ကိုယ် စောစောက သိနေတာတောင် ဘာလုပ်သင့်တယ် ဘာပြောသင့်တယ်ဆိုတာ ရှင် နားမလည်ဘူးပဲ .."

"ဟား ..."

အပြန်အလှန် တစ်ခွန်းမကျန် ချေပနေသည့်ပြင် နိုင်ချေမရှိတာတောင် သင်းက ခါးထောက်မဲ့လိုက်သေးသည်။

"မင်း ဘာတွေပြောနေသလဲ၊ မင်းဘာသာ နားလည်အောင်ကြိုးစားပါဦး၊ အလျော်အစားတွေပြောနေတဲ့ မင်းနဲ့ငါက ဘာလဲ"

"ဘာဖြစ်ဖြစ် ပြုသူ ဖြစ်သူနှစ်ဖက်အရ အမှားအမှန်ဆိုတာ ရှိတယ်"

သူတို့နှစ်ယောက် စကားများနေကြတာကို တအံ့တသြကြည့်နေရင်း သူတို့ ကားချင်းတိုက်မိလာကြတာမှန်း ဘေးလူတွေ သိကုန်ကြ၏၊

လင်မယားတော်မှန်း မသိသေးတာတောင် အံ့သြရာကနေ သဘောကျသည့်အကြည့်တွေနှင့် ပြုံးစိစိဖြစ်ကုန်ကြ၏။

အနှစ် ကတော့ လူတွေကြည့်လေ စိတ်တိုလာလေနှင့် ...

"ရှင်က အဲဒါအားကိုးနဲ့ ရှန်းထွက်နိုင်ခဲ့တာ ဂုဏ်ယူနေတာလား"

"မင်းလည်း အဲဒါကြောင့် ထင်သလိုလုပ်သွားလို့ရတာလေ၊ တခြားမိန်းမသာဆို ပေါက်ဆိန်စာမိတဲ့ ထင်းတုံးထက် အဖြစ်ဆိုးသွားမယ် မယုံမရှိနဲ့ .."



အနှစ် မျက်နှာလေးနီရဲသွားသည်။

လူကို ထက်ခြမ်းခြမ်းပစ်မယ်လို့ ပြောလိုက်တာ ...၊

"ရန်ဘက်ချင်း"

"နေဦး ငါအရင်ပြောမယ်"

အနှစ် ပါးစပ်တစ်လုံးကြီးပြောဖို့ အစချီလိုက်တာနှင့် သူက မျက်နှာနားကပ်လာကာ ...

"မင်း ငါ့ကို အရွှးနဲ့နိုင်းတယ်၊ ခွေးလို့ပြောတာက ပါသေးတယ်"

"အဲဒါကြောင့် ရှင် ခုလို လေကျယ်ခွင့်ရနေတာပေါ့၊ အခု ကိုးသိန်းဘုန်မယ်ဆိုတာ ရှင် ပေးနိုင်လား"

"ငါက မပေါ်တဆ၊ မင်းလို တမင်တကာ ငြိုးချက်ပြင်းတာမဟုတ်ဘူး"

အနှစ် တင်းခနဲ အံကြိတ်ပြီး ရူးရူးရဲရဲမော့ကြည့်သည်။

"ဟုတ်တယ်၊ ငြိုးချက်ပြင်းဖို့တွေ ထပ်ရှိသေးတယ်၊ ရှင် ညညသတိထားအိပ်ပေတော့"

"လုပ်လေ၊ ကြုံဖူးတယ်ရှိသွားတာပေါ့၊ ညဆိုတော့ ပိုအဆင်ပြေပါတယ်"

"ရှင် .."

"အဟမ်း .. အဟမ်း"

နှစ်ယောက် မျက်နှာချင်းကပ်ပြီး အပြိုင်အဆိုင်ကြိမ်းဝါးနေတာကို မကြားတကြားကနေ အာရုံစိုက်နေကြရင်း တစ်ယောက်က ချောင်းဟန့်၍ ...

"အဟွန်း .. ဖုန်းလာနေတာများ မကြားဘူးလားလို့ပါ"

သတိပေးသံကြားမှ ကိုယ်ရှိန်သတ်၍ ပြိုင်တူဆုတ်လိုက်ကြသည်။ ပြီးတော့ နေရာသီ က ဖုန်းထုတ်ကိုင်လိုက်ပြီး ...

"ဟလို"

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဟုတ်ကဲ့၊ ဘော်ဒီရုံရောက်နေပြီ အန်တီ"

"…. …. …."

"ပြေပါတယ်၊ ကျွန်တော်တို့ ခုပဲ စကားပြောနေကြတာ၊ ပြေပြေပြစ်ပြစ်ရှိပါတယ်"

အနှစ် မျက်နှာကို ကြည့်၍ နှာခေါင်းတွန့်လိုက်သေးသည်၊ ပြီးမှ တစ်ဖက်လှည့်လျှောက်သွားပြီး ဆက်ပြော၏။

"ကိုးသိန်းကျမယ်တဲ့ အန်တီ"

"…. …. …."

"ဗျာ .."

"…. …. …."

"သြော် .. ဘယ်နေမလဲ၊ သူပြောလို့ အဲဒီကားနံပါတ်နောက် ကျွန်တော်လိုက်တာပေါ့"

"…. …. …."

အနှစ် က ဖုန်းပြောနေသည့် သူ့ဆီ မျက်ခနဲလှမ်းကြည့်၏။ ဘာတွေပြောနေမှန်း ရုတ်တရက် နားမလည်ဘဲ နားစွံ့ထားမိ၏။

"မရှုးပါဘူး၊ ဒေါ်သတော့ နည်းနည်းကြီးပုံပဲ၊ သူကလည်း မကျေနပ်ဘူးတဲ့၊ အနှစ် က နောက်က တမင်လိုက်ကျူးထားတော့ တာဝန်မယူနိုင်ဘူးတဲ့၊ တမင်ပြန်လုပ်တာကို သူကတောင် ပြောလို့ရသေးတယ်တဲ့"

"…. …. …."

"ဟုတ်တယ် .. ဟုတ်တယ်၊ ကျွန်တော်လည်း ပြောအားမရှိတော့ဘူးလေ၊ သူ့ကားလည်း မနည်းထိထားတာကိုး .."

အနှစ် ခုကျမှ သဘောပေါက်ကာ ချက်ချင်း အနားရောက်လာ၏။ နေရာသီ က တစ်ဖက်ကို ပြန်လှဲပြီး လျှောက်ထွက်သွားရင်း …

"သူက ခွေးနဲ့ရှုးမတိုက်ပါဘူးတဲ့၊ ခင်ဗျားလူကသာ ခွေးလို ဟောင်



ဘာ ဘာညာနဲ့ .."

"တောက် .."

အနှစ် ၏ တက်ခေါက်သံကြောင့် နေရာသီ က 'ဘာဖြစ်တာလဲ' ဆိုသည့် အကြည့်နှင့်လှည့်ကြည့်ကာ ဖုန်းပြောနေတာလည်း တစ်ချက်မှ မပျက်။

"ရတယ်၊ စိတ်မပူနဲ့ အန်တီ၊ ခု ပြီးသွားပါပြီ၊ သူကတော့ ပြောမယ့်သာပြောတာ ပြင်ဆိုရင် ပြင်ပေးမှာပါတဲ့၊ ဒါပေမယ့် အဲဒီလူ အရမ်းဆင်းရဲတာတွေ့တော့ …"

"…. …. …."

"မဟုတ်ပါဘူး၊ မြင်တာနဲ့ကို သိနေတာ၊ သူ့ကားက ဘုံးဘုံးကျတော့မယ့် အစုတ်လေးရယ်"

လုပ်ထားစမ်း ရန်ဘက်ချင်း …၊

လက်သီးနှစ်ဖက်ဆုပ်၍ အံကြိတ်ထားတာတောင် ရင်ထဲမှာ မှန်ပြီးရင်းမှန်းနေတာက မပြေနိုင် …၊

တတ်လည်းတတ်နိုင်တဲ့လူ …၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟလို"

"ဟင် .. သား .. ငါ့သားလားဟင်"

"ဟုတ်တယ် မေမေ၊ နေရာသီ ပါ"

"သား .. မင်း ဘယ်ရောက်နေတာလဲဟင် .. ပြည်ကို ပြန်မလာဘူးလား၊ ရန်ကုန်မှာ အန္တရာယ်များလိုက်တာ သားရယ် .."

ဖုန်းထဲက မေမေ့အသံက မာမာချာချာမို့ စိတ်အေးသွားမိသည်၊ မေမေ ဒီလောက်ထိ စိတ်မပျော့ဘူးဆိုတာတော့ သိပါသည်။ ဒါပေမယ့် တစ်ယောက်တည်း ပူပင်သောကနဲ့ ကျန်ခဲ့တော့ စိတ်ပူမိသည်။

ကန့်ပေါင်လူရှင်းသည့်နေရာမှာ ငုတ်တုတ်ထိုင်လိုက်ရင်း ...

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ မေမေ၊ မေမေ တစ်ယောက်တည်းဆိုတော့ ..."

"အို .. မေမေက ကိုယ့်အိမ်မှာကိုယ်နေတာ ဘာဖြစ်စရာရှိလို့လဲ"

သားကို ဆက်သွယ်လိုက်နိုင်သဖြင့် ဒေါ်ခွာညို ဝမ်းသာအားရကြီး ဖြစ်နေရှာ၏။ အသံကို နားထောင်ပြီး နေရာသီ မျက်နှာကလည်း ပြုံးနေလျက် ...

"မေမေ နေထိုင်ကောင်းရင် ပြီးတာပါပဲ၊ ကိုယ်မလုပ်တဲ့အပြစ်



အတွက်တော့ ကျွန်တော် ဘယ်လိုမှ ဝန်မခံနိုင်ဘူး၊ အဲဒါကြောင့် ..."

"ငါ့သား မှန်တယ်၊ သားမသတ်ဘူးဆိုတာလည်း မေမေယုံတယ်"

"အခု အဲဒီက အခြေအနေ ဘယ်လိုတဲ့လဲ မေမေ"

"မေမေ့ဆီကိုတော့ ဘယ်သူမှလာမစုံစမ်းတော့ဘူး"

ဟိုတစ်ခါ လာသွားကြသည့်ကိစ္စကို မေမေ့ဆီကနားထောင်ရင်း သူ စဉ်းစားနေမိသည်။ ယုဇနခင် ရဲ့ မောင်ဝမ်းကွဲဆိုတဲ့လူကို သူ မသက်သာပေ။

"သူ့မောင်ဝမ်းကွဲ ဆိုတဲ့ ဟိုကောင်လေး မိုးခြိမ်း ဆိုလား.."

"ဟုတ်တယ် မေမေ၊ သူက ရန်ကုန်ရုံးချုပ်မှာပဲ ထိုင်တာ"

"အေး .. သူ့အစ်မ သေတဲ့ကိစ္စကို သူချည်းပဲ မကျေနပ်ဖြစ်နေတာ၊ အခု ယုဇနခင် ရဲ့ယောကျ်ားက ပြန်ပေါ်လာပြီ .."

"ဟင် .. ဟုတ်လား"

"ဟုတ်တယ်၊ မုဆိုးမလိုလို တစ်ခုလပ်လိုလို နေနေခဲ့ပြီး ယောကျ်ားက ဘယ်ကပေါ်လာသလဲမသိဘူး၊ ရှုပ်နေတာပဲကွယ်၊ ဒါပေမယ့် ခုထိတော့ ဘာသံမှမကြားသေးဘူး၊ အဲဒီ မိုးခြိမ်း က ရဲတွေနဲ့ ရင်းနှီးပုံးတွဲပြီး အိမ်ရှေ့ကို တလှွားလှွားနဲ့ လာလုပ်နေတာ ဒီနေ့ထိပဲ၊ မေမေ့ကို ရဲမြင်တိုင်း ကြောက်ဒူးတုန်နေမယ်မှတ်လို့"

"မယု က တစ်ခါတည်းဆုံးသွားတာလား မေမေ"

"ဟင်!..."

"သူ တစ်ခုခုပြောသွားနိုင်သေးလားလို့"

မေမေ့ဆီက အသံခဏငြိမ်သွားသည်။ ပြီးမှ ...

"သားကို မေမေ မေးမယ်၊ မှန်မှန်ဖြေစမ်း"

"မယု နဲ့ သား ငြိရဲ့လားလို့ မေမေ မေးမှာမို့လား"

"အေး .. သားကို မယုံလို့တော့မဟုတ်ဘူး၊ လူပျိုလူရွယ်လေး တစ်ယောက်အတွက် ဒီပြဿနာကြီးနဲ့ နာမည်ကြီးသွားရင် ပန်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



အညွန့်ကျိုးဖြစ်တာပဲ၊ အထူးသဖြင့် မဟုတ်ဘဲ စွပ်စွဲခံရတာတွေ အဆိုးဆုံးပဲ၊ မိန်းကလေးတစ်ယောက် ချမ်းသာချင်လို့ အားကိုးရှာတာထက် ယောကျ်ားတစ်ယောက်က အမှီရှာတယ်ဆိုတာ သိပ်ကိုရှုံ့ဖို့ကောင်းတယ်"

"ကျွန်တော် အဲလိုယောကျ်ားမဟုတ်တာ မေမေသိပါတယ်"

"သိတာပေါ့၊ ဒါပေမယ့် တစ်ခါတစ်လေ ဦးနှောက်က သိပေမယ့် နှလုံးသားက အမှောင်ဖုံးတတ်တယ်၊ ယုဇနခင် က မုဆိုးမပေမယ့် လှတယ်၊ သားက သူ့ရဲ့အတွင်းရေးမှူး၊ သူ့ဌေးနဲ့ အတွင်းရေးမှူးလောက် နီးစပ်တာ ဘာရှိဦးမှာလဲ၊ လူကိုယုံချင်ရင်တောင် အခြေအနေအချိန်အခါကို ယုံလို့မရဘူး"

"နေရာသီ ကတော့ အမြဲတမ်း 'နေ'ပါ မေမေ၊ ဘယ်ရာသီကြောင့်မှ မပြောင်းလဲပါဘူး"

"မေမေ ဝမ်းသာတယ် သား၊ သားကို ပြန်မလာစေချင်သေးပေမယ့် ကွယ်ရာမှာနေတာကိုလည်း စိတ်ပူတယ်၊ မေမေ့ကို ဖုန်းခဏခဏ ဆက်နော် သား၊ မေမေ ဒီမှာ သေချာစုံစမ်းထားမယ်၊ သားကို လုပ်ကြံကြတာ ဘယ်သူတွေလဲဆိုတာ .."

မေမေနဲ့ ဖုန်းပြောပြီးပေမယ့် ရင်ထဲမှာ အဲဒီနေ့ကအဖြစ်တွေ ပြန်ပေါ်လာသဖြင့် ပို၍မွန်းကျပ်သွားခဲ့သည်။

"ဒီနေ့ နယ်ကတက်လာတဲ့လယ်ဂျာတွေ မင်း အပြီးလုပ်လိုက်နေရာသိ၊ နောက်နေ့ မင်းလည်း ပြန်မှာ၊ ငါလည်း ဘန်ကောက်သွားရဖို့ရှိတယ်၊ မန်နေဂျာက မနက်ဖြန်မှာ အလုပ်စဆင်းမှာဆိုတော့ သူ့ကို စုပုံနိုင်းလို့မဖြစ်ဘူး"

ကိုမိုးခြိမ်းက ဖိုင်တွေတစ်ထပ်ကြီးနှင့် သူ့ရှေ့ရောက်လာပြီး ပစ်ချထားသည်။ သူဌေး ဒေါ်ယုဇနခင် ၏ နေအိမ်မှာ သူ ကုမ္ပဏီကအပြန်အပ်စရာရှိတာတွေ ဝင်အပ်ပြီး ပြန်မလို့ဖြစ်သည်။

ညွှန်ခန်းစားပွဲပေါ်မှာ ဖိုင်တွေကိုငုံ့ကြည့်ပြီး သူ့မျက်နှာ ပြန်မော့



လာတော့ မိုးခြိမ်း က မျက်မှောင်ကုတ်ကြည့်နေကာ ...

"ဘာဖြစ်လို့လဲ၊ အဆင်မပြေဘူးလား"

"မဟုတ်ပါဘူး၊ မယု က ဘာမှပြောမထားလို့"

"ပြောရအောင် သူမှ နေမကောင်းတ . သူ့အလုပ်တွေ ငါပဲစီစဉ်နေရတာ နှစ်ရက်ရှိပြီ၊ မင်းကို ဘာမှထွက်ခိုင်းမှာ မဟုတ်ဘူး .."

"ဒါဆို ကျွန်တော်က အိမ်သယ်သွားရမှာပေါ့ .."

"ဟ .. ဒီမှာပဲလုပ်လေကွာ"

"ဗျာ .."

ဒီမှာ မယု နဲ့ အိမ်အကူအမျိုးသမီး နှစ်ယောက်ရယ် သုံးယောက်ပဲ နေတာဖြစ်သည်။ မိန်းမသားတွေချည်းရှိနေတဲ့အိမ်မှာ ညဉ့်နက် သန်းခေါင်ထိ ...၊

"ကုမ္ပဏီမှာ ဘယ်သူမှ ညဉ့်နက် အလုပ်လုပ်ခွင့်မရှိတဲ့ စည်းကမ်းထုတ်ထားတာ မင်းသိသားပဲ၊ ဒါပေမယ့် အိမ်ကိုလည်း ယူသွားလို့မရဘူး၊ မင်းကိုယ်တိုင် သေချာသိမ်းထားခဲ့၊ ဒါ အရေးကြီးတဲ့ နှစ်ချုပ်စာရင်းတွေ"

မိုးခြိမ်း က စိတ်မရှည်သည့်မျက်နှာကြီး ဖြစ်လာသဖြင့် သူ ဘာမှ ဆက်မပြောဘဲနေလိုက်သည်။ ထို့ပြင် အိမ်အကူတွေကိုခေါ်ပြီး တံခါးတွေ သေချာစစ်ထားပြီး မယု ကို ဂရုစိုက်ဖို့တွေမှာနေတော့ စိတ်တွေကို အလုပ်ထဲမှာပဲ နှစ်ထားလိုက်မိ၏။

ည ဆယ့်တစ်နာရီခွဲလောက်ကျမှ မယု က ဆံပင်တွေ မသေမသပ်၊ အပေါ်ထပ်အကျီလေးတစ်ထည် ဖြစ်သလိုကောက်ဝတ်လာသည့်ပုံနှင့် အပြင်ထွက်လာ၏။

"ဟင် .. မယု ဘာလိုချင်လို့လဲ၊ နော်ဖောတို့ အိပ်နေပြီလား"

ခပ်နွမ်းနွမ်းမျက်နှာလေးနှင့်မြင်လိုက်တော့ သူပျာပျာသလဲ ထရပ်ရင်း မေးလိုက်မိသည်။ ပြောရရင် မယု က သူ့ကိုကူညီခဲ့တာတွေ အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲဖြစ်သည်။

စာရင်းကိုင်အဆင့်နဲ့ အရင်ခန့်ထားပြီး တတ်ထားသင့်သော ဘာသာရပ်တွေအတွက် သင်တန်းတွေတက်နိုင်းခဲ့သည်။ ထိုအတွက် အချိန်တွေ မဆင်းရဲရအောင် မယု က ကူညီခဲ့တာဖြစ်၏။

အမေတစ်ခု သားတစ်ခုဘဝမို့ အမေ့ကို ပြုစုလုပ်ကျွေးချင်သည့် စိတ်နှင့် သူလည်းကြိုးစားခဲ့သည်။ မကြာခင် မယု ရဲ့အတွင်းရေးမှူး ဖြစ်လာခဲ့၏။

ဒေါ်ယုဇနခင် တို့က ပြည်ဇာတိပေမယ့် စီးပွားရေးလုပ်ငန်းကြီး တွေ ကို ရန်ကုန်မှာပဲ တိုးချဲ့ခဲ့သည်။ သူလည်း ပြည်နဲ့ရန်ကုန် မယုနဲ့ အတူသွား အတူလာနေခဲ့ရင်း ရန်ကုန်မှာနေတာ ပိုများခဲ့၏။

ထိုစဉ်ကလည်း နေသာချိန့် ကို မယု က သင်တန်းတွေထားပေး ပြီး အနားမှာခေါ်ထားဖို့ကြိုးစားနေတာလို့ ပတ်ဝန်းကျင်မှာ အတင်း အဖျင်းတွေ ဖြစ်ခဲ့သေးသည်။

ဒါတွေကို မယု က ဂရုမစိုက်ခဲ့ပေ ...၊

"ယောက်ျားလေးတွေ ရိုးရိုးသားသားနဲ့ ကြိုးစားနေရင် မယု သဘောကျတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မယု ရဲ့ မောင်လေးနှစ်ယောက် က အရမ်းဆိုးခဲ့လို့ပဲ၊ မိသားစုကိုလည်း မခင်ဘူး၊ မိဘကိုလည်း ဂရုစိုက် ရ ကောင်းမှန်းမသိဘူး၊ အငယ်လေးက ဆယ့်သုံးနှစ်သားမှာတည်းက ရေနစ်ပြီးဆုံးသွားတယ်၊ အကြီးကောင်ကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုပြီး ဘယ်မှာနေသလဲ၊ ဘာလုပ်နေသလဲတောင် မသိရပါ ဘူး၊ တစ်ခါတစ်လေ သူ့သတင်းတော့ကြားပါတယ်၊ အဆေးကြီးမှာလေ"

မယု က သူမတို့မိသားစုက သာမန် လက်လုပ်လက်စားမိသားစုပဲ ဖြစ်ကြောင်း ရိုးသားစွာပြောပြခဲ့သည်။ ဆင်းရဲတာ ဂုဏ်ငယ်စရာမဟုတ် ကြောင်းလည်း ပြောတတ်လေသည်။

"ယောက်ျားတစ်ယောက်က ချမ်းသာနေဖို့ထက် အမြဲတမ်း တက်



ကြွပြီး ကြိုးစားချင်စိတ်ရှိနေဖို့ပဲ လိုတာ .."

ဆိုတာလည်း သူမ ပြောခဲ့ဖူးတာပဲဖြစ်၏။

မယု နဲ့ သူ ဆက်ဆံတဲ့နေ့ရ ဲလည်း ရိုးသားစွာပဲမို့ ပတ်ဝန်းကျင် ကို တစ်ချက်တော့ သတိလစ်ခဲ့မိ၏။ ထိုညမှာ မယု ကလည်း သူရှိနေမှန်း သိလို့ တမင်ထွက်လာတာဖြစ်ကာ ...

"မယု နေကောင်းပါတယ်၊ မင်းကို တိုင်ပင်စရာရှိလို့ ဒီည မင်း ဒီမှာ အလုပ်လုပ်ဖြစ်အောင် မိုးခြိမ်း ကို တမင်ခိုင်းလိုက်တာ"

"ဟုတ်ကဲ့ .. ပြောပါ မယု .."

"မင်းက တို့နဲ့ ဘာမှ သွေးသားမတော်ပေမယ့် တို့ဘက်က ကိုယ့် မောင်လေးလိုချစ်ခဲ့တယ်၊ အားလည်းကိုးတယ်၊ အဲဒါကိုတော့ မင်း နားလည်ထားပါ .."

"ဟုတ်ကဲ့ သိပါတယ် .."

"ခုချိန်မှာ တို့က အထီးကျန်သင်းကွဲတစ်ယောက်ပဲ နေသာချိန်"

ထိုညက ပြောခဲ့သမျှ မယု ဘာကိုမှ အဆုံးမသတ်နိုင်ခဲ့ပေ။

"ရွှေပင်နားတော့ ရွှေကျေး ဆိုပေမယ့် သူ့ငွေးမရှိတော့တည်းက တို့ကို သိက္ခာအမျိုးမျိုးချပြီး လက်ရှိအခွင့်အရေးတွေ ဆုံးရှုံးကုန်အောင် ဝိုင်းဝန်းကြိုးစားနေကြတာ .."

"အဲဒါ ဘယ်သူတွေလဲ မယု၊ လောလောဆယ် ဒီစီးပွားရေးတွေ ကို မယုပဲ စီမံအုပ်ချုပ်နေတာမဟုတ်ဘူးလား၊ သူ့ငွေးကိုလည်း ကျွန်တော် တော့ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ဒီပတ်ဝန်းကျင်မှာဘယ်သူမှ .."

"မင်း မသိတာတွေရှိပါသေးတယ် နေရာသီ ရယ်၊ အခု မင်းကို တို့ စာချုပ်တစ်စောင် ပြစရာရှိတယ်၊ အဲဒါကိုဖတ်လိုက်ရင် မင်း နည်း နည်းရိပ်မိသွားမှာပါ၊ နားလည်တယ်ဆိုရင်တော့ တို့ကို မင်း ကူညီနိုင် မလား၊ မကူညီဘူးလားဆိုတာ ဆုံးဖြတ်နိုင်မယ်ထင်တယ်"

ရှုပ်ထွေးခက်ခဲခြင်းတွေနဲ့ ပြည့်နက်နေသည့် ယုဇနခင် မျက်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို ကရုဏာသက်ခဲ့မိသည်။ ဒီနောက်ကွယ်မှာ လုပ်ကြံမှုကြီးတစ်ခု တိတ်တဆိတ်စောင့်ကြို့နေမည်လို့လည်း မထင်ခဲ့တာ အမှန် …၊

ယုဇနခင် ဦးဆောင်လှမ်းဝင်သွားခဲ့တာက သူမ အိပ်ခန်းဖြစ်နေခဲ့ပျက် မီးခံသေတ္တာကလည်း သူမရဲ့အိပ်ရာဘေးမှာ ဖြစ်၏။

သူမ တက်ကြွစွာလှုပ်ရှားနေသည့်အဖြစ်ကြောင့် စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာတာကို ဖယ်ထားလိုက်ပြီး မီးခံသေတ္တာဖွင့်ပြီးတဲ့အထိစောင့်နေမိသည်။

ဒါပေမယ့် သူမနဲ့ ခပ်လှမ်းလှမ်းမှာ သူ ရပ်နေခဲ့တာဖြစ်၏။ ထိုအချိန်မှာ မီးတွေပျက်ကျမှောင်မိုက်မသွားခဲ့လျှင် …

"အို .. မီးက ဘာဖြစ်သွားတာလဲ၊ ဒုက္ခပါပဲ"

"မယု အဲဒီနားမှာပဲနေ၊ ကျွန်တော့်ဖုန်း .. ဟာ .."

"ပါမလာဘူးမို့လား"

"ဟုတ်တယ်၊ ဧည့်ခန်းမှာ ကျန်ခဲ့ပြီ"

"ငါ့အိပ်ရာဘေးမှာ ဓာတ်မီးရှိတယ်၊ နေဦး .. အား …"

"ဒုန်း .."

"မယု…"

ပိန်းပိတ်အောင်မှောင်ကျသွားသည့်အခန်းထဲမှာ မယု တစ်ခုခုဖြစ်ပြီကို သိလိုက်၏။ ထို့ကြောင့် အသံကြားသည့်နေရာ သူ တိုးကပ်သွားမိစဉ် …

"အ …"

"ဟင်!… မယု"

"နေ .. နေရာသိ .. ငါ .."

"မယု ဘာဖြစ်တာလဲ"

သူ့ရင်ခွင်ထဲကို မယု တစ်ကိုယ်လုံး ပြိုကျလာသည်။ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မိပြီး သူ အလန့်တကြား မေးမိ၏။ ထိုစဉ် …



"မမလေး .. မမလေး .. ဘာဖြစ်တာလဲ"

"မမယု .."

ခေါ်သံများ ဝရန်းသုန်းကား ပြေးလာသံများနှင့် ပတ်ဝန်းကျင်ကဆူညံသွားကာ မီးချောင်းတွေ ဝင်းခနဲပြန်လင်းလာ၏။

"ဟင် .. မင်း .."

"ဟိတ်ကောင် .."

ဟင်!…

ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှန်းမသိသေးခင် ညာဘက်နံကြားအောက်မှာ ဓားတန်းလန်းနှင့် မယု ခန္ဓာကိုယ်က သူ့ရင်ခွင်ထဲကနေ တအိအိလျှောကျ၏။

"ဟာ .. မဟုတ်ဘူး"

သူ နောက်ကို လန့်ဖျန့်ဆုတ်လိုက်မိလျှင် သူမကိုယ်လေး ကြမ်းပြင်ပေါ် ပစ်စလက်ခတ်ကျသွားလေသည်။

"မင်း .. မင်း ယုတ်မာလှချေလား နေရာသိ .. ဒီလောက်တောင်အကြံပက်စက်ရလား"

"ကိုမိုးခြိမ်း .. ခင်ဗျား .. ခင်ဗျား ကျွန်တော့်ကို မစွပ်စွဲနဲ့နော်"

"သူ့ကို မင်း သတ်လိုက်တာ .."

"မဟုတ်ဘူး"

"အောင်မယ်လေး .. မမလေး အသက်မရှိတော့ဘူး"

အိမ်အကူမိန်းကလေးတွေ ငိုသံကြောင့် ငုံ့ကြည့်လိုက်တော့ ယုဇနခင်ရဲ့မျက်လုံးတွေက ပွင့်လျက်သားအတိုင်း သူ့ဆီကို တန်းမတ်စွာ စူးစိုက်ကြည့်နေ၏။

ကျွတ် …၊

ထိုနေ့ညကအဖြစ်တွေကို သူ ပြန်မတွေးချင်ပေ၊ တွေးမိလိုက်တိုင်းထိုအဖြစ်တွေထဲမှာပဲ သူ အဖန်တလဲလဲ ရောက်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဖန်များစွာ ချောက်ချားနေခဲ့ရ၏။ သွေးသံတရဲရဲကြောင့်လား၊ ယုဇနခင် ရဲ့ နောက်ဆုံးရှူးစိုက်ငြိမ်သက်နေခဲ့သော မျက်လုံးတွေကြောင့် လား ...၊

ကျွတ် ...၊

မကြာခဏ စုတ်သတ်နေမိရင်း မျက်လုံးတွေကို မှိတ်ထားမိသည်။ ဆံပင်တွေထဲ လက်ထည့်ဖွနေမိတာလည်း ဘယ်နှစ်ခါမှန်းမသိတော့ပါ။

စွပ်စွဲခံခဲ့ရတာ ဘယ်လိုမှရှောင်ထွက်လို့မဖြစ်နိုင်လောက်အောင် လက်ပူးလက်ကြပ်ကြီးဖြစ်ခဲ့လျက် အမှန်တရားအားကိုးနှင့် သူ့ဘဝ ဝရမ်းပြေးလုံးလုံးဖြစ်ခဲ့၏။

ဒါပေမယ့် ဒီနေ့ထိ တရားခံပေါ်မယ့်အရိပ်အယောင် မမြင်သေးပါ လား ...။

ယုဇနခင် ဆိုသည့် မိန်းမကို သတ်သည်လို့ စွပ်စွဲခံခဲ့ရပြီး ထွက်ပြေး ခဲ့သည့် သူ့ခြေလှမ်းတွေက ဇနီးမယားကိုသတ်ဖို့ ကြိုးစားပြီး ထွက်ပြေး သွားသည့် ယောက်ျားအဖြစ် ရပ်တည်မိခဲ့ပြန်သည်။

ဒါကရော ဘယ်နေရာမှာ မှားပြီး ဘယ်နေရာမှာ မှန်ခဲ့သလဲ၊ ဒါမှ မဟုတ် ကံကြမ္မာပဥ္စလက်ကိုပဲ ရိုးမယ်ဖွဲ့ရမှာလား ...၊

ခုချိန်မှာ အမှားအမှန်ခွဲခြားနိုင်စွမ်းသည့်အင်အားတစ်ရပ်ကိုပဲ အလို ရှိမိတော့သည်။

သူ သက်ပြင်းရှည်ကြီးတစ်ချက်ချရင်း နေရာမှ ထရပ်လိုက်သည်။ ကန့်ပေါင်လမ်းအတိုင်း လျှောက်နေရင်း ခြေလှမ်းတွေက အိမ်ကို ဦး တည်ရန် လေးလံနေခဲ့၏။

ငါ မပြန်ချင်သေးဘူး၊

ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်၍ အနီးဆုံးမှာရှိသည့် ခုံတန်းလေးမှာ ထိုင်လိုက်မိပြန်သည်။ သို့သော် ထိုင်မိရုံပဲရှိသေးသည် လူငယ်တစ် ယောက် သူ့ဘေးနားရောက်လာကာ ...



"ဒါတော့ လွန်ပြီထင်တယ်ဗျာ"

"ဟင် .."

မော့ကြည့်လိုက်တော့ မသိသည့်မျက်နှာ ...၊

အသက်ကတော့ သူ့ထက်ငယ်မှာလ သိသာပေမယ့် အရပ်ကြီး ကလန်ကလားဖြစ်အောင် ရှည်နေ၏။ ပြီးတော့ သူ့ဘေးမှာလည်း မိန်း ကလေးတစ်ယောက်နှင့် ..

"ဘာလဲ .. ကိုယ့်ကိုလား"

"ဟုတ်တယ်၊ ခင်ဗျား ခုနကလည်း ဒီခုံကို ရအောင်ဦးသွားတယ်"

"မဟုတ်တာ .."

"ဘာလို့မဟုတ်ရမှာလဲ၊ ကုတ်အင်္ကျီတစ်ထည် ချွတ်ပစ်လိုက်တာ နဲ့ မျက်နှာကို မမှတ်မိလောက်အောင် ပြောင်းလဲမသွားဘူး၊ ခင်ဗျားဗျာ စုံတွဲတွေကြားထဲ ဝင်တိုးပြီး နေရာလုရတယ်လို့"

"ဟော့ .. မင်းပြောတာ .."

"ခင်ဗျားကိုပြောတာပဲ၊ ခုနလေးတင် ဒီခုံကို ခင်ဗျားနဲ့ ကျွန်တော် တို့ မျက်နှာချင်းဆိုင် ဦးတည်လာကြတယ်၊ ခင်ဗျား သိသိနဲ့ ဝင်ထိုင်ပစ် လိုက်တယ်"

"ဘာကို သိသိနဲ့လဲကွ"

"ကျွန်တော်တို့ ထိုင်ကြမှာကိုပေါ့"

"သြော် .. ငါဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် ထိုင်စရာမြင်လို့ ထိုင်တာ ဘယ်မှာဖြစ်ဖြစ်ပေါ့၊ မင်းတို့ ထိုင်မှာဆိုရင်လည်း ထိုင်မှမထိုင်ရသေးတာ ကွာ .."

လူငယ်က စိတ်ဆတ်ပုံပေါ်ကာ ကောင်မလေးကတော့ ဆက်မပြော တော့ဖို့ တို့ဆိတ်ပြီး သတိပေးနေ၏။ ကိုယ်ကလည်း သူပြောတဲ့လူ ဘယ်သူမှန်းတောင်မသိပါ။

ဒါပေမယ့် သဘာဝကျကျမပြောတာကိုတော့ တည့်မတ်ပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုသည်ထင်၏။

"ကဲပါ တိုးတိုးရယ် လာပါ၊ တခြားမှာ သွားထိုင်မှာပေါ့"

"မဟုတ်ဘူးဟ၊ မခံချင်စရာကြီး၊ ခုနကလည်း ဒီတိုင်းဝင်ထိုင်သွားတယ်၊ ခုလည်း ခုံအားနေပြီဆိုပြီး ဆိုင်ကကမန်းကတန်းထလာခဲ့တာ၊ ဒီနားရောက်မှ ..."

"နေ့လယ်ခင်းကြီး ခုံတွေအားနေတာပဲကွာ၊ စိတ်လေးနည်းနည်းလျှော့ပြီး ရွှေ့လိုက်ပါ .."

"တောက် ..."

ချာတိတ်က တက်ခေါက်သွားသည်။ သူ ပြုံးလိုက်၏။ ပြီးတော့ ဒီလောက်တောင် တိုက်ဆိုင်နေတာလားလို့ တွေးရင် ခုံမှာမှီ၍ ဟွန့်ခနဲ ရယ်လိုက်မိ၏။

ကိုယ်က ခုပဲဝင်ထိုင်မိတာပါ။ အစတည်းက သစ်ပင်ရိပ် မြက်ခင်းစိမ်းစိမ်းပေါ်က ထမလာဘဲ နေခဲ့မိရင် ကောင်းသားလို့ပါ တွေးမိပြန်သည်။

ဘာဖြစ်လို့ ကိုယ်ချည်းပဲ နှစ်ခါဝင်လုတယ်လို့ ပြောရတာလဲ၊ ဒီမျက်နှာနဲ့ ဒီလောက်တောင် တူနေတယ်ဆိုရင် ...၊

ဟာ!...၊

ဖျတ်ခနဲအတွေးဝင်လာကာ မှီနေသည့်ကိုယ်က မတ်ခနဲဖြစ်၏။

ရန်ဘက်ချင်း ဒီပတ်ဝန်းကျင်မှာ ရှိနေတာလား ...၊



အခန်း (၁၅)

"ရပါတယ်ကွာ၊ မင်းကလည်း ပြောရမယ့်လူတွေမှမဟုတ်တာ၊ ငါ အလုပ်မပြုတ်အောင် မင်း ကူညီခဲ့တာ ငါ့မိသားစုဘဝကို ကယ်လိုက်တာပဲကွ၊ မင်းအတွက် ဒီလောက်လေးကူညီရတာ ပြောစရာမလိုပါဘူး .."

ဦးရဲကျော် က လှိုက်လှဲမှုအပြည့်နှင့် ပိုက်ဆံထုပ်ကို သူ့လက်ထဲ ထည့်သည်။

"စိတ်ချ နေရာသိ၊ မင်းအမေဆီကိုလည်း ငါ ငွေပို့ပေးလိုက် မယ်၊ မင်း အဆင်ပြေမှဆပ်ပါ၊ ဘာမှမပူနဲ့ .."

"ခုလိုအချိန်မှာကူညီတာ ကျေးဇူးအရမ်းတင်ပါတယ် ဦးကျော်ရယ်၊ ကျွန်တော် ပိုက်ဆံထုတ်ဖို့ အခက်အခဲဖြစ်နေလို့ပါ"

"ငါသိပါတယ်ကွ၊ မင်း ခြေလှမ်းမှားလိုက်တာနဲ့ ဟိုကောင်တွေ အမိဖမ်းဖို့ ကြိုးစားကြတော့မှာ၊ မိုးခြိမ်း ရဲ့ညာလက်ရုံးဆိုတဲ့ တစ်ယောက် ငါ့ဆီ ရောက်လာသေးတယ်၊ မင်းအကြောင်း ကြားပြီးပြီလား၊ တွေ့သေးလား ဘာညာနဲ့ လာအစ်နေတာ"

ဦးရဲကျော် ကလည်း သူ့ရဲ့စားသောက်ကုန်ကုမ္ပဏီမှာ အဝယ်တော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။ ကုမ္ပဏီမတူပေမယ့် အပြင်မှာ ခင်မင်ရင်းနှီးခဲ့ကြပြီး ဦးရဲကျော် ငွေတွေအလိမ်ခံရသည့်ကိစ္စမှာ နေရာသီ က ကိုယ့်အလုပ်ကိုပစ်ထားပြီး ဦးရဲကျော် အတွက် ကူညီလုံးပမ်းပေးခဲ့သည်။

တရားခံမပေါ်ပေမယ့် နေရာသီ ကျေးဇူးကြောင့် ဦးရဲကျော် တရားခံအဖြစ်က လွတ်မြောက်ခဲ့၏။ နောက်ပိုင်းမှာ သိပ်မတွေ့ ဖြစ်တော့ ဘဲ ဦးရဲကျော် ကတော့ ကျေးဇူးရှင်အဖြစ် သတ်မှတ်သွားခဲ့၏။

"မင်းကိစ္စတွေ ငါ အားလုံးကြားတယ် နေရာသီ၊ မင်းအလှည့်ကျတော့ ငါ မကူညီနိုင်တာ စိတ်မကောင်းပါဘူးကွာ .."

"ဦးကျော် ကူညီလို့လည်း မရပါဘူး၊ ကျွန်တော်တို့က .."

"ငါ့တူရ အဲဒါ မင်းညံ့တာမဟုတ်ဘူး၊ လွှဲချရမယ်ဆိုရင်တော့ ကံပေါ့ကွာ၊ ယောက်ျားလေးတွေ အချုပ်အနှောင် ရဲမှု ရုံးမှုတွေ ရင်ဆိုင်ရပြီဆိုရင် အဲဒါ ကံနိမ့်လာလို့ပဲ၊ ကိုယ့်ကို လုပ်ကြံဖို့ မှောင်ရိပ်ထဲက ချောင်းနေတဲ့လူကို သေနတ်ကိုင်ထားသလား၊ ဓားကိုင်ထားသလား ဘယ်လိုလုပ်သိနိုင်မလဲ"

"ဒါပေမယ့် တမင်လုပ်ကြံမှန်းသိလျက်နဲ့ ကိုယ်က တရားခံဖြေဖြစ်နေရတာတော့ ခံပြင်းဖို့ကောင်းတယ်ဗျာ"

"ရာသီဥတုဆိုတာတောင် ပူတစ်လှည့် အေးတစ်လှည့် ရှိနေတာပဲ ဗိုလ်လုံတစ်လှည့် ငါးပျံတစ်လှည့်ပေါ့ကွ၊ သူတို့လည်း မပိုင်လို့သာ ခုချိန်ထိ ဒီလောက်ငြိမ်နေတာပါ၊ မင်းသာ တကယ့်တရားခံဆိုရင် ရာဇဝတ်ဘေး ပြေးမလွတ်ဘူးတဲ့၊ မင်း ခုလို ပုန်းမနေနိုင်ပါဘူး"

ဦးရဲကျော် က သူ့ပခုံးကို အားပေးသလိုဆုပ်ကိုင်၍ ကားနားရောက်လာတော့ မျက်နှာချင်းဆိုင်ရပ်နေလိုက်ရင်း ...

"မင်းအမေမျိုးကလည်း ရှာမှရှားတဲ့ အမေပါ၊ မင်းကို သူ ထိခိုက်မခံပါဘူး၊ ဘာမှမပူနဲ့ နေရာသီ၊ မင်း ဒီမှာခိုလှုံနေသမျှ ဘာပဲလိုလို ငါ့ဆီ



ဘာလာခဲ့၊ မလာနိုင်ရင် ဖုန်းဆက်လိုက်ကွာ၊ ငါ့ဘက်က အဆင်သင့်ပဲ"

ဦးရဲကျော် ဘယ်လိုပဲပျူငှာပါစေ ကိုယ့်ဘက်ကတော့ အားနာနေပြီဖြစ်သည်။ ဒါပေမယ့် ကားပြင်ထားရသည့် စရိတ်အတွက်က ငွေလိုသည်။

ကားမောင်းတတ်ထားသင့်သည်လို့ထင်ပြီး ဒီလိုလုပ်ခဲ့တာပေမယ့် အနှစ် တို့ အိမ်မှာ နေထိုင်ဖို့ အဆင်ပြေအောင်လုပ်သလိုဖြစ်ခဲ့ရတာမို့ နောင်တရမိ၏။

တကယ်ဆို ဒါက ကိုယ့်နေရာမှမဟုတ်ဘဲ ..၊

သူများနေရာမှာ ခဏတစ်ဖြုတ်နေထိုင်ပြီး သာယာနေလို့မဖြစ်ပါ။ နောက်ချင်း က သူဌေးသားပေမယ့် ကိုယ်က သူများကုမ္ပဏီက ဝန်ထမ်းတစ်ယောက် ..။

ဒီနေရာက သူ ရုန်းထွက်ဖို့ပြင်ရမည်။

"ဟော !.. ဟိုမှာ .. ဟိုမှာ နေရာသီ"

စကားသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့ ကား တစ်စီးပေါ်မှာ မိုးခြိမ်း ရဲ့လူတွေ ..၊

သူ ကားတစ်စီးနဲ့ ဖျတ်ခနဲကွယ်လိုက်ကာ နောက်ကလာသည့် လိုင်းကားကြီးပေါ် ပြေးတက်လိုက်၏။ မှတ်တိုင်မဟုတ်ဘဲ ပြေးတက်လိုက်သဖြင့် ကားကျပ်လို့ တအိအိသွားနေသည့်ကားပေါ်က စပယ်ယာက မျက်လုံးပြူးနှင့်ကြည့်၏။ ပြီးတော့ အပြင်ကို ခေါင်းငုံ့ကြည့်၍ ...

"ကြည့်ကျက်လုပ်ပါ အစ်ကိုရေ၊ မီးပွိုင့်နားမှာမိသွားရင် ကားသမားတွေပါ မချောင်ဘူးနော်"

"ဆောရီး"

လူတွေကြားထဲတိုးဝင်လိုက်ရင်း ပိုက်ဆံထုတ်ပေးလိုက်သည်။ မိုးခြိမ်းရဲ့လူတွေ ကားပြန်လှည့်လာနိုင်ပေမယ့် ဒီနေရာကိုရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတွေ့တော့ပေ။

"တောက် .. နည်းနည်းလေးကပ်လွဲသွားတာကွာ"

"ဘယ်ကလာ နည်းနည်းလေးကမှာလဲ၊ ကားတစ်ပတ်ကြီး ပြန်ပတ်နေရတာ နည်းတဲ့အချိန်လား၊ ဆင်းနေခဲ့ပြီး သွားဆွဲထားပါဆိုတော့ မင်းတို့ မဆင်းကြဘဲနဲ့"

"ဆင်းရအောင် မီးပွိုင့်ကြီးနားမှာ မင်းပထွေးတွေ လာဖမ်းမှာပေါ့ကွ"

သုံးယောက်စလုံး ခေါ်ပွရင်း ကားဆီပြန်လှည့်လျှောက်ခဲ့ကြ၏။ ထိုစဉ် ...၊

"ဟာ .. ဟိုမှာ ဟိုကားပေါ်မှာ .."

"ဘယ်မှာလဲ .."

"ဟိုမှာ .. အလယ်ကြောတန်းမှာ မာ့ခ်တူးနဲ့ .."

"ဟာ-ကြည့်စမ်း .."

"ငါတို့ကားအောက်ဆင်းလာတော့ .. သူက ကားပေါ်မှာ .."

"လုပ်မနေနဲ့ သွားဆွဲမယ် .."

"သွားဆွဲပြီး မင်းက သူ့ကားကြီးကို ပခုံးပေါ်ကောက်ထမ်းလာမလို့လား .."

"လာစမ်းပါကွာ .. ကားနဲ့လိုက်မယ် ခုမှ ဘက်ညီသွားတာ .."

ဟိုလူတွေ ဘာလဲ ...၊

ကိုယ့်ကို လက်ညှိုးထိုးပြီး ဝရုန်းသုန်းကားဖြစ်သွားကြတာ သေချာမြင်လိုက်ကာ ရန်ဘက်ချင်း ထိုင်ရာကနေ ကိုယ်တစ်ပတ်လည်အောင် လိုက်ကြည့်သည်။

ကားတွေ ကွယ်သွားတော့ မမြင်ရတော့သဖြင့် ခေါင်းက မြွေပေါက် ပါးပျဉ်းထိုးယိမ်းထိုးနေအောင် ရှာဖွေလျက် ...၊

ဟာင် ...၊



ဟိုလူတွေကားနဲ့ လိုက်လာကြပြီး ငါနဲ့လည်း မသိပါလား ...။

မဟုတ်မှလွဲရော ဒီလူတွေ အရပ်ဝတ်နဲ့ ထောက်လှမ်းနေကြတဲ့ ခွဲတွေလား ...၊

ရင်ထဲမှာ ဒိန်းခနဲတက်ဆောင့်သွားတာ နားထင်ပါးရင်းတွေပါ ရှသွားသည်။

"ဒီမှာ .. ဟော့လူ ကားကိုမြန်မြန်မောင်းစမ်းပါ .."

ဘေးလူတွေကြည့်လျှင် ကိုယ်ပိုင်ကားလို့ထင်မှာပေမယ့် သူ တစ်နေ့လုံး ငှားထားသည့် ကားပါ။ ဒါကြောင့် ဒရိုင်ဘာကိုလည်း သိပ်မရင်းနှီးသေ ...။

"ဒီမှာ .. ကိုထက်ဝေ မြန်မြန်မောင်းစမ်းပါ .."

ဘေးလူတွေကြည့်လျှင် ကိုယ်ပိုင်ကားလို့ ထင်မှာပေမယ့် သူ တစ်နေ့လုံး ငှားထားသည့်ကားပါ။ ဒါကြောင့် ဒရိုင်ဘာကိုလည်း သိပ်မရင်းနှီးသေ ...။

"ဒီမှာ ကိုထက်ဝေ မြန်မြန်မောင်စမ်းပါ .."

"မြန်လို့မရဘူး ငါ့ညီရ .. မီးပွိုင့်စိမ်းမှ ထွက်လို့ရမှာ၊ တစ်ခါတလေ ဒီပွိုင့်မှာ နှစ်ခါသုံးခါတောင် မိတတ်တယ် .."

"ဟာဗျာ .."

ပြေးလွှားနေရလွန်းတော့ ကြောက်တတ်သည့်အကျင့်ကြီးက စွဲနေပြီဖြစ်သည်။ ခုချိန်မှာက ပိုဆိုးသည်။ ရဲကိုကြောက်နေရသလို စက္ကူ တို့ သူ့စုပြသနာရှာနိုင်တာကိုလည်း တွေးကြောက်နေရ၏။

ကားက တရွေ့ရွေ့တိုးသွားနေရာကနေ လုံးဝရပ်နေရခြင်းသို့ရောက်သွင် ...။

"ဟော့ ..."

ကားဘေးကို နှုတ်ခမ်းမွေးကားကားနှင့် အရပ်မြင့်လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကာ ..၊

"ဟော့ကောင် .. မှန်ချလိုက်စမ်း .."

စကားသံသဲ့သဲ့လောက်သာ ကြားရပေမယ့် သူ့နှုတ်ခမ်းလှုပ်နေတာကို နားလည်နေကာ ..၊

"ကိုထက် .. ခင်ဗျား တံခါးမဖွင့်လိုက်နဲ့နော် .."

"မဖွင့်ပါဘူး .. ဒါပေမယ့် ကျွန်တော့်မှန်ကို ရိုက်ခွဲသွားရင်တော့ ခင်ဗျားလျော်ပေးရမှာနော် .."

"လျော်ပေးမယ် .. လုံးဝမဖွင့်နဲ့ .."

"တောက် .."

မှန်နားမှာ မျက်နှာကပ်၍ တက်ခေါက်ရုံမကဘဲ တံခါးကိုပါ ထုသွားသေးသည်။ ဘေးမှာကပ်နေသည့် ကားတွေကလည်း လှမ်းကြည့်နေကြသဖြင့် ရန်ဘက်ချင်း မျက်နှာဘယ်လွှဲထားရမှန်းမသိ ..။

"ဟော .. မီးစိမ်းသွားပြီ .. ထွက် .. ထွက် .."

"ရှေ့ကားတွေ ထွက်မှ ထွက်လို့ရမှာပေါ့ .. ဆန္ဒမစောပါနဲ့ .."

ကားသမားက တမင်ခနဲ့နေသည့်အသံနှင့် တစ်ချက်လေးမှ လှုပ်လှုပ်ရှားရှားမရှိ ..။

ဟိုလူ သူ့ကားဆီပြန်လျှောက်သွားပြီး ကားထဲဝင်တော့ လိုက်ကြည့်မိ၏။ ဒီကနေ ခြောက်စီးမြောက်မှာပဲဖြစ်သည်။

ဒါဆို မဆိုးသေး ..၊

"ကိုထက် .."

"ဟင် ..."

"နောက်ကကားကို လွတ်အောင်မောင်းပေးဗျာ .. ဒီနေ့အတွက် နှစ်ဆပေးမယ် .."

"မပေးရပါဘူးဗျာ .. မောင်းပေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီကားလ



ရဲ့ ကားအခြေအနေကို ခင်ဗျားမြင်သားပဲ၊ တစ်နာရီ မောင်းရမယ့်လမ်းကို သုံးနာရီလောက်မောင်းနေရတာ၊ တံတားတွေရှိလို့ ဖြတ်ထွက်မယ်ဖြတ်ဝင်မယ်လို့လည်း စိတ်မကူးနဲ့ တံတားပေါ်ကဆင်းရင် တန်းစီးရတာပဲ၊ ပိုတောင်ဆိုးသေးတယ်၊ ဘာမှမထူးဘူး .."

"ခင်ဗျားပြောပုံအရဆို ကိုယ့်ဘာသာ ဆင်းပြေးရမယ့်ပုံပဲ .."

"ပြေးရအောင် ခင်ဗျားက ဘာတွေလုပ်ထားလို့လဲ .."

"ကျွတ် ..."

"စပ်စုတာမဟုတ်ပါဘူး၊ ခင်ဗျားနဲ့အတူ ပြေးလွှားရမှန်းကန်ဖို့ ဖိလင်လေးထည့်လို့ရအောင်ပေါ့ .."

စိတ်ကတော့ မရှည်တော့ပေ ..။ ဒါပေမယ့် ကြောက်နေရတာက ကိုယ့်တစ်ယောက်တည်းပြေးနိုင်နေလို့လည်း မဖြစ်သည့်အခြေအနေမို့ ..။

"ကျွန်တော့်အပေါင်းအသင်းတွေကောင်းမှုကြောင့် ရဲနဲ့ငြိထားတာရှိတယ်ဗျ .."

"သြော် .."

"အဲဒါ ခုန ရဲတွေဖြစ်မယ် .. ရုပ်ဖျက်ပြီး .."

"မဟုတ်နိုင်ပါဘူးကွာ .. ရဲက နှုတ်ခမ်းမွေး ဒီလောက်ထူထူကားကားကြီး မထားရပါဘူး၊ ပြီးတော့ ဆံပင်ဘုတ်သိုက်ကြီးနဲ့ .."

"ရုပ်ဖျက်မယ်ဆိုရင်တော့ တမင်တပ်လာတာလည်း ဖြစ်နိုင်တာပဲ .."

"ဘာပဲဖြစ်ဖြစ် ကိုယ့်မှာ အမှန်တရားရှိရင် သိပ်ကြောက်ဖို့မလိုပါဘူးကွာ .."

"ကြောက်ရတာပဲ .."

အမှန်တရားက ကိုယ့်ဘက်မှာမှ မဟုတ်ဘဲ ..၊

ကားနှစ်စီးရဲ့ အကွာအဝေးက မျက်ခြည်ပြတ်ဖို့လွယ်ပါ့မလားလို့တွေးရင်း ခေါင်းချွေးတွေပါပျံလာ၏။ ဒီကောင်တွေ ဘယ်သူတွေမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိပေမယ့် ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ရဲ့ကြွေးရှင်ဖြစ်နိုင်တာမို့ ပြေးရမှာက ကိုယ့်အလုပ်ဖြစ်နေ၏။

ထိုစဉ် အခြေအနေပေးလာတုန်း သူ မှန်ချလိုက်ပြီး တစ်ဖက်ကတက္ကစီကို အချက်ပြလိုက်၏။ ပြီးတော့မှ ဒရိုင်ဘာဘက်ကိုလှည့်၍..၊

"နောက်ကားကွယ်နေတုန်း ကျွန်တော် ဟိုဘက်ကူးလိုက်တော့မယ်၊ ခင်ဗျား ဒီတိုင်းဆက်လိမ့်လိုက်တော့၊ သူတို့မီလာရင်လည်း ကားငှားစီးတာလို့ပဲ ပြောလိုက်ဗျာ .. တခြား ဘာမှမပြောနဲ့နော် .."

"ကျွန်တော်လည်း ဘာမှမသိပါဘူး .. ကားခကရော .."

"ပြီးရင် ဖုန်းဆက်မယ်ဗျာ .. စီးနေကျကို ခင်ဗျားကတစ်မျိုး.."

သူ ကားပြောင်းလိုက်တာ နောက်ကလူတွေမသိလိုက်ပေ ..။ ဒရိုင်ဘာကိုထက် ကလည်း အတည့်ကြော်ယူထားပြီးမှ ကွေ့ကြောဘက်ကို ဖျက်ခနဲ ယူကွေ့ပစ်လိုက်သဖြင့် သူတို့တွေ မျက်စိလည်သွား၏။

"ကားပါ ပျောက်သွားပြီ .."

"အေးလေ .. မင်းပြောတော့ ဒီနှန်းလောက်တော့ အေးဆေးပါဆို"

"ကားက ခြောက်စီးကနေ ခုနစ်စီးရှစ်စီးလောက် ထပ်ကွာသွားတာကိုးကွ .. ဝမ်းပွိုင့်သရီးခေါင်းတိုလေးတွေက အတင်းဖြတ်ဝင်၊ အတင်းခေါင်းထိုးနဲ့ ဖွတ်လုတတ်လို့မှမရတာ .."

"မင်းပဲပြောတော့ .."

"တောက် .. ငါတို့တော့ ပြည်ကို အကောင်းတိုင်းပြန်ရပ့်မလားပဲ .."

လူသုံးယောက်တည်းနှင့် မနားတမ်းပြောနေကြကာ မျက်လုံးကတော့ ရှာဖွေနေဆဲရှိလျက် ..၊

"ရန်ကုန်ကို ဆရာခြိမ်း တောင် သေချာလမ်းသိတာမဟုတ်ဘူး၊ ငါတို့ ကားမောင်းမကျွမ်းတာ သိပ်တော့အပြစ်မရှိပါဘူး .."

"ဟိတ်ကောင် .. အဲ့ဒီစကား ဆရာခြိမ်း ကြားသွားရင် ရော့ခ်အကြီးကြီးနော် .."

"သူကိုယ်တိုင်လည်း ပြောဖူးတာပဲကွာ .. ရန်ကုန်ကို သူဌေးကခိုင်းမှ သူလာရတဲ့ဥစ္စာ၊ တကယ်ဆို နေရာသီ ကမှ ရန်ကုန်ဂျပိုးဖြစ်နေမယ့်ကောင် .."

"ဟုတ်တယ် .."

"ရန်ကုန်မှာ ရုံးခွဲဖွင့်လိုက်တည်းက ဒီကောင်ချည်းပဲ ရန်ကုန်မှာ.."

"အဲဒါကြောင့်လည်း သောက်မြင်ကပ်ပုဒ်မကပိုကြီးသွားတာပေါ့၊ သူဌေးကလည်း သူဌေးပဲ ကိုယ် အမြဲခိုင်းနေရတဲ့လူကို သေးချိတ်ပြီး နောက်မှပေါက်တဲ့ရွှေကြာပင်ကို .."

"နောက်မှပေါက်ပေမယ့် နေရာသီ က တော်တယ်ကွ ..၊ ပြီးတော့ စီးပွားရေးနဲ့ ကျောင်းပြီးထားတာ၊ ဆရာခြိမ်း က ဆယ်တန်းတောင်မအောင်ဘူး၊ လူချစ်လူခင်များတာကျတော့လည်း .."

"တော် .. တော် .. ဒါတွေပြောရင် ဒေါ်တွေငါတယ်၊ ငါတို့ပါ စက်ကွင်းမလွတ်ဖြစ်မယ်နော် .. ဟိုကားပြန်တွေ့ဖို့ပဲ အာရုံစိုက်ကြ .."

သူတို့ အာရုံစိုက်ကြသည့်အချိန်မှာ ရန်ဘက်ချင်း ကတော့ ကိုယ့်ရန်သူတွေထင်ပြီး ပြေးနေဆဲ ..။

ရဲမြင့်တိုင်း ခန့်ရသည့်ရင်ဘတ်ကို တက်ခေါက်မိကာ နောက်ဆိုအသွားအလာဆင်ခြင်ဖို့ပါတွေးဖြစ်လာခဲ့သည်။

ဦးနိုင် က သူ့ တာဝန်ယူသည်ပြောပေမယ့် ဒီနေ့ထိ ကြည့်ရှုထောက်ပံ့မှု ဘာတစ်ခုမှ မရှိခဲ့ပေ ..။ စတ္တ တို့ လူစု ငွေညှစ်နေတာတွေကို မခံချင်ပေမယ့် သူတို့ဆီက ကိုယ်လိုချင်တာတော့ ရနေခဲ့သည်။

ငွေပြတ်တော့မည်ဆို သူတို့ဆက်သွယ်ပေးတဲ့အလုပ်လေး လုပ်ပေးလိုက်ရုံ ..။

ခုချိန်မှာ မျောက်သစ်ကိုင်းလွတ်ဖြစ်နေတဲ့ သူ့ဘဝအတွက် ဘာ

www.burmeseclassic.com



အရေးကြီးဆုံးလဲ ..။

တက္ကစီပေါ်က မဆင်းရဲသေးဘဲ အတွေးတွေချာချာလည်နေတာ ဦးမြင့်မောင် တို့ သားအဖတွေဆီရောက်သွားတော့ သူ့မျက်နှာက အလိုလို တင်းမာသွားခဲ့၏။

မျက်မှန်ကြီးတဝင်းဝင်းနဲ့ ပြုံးနေတဲ့မျက်နှာကြီးက လူတိုင်းက တော့ သဘောထားပြည့်ဝသူလို့ သတ်မှတ်နေကြသည်။ သူ့အတွက်က တော့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးသရုပ်ပဲဖြစ်၏။

"ပိုက်ဆံက ခြေလေးချောင်းရှိတယ် သားရဲ့၊ အန်ကယ်လ်တို့က ခြေနှစ်ချောင်းပဲရှိတာ၊ တသောသောဝင်လာတတ်သလို ထွက်ကုန်ပြီဆို ရင်လည်း ခြေလေးချောင်းအားနဲ့ ပြေးသလို မြန်တယ် အသုံးကိုအဖြုန်း ကို ခွဲခြားသိပါ၊ အန်ကယ်လ်က ဆရာလုပ်တာမဟုတ်ပါဘူး၊ သားသမီး လို သဘောထားပြီး ဆုံးမတာပါ .." တဲ့ ..။

မာမီတို့တောင် ဒီလိုစကားကြီးစကားကျယ်တွေပြောခဲ့လို့လား ..၊ မာမီကဆူရင်တောင် ဒက်ဒီက အပြုံးမပျက်ခဲ့ပေ ..။

"ငါတို့မှာ ဒီသားလေးပဲ သုံးဖြုန်းမယ့်သူရှိတော့တယ်၊ သုံးပါစေ" လို့တောင် ပြောခဲ့သေးသည်။

"မိဘတွေအလိုလိုက်ခဲ့တာကို ရှင် တမ်းတမနေပါနဲ့၊ ကုဋေရှစ် ဆယ်သူဌေးသား ဘယ်လိုဖြစ်သွားသလဲ .. အဲဒါ မိဘက မချစ်လို့ ဖျက်ဆီး ခဲ့တာမဟုတ်ဘဲ၊ ခုလည်း ရှင့်ကို ပြောဆိုမနိုင်လွန်းလို့ မြန်မာပြည်မှာ ထားခဲ့ရပြီလေ .. ဒါတွေအားလုံးက ရှင် မလိမ္မာလို့ဖြစ်ရတာတွေပဲ .." တဲ့ ..။

ဇနီးအလိမ္မာကလည်း ဖအေနဲ့ တစ်လေသံတည်း ..။

"ကျွန်တော့်ကုမ္ပဏီနဲ့ စက်ရုံတွေကို ကျွန်တော် ယုံကြည်ရတဲ့ လူတွေနဲ့ပဲ ဦးစီးတော့မယ် .." လို့ သူ တောင်းဆိုခဲ့ဖူးသည်။ သို့သော်..၊



သားအဖ သုံးယောက်စလုံးက ခေါင်းတခါခါနှင့် ..၊

"မဖြစ်ဘူး .."

လို့ လင်မယားနှစ်ယောက် သံပြိုင်ငြင်းကာ အနှစ် ကတော့ မဲ့ရွဲ့ ပြီး ထွက်သွား၏။ ထိုနေ့က ပြောဆိုကြတာတွေ သူတို့မျက်နှာဖြစ်ပျက် သွားပုံကို ဒီနေ့ထိ မျက်လုံးထဲက မဖျောက်နိုင် ..။

"ယုံကြည်ရမယ့်လူတွေဆိုတာ မင်းကိုယ်တိုင်ထက် ပိုမကောင်း နိုင်ဘူး သား ..၊ အဲ့ဒီတော့ လုပ်ငန်းတွေကို နားလည်အောင် အရင်ကြိုး စားပါဦး .. ဒါတွေက သားဘဝတစ်လျှောက်လုံး နီးစပ်လာခဲ့တာတွေ ချည်းပဲ၊ အာရုံစိုက်လေ့လာလိုက်တာနဲ့ ကျွမ်းကျင်သွားမှာပါ .."

"ဟုတ်တယ် သား .. အန်တီတို့က သားမိဘတွေရဲ့ ယုံကြည်မှု ကို တစ်လွဲအမြင်မခံနိုင်ဘူး၊ သူတို့က ဒီလုပ်ငန်းတွေနဲ့ သားကို တစ် ထပ်တည်းကျသွားစေချင်တာ၊ အန်တီတို့ကလည်း ဒါတွေကို တစိမ်း လူ့လက်ထဲက တစ်ဆင့် သားဆီကို မပို့ချင်ဘူး၊ သား ကျွမ်းကျင်နိုင်နင်း လာတာမြင်မှ စိတ်ချလက်ချအပ်ချင်တယ်၊ သားမိဘတွေကိုပါ စိတ်ချမ်း သာစေချင်တယ်၊ အန်တီတို့ စေတနာကို နားလည်ပါကွယ် .."

"နားလည်တယ်ဆိုတာ ဘာကိုပြောတာလဲ အန်တီ၊ ကျွန်တော့် လုပ်ငန်းတွေက ကျွန်တော်ပိုင်တဲ့အမွေတွေမဟုတ်ဘူးလား .. အိမ်ထောင် ခွဲပြီဆိုရင် ကျွန်တော်က ဦးစီးခေါင်းဆောင်ပဲ .."

"သားကို အိမ်ခွဲမပေးပါနဲ့လို့ သားရှေ့မှာပဲ ခင်နှောင်း ကိုယ်တိုင် မှာသွားခဲ့တာလေ၊ သား အသက်နှစ်ဆယ့်ခြောက်နှစ်ပြည့်မှ ဒါတွေကို သူတို့ကိုယ်တိုင် လာလွှဲပေးကြမှာ .."

"ဒါဖြင့် အခု ကျွန်တော် ဘာမှ သုံးစားခွင့်မရှိဘူးပေါ့ .."

"ဒီလိုမဟုတ်ဘူး သား .. ဘဏ်မှာလည်း လစဉ် .."

"တစ်လကို ဒီလောက်ပဲသုံးရမယ်လို့ ကျွန်တော့်ကို မာမီတို့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ခါမှ ကန့်သတ်မပေးဖူးဘူး ..”

“အခု အန်ကယ်လ်တို့ကို ကန့်သတ်ထားပေးဖို့ ပြောသွားတယ် သား .. အားလုံးက နောင်ရေးစိတ်အေးရဖို့ပဲ ..”

မျက်မှန်ကို ‘မ’ လိုက် ‘ချ’ လိုက်နှင့် သဘောကောင်းမနောကောင်းကြီးလို ဂိုက်ဖမ်းနေတတ်သည့် ဦးမြင့်မောင် ကို သူ မုန်းသည်။

‘သား’ လို့ ပါးစပ်ကမချခေါ်၍ လိုချင်သလို သိမ်းသွင်းစည်းရုံးဖို့ ကြိုးစားတတ်သည့် ဒေါ်သဲနှစ် ကိုလည်း မနှစ်မြို့ပေ ..။ အနှစ်သားကိုတော့ ချစ်လို့မရခဲ့တာတစ်ခုတည်းပါ။

အချိန်တိုင်း သူ့ရင်ထဲမှာ ဆာလောင်နေခဲ့တာက အချစ်မဟုတ်ပေ၊ ထို့ကြောင့် မျိုးသူ ကတော့ပြောဖူး၏။

“မင်းလိုတလွဲ မှိုင်းမိနေတဲ့ကောင်က မိန်းမတစ်ယောက်ရဲ့ အလှအပကို ဘယ်လိုလုပ်ဖတ်ရှုချင်ပါ့မလဲ၊ ဘာနဲ့ နှိုင်းရမလဲဆိုတော့ မျက်စိမမြင်တဲ့သူကို သက်တံပြသလိုပေါ့ ..”

ကိုယ့်ကို ကန်းနေပြီလို့ ပြောတာလည်း သူ မနာမိပါ။ အနှစ်သားကို သူ ချစ်ခင်မြတ်နိုးဖို့ စိတ်မဝင်စားသလို ကြင်ကြင်နာနာပေါင်းဖက်ဖို့လည်း မကြိုးစားခဲ့ဘူးပေ ..။

ဒီအိမ်ထောင်ရေးကို သူ အသာတကြည်လက်ခံလိုက်တာကိုက မိဘလက်အောက်က ရုန်းထွက်ချင်တဲ့ဆန္ဒကြောင့်သာဖြစ်သည်။

မိဘအမွေအနှစ်ကို လက်ဝယ်ပိုင်ပိုင် ကိုင်တွယ်သုံးစွဲခွင့်ရပြီဆိုရင် သူဌေးလို့ အခေါ်ခံနေရသည့် သူ့အထက်က ပုဂ္ဂိုလ်တွေလို သူလည်း တပည့်တပန်းတွေနဲ့ ထည်ဝါစွာနေနိုင်မည်။

ကိုယ့်အရင်းအနှီးနဲ့ကိုယ် ပစ္စည်းတွေ လိုသလောက်ဝယ်ယူဖြန့်ဖြူးမည်။ ကိုယ် အလိုအပ်ဆုံးအရာ အနားမှာရှိနေခြင်းသည်သာ သူ့အတွက်ကံကောင်းခြင်းလက်ဆောင်ဖြစ်၏။



“မင်းကိုယ်မင်း သူဌေးသားလို့ အမည်တွင်ခံမနေနဲ့ ရန်ဘက်၊ လမ်းပေါ်ကကောင်လို့ မှတ်ထားပြီး ပေါ့ပေါ့ပါးပါးနေလိုက်၊ မင်း ပစ္စည်းတွေ ဘာမှရမှာမဟုတ်ဘူး ..”

“ဟုတ်တယ် မိဘအမွေဆိုတာ စားထိုက်မှ စားရတာ၊ မင်းနဲ့ မထိုက်လို့ ထိုက်သူစံသွားပြီ ..”

“သူ့မိဘတွေကိုလည်း အံ့သြတယ်၊ ကိုယ့်သားသမီးကို သူငယ်နပ်စားလေးအရာသွင်းပြီး သူများလက်ထဲ ပုံအပ်ခဲ့ရတယ်လို့ ကုမ္ပဏီလုပ်ငန်းဆိုတာ အောင်မြင်နေရင် နေ့စဉ် ရာနဲ့ချီပြီးဝင်တာ ..” တဲ့ ..။

သူ့ကိုဝိုင်းပြောပြီ ကဲ့ရယ်ကြ၏။ ဒက်ဒီတို့ ကိုင်တွယ်သိမ်းဆည်းနေတာတွေ သူ မသိဘဲနေမလား ..။

ဒါကြောင့်လည်း ကိုယ်ပိုင်အရင်းအနှီးနဲ့ လုပ်ဖို့အတွက် အမွေရရေးဦးတည်ပြီး လက်ထပ်တော့ဖို့ သဘောတူခဲ့တာဖြစ်သည်။

ခုတော့ သူ မုန်းသမျှနဲ့ နမ်းထွက်တာ တခြားစီ ..။

စက္က တို့က သူ့အားကိုးနဲ့ ငွေတွေသုံးကြသည်။ အလုပ်တစ်ခုလက်ခံပြီးလုပ်ကြ၏။ ကုန်သွားတော့လည်း ထပ်ရင်းပြီး ထပ်လုပ်ကြသည်။

“စမိမှတော့ မရပ်နိုင်ဘူး ငွေကုန်ရင် ငွေနဲ့လိုက်တဲ့ ..”

“ဟုတ်တယ် .. ငါတို့က ချော်ကချက်လုပ်မိလို့မဖြစ်တာ၊ ဒီတစ်ခါအကြီးကြီးလုပ်မယ်၊ တရုတ်ကြီးတို့ အဖွဲ့ကို အပြတ်အသတ်ကျောခေရမယ် ..”

စက္က တို့နဲ့ သူ သေချာတိုင်ပင်ပြီး အိမ်မှာ ငွေရအောင်နှိုက်၍ ပြန်လုပ်ကြ၏။ အလုပ်လုပ်ရင်း ပြန်မပေါ်နိုင်ဘဲ လှုပ်လေမြည်လေ ဖြစ်ခဲ့ရသည်။

သူတို့ကတော့ ကြွေးတင်ဘုရင်ဆပ်ပဲဖြစ်ကာ သူ့ချည်းပဲဒိုင်ခံစိတ်ညစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေနဲ့ မကင်းတာတွေလုပ်ပြီး ပြေးလွှားမနေချင်တော့ဘူး၊ ပြီးတော့ ကျွန်တော်က ခင်ဗျားတို့လို အရှောင်အတိမ်းမကျွမ်းကျင်ဘူး"

လို့ ညည်းညူမိတော့ အားလုံးက ဝိုင်းကဲ့ရယ်၏။

"မင်းက သူများလက်အောက်မှာ ကယ်ရီလေးပြေးလုပ်လိုက်၊ ဆေးလေး မှီဝဲပြီး အခန်းအောင်းနေလိုက်နဲ့ ပြီးသွားချင်လို့လား၊ ဆေးသမားဘဝမှာလည်း နိုင်မာမှုတစ်ခုခုတော့ ရှိဖို့လိုတယ်ကွ .. ငွေရှိမှ ဆေးရှိမှာ.."

ဟိုအစတုန်းကတော့ မလုပ်ချင်ပါဘူးဆိုတာတောင် လုပ်ကြည့်ပါ၊ လန်းသွားမယ်ဆိုတာတွေ ဘယ်သူပြောခဲ့တာလဲ ..။

"ဒီပစ္စည်းတွေ သူတို့နိုင်းတဲ့နေရာပို့ပေးရုံပဲ၊ မင်းရေလျှံမှာ" ဆိုပြီး ကယ်ရီစလုပ်ခဲ့တုန်းက ပုံချပေးခဲ့တဲ့ငွေတွေ၊ နောက်ကျတော့ အလုပ်ကလည်း လုပ်ချင်တိုင်းမရ၊ ပစ္စည်းကိုလည်း ငွေမပါဘဲမပေး .."

"မင်းက သူဌေးသားပဲ .. ငွေရှာလာခဲ့" ဆိုတာတွေဖြစ်လာခဲ့သည်။

တကယ်တမ်းကျတော့ သူက ငွေမကိုင်နိုင်တဲ့ သူဌေးသား ..။

"ကောင်လေး ဘယ်ကိုမောင်းရမှာလဲ ပြောဦးလေ .."

"အဲဒီအတိုင်းမောင်းဗျာ .. ကျွန်တော် မရပ်နိုင်းသရွေ့ မောင်းသာမောင်း .."



အခန်း (၁၆)

"ကျွန်တော် ဘုရားမှာ မေမေ .."

"အေး .. အေး .. မေမေ ငါ့သားအတွက် မွေးနေ့ဆုတောင်းတွေအများကြီးပေးထားတယ်သိလား .. ပြီးတော့ ထီးဖြူသုံးလက်နဲ့ တံခွန်တစ်ဆယ့်ကိုးခုလည်း ဘုရားမှာ လှူပြီးပြီ၊ သား အလှူဒါနလေးလုပ်ပြီးရင် တရားထိုင်လိုက်ဦးနော် .."

"ဟုတ်ကဲ့ မေမေ .."

"ကိုယ့်ကျေးဇူးရှင်တွေ .. ဆရာသမားတွေကို မေတ္တာပို့၊ မဖြင့်အပ်တဲ့ သတ္တဝါတွေကို အမျှဝေ၊ မေမေ့ကျန်းမာရေးအတွက် စိတ်မပူနဲ့ သားပို့လိုက်တဲ့ ပိုက်ဆံလည်းရတယ် .."

"အဲ့ဒါလေ .. ကျွန်တော် .."

"သားရယ် .. ဒုက္ခရောက်နေတဲ့သူက ပြန်ပြီး ငွေပို့နေရတယ်လို့ မေမေ့မှာ ဈေးဆိုင်တစ်ဆိုင်လုံးရှိသေးတယ်၊ မေမေ မငတ်ပါဘူး .."

"မဟုတ်သေးဘူး မေမေ .. ဒီအခြေအနေရောက်ကတည်းက ဘဏ်မှာ မေမေ့နာမည်နဲ့ ငွေမစုခဲ့မိတာ ကျွန်တော် နောင်တရမိတယ် .."

"အဲဒါ မေမေ့ဆန္ဒပဲလေ သားရဲ့၊ မေမေက ဈေးနားနီးလို့ ဈေး

www.burmeseclassic.com

www.burmeseclassic.com



သွားရတာလောက်ကို အပမ်းမကြီးပေမယ့် ဘဏ်သွားရတာ စောင့်ရတာတွေကို လုပ်မှမလုပ်ချင်တာ၊ ပြီးတော့ သားလုပ်တဲ့အလုပ်ကို သားလက်နဲ့လုပ်တာပဲ ကောင်းတာလေ .. မေမေတို့ သားအမိအတွက် ခွဲခြားနေစရာမှ မလိုဘဲ .."

မေမေ့ စကားသံတွေကြားရတိုင်း စိတ်ကြည်နူးမှုကို ခံစားရသည်။ ဖုန်းသိမ်းလိုက်ပြီး ဘုရားမှာ ရေသပ္ပာယ်ဖို့ လျှောက်လာရင်း မေမေ့အသံကိုပဲ ကြားယောင်နေမိ၏။

ပိုက်ဆံလေးပို့လျှံလာသမျှ ဘဏ်မှာစုထားခဲ့သည်။ အတော်အသင့်တော့ ရှိနေပေမယ့် ဒုက္ခရောက်နေတာတောင် သွားမထုတ်နိုင်တဲ့ဘဝ..။

ရန်ကုန်မှာ အလုပ်လာလုပ်ရင်း ရန်ကုန်မှာပဲ ပြဿနာပေါ်လို့ သောင်တင်နေရသည့် အဖြစ်မှာ သူ့မှာ လက်ချည်းသက်သက်နှင့် ...၊

"တစ်ယောက်တည်းနဲ့ လက်ကိုရှုပ်နေတာပဲ .."

ဘေးကစကားသံထွက်လာတော့မှ ဖလားကြီးထဲက ရေခပ်လိုက်သည့်လက်က တုံ့ခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ အနှစ် ...၊

"ဪ .. မင်းကလည်း ဘုရားတွေဘာတွေလာလို့လား .."

"ဘာ!..."

"မထင်ရဘူး .."

အနှစ် က ဝတ်ထားသည့်သနပ်ခါးရောင်ပါတိတ်လေးနှင့် လိုက်ဖက်စွာ ယဉ်ယဉ်ခန့်ခန့်လေးလှနေ၏။ သို့သော် ဒေါသဖြစ်သလောက် လက်တောက်လာသည့် မျက်ဝန်းလေးတွေက အရိုင်းဆန်နေကာ ...၊

"ရှင့်ကို ဖက်ပြောမနေချင်လို့နော် .. ဘုရားပေါ်မှာ ရန်မဖြစ်ချင်လို့ .."

"မင်းကိုလည်း ငါက ရန်ဖြစ်ရအောင်ပါပြောနေလို့လား .. ဒီလောက်ပွလောင်ပွထနေတတ်တဲ့လူက ဘုရားလာတယ်ဆိုတော့ ဘယ်လိုလူမျိုးကို ဘုရားနဲ့ တရားနဲ့နေတဲ့လူလို့ ခေါ်သလဲ တွေးမိရုံပဲ .."

"ဘုရားနဲ့ တရားနဲ့နေချင်ဟန်ဆောင်နေတဲ့ လူတွေတော်တော်များများ ဘုရားနားကပ်နေကြတယ်ထင်တာပဲ .."



နေရာသီ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ရေသပ္ပာယ်နေသည့် လက်လည်း ခဏရပ်သွား၏။ အနှစ် က မဲ့ကာ ...

"တရားဆိုတာ နှလုံးသားကဖြစ်တာ .. ရင်ထဲမပါဘဲ ဘုရားရှေ့ ပြေးပြီး ဖင်ပူးတောင်းထောင်နေလည်း အပိုပဲ .."

"ဪ .. ဪ .."

"ဘုရားက ဟောထားတယ် ..'ငါ ဘုရားရှိခိုးနေဖို့ထက် ငါ့စကားကို နားထောင်ပါ' တဲ့ ...၊ ကဲ .. မြန်မြန်လုပ်စမ်းပါရှင် ဒီမှာ အလုပ်နဲ့ အကိုင်နဲ့ .."

"မအားရင် ပြန်လိုက်ပေါ့ကွ .. မင်းက ဘုရားစကားနားထောင်တဲ့ သူမို့လား .. ဖင်ပူးတောင်းထောင်မနေနဲ့တော့ .."

"ရှင်နော် ..."

"မင်းနဲ့ စကားပြောနေမိတာနဲ့ ရေသပ္ပာယ်နေတာ ဘယ်နှစ်ခွက်ခုန်းတောင် မသိတော့ဘူး၊ အဟမ်း .. အစကနေပဲ ပြန်စတော့မယ် .."

ဟင် ...၊

အနှစ် မျက်နှာလေးပျက်သွားကာ သူ တကယ်စလုပ်နေတာကိုပဲ ဒေါသချောင်းချောင်းထွက်လာမိ၏။

"တစ် .. နှစ် .. သုံး .."

"ကဲ .. ဟိုဘက်ကိုသွား၊ ရှင့်ဟာရှင် ဘယ်ကပြန်စစ မစောင့်နိုင်ဘူး .."

"ဟ .."

လူကို တွန်းပစ်လိုက်သဖြင့် နေရာသီ ဘေးကို ယိုင်ထွက်သွားသည်။ အနှစ် က ပခုံးပေါ်တင်ထားသည့် ပဝါကို လည်ပင်းမှာ ဖြစ်သလို သိုင်းပတ်လိုက်ပြီး ရေသပ္ပာယ်ဖို့အတွက် ဘုရားနဲ့နီးအောင် ရှေ့တိုးလိုက်၏။

ထိုစဉ် ဟိုဘက်ခြမ်းမှာလည်း ရေသပ္ပာယ်တဲ့လူတွေ စုပြုံထပ်လာ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ..၊

"ခြောက် .. ခွန် .. ရှစ် .."

နေရာသီ က သူ့မ နောက်ကနေကျော်ပြီး ရေသပ္ပာယ်၏။ ထိုအခါ အနှစ် က သူ့ရင်ခွင်ထဲလုံးလုံးလျားလျားရောက်နေခဲ့လေသည်။

ကျောပြင်မှာ သူ့ရင်ဘတ်တစ်ခြမ်းက ထိကပ်နေသည်မို့ ဆက်လုပ်နေရပေမယ့် ဒေါသတွေသာ လှိမ့်ကန်ထွက်နေခဲ့၏။

"ဒီလောက်ပူလောင်ပွထနေတဲ့လူက ဘုရားကိုလာတယ်ဆိုတော့.."

ခုနကပဲ သူ ပြောသွားသည့်စကားကြောင့် ကိုယ့်ဒေါသကို အရှိအတိုင်း မလွှတ်မိအောင်ထိန်းချုပ်နေရသည်။ ဒီနေ့ မေမေ မွေးနေ့အတွက် ဒါနပြုပေးဖို့လာတာသာမဟုတ်လျှင် လှည့်တောင်ပြန်မိမလားမသိ ..။

"သုံးဆယ့်ငါး .. သုံးဆယ့်ခြောက် .. လေးဆယ် .. လေးဆယ့်နှစ်"

ကိုယ့်စိတ်က ဆိုနေတာလည်း လေးဆယ့်နှစ်မို့ သူက ဘာအတွက်ဘုရားကို လာတာပဲဆိုသည့်မေးခွန်း ခေါင်းထဲရောက်လာသည်။

"လေးဆယ့်ခွန် .. လေးဆယ့်ရှစ် .."

သူရပ်သွားသည့်အချိန်မှာ ကိုယ်လည်း ပြည့်သွားပြီမို့ ပြိုင်တူရပ်တန့်ခြင်းဖြစ်သွား၏။ ထို့ကြောင့် အောင့်သီးအောင့်သက်တော့ဖြစ်သွားပေမယ့် ဒီနေရာက မြန်မြန်ခွာဖို့ ဆုံးဖြတ်လိုက်သည်။

သူငယ်ချင်းမွေးနေ့ ဝင်ရဖို့လည်းရှိသည်။ အရမ်းနောက်ကျနေလို့မဖြစ်ပေ .. သို့သော် ..၊

"အား ..."

သူ့ကိုယ်ကို ပခုံးစွန်းနဲ့တိုက်ပစ်ပြီး အားရဝမ်းသာထွက်ပစ်လိုက်ကာမှ ဆံပင်ကိုဆောင့်ဆွဲခံလိုက်ရသလို သူ့မ မျက်နှာလေးမော့သွားပြီး လန့်အော်လိုက်မိ၏။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်မှာ ရေသပ္ပာယ်လှူဒါန်းနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက်ပဲရှိတော့ကာ သူ့မက လှည့်ထွက်သွားပြီးမှ အနှစ် အော်သံကြောင့် ပြန်ငဲ့ကြည့်၏။



ဘာဖြစ်သွားမှန်းသိလိုက်သည်နှင့် အနှစ် ရှက်လည်းရှက်ကာ ဘာမှသည်း မတတ်နိုင် ..။

"ရှင့်အကျီမှာ ဆံပင်ငြိနေတယ် .."

"ဟုတ်လား ..."

"တောက် ..."

"ဘာလို့တက်ခေါက်တာလဲ ..၊ မင့်ဆံပင်ကို ငါ့အကျီနဲ့ ကောက်ချိတ်ထားလိုက်တယ်မှတ်လို့လား .."

"ရှင် အပိုတွေပြောမနေနဲ့ .. ခု ဖြုတ်လိုက် .."

"နေဦး .. ဆယ့်ခြောက် .. ဆယ့်ခြောက် ရောက်နေပြီ မေ့သွားမှာစိုးလို့ .."

သူ လုပ်နေပုံကို အသည်းတွေယားနေပေမယ့် ဆံပင်က သိပ်လည်းရှည်တော့ ကိုယ့်ဘာသာလှည့်ဖြုတ်လို့လည်းမရ ..။

"ဟာ .. ကိုယ့်ကြယ်သီးမှာ အသေရစ်နေတာကွ .. မလွယ်ဘူး.."

"မလွယ်လို့ရမလား .. အဲဒါ ရှင် သူများနောက်မှာ အသားယူပြီးကပ်လာနေလို့ ငြိတာ .."

"နေရာမရှိလို့ ရှိတဲ့နေရာက ဝင်ရတာလေ၊ မင်းပဲ အတင်းနေရာဝင်လုတာ၊ ဟိုဘက်မှာ လူတွေရောက်နေကာမှ ငါက ဘယ်မှာသွားလုပ်ရမလဲ .. သူများကို စွပ်စွဲဖို့ဆို မင်းမှာ သက်သေမလိုဘူး .."

"အား .. ရှင့် .. ရှင်နော် .."

"မင်းကို ဘာလုပ်လို့လဲ .."

"ရှင် သူများဆံပင်ကို .."

"သူများဆံပင်က ဒီမှာလာငြိနေတာ နာရင်လည်းအောင့်ခံ .."

"တောက် .."

"ဟော့ .. တက်ခေါက်ဘာ ဘယ်လောက်ရိုင်းတဲ့ အပြုအမူမှတ်နေသလဲ .."

"ရှင် ဘာဖြစ်လို့ စကားများနေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မိုးတွေတက်လာပြီ၊ ခဏလေးစောင့် .. ငါသက်ေ
ပြည့်အောင် အရင်လုပ်လိုက်ဦးမယ် .."

ကြည့်စမ်း .. အစုတ်ပလုပ်ကောင်၊ တမင်လုပ်နေတာ ...။

အနှစ် သူ့ရင်ခွင်တစ်ခြမ်းမှာ တမင်ဝင်မှီပြီး ရပ်နေသည့်ပုံစံနှင့် သူ အေးအေးဆေးဆေး ရေသပ္ပာယ်နေတာကို ဒီတိုင်းစောင့်နေရတော့ သည်။

"ဤကောင်းမှုကုသိုလ်ကြောင့် ဘုရားတပည့်တော်၏ ဘဝတစ် လျှောက်လုံး အေးချမ်းသာယာရှိပါစေ၊ ရေသပ္ပာယ်ရခြင်းကောင်းကျိ အဖြာဖြာကြောင့် မီးလိုပူသောမိန်းမမျိုးနှင့် လက်တွဲရက် မပါပါစေနဲ့ တစ်နေ့ အခါရှစ်ဆယ်လောက် မျက်နှာချင်းဆိုင်နေရလည်း တစ်ခါတလေ မှ ငြိမ်းချမ်းနှစ်လိုဖွယ်စကားမဆိုတတ်သော ပေါက်ပေါက်ဖောက်သည့် မိန်းမမျိုးနဲ့ လွဲပါစေ .. အား .."

ခြေထောက်ကို ဖိနပ်နဲ့ ဖိတ်ကြိတ်ခံလိုက်ရသဖြင့် လက်အုပ်ချီ ထားသည့် လက်နှစ်ဖက်ပါ မြောက်ခနဲကွာထွက်သွား၏။ နာကျင်သွား တာလည်း မချိမဆန့် ...။

"မင်း ဘာလုပ်တာလဲ .."

"ရှင့်ဆုတောင်းပြည့်မှာမဟုတ်ဘူးဆိုတာ လက်တွေ့ပြလိုက်တာ လေ၊ ကျွန်မကတော့ ကိုယ်မလိုချင် မနှစ်သက်တဲ့ ယောကျ်ားကို အနား မှာ မနေနိုင်အောင် ညှင်းပန်းနှိပ်စက်နိုင်စွမ်းရှိပါစေပဲ ဆုတောင်းခဲ့တာ ဆိုတော့ ပြည့်တယ်လို့ပြောရမှာပဲ .."

"ဟား .. လောလောဆယ် မင်းကို ငါ ဘယ်လိုနှိပ်စက်နိုင်သလဲ ဆိုတာပဲ ကြည့်စမ်းပါ .."

"ရှင် အဲ့လိုတမင်လုပ်ပြမယ်ဆိုရင် ရတယ်၊ ဒီအတွက်နဲ့တော့ ရှင် နိုင်မှာမဟုတ်ဘူး .."

အနှစ် အံကြိတ်ကာ ဒီတိုင်းအနာခံပြီး ဆောင့်တိုးထွက်လိုက်ရုံ ချက်ချင်းဆုံးဖြတ်သည်။ ဆုံးဖြတ်သည့်အတိုင်း သူ့ရှေ့က ဖျတ်ခနဲ လှည့်



ထွက်လိုက်လျှင် ...၊

"ဟာ .. မလုပ်နဲ့ .."

တော်တော်ကြီး ရစ်ပတ်မိနေသည့် ဆံပင်တွေက သူမ ထွက်သွား တာနှင့် ကိုယ့်ရင်ဘတ်အင်္ကျီစကိုဆောင့်ဆွဲခေါ်သွားသလို ဖောင်းကြွ ပါသွား၏။

လူပါ ရပ်ပျက်ဆင်းပျက်ဖြစ်သွားနိုင်တာမို့ နေရာသိ အနှစ် ရဲ့ သည်ပင်းကပဝါစကို ပြန်ဆွဲလိုက်၏။

"အမေ့ .."

သူမ ကိုယ်လေး နောက်ပြန်လန်ကျလာမှ ခါးကို သိမ်းဖက်ထား လိုက်ကာ ...၊

"ငါ ဖြုတ်ပေးမယ် .. ငြိမ်ငြိမ်လေးနေ .."

"ရှင် .. ရှင် .. မိုက်ရိုင်းလှချေလား ရန်ဘက်ချင်း .."

"မင်း ဆံပင်တွေကို ဆွဲလိုက်ရင် ပိုရိုင်းသွားမှာစိုးလို့လေ၊ ဆွဲလို့ ကောင်းတတ်လို့ ကောင်းတတ်မယ့်ဟာကိုဆွဲလိုက်ရတာ မတတ်နိုင် ဘူး .."

တက်ခေါက်မိမလိုဖြစ်သွားပြီးမှ ထိန်းနေလိုက်ရသည်။ ကိုယ်ပဲ စကားလုံးအကြီးကြီးတွေပြောပြီး နိုင်တော့ သူချည်းပဲမို့ ရှက်လည်းရှက် မိသေးသည်။

"ဖယ် .. လွှတ် .."

ခါးမှာ ဖက်ထားသည့် သူ့လက်ကို ထုရိုက်ဖယ်ချပစ်ကာ လည်ပင်း က ပဝါကိုပါ ဖြုတ်လွှတ်ပစ်မိ၏။

ထိုစဉ် မိုးတွေညိုမှောင်လာသဖြင့် ရေသပ္ပာယ်တဲ့ လူတစ်ယောက် စ နှစ်ယောက်စ လာပေမယ့် ခပ်သုတ်သုတ်နှင့် လှည့်ပြန်သွားကြ၏။

"ရပြီ ..."

တာလွှတ်ပေးလိုက်သည့် ဝီစီသံကဲ့သို့ 'ရပြီ' စကားသံုးတာနှင့် သူမ ဘောက်ဆက်ဆက်လေး လျှောက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဒီမှာ ပဝါကောက်သွားဦးလေ .."

အော်ပြောလိုက်သော်လည်း သူပဲ ကောက်ယူလိုက်ရကာ သူမနောက် ပြေးလိုက်ရ၏။

"ဟိတ် ..."

"လွှင့်ပစ်လိုက်တော့ .."

"ဖြည်းဖြည်းလျှောက်လေ .. တော်ကြာ .. မင်းကို ကိုယ်က ရည်းစားစကားလိုက်ပြောနေတယ် ထင်တော့မှာပဲ .. ဘုရားပေါ်မှာ ဒီကောင်မဆင်ခြင်ဘူးဖြစ်ဦးမယ် .."

အနှစ် ခြေလှမ်းတုံ့ခနဲရပ်ပြီး မော့ကြည့်သည်။

"ရှင့်ကို ဘယ်သူက သေလုမျောပါးလိုက်ပေးခိုင်းနေလို့လဲ .."

"အမြင်မတော်လို့ပေါ့ကွ .. ပဝါအသစ်ကြီးကို ဒီတိုင်းလွှတ်ပစ်ရလား .. ရော့ .."

သူပဲ ပခုံးပေါ်လှမ်းတင်ပေးလိုက်သဖြင့် ပြန်ဖြုတ်ချပစ်ဖို့ လက်ကပြင်မိသေးသည်။ ဒါပေမယ့် သူလည်း လှည့်ထွက်သွားပြီမို့ ဒီတိုင်းခဲနေလိုက်ရင်း ...၊

"တော်တော်လှူပါးဝတဲ့ သတ္တဝါ၊ သူ့လိုလူ ဘုရားမှာ ရေလာပြီးသပ္ပာယ်တယ်တဲ့၊ မနက်ဖြန် အနောက်က နေထွက်ဦးမယ် .."

တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်မိသည်။ ပြီးတော့မှ တစ်ခုတစ်ခုကို သတိရလိုက်ပြီး ခြေလှမ်းတုံ့သွား၏။ မေမေက စနေသမီးမို့ သူမက မေမေ့အတွက် စနေနံဘုရားမှာ ရေသပ္ပာယ်လှူဒါန်းတာပါ။

သူက ဗုဒ္ဓဟူးသားဖြစ်နေပြီး ဘာကြောင့်လဲ ...၊



## အခန်း (၁၇)

မေမေ့အတွက် သနပ်ခါးတုံးလေးဝင်ဝယ်ပြီး ပြန်ထွက်လာတော့ ညနေစောင်းနေပြီဖြစ်သည်။ ဒီနေ့ကျမှ သိမ်ကြီးဈေးက လူတွေ ကားဆွေ ကျပ်ညပ်နေ၏။ ပါကင်မရလို့ ကားကို အဝေးကြီးမှာ ထိုးထားခဲ့ရသဖြင့် ပစ္စည်းများများလည်း မဝယ်ဖြစ်ပါ။

နောက်ဘက်က ပြန်ထွက်ပြီး တံတားပေါ်တက်ခဲ့စဉ် ကားတွေရပ်ထားသည့်နေရာကို မျက်လုံးရောက်သွားခဲ့၏။

ရန်ဘက်ချင်း ...၊

ဟုတ်ရဲ့လားလို့တောင် သေချာပြန်ကြည့်မိရတဲ့အဖြစ် ...၊

အိမ်ကိုပြန်ရောက်လာတည်းက စိတ်သစ်လူသစ်ပုံနဲ့ ပြောင်းလဲနေခဲ့ပြီးမှ အရင်လိုပုံစံ ပြန်မြင်လိုက်ရတော့ အံ့ဩသွားမိသည်။

နို့စိမ်းရောင် တီရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီကိုဝတ်ထားသည့် ဆံပင်က ပွနေလို့လား ဘာလားမသိ၊ ပိုရှည်နေသလိုဖြစ်လျက် ဘေးဘစောင်းရပ်ပြောနေကြတာ သူ့ရဲ့ အပေါင်းပါတွေပဲဖြစ်နေကာ ...၊

"ဒီလူ အရင်လိုပြန်ချိုးပြန်ပြီ .. အတိတ်မေ့တယ်ဆိုတာ အိမ်မှာဘာမင်ဟန်ဆောင်နေတာပေါ့ .."

ကြည့်ရင်းတွေးရင်းနှင့် သူမ ခပ်သုတ်သုတ်ဆင်းလာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက နီးလာသဖြင့် ဟိုလူတွေရဲ့ မျက်နှာက ဒေါ်သကိုပါ မြင်လိုက်ရသည်။

စိတ်ကဝင်ပါမိတော့မလိုဖြစ်သွားပြီးမှ ..၊

"ဘာဆိုင်လို့လဲ ငါက .."

ကိုယ့်ခြေလှမ်းကို ပြန်တုံ့ပစ်မိ၏။ ရန်ဘက်ချင်း ကို အိမ်မှာဖြစ်ဖြစ် အပြင်မှာတွေ့တွေ့ သူမ မျက်နှာလွှဲသွားနေကျ ဘာဖြစ်လို့ ခုမှ ဝင်ပါမိမလိုဖြစ်ရတာလဲ၊ ဘာမှမဆိုင်ဘူး အနေသာကြီး ..။

ကားရှိတဲ့ဘက်ကို ပြတ်သားစွာ ကွေ့ထွက်လာခဲ့၏။ သို့သော်..၊

"ရန်ဘက် .. ဟိတ်ကောင် .."

"ဒီကောင် ဘာဖြစ်သွားတာလဲ .. ထားလိုက် .. ကားနဲ့လိုက်မယ်.."

နောက်က အသံတွေက ကိုယ့်နောက်ကိုလှမ်းအော်သလိုဖြစ်နေခဲ့ပြီး ရန်ဘက်ချင်း သူမဘေးကနေ ကပ်ကျော်တက်သွားတာ အခြေးတစ်ပိုင်း ..။

သူ့မှာ ကားမပါဘူးလား ..၊

မဆိုင်သလိုနေမလို့ပေမယ့် စိုးရိမ်စိတ်နှင့် အတွေးက ချက်ချင်းထဖြစ်၏။ သူမှ ကားမောင်းမကျွမ်းကျင်တာ ယူမမောင်းရဲဘူးဖြစ်နေမှာပေါ့..။

ဟိုလူတွေကလည်း ရန်ဘက်ချင်း အတိတ်မေ့နေတာကိုမသိဘဲ အထင်လွဲကုန်ကြတာဖြစ်မည်။ ကြားရမြင်ရတာတွေအရ အကောင်းလေး ပြန်ဝင်လာကာ ..၊

"ရန်ဘက်ချင်း .."

လူတွေကြားထဲ တိုးဝင်ပြေးဖို့ ကြိုးစားနေသည့် ရန်ဘက်ချင်း က အနှစ် အသံကြောင့် ဖျတ်ခနဲ နောက်လှည့်ကြည့်၏။

"ကျွန်မမှာ ကားပါတယ် .."

"ဟင်!..."

"ဒီဘက်မှာ .."



မျက်လုံးအပြူးသားနှင့် တအံ့တသြပြန်ကြည့်နေတာကို အနှစ် သတိမထားမိပေ ..။ ကားလော့ခ်ကို လှမ်းဖြုတ်လိုက်ပြီး မောင်းသူဘက်မှာ ဝင်ထိုင်လိုက်သည်။

သူမ ပါကင်ကနေ ဘတ်ခ်ဆုတ်ထွက်နေစဉ် ရန်ဘက်ချင်း ၏ အကြည့်တွေ သူမထံမှာ စူးစိုက်နေခဲ့၏။ အလွန်အမင်း အံ့သြနေခြင်းသည် သူမ ပြောခဲ့သည့်စကားတွေကို သတိရမိ၍ဖြစ်၏။

လည်ပင်းကိုဖိအုပ်ရင်း သူမ တုံးခနဲပြိုလဲသွားခဲ့ပြီး မချိမဆန့် အသက်ရှူနေရတာတောင် မျက်ရည်တွေ စီးကျလာခဲ့ရင်း ..၊

"ရှင် .. ရှင် .. လူယုတ်မာ၊ ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မုန်းတယ် .. သေတဲ့အထိ .."

သူမ စကားမဆုံးခင် ငြိမ်သက်သွားခဲ့သည်။ ဖုန်းပြောနေရင်း ယူစရာရှိတာကိုယူပြီး သူ ပြေးထွက်လာခဲ့တာ သူမကိုလည်း သေပြီပဲထင်ခဲ့တာပါ။

စီစဉ်ခဲ့တုန်းကတော့ တစ်ဖက်နိုင်ငံကိုအပြီးထွက်သွားကြဖို့ဖြစ်သည်။ ထိုနေ့မှာ လုပ်သမျှလည်း မအောင်မြင်သလို ပြဿနာတွေအကြီးအကျယ်တက်ခဲ့၏။

သူမကတော့ ထိုနေ့ကအဖြစ်တွေကို မေ့လိုက်နိုင်တာလား၊ သူ့ကို ဘာအကြံနဲ့ ကူညီနေတာလဲ ..။

ဘာကြောင့်ဖြစ်ဖြစ် သူ ပြန်မလိုက်ရဲသေးပါ။

အနှစ် သူ့အပေါ်မှာ စိတ်ဝင်စားမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လင်ယောကျ်ားမို့ သည်းခံတာလည်းဖြစ်နိုင်သည်။

ဦးမြင့်မောင် ဆိုတဲ့ လူကြီးကတော့ အပြုံးမျက်နှာနဲ့ စကားလုံးလှလှတွေသုံးပြီး သူ့ကို နှိပ်ကွပ်တော့မှာ သေချာသည်။

ပြီးတော့ ဒေါ်သဲနှစ် ဆိုတဲ့မိန်းမကြီး ပျာယာခတ်နေတာ တကယ့်အိုဗာ ..။

"မင်း အန်တီကတော့ သမက်ကို ဂရုစိုက်လိုက်တာပျာနေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



စနေနဲ့ ဗုဒ္ဓဟူး ရှုးတောင်ထမင်းမငေ်ဘူးဆိုတဲ့စကားပုံအောင် ပြောပြလိုက်သေးတယ်၊ သားဆိုရင်တောင် ဒီလောက် စိတ်ရှုည်သည်းခံပါ့မလားပဲ ..” တဲ့ ..။

မိန်းမက ပျာယာခတ်ပြသည်။ ယောကျ်ားက လူထူပြီဆို ကြေညာ၏။

တကယ်တမ်းက ..၊

“ဒီကောင့်ဆိုးမျိုးကို ခံနိုင်သူ တခြားလူဖြင့် ရှိမည်မထင် ..” လို့ တစ်ဖက်လှည့်နဲ့ ကဲ့ရယ်လိုက်တာ အသိသာကြီးပါ။

အပြစ်ဟစ်ခုခုလုပ်လိုက်ပြီဆို အကြီးကြီးဖြစ်အောင် ဖော်ထုတ်မည်။ ဆရာကြီးလုပ်ပြီး ဆုံးမမည်။

သူတို့အခြေအနေနဲ့ စီးပွားရေးလုပ်ငန်းအကြီးကြီးတွေကို လက်လွှဲဦးဆောင်ခွင့်ရနေတော့လည်း မာမီတို့ဘက်မှာ မျက်နှာလိုမျက်နှာရလုပ်လို့ရအောင် သူ့ကိုပဲ အသေကျုပ်ကြမှာပေါ့ ..။

ဒါကို စက္က တို့ ခဏခဏပြောကြသည်။

“မင်း မာမီတို့ကို မျက်နှာလုပ်ချင်တာကနေ မင်းကို ခုတုံးလုပ်ပြီး လက်ဝါးကြီးအုပ်သွားမှာ သေချာတယ် ရန်ဘက်၊ ဒါကြောင့် မင်း အပြစ်တွေချည်းဖို့ချနေတာ ..” တဲ့ ..။

သူ့သမီးကို သေကြောင်းကြံခဲ့တယ်ဆိုရင် ဘယ်လိုနေမလဲ ..။

“မကွေ့လိုက်နဲ့ ..”

ကားကို လမ်းထဲကွေ့ဝင်ဖို့ပြင်လိုက်တာနဲ့ ကမန်းကတန်းတားလိုက်မိ၏။ တစ်လမ်းလုံး တစ်ချက်မှ ငဲ့မကြည့်ဘဲ မောင်းလာပြီးမှ ကားကိုရပ်ပစ်လိုက်ပြီး အနှစ် က မှန်ထဲကိုပဲကြည့်၍ ..၊

“ဒါဆိုလည်း ဆင်းတော့ .. ရှင်သွားချင်တဲ့နေရာကို လိုက်မပို့နိုင်ဘူး ..”

“ရတယ် .. ငါ့ဘာသာသွားမယ်၊ ဒါပေမယ့် မင်းက နီးနေပြီ၊ ငါ့ကို ကားပေးလိုက် ..”

“မပေးနိုင်ဘူး .. ရှင့်ကြောင့်ကားပြင်ထားရတာ နည်းနည်းနော



မဟုတ်ဘူး ..”

ရမလားလို့ ပြောကြည့်တာ မရတော့လည်း ဒီတစ်ခါ လျှော့ပေးလိုက်ဖို့ စိတ်ကူး၍ ဆင်းပေးလိုက်၏ ..။ ဒါပေမယ့် တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်ပစ်ခဲ့၏။ ကားမကြာခဏပွတ်မိချိတ်မိတာတွေရှိတာ မှန်သည်။

ဆေးလိုနေလို့ စိတ်တွေကသောင်းကနင်းဖြစ်နေတဲ့အခါ သူ ကားမမောင်းနိုင်တော့ပေ ..။

ဒါပေမယ့် ကိုယ်လိုချင်တဲ့အရာကို ကိုယ့်ဘာသာရှာရမှာမို့ ကားမောင်းထွက်ရ၏။ ကားချင်းငြိမိလို့ ပွန်းရာချိုင့်ရာလေးဖြစ်တာလောက်ကို ဒီလောက်ထိချဲ့ကားနေရသလား ..။

နိုင်နေကျမို့ အရှုံးပေးခဲ့ရတာကို တနုံ့နုံ့ဖြစ်လာမိသည်။

သေကြောင်းကြံခဲ့တာကိုတော့ မေ့ပျောက်ထားနိုင်ပြီး ကားကျမှ ကြီးကျယ်ပြတာကို သဘာဝကျသည်မထင်မိပေ ..။

ဒီကားတွေ ပစ္စည်းတွေက ဘယ်သူ့ပစ္စည်းတွေမို့လို့လဲ ..။

အနှစ် က ပြန်ခေါ်လိုက်သည့်အဖြစ်မှာ ရန်ဘက်ချင်း လောဘတွေ တက်လာခဲ့၏။ သူ လုပ်ကြံခဲ့တဲ့ကိစ္စကို ဘယ်သူ့ကိုမှ မပြောသေးဘဲ သူမ မျိုသိပ်ထားတာများလား ..။

ဒါကိုသိချင်စိတ်က ချက်ချင်းဖြစ်လာ၏။ ခုချိန်မှာ သူ့မှာ ကားတစ်စီးသာရှိထားသည်ဆိုလျှင် အဆင်ပြေသွားမှာဖြစ်သည့် လမ်းကြောင်းတွေက အများကြီး ..။

ကြံစမ်း ရန်ဘက်ချင်း မင်း စွန့်စားရင် အကျိုးများလိမ့်မယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဒီလိုကျတော့လည်း မင်း ကားမောင်းနိုင်နေတာပဲ .."

"ဟုတ်ကဲ့ တခြားမှာ နည်းနည်းကျင့်ထားလို့ပါ .."

"ဟုတ်လား .. ကောင်းသားပေါ့ သားရယ်၊ ကားမောင်းနိုင်တာရော အန်ကယ်လ်နဲ့အတူ ကုမ္ပဏီထိ လိုက်လာခဲ့တာရော ဒီနေ့ကတော့ မင်္ဂလာပဲကွာ .."

ဦးမြင့်မောင် မျက်နှာ ကားပေါ်မှာတည်းက တပြုံးပြုံးဖြစ်နေခဲ့တာ ကုမ္ပဏီကိုရောက်တော့ အားလုံးနှင့်တွေ့ဆုံစေကာ ...၊

"ခုကနေစပြီး နောက်ဆို ကျုပ်ကိုယ်စား သူပဲ တာဝန်ယူတော့မှာ အစတည်းက ကျုပ်က ကြည့်ရှုစောင့်ရှောက်ရုံပဲလေ၊ တကယ့် ဥက္ကဋ္ဌ က ခုမှဝင်မှာ .."

"ဟုတ်ကဲ့ .. ကြိုဆိုပါတယ် အစ်ကိုလေး .."

"ကြိုဆိုပါတယ်ဗျာ .."

အငယ်တန်းဝန်ထမ်းတွေကစပြီး မန်နေဂျာချုပ်ထိ မိတ်ဆက်ပေးသည်။ ပြီးတော့ အတူတူ ရုံးခန်းထဲဝင်ခဲ့ရင်း ...၊

"ဒီညနေ ဒင်နာမှာ သားကို ရှယ်ယာဝင်တွေနဲ့ မိတ်ဆက်ပေး



မယ်၊ လုပ်ငန်းကကြီးပေမယ့် အန်ကယ်လ်က သိပ်မလုပ်နိုင်ဘူး၊ ဒါကြောင့် ခုခေတ်ကုမ္ပဏီလုပ်ငန်းတွေလို ရှယ်ယာဝင်တွေ တိုးပွားလာအောင် လုပ်ငန်းမြင့်မားအောင် သားက လူငယ်ပီပီတက်တက်ကြွကြွ ကြိုးစားစေချင်တာ .."

ခေါင်းတော့ညိတ်မိပေမယ့် သူ့ဘက်က တာဝန်ယူဖို့ ကတိစကားကတော့ ဆွံ့အနေခဲ့၏။

"ကိုယ် မလုပ်နိုင်ပေမယ့် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်မယ့် ကုမ္ပဏီကြီးဖြစ်လာအောင် သား ကြိုးစားမှပဲဖြစ်တော့မှာ၊ လက်ရှိအခြေအနေကတော့ ရှေ့မတိုးနောက်မဆုတ်မှာပဲ မြင်တဲ့အတိုင်းပေါ့ကွာ ... ဒီကုမ္ပဏီက သား မိဘတွေစပြီး ထူထောင်တည်းက အောင်မြင်ခဲ့တာ-"

"ဟုတ်ကဲ့ ..."

"သူတို့ကတော့ လက်ငုပ်လက်ရင်းအလုပ်ဆိုတော့ တတ်နိုင်တာပေါ့ကွာ ...၊ အန်ကယ်လ်ကသာ သားဘက်က စိတ်ဝင်စားမှုရှိမလာခင်လေး .. ဒါကို ပျောက်ပျက်မသွားအောင် ထိန်းနိုင်ရုံပဲ တတ်နိုင်ခဲ့တာ၊ ဒါတောင် အန်ကယ်လ်အတော်လေး ကြိုးပမ်းခဲ့တာပါ .."

ဦးမြင့်မောင် ကို ကြည့်လိုက်တာနှင့် အမှန်တွေပြောနေတာမှန်း သိသာပါသည်။ ထို့ပြင် ကုမ္ပဏီမှာ အဆင့်ဆင့်ခန့်ထားသည့် ရာထူးအဆင့်အတန်းတွေကို ကြားလိုက်ရုံဖြင့် ကုမ္ပဏီရဲ့ တိုးတက်နှုန်းကို ခန့်မှန်းနိုင်၏။ နိုင်ငံခြားနှင့် ဖက်စပ်ကုမ္ပဏီမှာလုပ်ဖူးခဲ့သည့် သူ့အတွက် ဒီမှာ အခက်အခဲမရှိနိုင်ဘူးဆိုတာလည်းသိသည်။ သို့သော် ကိုယ်က ရန်ဘက်ချင်း မဟုတ်ပေ ...။

မကြာခင် တာဝန်လွှဲပြောင်းယူတော့မည့် ဥက္ကဋ္ဌအဖြစ် အများရှေ့မှာ ကြေညာခံလိုက်ရတာ စိတ်ကမလုံ ...။

"ထိုင်ကွာ .."

ဦးမြင့်မောင် က အလုပ်စားပွဲမှာမထိုင်ဘဲ မှည့်သည့်ဆိုဖာမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူ ဝင်ထိုင်လိုက်ပြီး ...၊

"အန်ကယ်လ်လည်း ကျန်းမာရေးသိပ်မကောင်းဘူးကွ .. ဒါကို လွှတ်လွှတ်လပ်လပ်မနေရတော့ ပိုကျဉ်းကျပ်တာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း အန်တီက အရမ်းဂရုစိုက်တာ၊ အန်ကယ်လ် နေမကောင်းဘူးဆိုတာ သိရင် အလုပ်ပင်ပန်းလို့ဆိုတာ သိမယ်၊ သိတာနဲ့ မင်းကို အလုပ်လုပ်ဖို့ တိုက်တွန်းမှာပဲ .."

ဦးမြင့်မောင် ခမျာ အဖက်ဖက်ကိုပြန်ကြည့်ပြီး ထိန်းချုပ်လှုပ်ရှား နေရရှာသည်။ ဒီမှာ ဆက်လက်နေရာယူမနေသင့်တော့ဘူးဆိုသည့် အတွေးနှင့် ဖွင့်ပြောပြီး ထွက်သွားဖို့ စိတ်ကူးတွေက ရှိနေပြီဖြစ်သည်။

ဒါပေမယ့် သူ ဘာလုပ်သင့်သလဲ ...၊

ရန်ဘက်ချင်း ဒီပတ်ဝန်းကျင်မှာရှိနေနိုင်တာ သူ သိထားသည်။ လိမ်ညာမှုတစ်ခုဟာ ဘယ်လောက်ပဲ အန္တရာယ်ကြီးမားပါစေ ကိုယ်တိုင် ဖွင့်ဟဝန်ခံလိုက်လျှင် တစ်ဖက်ရင်ထဲမှာ ခွင့်လွှတ်နိုင်ဖို့ကြိုးတစ်စချန် ပေးလိုက်တာနှင့်တူ၏။

ဒါမှမဟုတ်လို့ သူများပြောမှသိသွားပြီဆိုရင်တော့ ဘာမဟုတ်တဲ့ လိမ်ညာမှုလေးဖြစ်နေပါစေ တစ်ဖက်က ခွင့်လွှတ်နိုင်ဖို့လည်း ခဲယဉ်း သွားပြီဖြစ်သည်။

ဒီလူတွေရဲ့ ခွင့်လွှတ်ခြင်းကို မဖြစ်မနေ လိုလားနေတာ..တော့ မဟုတ် ပါ။ ဒါပေမယ့် လူယုတ်မာတော့ မဖြစ်ချင်ပေ။

"သမီးကို ပွဲရုံလုပ်ငန်းတွေနဲ့ လွှဲထားရတာ တကယ်တော့ အန်ကယ်လ် နည်းနည်းလေးမှ စိတ်မချဘူး သားရယ်၊ ပွဲရုံလုပ်ငန်းဆိုတာ ကုမ္ပဏီ အလုပ်နဲ့ ဖွဲ့စည်းပုံမတူဘူးလေ၊ မိန်းကလေးတစ်ယောက်က အုပ်ချုပ် နေတယ်ဆိုတာ အရမ်းကို အန္တရာယ်များတယ်၊ သားတို့လင်မယား အဆင်ပြေပြေသာဆိုရင်တော့ ဒီကုမ္ပဏီလုပ်ငန်းအတွက် စိတ်တူကိုယ် တူ ကြိုးစားကြရုံပဲ .."



လင်မယားကိစ္စပါလာတော့ မျက်နှာမှာ အပူငွေ့တွေရှိန်းရှိန်းထ လာ၏။

"အဲဒီလိုဆိုရင် အန်ကယ်လ်လည်း ကိုယ့်ရဲ့ လက်ငုပ်လက်ရင်း လေးကို အေးအေးလုပ်သွားလို့ရပြီ၊ ဒါတွေကို အပ်နှံထားရစ်ခဲ့တဲ့ သား မိဘတွေလည်း စိတ်ချမ်းသာရတာပေါ့ .."

"ဟုတ်ကဲ့ .. ကျွန်တော်လည်း .."

ဘာပြောရမလဲ 'လုပ်ချင်ပါတယ်' ပြောမလား၊ 'မလုပ်ချင်သေးပါ ဘူး' ပြောရမလား ...။

'စိတ်ဝင်စားလို့မရဘူး' လို့ ပြောချလိုက်ရင် အေးမည်ထင်သည်။

ခက်တာက ဦးမြင့်မောင် မျက်နှာကိုစေ့စေ့မကြည့်ရက်အောင် စာနာစိတ်တွေချည်းဖြစ်နေခြင်းသည် ခေါင်းညိတ်ခေါင်းခါရဲ့ကြားမှာ သူ့ခေါင်းတည့်မတ်စွာ တည်နေခဲ့၏။

ရန်ဘက်ချင်း ဆိုတဲ့ ဒီသတ္တဝါ လုပ်ငန်းတွေများစွာကို တစ်ချက် မှ ပြန်မကြည့်ဘဲ ဘာတွေအလေလိုက်နေသလဲ ...။ ဒီလောက် လှုပ်လီ လှုပ်လဲ့နဲ့ သက်ကြီးရွယ်အို ရှုန်းကန်နေရတာတောင် ဘယ်လိုစိတ်နဲ့ မိန့်မိန့်ကြီး ထိုင်စားနေနိုင်တာလဲ ...။

မျက်စိရှေ့မှာသာရှိလျှင် ဒီတိုင်မေးမေးပြီး လက်သီးစာကျွေးပစ် မိမှလားမသိ ...။

"သားနဲ့ အန်ကယ်လ် နှစ်ယောက်တည်းရှိနေတုန်းကွာ .. ယောက္ခမ လို သဘောမထားဘဲ ယောကျ်ားလေးသူငယ်ချင်းလို သဘောထားပြီး အန်ကယ်လ် မေးတာလေး ဖြေစမ်းပါ .."

နေရာသီ တံတွေးကြိတ်မျိုချရင်း ရင်ခုန်သံတွေမြန်လာ၏။

"သမီးအပေါ်မှာ သားဘက်က ဘယ်လိုမှ မေတ္တာသက်ဝင်လို့ မဖြစ်နိုင်လောက်တဲ့ အကြောင်းတစ်ခုခုများရှိနေတာလား .."

'ကျွန်တော် နေရာသီ အနေနဲ့ မရှိပါဘူး' လို့ အတိအကျဖြေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ..၊

"အဲလိုတော့မရှိဘူးထင်ပါတယ် .."

အတိတ်မေ့ရောဂါကို အားကိုး၍ ယောင်ဝါးဝါးဖြေလိုက်မိသည်။ ဦးမြင့်မောင် ကလည်း ဒီအဖြေအပေါ် ဘဝင်ကျပုံမရှိဘဲ အင်တင်တင် ခေါင်းညိတ်၍ ..၊

"ရှင်းရှင်းပြောရရင်ကွာ .. လူလေးတို့ ခုချိန်ထိ ကင်းကင်းရှင်းရှင်း နေခဲ့ကြတာ အန်ကယ်လ်တို့သိတယ်၊ အဲဒီတုန်းက သား နေထိုင်ပြုမူပုံတွေအရ သမီးဘက်က စိတ်မချမ်းသာဖြစ်နိုင်တယ်ဆိုတာကို လက်ခံခဲ့ရတဲ့အတွက် အဲ .. ပြီးတော့ .. သမီး တောင်းဆိုသလို သားကလည်း မကန့်ကွက်တော့ သူတို့ စိတ်ချမ်းသာသလိုနေကြပါစေဆိုပြီး ခွင့်ပြုခဲ့ရတယ်ပေါ့ .."

တစ်ခန်းစီ ခွဲအိပ်ကြဖို့ကို တရားဝင်တောင်းဆိုခဲ့ကြတာလား ..၊ ဒီလောက်တောင် ကင်းရှင်းချင်ရအောင် ရန်ဘက်ချင်း က ယောကျ်ား တစ်ယောက်မှ ဟုတ်ရဲ့လား ..။

ကိုယ့်ဘာသာတွေးမိပြီး ရယ်ချင်သွားသည်။ ကိုယ့်မျက်နှာကြီးနဲ့ ချွတ်စွတ်တူနေတာမို့ တရားလွန်တွေးလိုက်မိတာကို သတိရလို့ပါ။

"ဟိုတုန်းက လူလေးက အလုပ်လုပ်ဖို့လည်း စိတ်မဝင်စားဘူး၊ အိမ်ထောင်ရေး၊ လူမှုရေး ဘာမှမရှိသလောက် လွတ်လပ်မှုကိုပဲ အလေးထားခဲ့တာလေ၊ ခုတော့ အတိတ်မေ့သွားတယ်ဆိုပေမယ့် အရင်နဲ့ လုံးဝကို မဆိုင်တော့ဘူး၊ အန်ကယ်လ်တို့အနေနဲ့ကတော့ ဒီရောဂါ မပျောက်ပါစေနဲ့လို့တောင် ဆုတောင်းရမလိုပါပဲ .."

မတောင်းနဲ့ ပြည့်မှာမဟုတ်ဘူး၊ ရန်ဘက်ချင်း က ရန်ဘက်ချင်း၊ ကျွန်တော်က ကျွန်တော် ..။

ထိုစဉ် နေ့လယ်စာတွေ ဗန်းနှစ်ချပ်နှင့်အပြည့် လူနှစ်ယောက်က သယ်လာကြပြီး စားပွဲပေါ်မှာ ခင်းကျင်းပေးသွားကြ၏။



ထမင်းဟင်းတွေက ဟိုတယ်လ်စာတွေချည်းဖြစ်ကာ ထမင်းက ဘာစ်ယောက်စာပဲရှိနေတာမို့ ..။

"အန်ကယ်လ်ကရော .."

"အန်ကယ်လ်က ကြာဇံပြုတ်လေ .."

ဟင်းသောက်ပန်းကန်လုံးကြီးနှင့် ကြာဇံပြုတ်ကိုပြကာ ..၊

"အန်ကယ်လ် ထမင်းမစားဘဲနေတာ သုံးရက်ရှိပြီကွ .."

"ဘာဖြစ်လို့လဲ .."

ကျန်းမာရေးကြောင့်ဆိုတာ သိလိုက်ပေမယ့် ဒီလောက်ထိဆိုးနေမယ်လို့တော့ မထင်ခဲ့တာ အမှန်ပင် ..။

ဦးမြင့်မောင် က ဆိုဖာမှာ ခပ်လျော့လျော့မှီလိုက်ပြီး ..၊

"အင်း .. သားကို အဲဒီလို မေးစေ့ချင်ခဲ့တာကြပြီ၊ အန်ကယ်လ် ပင်ပန်းလို့မဟုတ်ပါဘူး၊ မင်းကို အလုပ်အပေါ်စိတ်ဝင်စားစေချင်တာပါ၊ ဒီရက်ပိုင်းမှာ အာရုံကြောတွေ အရမ်းဆိုးလာတယ်၊ အစားအသောက် မမှန်တော့ လေထတာကစပြီး မူးတာအန်ချင်တာတွေပါလာတာပေါ့ .."

နေရာသီ စိတ်မကောင်းဖြစ်သွားမိ၏။ ဦးမြင့်မောင် က ခပ်မတ်မတ်ပြင်ထိုင်ကာ ..၊

"ကဲ .. ထမင်းစားရင်း စကားပြောရအောင် စားလိုက်ဦး ..၊ အန်ကယ်လ်လည်း ဒါလေးတော့ စားသောက်ချိန်လွန်လို့ မဖြစ်ဘူး .."

စကားလက်စကိုဖြတ်၍ ကြာဇံပြုတ်ပန်းကန်ကို လက်လှမ်းသဖြင့် နေရာသီ က ပိုနီးသွားအောင် ရွှေ့ပေးလိုက်၏။

"ခုမှ ဆယ်နာရီပဲရှိသေးတာ ကျွန်တော် မဆာသေးပါဘူး အန်ကယ်လ်ပဲစားပါ .."

"စားလိုက်ပါ .. ဝင်သလောက်ပေါ့၊ ပြန်ဆာတော့လည်း ပြန်စားလို့ရတာပဲ၊ အန်ကယ်လ်လည်း အလုပ်လုပ်ရင်း ရင်ထဲမှာဟာလာတိုင်း လာပို့ခိုင်းပြီးစားရတာပဲ၊ စားချင်စိတ်ရှိမှဆိုရင် စားမှမစားချင်တာ၊

www.burmeseclassic.com



မစားဘဲနေတော့ ရောဂါဝင်လာရော ..”

ဦးမြင့်မောင် က တိုက်တွန်းနေသဖြင့် သူလည်း ဇွန်းနဲ့ခပ်ရင်းကို ကောက်ကိုင်လိုက်ရ၏။

“ဟိုတယ်လ်စာတွေ မှာစားနေရတာ ဟိုတယ်လ်နံ့တွေတော့ သည်းခံရတယ်ကွ .. ဒါပေမယ့် မင်း အန်တီကိုလည်း ဒုက္ခမပေးချင်ဘူး၊ နောက်တစ်မျိုးက ခုလိုမျိုး ထမင်းမစားနိုင်တဲ့ရက်တွေဆို သူ ထမင်းထည့်ပေးလိုက်ရင် မသိအောင် ဘယ်လိုမှ ဖုံးထားလို့မရတော့ဘူး ..”

နေရာသီ က ပြုံးလိုက်ရင်း ခေါင်းညိတ်သည်။ အစိမ်းကြော် လှမ်းခပ်ရင်း ကြာဇံပြုတ်နဲ့ ရောသောက်လို့ရသည့်ဟင်းရွက်လေးတစ်ဖတ်လောက်ကို ဦးမြင့်မောင် ပန်းကန်ထဲ ဦးချပြီးမှ ..၊

“ဦးချတာပါ .. စတိဖြစ်ဖြစ်ပေါ့၊ အကျင့်ပါနေလို့ ..”

ဦးမြင့်မောင် ကြောင်တောင်တောင်ကြည့်နေကာမှ ပြောလိုက်ပိတဲ့ စကားအတွက် နောင်တရမိ၏။ ဟိုလူလိုဟန်ဆောင်နေရတုန်းမှာ ကိုယ့်ရဲ့အကျင့်အစွဲအလမ်းတွေကို ပြောဖို့မသင့် ..။

“ဒီလိုပါ .. ကျွန်တော် ကိုယ့်စိတ်ကိုသိနေသလို ဖြစ်သွားလိုက်၊ ဘာမှတွေးမရဘူးဖြစ်နေလိုက်နဲ့ ..”

“ဩော် ..”

“အတိတ်မေ့နေတဲ့လူဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩနေမိတာ၊ ကျွန်တော်အစက ဆိုးခဲ့တယ်ဆိုတာတွေရောပေါ့ ..”

“ကိုယ့်ကိုယ်ကိုယ် ငါ လူဆိုးမဟုတ်ဘူးလို့ ထင်နေတာမျိုးလေး”

“ဟုတ်တယ်ထင်တယ် ..”

ဦးမြင့်မောင် မျက်နှာ ပြုံးသွားကာ ခေါင်းညိတ်လိုက်ရင်း ကြာဇံပြုတ် ငုံ့သောက်နေ၏။ ခဏကြာမှ ပြန်မော့လာပြီး ပန်းကန်ကိုဘေးမှာချထားလိုက်၍ ..၊

“ကောင်းတယ် .. စိတ်ဆိုတာ ကောင်းတဲ့ဘက်ကို နွယ်သွားရင်



ကောင်းတာတွေပဲဖြစ်လာတတ်တယ်၊ သားက လူကောင်းလေးပါ၊ အပေါင်းအသင်းမှားခဲ့ ဘာလို့ အန်ကယ်လ်တို့က တွက်ထားပြီးသား ..”

“ကျွန်တော် ဘာတွေလုပ်နေခဲ့လို့လဲ .. အန်ကယ်လ် ..”

“ပြောရရင်တော့ မသိဘူးလို့ပြောရမှာပဲ ..”

ဒုရဲအုပ်ကိုလင်းမောင် နဲ့ တစ်လေသံတည်းပါလား ..။ ဒါဆိုရင်တော့ ရန်ဘက်ချင်း အကြောင်း ကောင်းကောင်းသိထားတာ အနှစ်တစ်ယောက်ပဲရှိမည်ထင်သည်။

“ဒါပေမယ့် ကိုယ်ပဲဘာပဲလုပ်နေနေ ဥပမာ ကွမ်းစား ဆေးသောက်အရက်မကျန်ကွာ .. ဒါက အမူအကျင့်ပိုင်း၊ မကောင်းတဲ့အလုပ်နဲ့ အကျိုးဖီးပွားရှာလာပြီဆိုရင်တော့ ဒါက မိမိနဲ့သာ သက်ဆိုင်တာမဟုတ်တော့ဘူး၊ သားကို အဲ့ဒီလို အလုပ်တွေလုပ်နေတယ်လို့ ထင်ရဖို့ အကြောင်းတစ်ချို့တော့ရှိခဲ့တယ် ..”

ပြောထားသင့်သလောက်တော့ ပြောပြထားဖို့ စိတ်ကူးလိုက်မိတာ ..။

“သူတို့က ကျွန်တော့်ကို ဟန်ဆောင်နေတယ်ပဲထင်တော့ ပြောတာလည်းရှိတယ်၊ မပြောတာလည်းရှိတယ်၊ ဒါပေမယ့် ပြောတာတွေကိုင်းကို ကျွန်တော် နားမလည်ဘူး၊ သူတို့ ကျွန်တော့်ကို မကျေနပ်ကြဘူး .. အဲဒါတော့သေချာတယ် ..”

ဦးမြင့်မောင် မျက်နှာမှာ စိုးရိမ်မကင်းဖြစ်သွားခြင်းတွေ ထင်ရှားသွားကာ ..၊

“တစ်ခုခု ခြိမ်းခြောက်တာမျိုးလုပ်လိုက်သလား သား .. ခုချိန်မှာမင်းကိုယ်မင်းလည်း ဘာမှန်းသိတာမဟုတ်ဘူး၊ သူတို့ကလည်း ယုံမှာမဟုတ်ဘူးဆိုတော့ အန္တရာယ်ရှိတယ်၊ မောင်လင်းမောင် နဲ့ တိုင်ပင်ထားမှထင်တယ် ..”

နေရာသီ က ထမင်းတစ်လုတ်ပါးစပ်ထဲထည့်ကာ ပါးစပ်ပိတ်ဝါး

www.burmeseclassic.com

www.burmeseclassic.com



ရင်း စဉ်းစားလိုက်၏။ ပြီးမှ …၊

"ကျွန်တော် ဘာတွေလုပ်ခဲ့သလဲသိချင်သေးတယ် အန်ကယ်လ် ကိုလင်းမောင် လည်း တစ်ချို့ကိုတော့ ရိပ်မိနေတဲ့ပုံပါပဲ၊ ကျွန်တော့်ကို အိမ်ပြန်ပို့ပေးတဲ့ညက သူ သတိပေးသွားသေးတယ် …"

"ဟုတ်လား … အေးလေ … သူက ဒုရဲအုပ်ပဲ၊ အန်ကယ်လ်တို့ထက် ပိုမြင်တတ်မှာပေါ့ …"

"သူတို့ကို ကိုယ့်အကြောင်းပြောပြပေမယ့် သူတို့ကလည်း မယုံ ဘူး၊ ကျွန်တော်ကလည်း ဒီ့ထက်ပိုသိချင်သေးတယ်၊ အဲဒါကြောင့် အန်ကယ်လ်တို့ကို ချက်ချင်းပြောမပြခဲ့တာ …"

"အေးပါ … မင်း မှန်ပါတယ်၊ ခုလိုပြောပြဖော်ရတာကိုပဲ အန်ကယ်ဝမ်းသာနေပါပြီ၊ မိသားစုစိတ်ဓာတ်ဆိုတာ အဲ့ဒါပဲကွ … အေးအတူ အမျှ အခက်အခဲဆိုလည်း အတူတူရင်ဆိုင်ကြဖို့ အသင့်ရှိရမယ်၊ ခက် တာဖြစ်လာရင် လွယ်တာလည်းရှိမှာပေါ့ကွာ … ဘာမှမစိုးရိမ်နဲ့ …"

"ကျွန်တော်က မစိုးရိမ်ပါဘူး၊ ဘာတွေလုပ်ခဲ့မိသလဲဆိုတာ ကိုယ့် ကိုယ်ကိုယ် မသိရလို့ အဲ့ဒါတစ်ခုပဲ …"

ရန်ဘက်ချင်း ဘယ်လောက်ဆိုးမွေထားသလဲဆိုတာ အနှစ် လောင်း တောင် မသိခဲ့တာမို့ စိုးရိမ်စရာမလိုဘူးလို့ ဦးမြင့်မောင် ထင်ကောင်း ထင်နိုင်ပေမယ့် ဒီကိစ္စပေါ့လို့မဖြစ်ဘူးဆိုတာတော့ သူသိနေသည်။

အန္တရာယ်က ကျောနောက်ကို ရောက်ချင်ရောက်လာနိုင်တာ ဘယ် သူ ကြိုသိမှာလဲ …။



အခန်း (၁၉)

"ဟာ … အစ်ကိုလေး ဝင်မလို့လား … လာလေ …"

ချောင်းကြည့်နေကာမှ လူမိသွားသဖြင့် ရန်ဘက်ချင်း မျက်နှာ ပျင်းသွားသည်။ ဒီကြားထဲ ခြံစောင့်က အပြုံးအရယ်တွေနှင့် ပျာယာ ခတ်နေကာ …၊

"ထွက်သွားတုန်းက ဆိုင်ကယ် မဟုတ်ဘူးနော် …"

"ဘာ …"

"ဟိုလေ … အပဲ … ဘီအယ်(မ်)ဒဗလျူကြီးလေ … ကလပ်ဘီးကြီး"

"အဲဒါ မင်းကိစ္စသား …"

"ဟုတ်ပါတယ် …"

"ဘာ …"

"မဟုတ်ပါဘူး … ကျွန်တော့်ကိစ္စမဟုတ်ပါဘူးဆိုတာ ဟုတ်ပါတယ် … ဟို အစ်ကိုလေးက ဘီအယ်(မ်) …"

"အထဲမှာ ဘယ်သူတွေရှိသလဲ …"

"ဗျာ … အဲ … ဘယ်သူမှမရှိဘူး … မမလေးပဲရှိတယ် …"

"အန်တီရော …"

www.burmeseclassic.com

www.burmeseclassic.com



"မမကြီးက ဟိုဘက်ခြံက နာရေးသွားတယ်၊ ကျွန်တော် သွား ခေါ်ပေးရမလား .."

"စိုးမြင့် .."

"ခင်ဗျာ ..."

"အပိုတွေသိပ်မလုပ်နဲ့ .. ငါက ကုန်းလျှောတွေပဲလိမ့်တာ၊ လိဗာ သိပ်မနင်းဘူး၊ အပိုတွေအပန်းကြီးတယ် .."

စိုးမြင့် ဟုတ်ကဲ့ .. အင်း .. အဲတောင် မလိုက်ရဲတော့ဘဲ ဒီတိုင်း ကြောင်အအနဲ့ ကျန်ရစ်ခဲ့၏။

အစ်ကိုလေး ဘာဖြစ်သွားတာလဲ ..၊

အပြင်ထွက်သွားပြီး ဆိုင်ကယ်လ်မှောက်လာတာများလား ..။

ခေါင်းကိုသေချာခြေဖျားထောက်ကြည့်တော့လည်း ပတ်တီးတွေ ဘာတွေမမြင်ပါ။ အတိတ်မေ့တဲ့လူတွေ ခေါင်းကိုထိရင် ပြန်ကောင်း တတ်တယ်ဆိုတော့ အက်ဆီးဒန့်ဖြစ်ပြီး ပြန်ကောင်းသွားတာလား ..

မနက်က ထွက်သွားတုန်းက စီးနေကျဆိုင်ကယ်လ်နဲ့ဖြစ်ပြီး ပြန် ဝင်လာတော့ ဟွန်ဒါလား .. ဘာလား ..။ ရန်ဘက်ချင်း က ဆိုင်ကယ်လ် ကို ပေါ်တီကိုမရောက်ခင် စက်ရှိန်လျှော့၍ ရပ်ပစ်လိုက်ကာ ခြေထောက် နဲ့ အသာလေးလှိမ့်သွား၏။

ကိုယ့်စိတ်ကူးက အိမ်ထဲဝင်လိုက်ဖို့မဟုတ်ပေမယ့် အခွင့်အရေး ပေးလာတာမို့ ဒီထိရောက်လာခဲ့တာဖြစ်သည်။

"ဟင် .. အစ်ကိုလေး .."

"အစ်ကိုလေးက .. ဖုန်းမဆက် .."

"ဘာ ..."

'ငါ ဖုန်းဆက်ရင် အနှစ် ကို သွားပြောလိုက်၊ လေဆိပ်ကိုဆင်း မှာ .. ညှိသည်သွားကြိုဖို့' လို့ သေချာမှာသွားခဲ့သည်။ ခုတော့ ဖုန်း မဆက်ဘဲ လူကို ဘွားဘွားကြီးမြင်လိုက်ရသောကြောင့် နုနု တို့ လန့်



သွားကြ၏။

ဖုန်းဆက်တာကိုများ သူမတို့မကြားမိလိုက်လို့လား တွေးမိနေတုန်း ရန်ဘက်ချင်း ၏ 'ဘာ' သံက မိုးကြိုးပစ်သည့်နှယ် ..၊

"ငါ့အိမ်ငါ ပြန်လာတာ ဖုန်းဆက်နေရမှာလား .. တောက် .."

ရန်ဘက်ချင်း ကိုယ့်ဘာသာ စိတ်မလုံနေသဖြင့် ဒေါသက ဆထက် ထမ်းပိုးဖြစ်သွားပြီး တက်ခေါက်မိ၏။ နုနု တို့လည်း ပခုံးတွေပါကျုံ့ သွားကာ ဘာမှဆက်မပြောရဲတော့ပေ ..။

သူ့အထဲကို တောက်လျှောက်ဝင်လာခဲ့ရင်း ကိုယ့်အဖြစ်ကိုမေ့ကာ အိပ်ခန်းတံခါးကို ဆောင့်ဟွန်းဖွင့်ပစ်လိုက်သည်။ သို့သော် ဘာလုပ်ဖို့ ဘာယူမလို့ဆိုတာ ခေါင်းထဲမှာမရှိဘဲ ဒေါသတွေပဲ အားကောင်းနေဆဲ ဖြစ်လျက် ..၊

"ဘာတွေလဲ ဒီအိမ်က လူတွေဘာတွေဖြစ်နေကြတာလဲ .."

တစ်ယောက်တည်းရေရွတ်ရင်း အကုန်လုံးတန်းစီနိုင်းပြီး နားရင်း အုပ်ပစ်ချင်စိတ်တွေပါ ဖြစ်လာခဲ့၏။ ကိုယ် ဘာလုပ်နေနေ ဘယ့်လိုလူ ဖြစ်ဖြစ် သူတို့က အလုပ်သမား၊ လူကိုကြည့်ပြီး ပြုံးတိပြုံးကြောင်ဖြစ် ခရာ ဘာလိုသလဲ ..။

"ရှင် ဘာရှာနေတာလဲ ချင်း .."

တံခါးဝကအသံကြောင့် ကျောခိုင်း၍ ခါးထောက်ရပ်နေရင်းက ခေ ဖျတ်ခနဲလှည့်ကြည့်မိ၏။ အနှစ် က ရင်ဘတ်မှာ ဇာပါသည့် ဆွဲသား အင်္ကျီ ကိုယ်ကပ်အဖြူလေးနဲ့ဖြစ်ကာ စကတ်ရှည်ပျော့တွဲတွဲလေးက လည်း အဝါနဲ့ အဖြူစပ်ကျားလေးပဲဖြစ်သည်။

သူ စိုက်ကြည့်နေသဖြင့် အနှစ် ကိုယ်တိုင်အံ့သြသွားခဲ့သည်။ တကယ် တမ်းက သူမရဲ့အလှအပတွေကို သူ စိတ်မဝင်စားပေ ..။ ဒီမေးခွန်းကို မေးသည့် သူမရဲ့ ချက်ဝန်းတွေကိုဖြစ်သည်။

ကိုယ်ဘာရှာနေတယ်ထင်လို့လဲ သူမဘာတွေသိထားပြီးပြီလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဖုန်းရော .."

"ဖုန်း ..."

"ဟုတ်တယ် .. ငါ အံဆွဲထဲမှာ ထားခဲ့တာ .."

"ထားခဲ့ရင် ရှိမှာပေါ့ .."

"မရှိလို့ပေါ့ကွ .. မင်း ငါ့ကိစ္စတွေကို စပ်စုပြန်ပြီလား အနှစ်.."

"ဘာ!..."

သူမ ဘာဖြစ်လို့ ဘာမှမမေးသေးတာလဲ၊ 'ရှင် ဘာဖြစ်တာလဲ၊ ကျွန်မကိုသတ်ရလောက်အောင် ဘာဖြစ်လို့ ဒေါသကြီးမုန်းတီးနေတာလဲ ..' စသဖြင့်သော မေးခွန်းတွေ သူမ မမေးသင့်ဘူးလား ..။

"ရှင် စကားပြောဆင်ခြင်သင့်တာ အဲ့ဒီလိုမေးခွန်းတွေ မမေးသင့်တာ အဓိကပဲ၊ ရှင့်ဖုန်း ရှင်ပဲကိုင်နေတာ၊ ချထားထား ကိုင်သွားသွား ဘယ်သူက လိုက်ကြည့်နေမှာမို့လို့လဲ .."

သူ ဘာမှမပြောဘဲ စိုက်ကြည့်နေလိုက်သည်။

"ရှင်ထင်တာမှန်တယ်၊ ရှင့်ဒေါသပဲ အဓိက .. လူကို တစ်ဖက်သက်စွပ်စွဲပြီး သတ်ဖို့အထိလည်းကြိုးစားခဲ့ပြီးပြီ .. ကျွန်မကို ရှင် သနားစိတ်လေးတစ်ချက်လောက်ဝင်ပြီး ချမ်းသာပေးခဲ့ရင်တောင် ကျေးဇူးတင်စရာရှိနိုင်သေးတယ်၊ အခု ကျွန်မ မသေတာ မသေထိုက်သေးတဲ့ မိန်းမမို့လို့ .."

သူမကလည်း အံတကြိတ်ကြိတ်နှင့် အသက်ရှူတွေပါ ပြင်းလာခဲ့လျက် ...၊

"ဒါဆိုလည်း မင်းကို မသေသေအောင်လုပ်ခဲ့တဲ့ကောင်ကို မင်း တရားစွဲလိုက်ပါလား၊ လူကြီးတွေကို တိုင်လိုက်လေ .."

"ရှင့်လို မမိုက်ရိုင်းချင်လို့ပေါ့ ရန်ဘက်ချင်း ရယ် .. မအေမှန်းနှမမှန်း မသိအောင် ကြောင်တတ်တဲ့ ဆေးသမားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်ကို သိထားလို့ပေါ့၊ ပြီးတော့ ကျွန်မနဲ့ ကျွန်မ မိဘရဲ့ဂုဏ်သိက္ခာ .."



ပြောပြီး သူမ အခန်းထဲကို တစ်လှမ်းချင်းဝင်လာသည်။ ခြေသုံးလှမ်းလောက်ကျမှ ရပ်လိုက်ကာ ...၊

"သူများက မစင်တုံးကို စားစရာလို့ ညာကျွေးတာပေမယ့် စားမိတဲ့လူက သူ့ကိုယ်သူ မစင်တုံးစားမိပါတယ်လို့ မအော်ဘူး ချင်း ...၊ မစင်မှန်းသိလည်း မျိုချလိုက်မှာပဲ .. ဒီလူ ယုတ်ယုတ်မာမာ လိမ်ညာကျွေးပါတယ်လို့လည်း ဘယ်သူ့ကိုမှ ပြေးတိုင်မှာမဟုတ်ဘူး .."

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောနေသဖြင့် ရန်ဘက်ချင်း ဘာမှ မတုံ့ပြန်နိုင် ...။

"အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဂုဏ်သိက္ခာအတွက်ပဲ၊ ကျွန်မ ဘယ်လိုလူကိုလက်ထပ်ခဲ့မိပါတယ်ဆိုတာ ဘယ်တော့မှ ထုတ်ဖော်မှာမဟုတ်သလို ရှင့်ကိုလည်း လက်တုံ့ပြန်ဖို့မကြိုးစားဘူး .."

"ဒါဆို ငါက နောက်တစ်ခါ ကြိုးစားခွင့်ရသွားပြီပေါ့ .."

"ဟွန်း .."

အနှစ် က ပိုင်နိုင်သည့်အပြုံးနှင့် လက်ပိုက်လိုက်ကာ ...၊

"ရှင် ကြည့်လိုက်လေ .. အခွင့်အရေးဆိုတာ နှစ်ခါထပ်မရဘူး.."

"အကြိမ်ကြိမ်အခါခါရတယ် အနှစ်သား .. အချစ်ကြောင့်ဖြစ်ဖြစ် ဂုဏ်သိက္ခာကြောင့်ဖြစ်ဖြစ် အဲဒီလိုပေးဆပ်နေကြတဲ့ ငကြောင်တွေက ဆေးကြောင်ကြောင်နေတဲ့ ကောင်တွေထက် ပိုမိုက်တယ် .."

"မိုက်တယ်ထင်ရင်လည်း မိုက်တယ်ပေါ့၊ ကျွန်မ ရှင်နဲ့တုပြိုင်ပြီး စကားအနိုင်မလုချင်ဘူး၊ တစ်ခုပြောချင်တာက ရှင့်အတွက် အခွင့်အရေးတွေ ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါပဲရနေနေ ကျွန်မ တစ်ခါပဲ အမိုက်ခံမယ် .."

သူမကပြောပြီးတာနှင့် ပြန်ထွက်သွားသည်။ ရန်ဘက်ချင်း မခံချိမခံသာ ကျန်ခဲ့လျက် သူမ ဘယ်လိုအားကိုးနဲ့ စိန်ခေါ်သွားတာလဲဆိုတာ ခေါင်းထဲရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမရဲ့ မျက်လုံးတွေကို သတိထားမိသည်။ ရင်းနှီးနေသည့် သဘောဆောင်နေခဲ့ပျက် ကြောက်ရွံ့ခြင်းကင်းနေတာလည်း သူ ခံစားမိသည်။

ဒီအိမ်ကို သူ ပြန်လာခြင်းအတွက် မနှစ်မြို့ခြင်း ရန်လိုခြင်း စသည့် အမူအရာမျိုးလည်း မဖြစ်ဘဲ အရင်လိုနေလိုကနေ ပြန်လိုကပြန်၊ ဟိုအရင် ကြံစည်မှုမျိုးထပ်လုပ်လာမှာကိုလည်း ဂရုမစိုက်သည့် သဘောဆောင် နေခဲ့၏။

ဒါဆို သူ ဘာဆက်လုပ်ရမလဲ ...၊

ဒီတိုင်းဆက်ပြီး ဝင်ထွက်သွားလာနေလိုက်ရမလား ...။

'မနေနဲ့' ဆိုသည့်အဖြေက ချက်ချင်းထွက်လာ၏။ စက္က တို့နဲ့ သူ ပြန်ဆက်သွယ်ရတော့မည်။ ဒါမှ ကိုယ်လိုတာရနိုင်မှာဖြစ်သလို ကြောက်လန့်ပြေးလွှားနေရသည့် ဒုက္ခကလည်း ကင်းဝေးမှာဖြစ်သည်။

ကလေးတွေလို သရဲလုပ်ခြောက်ပြလျှင် ကလေးက ကြောက်တဲ့လူ ဆီ ပြေးလာတတ်တာမျိုး ...။

စက္က တို့ကို တွန်းလှန်နိုင်သည့်အင်အား သူ့မှာ မရှိပေ ...။ ဦးနိုင် က တစ်ချို့နေရာတွေအတွက် အားကိုးလို့ရပေမယ့် သူ့အတွက် အရာရာ အဆင်ပြေဖို့ကို မျှော်လင့်လို့မရ ...။

ဒါပေမယ့် ဦးနိုင် က သူ့ကို သတိပေးသည်။

"အိုးသည် အိုးကောင်း မကိုင်ရဘူးတဲ့၊ 'အရက်ရောင်းတဲ့လူ အရက် မူးနေလို့ မရဘူး' မင်း ဒီလောကထဲမှာ နေရာလိုချင်ရင်တော့ ဆေးသမား ဖြစ်နေလို့မရဘူး .. ဖြတ်တောက်ပစ်ဖို့ကြိုးစား .." တဲ့ ...။

စက္က တို့နဲ့ စပြီး အလုပ်လုပ်တုန်းကလည်း သူတို့ပြောဖူးပါသည်။

"လိုင်းချင်းပူးလို့မရဘူးနော် .. မင်း ကယ်ရီလုပ်တော့မယ်ဆိုရင် မီးခိုးထွက်ဖို့ မစဉ်းစားနဲ့ .." ဟု ...။

ဒါပေမယ့် သူ့အတွက်က နစ်သွားပြီးသည့် ခြေတစ်ဖက်ကို ပြန်နုတ်



ယူဖို့ နောက်ကျန်ခဲ့သည့် ခြေတစ်ဖက်ကလည်း ခွန်အားမဲ့မနေခဲ့၏။

သူ့ဈေးသားဆိုတာ အမည်ခံသာမို့ အမြဲတမ်း လိုအပ်နေတာက ငွေ ...။

ငွေရှာရခက်လာလေ ဦးမြင့်မောင် တို့ လင်မယားကို မုန်းမိလေ...။

ခုချိန်မှာ သူ ဘယ်လောက်ပဲဆိုးဆိုး မာမီတို့ဆီကို လှမ်းတိုင်မှာ မဟုတ်ဘူးဆိုတာ သူသိနေသည်။ အနှစ် က သူ လုပ်ကြံသည့်ကိစ္စကို မပြောသေးဘူးဆိုတော့ သူ ဆိုးနေလည်း လူဆိုးလို့ သတ်မှတ်မှာမဟုတ် ပေ ...။

အဲဒါ ငတုံးတွေ ဖက်တွယ်ထားကြတဲ့ ဂုဏ်သိက္ခာဆိုတာပဲ ...။

သူ့နုတ်ခမ်းမှာ ခပ်ချဉ်ချဉ်မဲ့ပြုံးတစ်ချက် ဖြစ်ထွန်းသွားခဲ့သည်။ ပြီးတော့ ရင်တွင်းစကားတွေဆိုရင်း မုန်းရှာခြင်းအလုပ်ကို ဆက်လုပ် လိုက်၏။

သူကလည်း ခွေးပြေးသလို ပြေးနေရတဲ့ဘဝမှာပဲ မျိုသိပ်နေခဲ့တာ အမွေလွှဲဆက်ခံရမယ့်အချိန် မကျော်လွန်သေးလို့ပါ။ လူတော်လူကောင်း လေးဖြစ်ပါပြီဆိုသည့် ထောက်ခံချက်မျိုး မပေးနိုင်ခင်တောင် သူတို့ လက်ထဲမှာ ကျန်ခဲ့သည့် ကိုယ့်ကို မကောင်းတဲ့ကောင်ပါလို့ လက်ညှိုး ထိုးမှာမဟုတ်ဘူးဆိုတာ ယုံကြည်ထားသည်။

ဒါကြောင့် ဦးမြင့်မောင် တို့ကို ဒုက္ခမပေးသေးဘဲ မျိုသိပ်နေခဲ့တာ ဖြစ်၏။ ကိုယ့်ရဲ့ ရပိုင်ခွင့်တွေ အခွင့်အရေးတွေအားလုံးကို ချုပ်ကိုင် ဝါးမျိုထားကြသည့်လူတွေ ...။

ကိုယ်ယူထားတဲ့ ယောက်ျား ကိုယ့်အပေါ် နှစ်မြို့ရဲ့လား မနှစ်မြို့ ဘူးလားတောင် မခွဲခြားနိုင်တဲ့ မိန်းမ ...။

သင်းတို့ သုံးယောက်လုံးသိတယ် ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

"အမိန့်ရှိပါ သူဌေး .."

"ချင်း မလာသေးဘူးလား .."

"ဟုတ်ကဲ့ .. မရောက်သေးဘူး .."

မနက်က သူ့ထက်အရင်ထွက်သွားတာပါ။ ဦးမြင့်မောင် မျက်မှန်တစ်ချက်ပင့်ရင်း တွေးမိလိုက်၏။

"အေး .. သွားတော့ .."

ခုတစ်လော အလုပ်ထဲမှာ ချင်း တော်တော်လည်ပတ်နေပြီမို့ စိုးရိမ်စိတ်ကလည်း ကြီးစိုးလာခဲ့၏။ ထို့ကြောင့် သွားလာနေထိုင်တာတွေကို ဂရုစိုက်ကြည့်နေရသည်။

အပေါင်းအသင်းတွေ ဒုက္ခပေးလို့ဖြစ်စေ သူ့စိတ်ပါသွားတာဖြစ်စေ တစ်ခုခုကြောင့် အတိမ်းအစောင်းဖြစ်သွားမှာကို မလိုချင်၊ ထိုစဉ် လင်းမောင် ဆီက ဖုန်းဝင်လာတာ တိုက်တိုက်ဆိုင်ဆိုင် ..။

"ဟေး .. မောင်လင်းမောင် မင်း ပျောက်လှချေလား .. ခုထိ ခရီးသွားနေတုန်းပဲလားကွ .."

"..... ..... ....."



"အေး .. အခြေအနေကောင်းနေတယ်၊ အလုပ်ထဲမှာ စိတ်ပါလက်ပါ ဝိုင်းလုပ်နေတာလေ၊ အတိတ်မေ့သွားတာမဟုတ်ဘူးထင်တယ်၊ ဝဋ်ကြွေးကုန်လို့ နတ်ရေကန်ထဲကျသွားတာကွ .."

လင်းမောင် နဲ့ ပြောပြီး ရယ်နေမိသည်။ ပြီးတော့ ကိုယ် စိုးရိမ်နေတာကိုလည်း ပြောပြမိလျှင် ..၊

"အေးပါ .. မင်းပြောသလိုပဲ ဖြစ်စေချင်တာပါ၊ သူ လူလိမ္မာလေးဖြစ်လာတော့ ကိုယ့်သမီးအတွက် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်လာသလို သူ့မိဘများလည်း ရင်အေးရတာပေါ့၊ မလိမ်ညာစတမ်းပြောရရင် မိဘကားကိုနာခံခဲ့တဲ့သမီးအတွက် အားလုံးကို အကောင်းဆုံးဖြစ်လာစေချင်တာ .."

"..... ..... ....."

"ဟုတ်တယ် .. မောင်လင်းမောင်၊ မိဘရဲ့စေတနာအမှားကြောင့် သားသမီးနစ်မွန်းကြတာတွေရှိတယ်၊ အဲဒီထဲမှာ သမီးလည်းပါနေရတဲ့အတွက် အန်ကယ်လ်တို့မိဘတွေရင်ထဲမှာ တစ်နေ့မှ မငြိမ်းချမ်းပါဘူးကွယ် .. သူ့ကို ကောင်းစေချင်တဲ့စေတနာက သမီးအတွက် အတ္တမကင်းပါဘူး၊ ဒါပေမယ့် သူ့ကိုလည်း ကိုယ့်သားလေးလို အန်ကယ်လ်တို့ချစ်ကြတာပါ .."

"..... ..... ....."

"အေး .. အေး .. မင်း ပြန်လာတော့မလား၊ ဒါဆို အန်ကယ်လ်တို့ တစ်အားတက်တာပေါ့၊ မင်းညီမကလည်း ခင်ဆိုးဆိုးလေးပဲကွ၊ ရောက်လာရင်တော့ ဝိုင်းပြောပေးပါဦးကွာ .. မင်းကိုတော့ သမီးက အစ်ကိုလို သူငယ်ချင်းလို သဘောထားတာ .."

လင်းမောင် နဲ့ စကားပြောနေတုန်းမှာ ရယ်မောရွှင်လန်းနေခဲ့သော်လည်း ဖုန်းချလိုက်ပြီး ခဏမှာ ရန်ဘက်ချင်း ရောက်လာခဲ့ပြီး ..၊

"အန်ကယ်လ် .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ရောက်လာပြီလား .. ဒီမှာ ဟိုလယ်က .."

"ကျွန်တော် ပြောစရာရှိလို့ .."

ဟင် ...!

နေရာမှထကာ စာရင်းဟောင်းတွေထည့်ထားသည့် ဗီရိုဆီသွားမလို့ ခြေလှမ်းပြင်ဆဲ ရန်ဘက်ချင်း စကားကြောင့် မျက်နှာကိုပြန်လှည့်ကြည့်မိ၏။

ပြီးတော့ မျက်မှန်ကိုပါ ထပ်ပင့်၍ကြည့်မိကာ ...၊

"အေး .. ဒါဖြင့်လည်း ထိုင်လေကွာ .."

ထိုင်လေကွာလို့ ပြောပြီးတာလည်း ကိုယ်သာပြန်ထိုင်လိုက်ရသည်။ သူက မလှုပ်တလှုပ် ...။

ဦးမြင့်မောင် မော့ကြည့်လိုက်မှ ရှေ့ဆံပင်တွေကို ထိုးသိပ်တင်ရင်း မျက်နှာခပ်ငုံ့ငုံ့နှင့် ဝင်ထိုင်လိုက်၏။

ဒီကောင်လေး ဘာဖြစ်နေတာလဲ ...!

မျက်နှာပုံပန်းအရ စိုးရိမ်ဖွယ်ဖြစ်လာမိရင်း ...၊

"ဟစ်ခုခု ပြဿနာရှိလို့လား သား .."

ပထမဆုံး မျက်နှာချင်းဆိုင်ရခြင်းမို့ ပူသလို ထူသလိုဖြစ်နေရသည့် စိတ်က ဦးမြင့်မောင် ၏ နူးညံ့လိုက်လျောခြင်းကြောင့် ခေါင်းထောင်သွားခဲ့၏။

မော့လာသည့်မျက်နှာကို ဦးမြင့်မောင် ကလည်း အမိအရကဲခတ်၍ ...၊

"မင်းရဲ့ အပေါင်းအသင်းတွေနဲ့ ပတ်သက်တာ တစ်ခုခုများလား သား .. ဘာအခက်အခဲဖြစ်နေလို့လဲ .."

"ကျွန်တော် ကားလိုချင်လို့ .."

"ဟော!..."

ဦးမြင့်မောင် အံ့သြသွားတာသည် ဘယ်သူက ကားယူမစီးရဘူး



ပြောထားလို့လဲ ...၊

"ကားလိုချင်တယ် .. ဟုတ်လား .."

"ဘာဖြစ်လို့လဲ အန်ကယ်လ် .. ကျွန်တော်က .."

"ဘာမှမဖြစ်ဘူး .. ဘာမှမဖြစ်ဘူး .. သားက အထူးခွင့်တောင်းနေတာကို အံ့သြနေတာ၊ ယူစီးပေါ့ကွာ .. ခါတိုင်းလည်း သားပဲ ကားတွေထည့်လဲစီးနေတာကို သတိတော့ထားပေါ့၊ သားက ခေါင်းသိပ်မကောင်းဘူးဆိုတော့ .."

"အဲဒါပဲ အန်ကယ်လ် .. ကျွန်တော် တစ်ခုခုကိုင်တွယ်သုံးစွဲဖို့ရှိလာရင် ကြောင့်ကြဖွယ်တွေအပြည့်နဲ့ .."

"မဟုတ်ဘူး သား .. ပစ္စည်းပျက်စီးတာကို အန်ကယ်လ် ဂရုမစိုက်ဘူး .."

"ဂရုမစိုက်ဘူးပြောနေတာတွေက အန်ကယ်လ်တို့ ဂရုစိုက်ဆုံးတွေဖြစ်နေတာပဲ၊ ဒီလောက်တော့ ကျွန်တော် နပ်တယ် .."

ဦးမြင့်မောင် ပါးစပ်အဟောင်းသားဖြစ်နေခဲ့၏။ ချင်း ရဲ့ ဟိုဘက်ဒီဘက် ကူးလူးပြောင်းလဲနေခြင်းတွေက လိုက်လို့မမီနိုင်ပါလား ...။

ဦးမြင့်မောင် မျက်နှာ ငေးမောအံ့သြသွားခြင်းအတွက် ချင်း ကလည်း နာကျည်းမှုတွေနဲ့ စူးစိုက်ကြည့်၏။ သူ့အနေနဲ့ ဒီလူတွေကို ကြောက်ရွံ့လေးစားလွန်းလို့မဟုတ်ပေ ...။

ကိုယ့်ဘာသာ အပြစ်လုပ်ထားပြီး ရင်မဆိုင်ဝံ့တာက ဘာမှမဖြစ်နိုင်ဘူးဆိုတာ သိလိုက်ရသည့်နောက် ...၊

"ပြီးတော့ ကျွန်တော် ပိုက်ဆံလိုနေတယ် .."

ဦးမြင့်မောင် က ငေးကြည့်နေရင်း ခေါင်းညိတ်လိုက်ကာ ...၊

"ယူလေ .. မင်း အန်တီဆီမှာ .."

"ကျွန်တော်က အန်တီ့ဆီမှာ အစကနေပြန်ပြောပြီး တောင်းခံနေရဦးမှာလား အန်ကယ်လ် .. ပြီးတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ရပြီ သား .. နေနေ .."

ဦးမြင့်မောင် က လက်ကာတားလိုက်ပြီး ပြုံးကာ ..၊

"အန်ကယ်လ်ပဲ ပေးလိုက်ပါ့မယ် .. သားက ဘယ်လောက်လိုချင်လို့လဲ .."

"တစ်ရာ့ငါးဆယ် .."

အံ့ဩဖို့တောင် အသံမထွက်နိုင်ခဲ့သည့် ဦးမြင့်မောင် မျက်နှာက စက္ကန့်ပိုင်းအတွင်းမှာ လူပ်ရှားမှုမှန်သမျှရပ်ဆိုင်းသွားခဲ့၏။ ချင်း ကတော့ နှုတ်ခမ်းတင်းတင်းစေ့ထားသည့် အေးစက်စက်မဲ့ပြုံးနှင့် ..၊

"ကျွန်တော် ခုတစ်လော ရှင်းစရာတွေရှိတယ်၊ ဘာမှမလုပ်နိုင်ဘဲ ငုတ်တုတ်ထိုင်နေတော့ လူအထင်သေးတယ်၊ ကျွန်တော်က သူဌေးသားလား .. သူဌေးသမီးကို မှီခိုစားသောက်နေရတဲ့ ဖွန်ကြောင်ကောင်လားတဲ့ .."

ဦးမြင့်မောင် မျက်နှာက အပြောင်းအလဲတစ်ခုပြီးတစ်ခုဖြစ်နေခဲ့လျက် ချင်း မျက်နှာကို ကြည့်နေခဲ့သည့် မျက်ဝန်းတွေကတော့ စူးစိုက်တည်ငြိမ်နေခဲ့၏။

မျက်လုံးချင်း နားလည်မှုတွေက လွဲမှားနေကြလျက် ချင်း ရဲ့ မဲ့ပြုံးတွေက သိသိသာသာဖြစ်လာခဲ့၏။ တစ်ဆုံးထိ မပြောသေးဘူးလို့ ဆုံးဖြတ်ထားခဲ့ပေမယ့် နှမျောခြင်းကြီးစွာ ငိုင်ကျသွားသည့် မျက်နှာကို စိုက်ကြည့်ပြီး စကားလုံးတွေက လွန်ကျွံလာခဲ့သည်။

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း မေးလာခဲ့တဲ့ မေးခွန်းပဲ .."

"မေးခွန်းတိုင်းမှာ အဖြေမရှိဘူး သား .."

"ဘာဖြစ်လို့ မရှိရမှာလဲ .."

"ဘာဖြစ်လို့ မရှိရတာလဲဆိုတော့ ဖြေစရာမလိုလို့ပေါ့၊ တစ်နဲ့နှစ်နဲ့ပေါင်းရင် ဘယ်လောက်ရသလဲဆိုတာ မေးစရာပေမယ့် ဘာဖြစ်လို့ 'နှစ်' ရတာလဲဆိုတာ မေးဖို့မလိုဘူးလေ၊ မသိတဲ့လူတွေက ဘယ်လိုပဲ ခန့်မှန်းဝေဖန်ကြပေ့စေ သား ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေတာပဲ .."



စိတ်က ထောင်းခနဲဖြစ်သွားပေမယ့် ရန်ဘက်ချင်း အံ့သာကြိတ်နေမိလျက် မတုံ့ပြန်နိုင် ..၊

"အားလုံးကို တောင်းဆိုခွင့်ရှိတယ်၊ ရယူပိုင်ခွင့်လည်းရှိတယ် .. ဒါပေမယ့် .."

"ဒါပေမယ့်ဆိုတာ မသိချင်တော့ဘူး အန်ကယ်လ် .. တောင်းဆိုနေရတာတွေလည်း စိတ်ကုန်နေပြီ .."

"နောက်ကမလိုက်ချင်ရင် ရှေ့ကသွားနိုင်အောင်ကြိုးစားရမယ် သား၊ တောင်းယူရတဲ့ဘက်မှာမနေချင်ရင် ပေးကမ်းနိုင်သူဖြစ်အောင်ကြိုးစား၊ ကိုယ်လိုချင်တဲ့အရာမှန်သမျှကို စိတ်ကူးနေရုံနဲ့ရမလာနိုင်ဘူး အန်ကယ်လ်ကတော့ .."

"ပေးကမ်းနိုင်သူဘက်မှာရှိနေလည်း အန်ကယ်လ်မပေးဘူးဆိုတာ ကျွန်တော် သေချာသိတာပေါ့ .."

ကောက်ခနဲပြောချလိုက်သည့်စကားကြောင့် ဦးမြင့်မောင် ဆွံ့အသွားသည်။ နားလည်ပေးဖို့ ကြိုးစားနေသည့်ကြားက တစ်ခုပြီးတစ်ခု ထွက်ကျလာသည့် စွပ်စွဲချက်တွေက ပြင်းထန်လာနေလျက် ..။

"ဒါပေမယ့် ခက်နေတာတစ်ခုက ကျွန်တော့်အတွက် ကြိုးစားယူဖို့မလိုအောင် ကျွန်တော့်ဘဝပေးကုသိုလ်က ဖန်ဆင်းပေးပြီးသား၊ အန်ကယ့်လ်ဘက်က တော့လ်ကီအပြင်းစားတွေ သိပ်မလွှတ်ပါနဲ့၊ မပြောချင်ဘဲ ပြောရမယ်ဆိုရင် အစတည်းက ကျွန်တော်က မယဉ်ကျေးတော့ဘူး .."

ဦးမြင့်မောင် ၏ မချိတရိအပြုံးကြောင့် ချင်း က ရှေ့ဆက်မပြောဘဲ စိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားသမီးနဲ့ မိဘပဲ သားရယ် .. ယဉ်ကျေးတာမိုက်ရိုင်းတာတွေက ခံယူတဲ့လူပေါ်မှာလည်း မူတည်ပါသေးတယ်၊ တကယ်တော့ အန်ကယ်လ် ပြောချင်တဲ့ဆိုလိုရင်းကို သားဘက်က သဘောပေါက်လွဲနေလို့ပါ၊ မိဘအမွေဆိုတာ စိန်တောင်ကြီးတစ်ခုလုံးပဲဖြစ်ဖြစ် ထီလေးတစ်ချောင်းပဲဖြစ်နေပါစေ .."

"တော်ပါတော့ အန်ကယ်လ် .."

ချင်း သည်းမခံနိုင်သည့်လေသံနှင့် ခပ်ရိုင်းရိုင်းပိတ်အော်လိုက်၏။ ထို့ပြင် ထိုင်နေရာကနေ ရှေ့ကို မျက်နှာစိုး၍ ..၊

"ကျွန်တော် မုန်းတဲ့ တော်လ်ကီအပြင်းစားတွေက အဲ့ဒါပဲ၊ နားထဲမှာ သပ်စွဲနေပြီ၊ ခေါင်းထဲမှာ ထူနေပြီ၊ ကျွန်တော့်မိဘအမွေလွှဲမယ့်အချိန်မရောက်မချင်း အန်ကယ့်လ်ဆီက အဲဒီကိစ္စမကြားချင်ဘူး၊ ကျွန်တော်လည်း မပြောဘူး၊ လောလောဆယ် လိုနေတဲ့ငွေပဲရချင်တယ်.."

"အန်ကယ်လ်က ကိုယ့်သားလို သဘောထားပြီး သိချင်တာတစ်ခုတော့ မေးချင်တယ်၊ ငွေတွေအများကြီးလိုနေတာက ဘာအတွက်များလဲ .."

"ငွေရှိမှ ဖြေရှင်းလို့ရမယ့်ကိစ္စတွေရှိလို့ပေါ့ .."

"ငွေက လူတိုင်းအတွက် လိုအပ်တဲ့အရာပါ .. ဒါပေမယ့် .."

"အန်ကယ်လ် ကျွန်တော် ငွေလိုချင်တယ် .."

"အန်ကယ်လ်ကလည်း ဝတ္တရားရှိလို့မေးရတာပါ၊ ခုတစ်လောမှာ သားနဲ့ အန်ကယ်လ်တို့ တစ်ယောက်အခက်အခဲကို တစ်ယောက်ဖြေရှင်းပေးနိုင်ကြမယ်၊ ပွင့်လင်းတော့မယ်လို့ထင်ခဲ့တာ၊ ဆွေးနွေးဖို့မလိုဘဲ လိုရင်းကို တန်းသွားကြမယ်ဆိုရင်တော့ သားရဲ့ လိုအပ်ချက်ကို အန်ကယ်လ် ဖြည့်ဆည်းမပေးနိုင်ဘူးလို့ပြောရမှာပဲ .."

ရန်ဘက်ချင်း မျက်နှာ နီရဲသွားသည်။ တစ်ထိုင်တည်းမှာ တစ်ကိုယ်လုံးမှာရှိသမျှ သွေးကြောတွေ တဖျင်းဖျင်းထလာပြီး ယားကျိုကျိ



ခံစားလာရ၏။ ပြီးတော့ ရင်တွေပူလာ၏။ ပူလောင်လာသည့် အပူစီးကြောင်းသည် လက်ရှိဒေါသနဲ့ မကျေနပ်ခြင်းတွေကို မီးလောင်ဖြစ်သွားအောင် တွန်းအားပေးနေသလိုရှိကာ ..၊

"ခင်ဗျား ဒီလိုဆုံးဖြတ်ခွင့်မရှိဘူး အန်ကယ်လ်မြင့်မောင် .."

အံကြိတ်ပြောသံသည် ဦးမြင့်မောင် ၏ တည်ငြိမ်မှုတစ်ချို့ကို နင်းချေဖျက်ဆီးသွားခဲ့ပြီး တဖြည်းဖြည်း ကုတ်ချီလာသည့်မျက်ခုံးနှစ်ဖက်က သိသာစွာတွန့်ချိုးတော့မလို ဖြစ်လာသည်။ သို့သော် ..၊

"မစားသေးဘူးဟေ့ .. လာမပို့နဲ့ဦး .."

မျက်လုံးအစုံက တံခါးဆီဖျက်ခနဲရောက်သွားပြီး ကြိုတင်တားဆီးလိုက်၏။ ဟသွားသည့်တံခါးက ပြန်စေ့သွားခဲ့ပြီး ဘယ်သူမှ ဝင်မလာတော့ ..။

"အန်ကယ်လ် မပြောချင်ပါဘူး၊ ဒါပေမယ့် မင်းရဲ့ မိဘတွေ ဆန္ဒတာ ဒီတိုင်းပဲ ချင်း .. အန်ကယ်လ်တို့ ခုပြောတဲ့ကိစ္စ ပြေလည်သည်ဖြစ်စေ မပြေလည်သည်ဖြစ်စေ တိတ်တိတ်ဆိတ်ဆိတ်ပြီးလိုက်ကြမယ်၊ ဟုတ်ပြီလား .. ဒီကုမ္ပဏီမှာ မင်းရဲ့ နာမည်နေရာယူနိုင်ဖို့အတွက် ခုတည်းက အမည်းစက်မထင်အောင်ပေါ့ .."

ပြောပြီးသည်နှင့် တံခါးပွင့်သွားကာ ဦးမြင့်မောင် ရဲ့ အတွင်းရေးမှူး ဦးထွန်းလုံ ဝင်လာ၏။ လက်ထဲမှာ ဖိုင်တစ်ချပ်နှင့်ဖြစ်လျက် အခန်းထဲက အခြေအနေကိုဝင်လာပြီးမှ သတိထားမိသွားသဖြင့် မသိမသာခြေလှမ်းတုံ့သွား၏။

ဦးမြင့်မောင် ကတော့ ဘာမှမထူးခြားသည့် အခြေအနေမျိုးနှင့် တည်ငြိမ်စွာ ရှိနေခဲ့လျက် ..၊

"ထွန်းလုံ မင်း ဒါထားခဲ့ပြီး ထရေးဒါးမှာ ကိုယ်စားလှယ် ဦးမြတ်ခြိန့် သွားတွေ့လိုက် .."

"ဟုတ်ကဲ့ .. သူက ဘော့စ်နဲ့တွေ့ဖို့သေချာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်းပဲသွားလိုက် ညနေကျမှ ငါ ဖုန်းဆက်လိုက်မယ်.."

လောလောဆယ် အခန်းထဲမှာ မနေစေချင်တာမှန်းသိလိုက်သဖြင့် ဦးထွန်းလုံ ခေါင်းညိတ်ကာ ဖိုင်ကိုစားပွဲပေါ်မှာ သေချာချထားခဲ့ပြီး ထွက်သွား၏။

ဦးမြင့်မောင် က နေရာမှထရပ်လိုက်ကာ ..၊

"အန်ကယ်လ်ပြောတာကို သား သေချာစဉ်းစားပါ၊ တစ်ခုခုရင်နှီးမြှုပ်နှံဖို့ဆိုရင် သား ဘယ်လိုလုပ်ငန်းလုပ်ချင်တာဖြစ်ဖြစ် အန်ကယ်လ်တို့ တိုင်ပင်ပြီး .."

"ကျေးဇူးတင်တယ် အန်ကယ်လ် .. အဲ .. မှားသွားလို့ .. ဆော့စ်.."

မီးဝင်းဝင်းတောက်နေသည့် မျက်ဝန်းတို့သည့် အံကြိတ်ထားသည့် အေးစက်စက်မျက်နှာနှင့် ကြောက်စရာကောင်းအောင် တင်းမာနေခဲ့ပြီး..၊

"ဒီကျေးဇူးကို မှတ်ထားမယ် .."

ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။ တံခါးကို တရားလွန်အားစိုက်ဆွဲပြီး ခြေလှမ်းကျဲများနှင့် ထွက်သွားပုံကြောင့် အပြင်စားပွဲအသီးသီးက လူတွေ သူ့ကို သတိထားမိပြီး လိုက်ကြည့်ကြ၏။

ဦးမြင့်မောင် ကတော့ ကြိုးစားစုစည်းထားရသည့် အားအင်တို့ဟာ ငြိတွယ်စုတ်ပြဲသွားသည့် သဲအိတ်ကဲ့သို့ လျှော့ကျန်းခွေသွားခဲ့ပြီး ထိုင်ခုံပေါ်သို့ တအိအိပြန်ထိုင်ကျလေသည်။

ပြီးတော့ လက်က တယ်လီဖုန်းပေါ် လှမ်းတင်လိုက်မိပြီး ..၊



အခန်း (၂၁)

"ကရင် .. ကရင် .."

ဖုန်းသံမြည်လာသည့်အချိန်မှာ ဒေါ်သဲနှစ် က ဆိုဖာပေါ်မှာထိုင်ပြီး အပုခံပြားအတွက် သိုးမွှေးထိုးနေသဖြင့် နေရာမှ ထသွားပြီး တန်းကောက်ထိုင်လိုက်၏။

"ဟလို .. အမိန့်ရှိပါရှင် .."

"...... ...... ......"

"သြော် .. အဖေကြီးလား .. ဘာဖြစ်လို့လဲ ဖေကြီး .."

ထိုအချိန်မှာ ကားကိုပါကင်ထိုးခဲ့ပြီး ဒီတိုင်းလျှောက်ပြန်လာသည့် နေရာသီ က ပေါ်တီကိုကနေတက်လာပြီဖြစ်ကာ ..၊

"သား ဘာဖြစ်တယ် .. ချင်း ရောက်လာတာလား အဖေကြီး .."

"...... ...... ......"

"ပြန်ပြောပါဦး အဖေကြီးရယ် .. အဖေကြီးအသံလည်းမကောင်းလား .. သူက ဘယ်လိုပုံစံနဲ့ ပြောသွားလို့လဲဟင် .."

နေရာသို့ ခြေလှမ်းတွေ စကားသံကြောင့် အပြင်မှာ[illegible] တံ့ဆိုင်းသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဘက်ချင်း ...၊

ခေါင်းထဲမှာ 'သတိ' ဆိုတာ အချက်ပေးခေါင်းလောင်းသံတွေ မြည်သွားခဲ့သည်။

"ဘယ်လောက်တောင်းတာလဲဟင် .. မနက် လက်ဖက်ရည်ဝိုင်းမှာတော့ သူ့မှာ ဘာအစီစဉ်မှရှိနေတဲ့ပုံမပေါ်ပါဘူး၊ ဒီနေ့ အဖေကြီးနဲ့ မလိုက်ဘူးဆိုတာလည်း သူ့ဖုန်းပြင်ထားတာဝင်ယူပြီး သွားစရာလေးရှိတာ ဆက်သွားလိုက်ချင်လို့တဲ့၊ နေ့လယ်ပိုင်းဆို ကုမ္ပဏီပြန်ရောက်မှာတဲ့၊ သူ တစ်ခုခု တကယ်လိုလို့တောင်းတာများလား .."

"..... ..... ....."

"ဟင် .. တစ်ရာ့ငါးဆယ်တောင် .."

"..... ..... ....."

"ဟုတ်လား .. အဖေကြီးရယ်၊ မင်း အန်တီနဲ့ ပြောလို့လွှဲလိုက်ရင် ပြီးတာပဲ .. ကျွန်မ ရှင်းပြမှာပေါ့ .."

"..... ..... ....."

"ဟိုတုန်းကတည်းက ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် ချင်း က ကျွန်မတို့ကို သိပ်အမြင်ကြည်တာမဟုတ်ဘူး၊ ကားလည်းတောင်းတယ်ဆိုတော့ .. ဟင် .."

"..... ..... ....."

"သူ အတိတ်ကို ပြန်သတိရသွားတာလား .. ဖေကြီး .."

နေရာသီ ဆက်နားမထောင်တော့ဘဲ အထဲကိုလည်းမဝင်ဖြစ်တော့ပေ၊ နေရာမှ ပြန်လှည့်ထွက်လာခဲ့ပြီး ဒီတိုင်းလျှောက်၍ ကားပါကင်ဘေးခဏဝင်ပြီးမှ ခြံပြင်ပြန်ထွက်ခဲ့သည်။

"အစ်ကိုလေး .. ဘယ်သွားမလို့လဲ .."

ခုပဲ ပြန်လာပြီး ပြန်ထွက်သဖြင့် ခြံစောင့်က တံခါးပြေးဖွင့်ရင်း မေးသည်။ သူ ခေါင်းညိတ်လိုက်ပြီး ...၊



"ကိစ္စရှိသေးလို့ .. ဒီနားတင်ပဲ .."

ပြော၍ အပြင်ထွက်လိုက်ပြီးမှ ...၊

"စိုးမြင့် .."

"ခင်ဗျာ .. အစ်ကိုလေး .."

စိုးမြင့် တံခါးပိတ်မလို့ကနေ ကပျာကယာခေါင်းပြူလာ၏။

"ငါ့ကို တစ်ခုကူညီကွာ .."

"ဟုတ်ကဲ့ပါ .. ဘာခိုင်းမလို့လဲ အစ်ကိုလေး .."

သူ ခဏစဉ်းစားလိုက်ပြီမှ ဆုံးဖြတ်ချက်ချကာ ...၊

"ငါ့စိတ်တွေ ခုတစ်လော ကမောက်ကမတွေဖြစ်နေတယ် .."

"ဗျာ ..."

"လုပ်စရာရှိတာတွေလည်း မေ့နေတတ်တယ်၊ လုပ်ပြီးပေမယ့် ထပ်လုပ်မိကြယ်၊ ဒေါသထွက်လာရင်လည်း ထိန်းမရချင်ဘူး၊ တစ်ခါတစ်ခါ ငါက ငါ မဟုတ်တော့သလိုမျိုး .."

"ဟာ .. အဲ့ဒါဟုတ်မယ်၊ ဟိုတစ်ပတ်ထဲက အစ်ကိုလေး ကျွန်တော့်ကို ဒီနေရာမှာပဲ အပီဟောက်သွားတာ .."

သူ့စိတ်ထင့်နေသဖြင့် ကြိုတင်ပြင်ဆင်သင့်သည်လို့ထင်တဲ့ပြဿနာက ပေါ်ပြီးခဲ့ပြီပဲ ...။

စိုးမြင့် က သူ့ပုံစံကိုသေချာလုပ်ပြပြီး ရယ်နေသေးသည်။ သူကတော့ မရယ်နိုင်ပေ၊ ရန်ဘက်ချင်း အိမ်ရောက်လာနိုင်သည်ဆိုတည်းက ဘာစ်ခုခုကို မကြာမီ ကျူးလွန်ဖို့ကြိုးစားဦးမှာ သေချာ၏။

သူ ဘာလုပ်နေမိတာလဲ၊ ဒီကထွက်သွားမှာလား၊ ရန်ဘက်ချင်း အဖြစ်နဲ့ ဆက်နေနေမှာလား ...၊

ခုထိ မသွားနိုင်သေးတာကရော ဘာအတွက်လဲ ...၊

ခိုလှုံနေဖို့လား၊ ကာကွယ်ပေးချင်လို့လား၊ ကာကွယ်ပေးဖို့ဆိုရင် ကိုယ့်မှာ ဘယ်လိုအင်အားရှိလို့လဲ ...။ မေးခွန်းပေါင်းများစွာက အမြဲ

www.burmeseclassic.com

www.burmeseclassic.com



တမ်းရှုပ်ထွေးစွာပေါ်လာတတ်ပြီး မရေရာသည့် အခြေအနေမှာပဲ သူ့ဒီကမခွာနိုင်ဖြစ်နေခဲ့သည်။

ရန်ဘက်ချင်း ဘာလုပ်ချင်တာလဲ ..၊

သူ ဘာလုပ်လုပ် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စပဲဆိုပြီး ကျော်နိုင်းထားခဲ့မလား ..။

"အစ်ကိုလေး .."

"ဟင် .. အင်း .. အင်း .. ငါပြောဖို့စဉ်းစားနေတာ၊ မင်း .. ငါ စိတ်တိုဒေါသကြီးလာပြီထင်ရင် ငါ ဆက်ဆံရေးကျဲနေပြီထင်ရင်ကွာ.."

"ဟုတ်ကဲ့ .. ငါ့ကို မေးခွန်းတွေမမေးနဲ့ မစပ်စုနဲ့၊ ဖြစ်နိုင်ရင် လုပ်စရာရှိတာလုပ်ပြီး ဝေးဝေးနေ .."

"ဟုတ်ကဲ့ပါ .."

"ခုနကလို ခုပဲပြန်လာတာမြင်လို့ ဘယ်သွားဦးမလဲ မေးတာမျိုး၊ အဲဒါတွေလာမလုပ်မိစေနဲ့ .."

အမေးအဖြေတွေကြားမှာ ရန်ဘက်ချင်း နှစ်ယောက်ရှိကာ ပေါ်သွားနိုင်သည်။ ထို့ကြောင့် ..၊

"မင်း တိတ်တိတ်နေပေး .. ဟုတ်ပြီလား .."

"စိတ်ချပါ .. အစ်ကိုလေး ကျန်းမာရေးမကောင်းသေးဘူးဆိုတာ ကျွန်တော်တို့သိပါတယ်၊ ခုလည်း အစ်ကိုလေးမျက်နှာ နူးနူးညွှံ့ညွှံ့ရှိနေတာမြင်လို့ မေးမိတာပါ၊ သတိထားပါ့မယ် .."

စိုးမြင့် က အာဝဇ္ဇန်းရွှင်တတ်တာလေးရှိပေမယ့် ရိုးသားတဲ့လူပါ၊ သို့သော် ရန်ဘက်ချင်း နဲ့ ဆုံမိရင် ငြိနိုင်၏။

ဆုံးဖြတ်ချက်တွေ မပီပြင်သော်လည်း သူ့ခြေလှမ်းတွေက တစ်နေရာသို့ တည့်တည့်ရှေ့ရှုနေခဲ့ပြီး ..၊



## အခန်း (၂၂)

"တီ ..."

နားထဲမှာ ဟွန်းသံကိုကြားပေမယ့် အမှတ်တမဲ့ဖြစ်သွားခဲ့၏။

"တီ ..."

"ဖျန်း ..."

"ဟာ ..."

ဘယ်ဘက်ခြေထောက်တစ်ခုလုံးမှာ ရွှံ့ဗွက်တွေ ဖျန်းခနဲပြေးဝင်သွား၏။ ဘောင်းကို ခုန်ရှောင်လိုက်ပေမယ့် လက်ဖျားနဲ့ အင်္ကျီလက်စတွေပါ ရွှံ့စက်တွေက အနံ့အပြား ..၊

"ကျွတ်ကွာ .. သေစမ်း .."

အိမ်ထဲပြန်ဝင်ရခက် နေရခက်နှင့် ကိုယ့်ကိုယ်ကိုယ်ငုံ့ကြည့်ပြီး နေရာသီ တက်ခေါက်မိ၏။ ပြီးမှ မလှမ်းမကမ်းမှာ ရပ်သွားသည့် ကားဆီ လှမ်းကြည့်လိုက်လျှင် ဆင်းလာသူက အနှစ် ..၊

အနက်ရောက်သမ်းနေသော ရှားရင့်ရောင်ဝတ်စုံသည် လမ်းလျှောက်လိုက်တိုင်း ပြိုးခနဲပြက်ခနဲလက်သွားတတ်ကာ ..၊

ဖွေးနုသည့် ရင်ဘတ်ပြေပြေလေးမှာ မဟူရာလည်ဆွဲလေးက ထင်း

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

အညိုရောင် နှုတ်ခမ်းသားလေးနှင့် ပါးချိတ်မို့မို့လေးနှစ်ဖက်မှာ ပန်းနုရောင်လေးနှင့် မျက်နှာလေးက ပန်းချီဆန်အောင်လှ၏။ သူမ ပွဲတစ်ခုခုတက်ဖို့ပြင်ဆင်ထားမှန်းသိလိုက်ကာ ဖြစ်နေမိသည့် ဒေါသလက်တောက်လောက်က ဖြုတ်ခနဲကျပျောက်၏။

သူမ မျက်နှာလေးကတော့ တည်တာထက်ပိုမိုနေကာ …၊

"ကျွန်မ ဟွန်းတီးနေတာ ရှင်မှ မဖယ်ဘဲ …"

"မဖယ်လည်း မင်းအရှိန်ချမောင်းပေါ့ကွ …"

"ချလို့မရလိုက်ဘူး၊ ဟိုဘက်မှာ ကားက ချိုင့်ကျသွားလို့ လီဗာနင်းပြီး တက်လာရတာ …"

"မင်းက အဲဒါ ပြောချင်လို့ ဆင်းလာတာလား …"

"ဟုတ်တယ်လေ … ကျွန်မ မှားရင်တော့ တောင်းပန်မလို့ပေါ့ …"

"တောင်းပန်ဖို့မလိုဘူးထင်ရင်လည်း ဆက်မောင်းသွားလို့ရတယ်၊ ဘယ်သူမှ မင့်ကားနောက်ကို လိုက်မဆဲဘူး …"

"ဘာလဲ ရှင်က မကျေနပ်နိုင်ဖြစ်နေတာလား …"

မျက်လုံးချင်းဆုံသွားတော့ ကျကျနနပြင်ဆင်ထားသည့် မျက်နှာမှန်ညက်ညက်လေးကို သူ စိုက်ကြည့်မိသည်။ သူ့စိတ်တွေ သူမနဲ့ စကားပြောနေရချိန်တွေမှာ ဘာဖြစ်သလဲ …၊

"ကိုယ့်ကြောင့် တစ်ခုခုဖြစ်သွားတာကို ဒီတိုင်းမောင်းထွက်သွားလောက်အောင် မရိုင်းချင်လို့ အကျိုးအကြောင်းလာပြောပြတာ၊ မကျေနပ်ရင်လည်း မတတ်နိုင်ဘူး …"

"ကျေနပ်ပါတယ်လို့ ပြန်တောင်းပန်ရဦးမယ့်ပုံပဲ …"

"ဟွန်း …"

သူမက မျက်စောင်းရွယ်ပြီးမှ သူ့ဘောင်းဘီအညိုရောင်ပေါ်က ရွှံ့စက်တွေဆီ အကြည့်ရောက်သွားကာ …၊



"ဆောရီး …"

"ကျေးဇူးတင်ပါတယ် …"

ကောင်းကောင်းမွန်မွန်စိတ်ထားနဲ့ပြောတော့လည်း တွေ့သလိုပေါ့ သလိုမို့ အနှစ် က ဆက်မပြောတော့ဘဲ လှည့်ထွက်သွား၏။

နေရာသိ သူမဘေးကနေ အတူလျှောက်ပါသွားခဲ့ရင်း …၊

"မင်း ဘယ်သွားမလို့လဲ …"

"သူငယ်ချင်း တစ်ယောက်ရဲ့ နှုတ်ဆက်ဒင်နာ …"

"ယောကျ်ားလေးလား … မိန်းကလေးလား …"

အနှစ် က ဖျတ်ခနဲလှည့်ကြည့်သည်။ သူကလည်း သူမ မျက်ဝန်းလေးတွေကို စိုက်ကြည့်နေခဲ့၏။ နေရာသိ က စိတ်ထဲရှိတဲ့အတိုင်း မေးလာပေမယ့် အနှစ် က အံ့ဩသောအကြည့်တွေနဲ့ဖြစ်သည်။

မနေ့တစ်နေ့က မျက်စိရှေ့ရောက်လာသည့် ရန်ဘက်ချင်း က ဘယ်ရာသီမှာ ပြောင်းလဲသွားပြန်တာလဲ …၊ ဒီတိုင်း မာန်မဲခက်ထန်နေတဲ့ ရန်ဘက်ချင်း ဆိုလည်း ဒီတိုင်းအမြဲတမ်းနေလိုက်ပါလား …။

သူ မဟုတ်တော့တဲ့ နောက်ထပ် လူတစ်ယောက်လို ဘာဖြစ်လို့ အပြောင်းအလဲတွေနဲ့ မျက်လှည့်ပြနေတာလဲ …၊

"ဘာဖြစ်လို့လဲ … ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် မင်း ရိုးသားရင် …"

"ကျွန်မဘာသာ ရိုးသားတာဖြစ်ဖြစ် မရိုးသားတာဖြစ်ဖြစ် ရှင့်ကို ဂရုစိုက်ဖို့မလိုပါဘူး၊ အပိုတွေမေးနေတာကို အံ့ဩလို့၊ ရှင် ဘယ်လိုစိတ်ကူးနဲ့ မေးမှန်းမသိတော့ …"

"ဒါဆိုရင်တော့ မင်းကိုက ငါ့ကို နေရာတကာစိတ်ဝင်စားနေတာပဲ၊ ခြေလှမ်းလက်လှမ်း ငါ့ရဲ့ မျက်တောင်တစ်ခတ်ကအစ သတိထားကြည့်နေပုံထောက်တော့ …"

"သေလိုက်လေ …"

www.burmeseclassic.com

www.burmeseclassic.com



အနှစ် က ဆတ်ခနဲလှည့်ကာ တံခါးဆွဲဖွင့်လိုက်၏။ သူမ ဝင်ထိုင်လို့မရအောင် နေရာသီ က သူမရှေ့မှာ လက်ပိုက်ဝင်ရပ်လိုက်ကာ ..၊

"ကားကြုံခေါ်မလား .."

"မဖြစ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ကျွန်မ နောက်ကျနေပြီ .."

"မင်းသွားမယ့်နေရာထိပဲ ကိုယ့်ကို လိုက်ပို့ဖို့မလိုဘူး၊ ဒီပုံစံနဲ့ မိုးလည်း မချုပ်သေးဘူး၊ ဘယ်ဆက်သွားရမှာလဲ .."

သူမက ခေါင်းညိတ်လိုက်ပေမယ့် နေရာသီ က မောင်းသူနေရာမှာ ဝင်ထိုင်လိုက်ပြီး ..၊

"တက်လေ ..."

"ရှင် ဘာလုပ်တာလဲ .. ကောင်းကောင်း မမောင်းနိုင်သေးဘဲနဲ့.."

"ဒီတစ်ခါ မင့်ကား ဘာမှမဖြစ်စေရဘူး .."

အနှစ် စိတ်မချသလို ခဏရပ်ကြည့်နေပြီးမှ တစ်ဖက်က သွားဝင်ထိုင်သည်။ ညနေခင်းရဲ့အလှက လမ်း၏ဆိုးရွားသော ဖုထစ်ချိုင့်ခွက်များကြောင့် အကျည်းတန်နေရကာ ..၊

"လမ်းကောင်းတဲ့ဘက်က ရှောင်မောင်းပါလား .. ဒီလောက် အကျယ်ကြီးကို .."

"လမ်းကျယ်ပေမယ့် ကိုယ့်ကားတစ်စီးတည်း မောင်းနှင်နေတာမှမဟုတ်တာ၊ လွတ်မှ ဖြတ်လို့ရတာ .."

နောက်ကိုကြည့်တော့လည်း တခြားကားတွေကပ်ပါလာတာမို့ အနှစ် ဘာမှမပြောဘဲ နေလိုက်သည်။ ဒါပေမယ့် ဆုံကြမယ့်နေရာမရောက်ခင် ကိုယ့်မျက်နှာကို နည်းနည်းပါးပါးတော့ ဖို့ပန်းချင်သေး၏။

နေရာတကာမှာ ပြင်ဆင်ခြယ်သခြင်းတွေ မလုပ်တတ်တာမို့ တစ်ခါတစ်လေ ပြင်ဆင်ထွက်လာပြီဆို ကိုယ့်ကိုယ်ကိုယ်-ယုံကြည်စိတ်ချမှု မရှိ



တတ်တာ အကျင့်တစ်ခုလိုဖြစ်နေခဲ့၏။

တစ်နေရာရာမှာ ခဏရပ်ပြီး အချိန်မရရင်တောင် မှန်လေးဖြစ်ဖြစ်ထုတ်ကြည့်ချင်သေးသည်။ ကျွန်တောလမ်းကနေ ညာဘက်ကို ကွေ့တက်လိုက်ပြီး ဟံသာဝတီအဝိုင်းကို ဦးတည်လိုက်၏။

"ကျွတ် .. ကားတွေကလည်း .."

"ဘာဖြစ်လို့လဲ .. ကိုယ့်သူငယ်ချင်းတွေနဲ့ ချိန်းထားတာပဲ .."

"ဘယ်သူတွေနဲ့ဖြစ်ဖြစ် .. ကိုယ့်ကြောင့် သူများတွေ ထိခိုက်ရင် ဘယ်ကောင်းမလဲ၊ ဘယ်သူမှ အားအားယားယားလာထိုင်နေတာ မဟုတ်ဘူး၊ သူများအချိန်တွေ ကိုယ့်ကြောင့် .."

"ဟား ..."

"ဘာဖြစ်တာလဲ .."

"မင်းကို မပြောဘူး .."

သူများစကားပြောနေတာကို ပစ်စလက်ခတ်ပိတ်အော်လိုက်ပြီးမှ ရှေ့မှာကားတွေကျပ်နေတာကို လွှဲချသည်။

ပြီးတော့ ဗျစ်တောက် .. ဗျစ်တောက်နှင့် ..၊

"ရှုင်းများရှင်းမလားလို့ ဒီဘက်ကို လာမိပါတယ် .."

"နေဦးလေ .. ဘယ်လိုလုပ်တာလဲ .."

"ဘာထဖြစ်တာလဲကွ .. ဘာလုပ်လို့လဲ .."

"ဒီလောက်ကားလေးရွေ့တာကို ဘာဖြစ်လို့လိုက်ကပ်တာလဲ.."

"လိုက်ကပ်မထားရင် ဘေးကားတွေ ခေါင်းထိုးမှာပေါ့ .."

"ထိုးလည်းထိုးပေ့စေပေါ့ .. သူများကားကို နောက်ကသွားဆောင့်မှ အချောင်လျှော်နေရမှာ၊ ကိုယ့်ကိုယ်ကိုယ် အိပ်(စ်)ပတ်(တ်)ရထားတယ်ထင်နေလားမသိဘူး .."

"မင်း တိတ်တိတ်မနေရင် အိပ်(စ်)ပတ်(တ်)ထက် ပိုတယ်ဆိုတာ ပြဖို့ရှိသေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



လာသေးတယ် ...၊

ကားကို အနိုင်မခံအရှုံးမပေးတွေ ကပ်လိုက်နေပြီးပြီး သူများတကာ ရင်တုန်ပန်းတုန်ဖြစ်နေတာ စိတ်သာမကဘဲ လူကလည်း ခေါင်းညိတ် ရုပ် ဖြစ်နေပြီ ...။

နာရီပင့်ကြည့်ပြီး ကိုယ့်ကိစ္စကိုလုပ်ရဦးမှာ သတိရကာ ရှေ့က ကားတန်းကိုကြည့်၍ ဆလင်းဘက်ခ်လေးဖွင့်လိုက်၏။ ထိတ်လန့်နေရ၍လား၊ နှုတ်ခမ်းနီကိုက အရောင်ပြောင်းသွားတာလားမသိ ...၊

သေချာဆိုးလာခဲ့ပါရက်နဲ့ နှုတ်ခမ်းသားက ဖြူဖတ်ဖတ်နှင့် ...။

နှုတ်ခမ်းနီဘူးဖွင့်လိုက်ပြီး ကားက လမ်းမချောချောမှာ ငြိမ်သက်စွာပြေးနေတာကို တစ်ချက်အကဲခတ်လိုက်သေးသည်။ ပြီးမှ မှောင်ရီပျိုးစမို့ ကားထဲကမီးကိုဖွင့်၍ နှုတ်ခမ်းနီဆိုးနေလျှင် ...၊

"ကျွိ ..."

"အ ..."

ဘယ်လိုမှ ပြင်ဆင်ရှောင်တိမ်းချိန်မရလိုက်ဘဲ လူကိုဆောင့်တွန်းလိုက်သလိုဖြစ်သွားပြီး နှုတ်ခမ်းသားပေါ်က နှုတ်ခမ်းနီတောင့်က နှာခေါင်းပေါက်ထဲကို ပြေးဝင်၏။

လူကို မတ်မတ်ပြင်ရပ်လိုက်ပေမယ့် နှုတ်ခမ်းနီတောင့်က နှာခေါင်းထဲမှာ ကျိုးကျန်ခဲ့ပြီ ...၊

ဟင်!...၊

မှန်ထဲကနေ ဖျတ်ခနဲအကြည့်ရောက်ကာ နေရာသီ မျက်လုံးပြူးသွား၏။ သို့သော် မြန်မြန်ဆန်ဆန်မျက်နှာလွှဲ၍ ...၊

"တောက် .. ခွေးနာ လောက်ကိုက်သလို ပြေးနေတဲ့ကားကို ကျော်လိုက်ရတာနဲ့ .."

လမ်းဘေးကျသွားသည့်ကားဦးခေါင်းကို လမ်းပေါ်ဆွဲမတင်ဘဲ ချက်ချင်း အောက်ဆင်းသွားပြီး ကားဘာဖြစ်သွားသေးလဲဆိုတာ ကြည့်သလို



လိုနှင့် ရယ်ချင်တာကို မထိန်းနိုင် ...။

"ရှူး .. ဖလူး .."

အနှစ် သူ ဘာဆင်းလုပ်သလဲလှည့်ကြည့်ဖို့ရော၊ ဒေါသထွက်ဖို့ရော ဘာမှမလုပ်အားဘဲ နှာခေါင်းထဲက နှုတ်ခမ်းနီအပိုင်းကျိုးကို ထွက်လာအောင် ကြိုးစားနေရ၏။

ပြီးတော့မှ အုပ်ခံထားသည့် တစ်ရှူးထဲ ထွက်ကျလာသော နှုတ်ခမ်းနီအပိုင်းစနှင့် ကိုယ့်မျက်နှာကို မှန်ထဲ ပြန်ကြည့်မိကာ ...၊

သူတောင်းစား .. ဒါ သက်သက်ညစ်ပတ်တာ ...။

တစ်ရှူးကိုလုံးချေပစ်ကာ တံခါးဖွင့်၍ ခုန်ချမတတ်ဆင်း၏။ ထို့နောက် ကားဘီးနားမှာ ဘာလုပ်နေမှန်းမသိသော သူ့ဘေးမှာ မတ်တတ်ရပ်မိလျှင် ...၊

ကြည့်စမ်း ...၊

ကားဘီးနားမှာ ခြေဖျားထောက်ထိုင် မျက်နှာငုံ့ရယ်နေလိုက်တာ ပခုံးတွေ လှုပ်နေပုံက ခုတ်လိုက်နေတဲ့အတိုင်း ...။

"ပါးစပ်ပိတ်ရယ်နေရင်းနဲ့ အူတက်သေနေလိမ့်မယ်၊ ဝမ်းသာလိုက်တာအော်ပြီး ဂျွမ်းဆယ်ပတ်လောက် ထိုးလိုက်ပါလား .."

ဟင်!...၊

နေရာသီ ကိုယ့်နားကအသံကြောင့် သတိဆွဲသွားသည်။ သို့သော် မော့ကြည့်လာသည့် မျက်နှာက မပြုံးသော်လည်း ဝါးလုံးကွဲရယ်ချင်နေသောရယ်ချင်ပက်ကျိရုပ်နှင့် ...၊

"ဘာပြောတာလဲ .. ဒီမှာ ကားဘီးချိုင့်ကျသွားလို့ လာကြည့်နေတာ .."

တည်တံ့ဖို့ကြိုးစားရင်း သူမ နှုတ်ခမ်းနီတွေပေကျံနေကာစကြောင့် မျက်နှာက မချိုမချဉ်စပ်ဖြဲဖြဲကြီးဖြစ်သွားရကာ ...၊

"မင်းမျက်နှာက ဘာဖြစ်တာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



မသိသလိုမေးပြီး ထရပ်လိုက်၏။ ပြီးတော့ နောက်ထပ် မေးဆက်လိုက်ပြီး ...၊

“နှုတ်ခမ်းနီ ဆိုးနေတာလား ..”

“ရှင်က ခုမှသိသလိုလို့နဲ့ လူယုတ်မာ .. လူညစ် .. ကဲဟာ ..”

“ဟော့ .. မင်းနော် ..”

“သေလေ .. သေလိုက် .. ကဲ .. ကဲ ..”

“ဘုတ် ..”

“ဒုတ် ...”

“ဟော့နော် .. မင်းပိုက်ဆံအိတ်ကြီးက .. မင်း .. မင်း .. ဟော့ ..”

လက်နဲ့ကာရင်း လက်ဖျံနဲ့ တံတောင်ဆစ်တွေမှာ အပြင်းအထန် ရိုက်ပုတ်ခံနေရသဖြင့် အိတ်ကိုင်ထားသည့် သူမ လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ထားလိုက်မိသည်။

“ဖယ်စမ်း .. ငါ့လက်ကိုလွှတ် ..”

“မင်းပဲ ဒေါသရှိတယ်ထင်နေတာလား ..”

သူမလက်ကို ဆောင့်ခါရုန်းနေရင်း လွှတ်လည်း မလွှတ်မြောက်ဘဲ ...၊

“ရှင် သူများနှုတ်ခမ်းနီဆိုးနေမှန်းသိလို့ တမင်လုပ်တာ၊ ကားတွေကျပ်နေတုန်းက ဘာမှမဖြစ်ဘဲနဲ့ လမ်းပေါ်မှာ ဘာကားမှ မရှိကာမှ ..”

“ကားတွေကျပ်နေတော့ တိုးမရလို့ ရပ်နေရတာကိုးကွ၊ မောင်းလို့ရတော့ သူလည်းလွှတ်တင် ကိုယ်လည်းလွှတ်တင်နဲ့ ဟိုကားလုပ်သွားတာ မင်း မမြင်ဘူးလား ..”

“မမြင်ဘူး .. ရှင် တမင်လုပ်ချလိုက်တာပဲသိတယ်၊ ရှင့်ကို ရွံ့ဖွက်စင်အောင်လုပ်လိုက်လို့ ကလဲ့စားပြန်ချေတာ .. ညစ်ပတ်တာ ..”

“ဒါဆို မင်းက ငါ့ကို မြင်လို့တမင်လုပ်တာပေါ့ ..”

“ရှင့်လိုလူနဲ့ ရန်ဖြစ်ဖို့အတွက် အချိန်ကုန်ခံမကြိုးစားဘူး၊ ကိုယ့်



ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ ..”

“ငါလည်း မင်းလိုပဲလေ .. မင်းနဲ့ရန်ဖြစ်တော့ ဘာရမှာမို့လို့လဲ၊ ခုဟာက တမင်လုပ်ယူဖို့မလိုဘဲနဲ့ အမှတ်တမဲ့ အဆင်ပြေသွားတာ .. ဟွန်း ..”

“ဘာပြောတယ် ...”

“မင်း ကံဆိုးသွားတာကတော့ ကံစီမံရာပေါ့ ..”

“ရှင့် .. ရှင် ..”

“ဟော့ .. ဟော့ .. မင်းနော် ..”

သူမနဲ့ မျက်နှာချင်းဆိုင်ပြီဆို အဆင်ပြေပြေရယ်မောလိုက်ရတယ် ဆိုတာ မရှိပေ ..။ ကားပြန်ထွက်လာတော့ သူမက နှုတ်ခမ်းလေးကိုက်ထားရင်း မျက်ရည်ပေါက်ကြီးတွေ ဘွားသီးလုံးလောက်ကျလာခဲ့၏။

နှုတ်ခမ်းကို ဖြစ်သလို ဖိပွတ်ဖျက်ထားတာကလည်း ရယ်ချင်စရာ ကောင်းနေကာ သူ့မှာ ငိုရခက်ရယ်ရခက် ..။

“ဘယ်ကို ဆက်မောင်းနေတာလဲ .. ပြန်မယ် ..”

“ရှေ့မှာ မိတ်ကပ်ဆိုင်ရှိတယ်၊ အဲဒီမှာ ခဏဝင်ပြင်လိုက်လေ ..”

“ရှင် စီစဉ်ပေးဖို့ မလိုဘူး၊ ပြန်လှည့် .. မဟုတ်ရင်လည်း ရှင် ဆင်းနေခဲ့တော့ ..”

“အဲဒါကောင်းတယ် ..”

ဟင်!...၊

အနှစ် မျက်ရည်သုတ်ရင်း လှည့်ကြည့်လိုက်မိသည်။ သူက ဘယ်ကိုလှမ်းကြည့်ပြီး ဘယ်လိုဒုက္ခပေးဖို့သတိတရဖြစ်သွားသည်မသိဘဲ တံခါးဖွင့်ဆင်းရင်း ...၊

“မင်း ဒီဘက်ကူးလာလိုက် .. ကိုယ် လစ်ပြီ ..”

ကြည့်စမ်း .. ယုတ်မာတာ ...၊

ကားတွေ မီးပွိုင့်စောင့်နေကြတုန်း သူ တံခါးဖွင့်ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အနှစ် ရုတ်တရက်မျက်လုံးပြူးသွားပြီး ဘာလုပ်ရမှန်းမသိ ...။

"တီ .. တီ .."

ဒရိုင်ဘာဆင်းသွားပြီကိုမြင်ကာ မီးပွိုင့်ဝါသွားသည်မို့ နောက်ကား က ဟွန်းတီး၏။

အနှစ် အောက်ဆင်းပြီး မောင်းသူနေရာကိုသွားဖို့ ဒီဘက်လှည့် လိုက်တော့ ကားတွေကပ်ထားတာ တစ်စီးနဲ့တစ်စီး တစ်တောင်နီးပါး လောက်ပဲကွာ၏။ အောက်ဆင်းကူးသွားဖို့ စိတ်ကူးကို လက်လျှော့လိုက် ရကာ ဒီတိုင်းပဲ ဟိုဘက်ကို ကုန်းကုန်းကွကွနဲ့ ကူးသွားရ၏။

ယောကျ်ားမတန်မယ့် ဒီလောက်တောင် စိမ့်တိုစိတ်ဆတ်ပြီး မိန်းမလိုမိန်းမရဆန်တဲ့လူ ...။

ကားတွေကြားထဲမှာ ဖြတ်ကူးနေတုန်း နှစ်စီးကြားမှာ ညှပ်မိပြီး နှစ်ပိုင်းပြတ်ပါစေ ...။

ပယ်ပယ်နယ်နယ်မေတ္တာပို့မိရင်း ...၊

ဝင့်လိုက်ချင်လိုက် မလိုက်ချင်နေ ...၊

ငရဲကြီးကြီး မကြီးကြီး ...၊



## အခန်း (၂၃)

အနှစ် နဲ့ သူ့ကြားမှာ ဘယ်လိုမှ ပြေလည်ဖွယ်မရှိနိုင်ခြင်းသည် သူက ရန်ဘက်ချင်း မဟုတ်သောအခြေခံအကြောင်းတစ်ရပ်က စည်း ခြားနေသည့်ပြင် ယခုကဲ့သို့ မထင်မှတ်သောတိုက်ဆိုင်မှုတို့က ပို၍ဝေး ကွာအောင် တွန်းပို့နေသလိုရှိရာ ...၊

"ဟ ..."

"ဆောရီး .."

ရှေ့ကိုတရွေ့ရွေ့တက်သွားသော ကားတစ်စီးထဲမှာ ရန်ဘက်ချင်း ကို သူ တွေ့လိုက်သည်။ ကိုယ့်မျက်နှာကြီးကို မြင်လိုက်ရသလို သူ အယောင်ယောင်အမှားမှားတွေဖြစ်သွားခဲ့သည်။

အနှစ် ဘာပြောနေတာကို မသိတော့ဘဲ သူမ ဘယ်လိုဖြစ်ကျန်ခဲ့ မယ်ဆိုတာလည်း မတွေးမိတော့ပေ ...။ ထို့ကြောင့် ရန်ဘက်ချင်း ၏ ကားနောက်လိုက်ရန် ပလက်ဖောင်းပေါ်အရင်ပြေးတက်လိုက်ရသည်။

ပြီးတော့ ဖုန်းထုတ်လိုက်ရင်း ...၊

"စိုးမြင့် လား .. ကားလွှတ်လိုက်စမ်းပါ၊ ငါ အမြန်သွားစရာရှိလို့ .."

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ .. မင်းရဲ့ ဗျာသံကြီးက .."

"အစ်ကိုလေး ကားကို အစ်ကိုလေးပဲ သော့ပျောက်လို့လား .. ဘာလား .. ဒေါ်သတွေထွက်ပြီး ပြန်ထွက်သွားတာလေ .."

"ငါ ပြန်လာသေးတာလား .."

"ဟုတ်တယ်လေ .. အစ်ကိုလေး ထွက်သွားပြီ ချက်ချင်းပြန်ဝင်လာတာ၊ ကျွန်တော်တောင် အံ့ဩလို့ ဒါပေမယ့် ကျွန်တော်အစ်ကိုလေးကို ဘာမှ မမေးလိုက်ဘူးနော် .. လုံးဝ သတိနဲ့နေတာ .."

နေရာသီ ဦးတည်သွားသည့်ကားဆီ လှမ်းကြည့်ရင်း ငိုင်ကျသွားမိ၏။ စိုးမြင့် က အရှိန်နဲ့ဆက်ပြောနေကာ ...၊

"စူပါကက်စ်တန် လွှတ်ပေးလိုက်ရမလား အစ်ကိုလေး၊ ဟိုမှာ ကိုထွန်း ကားရေဆေးနေတာရှိတယ် .."

"နေပေ့စေတော့ .."

ဖုန်းပိတ်လိုက်ပြီး သူ ဘယ်သွားရမလဲဆိုတာ သိလိုက်သည်။ အန်ကယ်လ် ဦးမြင့်မောင် ဆီမှာ ပိုက်ဆံနဲ့ ကားတောင်းနေသည်လို့ ကြားလိုက်သဖြင့် သူ တမင်တကာ သော့ယူလာခဲ့တာဖြစ်သည်။

အကောင်းတိုင်းရှိနေသည့် လင့်ခ်ရှူးဖာကိုပါ လေလျှော့ထားခဲ့သေးသည်။ ဟိုကနေ အိမ်ကို တန်းရောက်လာတာက သူ မှန်းထားတဲ့အတိုင်း ကွက်တိပဲဖြစ်သည်။

နောက်ထပ်ဖြစ်နိုင်ချေကို တွက်လိုက်ပြီး တက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။ အခြေအနေအားလုံးက သေးကမြင်ပြီး တွက်ချက်မိနေပေမယ့် ကာယကံရှင်ဖြစ်သည့် ဦးမြင့်မောင် က ဖြစ်လာမှာကို စိတ်မဝင်စားပေ ...။

ရင်ထဲမှာ နာကျင်နေခဲ့တာက ရန်ဘက်ချင်း ၏ တစ်လွဲအတွေးများနှင့် ရိုင်းပျနေခြင်းကိုပဲဖြစ်သည်။

"တစ်ယောက်လာဦးဟော့ .."

ရေဒီယိုဖုန်းနှင့် လှမ်းခေါ်ပြီးမှာစရာရှိတာမှာလိုက်သည်။



"ပြီးရင် ကိုထွန်းလုံ့ ကို အဲဒါတွေပေးလိုက်၊ ငါ ပြန်မလာတော့ဘူး.."

"ဟုတ်ကဲ့ ..."

စာရေးက ဖိုင်တွေကိုပွေ့ပိုက်ပြီး ထွက်လာခဲ့လျက် ဝင်လာသည့် ရန်ဘက်ချင်း နှင့် မျက်နှာချင်းဆိုင်မိ၍ ...၊

"အစ်ကိုရောက်လာပြီလား .. သူ့ငွေး နေမကောင်းဘူးထင်တယ်၊ ခုပဲ .. ဒါတွေ .."

"ရှေ့ကဖယ်စမ်းပါ .."

ဟင်!...၊

အပြုံးနဲ့မျက်နှာက အိုးတို့အမ်းတမ်းနှင့်ရပ်၏။ တစ်ဆက်တည်းမှာ ဆူစံထိကုန်တာက စားပွဲသေးမှာ လယ်ဂျာတွေစီရင်း စကားပြောနေကြသည့် ဝန်ထမ်းတွေဖြစ်၏။

"ဒုန်း ...."

"အယ် ..."

"အစ်ကိုလေး .."

ကုန်းကွခေါင်းချင်းဆိုင်နေကြသူတွေ မတ်မတ်စန့်စန့်ပျာပျာသလဲတွေဖြစ်ကုန်၏။ ရန်ဘက်ချင်း ကန်ထုတ်ထားသော တိမ်းစောင်းရွေ့သွားနေသည့်ထိုင်ခုံနဲ့ လူကိုကြည့်ကာ လေပြည်ထိုးရမှာလား၊ တောင်းပန်ရမလား လောလောဆယ်ထိတ်လန့်ဗျာများသွားကြသဖြင့် ...၊

"ဟ .. မလွှတ်မလပ်နဲ့ ဘာရပ်လုပ်နေကြတာလဲ .."

"ဟင်!..."

"ဟဲ့ .. ဒီဘက်ဖယ်ပေးလိုက်လေ .."

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ .."

ကမန်းကတမ်း ကပ်တွယ်ဖယ်ပေးကြကာမှ တင်းမာနေသည့် မျက်နှာနှင့် ရန်ဘက်ချင်း က မကြည့်မလင် ...၊

"ဘာတွေမှန်းကိုမသိဘူး .."

လို့ စောင်းငဲ့ပြောသွားသေးသည်။ ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြီးစိုးသွားခဲ့ပြီး သူ ထွက်သွားပြီးတဲ့အထိ ဘယ်လိုအသံဗလံမှ ရုတ်တရက်ထွက်မလာတော့ပေ ..။

ပြုံးရယ်ရွှန်းညနေသော မျက်နှာနှင့် ဖြစ်နေလိုက်၊ အဖြေမသိ ဒေါသထန်နေသော မျက်နှာဖြစ်လာလိုက်နှင့် ရန်ဘက်ချင်း ကို အားလုံးအံ့သြလို့မပြီးနိုင်..

"ဒါက ဘယ်ရှောင်ထွက်သွားမလို့ ပြင်နေတာလဲ အန်ကယ်လ်.."

"ချင်း ..."

"ဟုတ်တယ် .. ကျွန်တော် .."

ဦးမြင့်မောင် တိုက်ပုံအင်္ကျီပြန်ဝတ်ပြီး စားပွဲနောက်ကနေ ထွက်လိုက်ပြီးမှ ဒီတိုင်းရပ်နေမိကာ ..၊

"မင်း ဘာပြောလိုက်တာလဲ သား .. အန်ကယ်လ်က ဘယ်ကိုရှောင်ထွက်စရာလိုလို့လဲ .."

ဝင်လာသည့် ခြေလှမ်းတွေအတိုင်းလိုက်ကြည့်ရင်း ဦးမြင့်မောင် ရန်ဘက်ချင်း ကို အကဲခတ်နေမိသည်။ ပြန်ဝင်လာတာလည်း ရန်ဘက်ချင်းရဲ့စိတ်၊ ဟိုတုန်းက ရန်ဘက်ချင်း ရဲ့ အမြဲတမ်းအလိုမကျနေတတ်သော ရန်လိုမှုများနဲ့သာဖြစ်နေသဖြင့် ..၊

"အန်ကယ်လ် ကောင်းကောင်းနေမကောင်းလို့ အိမ်ပြန်နားမလို့ပါ.."

"ဟွန်း .. အန်တီ ဒေါ်သဲနှစ် ကို ကြားသမျှသိသမျှလေးတွေ ပြန်တိုင်ပြောဖို့မို့လား .. အထူးသဖြင့် ရန်ဘက်ချင်း ဆိုတဲ့ကောင် တစ်စခန်းထလာပြီး ငါတို့ပိုင်ဆိုင်ခွင့်ရထားတာလေးတွေ .."

"တိတ်စမ်း .. ချင်း .."

ဒီလောက်ထိတော့ ဦးမြင့်မောင် သည်းခံမနေနိုင်တော့ပေ ..။ စားပွဲကို လက်ဝါးနဲ့ခပ်ဆတ်ဆတ်ပုတ်ပစ်မိကာ ..၊

"မင်း လူကြီးသူမကို မရိုသေတတ်ရင်တောင် ဘယ်လိုပြောမိရင် စော်ကားရာရောက်တယ်ဆိုတာတော့ နားလည်သင့်တယ် .."

"ကျွန်တော် မစော်ကားချင်ပါဘူး၊ ဒါပေမယ့် မျိုးသိပ်ခဲ့တာတွေနဲ့တယ်ထင်နေတော့ ဒီနေ့ကစပြီး အနည်းအကျဉ်းစော်ကားတော့မ..



လို့ ဆုံးဖြတ်လိုက်တယ် .."

ဦးမြင့်မောင် အံကြိတ်ထားမိသည်။ ထိခိုက်ခံစားရခြင်းက နှလုံးသည်းပွတ်မှသည် တစ်ကိုယ်လုံးကို မီးပြင်းတိုက်သကဲ့သို့ ဖုန်းဖုန်းလဲကျမတတ် ပူလောင်ခဲ့ရပြီး ..။

"ဒါဆို အခု ဘယ်လိုကိစ္စနဲ့ စော်ကားဖို့ ပြန်လှည့်ခဲ့တာလဲ .."

"အန်ကယ်လ် .. ကျွန်တော့်ကို ကားပေးစီးဖို့တောင် မသထာတော့တာ နားမလည်နိုင်ဘူး .."

"ဘယ်လို .."

"ကားတွေကို မင်း စီးနေတာပဲဆိုပြီး မျက်စိတစ်မှိတ်မှာ အဖွင့်အပိတ်တွေ လုပ်လိုက်တာ လျင်လှချေလား .."

"ဘာတွေလာပြောနေတာလဲ ချင်း .."

"သားလို့ မခေါ်တော့ဘူးလား .. လုပ်ပါ .."

"သားလို့သဘောထားရင် စော်ကားခံရတာပိုပြီး နာကျင်ရတယ်၊ အန်ကယ့်လ်စိတ်ကူးတွေ လုပ်ခဲ့သမျှတွေအားလုံး မင်းအတွက်ချည်းပါ.. မင်းဘက်ကတော့ .."

"ကျွန်တော်ရခဲ့တာ 'လေ' တွေချည်းပဲလေ၊ ပြောတာကတခြား လုပ်နေတော့တစ်မျိုး အန်ကယ့်လ်ကိုရော အန်တီ့ကိုရော ကျွန်တော်လုံးဝမကျေနပ်ဘူး .."

"ကောင်းပြီ .. အန်ကယ်လ် မင်းမိဘတွေဆီ .."

"အန်ကယ်လ် မတိုင်ပါဘူး၊ ကျွန်တော်နဲ့ပတ်သက်တဲ့ မကောင်းသတင်း အန်ကယ်လ်တို့ ဘာမှသတင်းပို့မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဆိုးတယ်မိုက်တယ်ဆိုရင် အမွေလွှဲမယ့်ကိစ္စက အဖုအထစ်ရှိလာမယ်၊ အမွေတွေ ကျွန်တော်ရမှ အန်ကယ်လ်တို့သမီးပိုင်ရမှာလေ .. သမီးနဲ့ ပတ်သက်တော့ ယောက္ခမက ခွစီးလို့ရတာပေါ့.."

"လူတွေမှာ မျက်လုံးတွေ နားတွေနဲ့ မွေးဖွားလာတာ လူ့အသိ၊ လူလိုတွေးနိုင်မြင်နိုင်အောင်လို့ပါ၊ လူငယ်တွေရဲ့ ပါးနပ်မှုကိုလည်း ငါတို့

www.burmeseclassic.com



လိုက်လို့မမီပါဘူး၊ ခုပဲ မင်းမှာ ငါတို့မသိလိုက်တဲ့ ရှု့ထောင့်ကနေ အများကြီးတွေးပြီး မြင်ပြီးနေပြီ ..”

“ဟုတ်တယ် ...”

“အဲဒီလို ပါးနပ်မှုတွေအတွက် ချီကျူးပါတယ်၊ ငရဲပန်းကို ရွှေပန်း ထင်သလိုပေါ့ .. မင်းကတော့ ရွှေပန်းကို ငရဲပန်းလို့ထင်နေတယ် ..”

“တော်ပါတော့ဗျာ ..”

“အေးပါ .. အခု မင်း ဘာလိုအပ်နေသလဲဆိုတာပဲ ပြောပါ ..”

“မလိုအပ်တော့ဘူး၊ လိုအပ်တာလေးတွေပြောပြီး လက်ဖြန့်နေရတဲ့ အလုပ် မလုပ်တော့ဘူး ..”

“ဒါဆို ...”

“အမွေနဲ့မသက်ဆိုင်တဲ့ ဟောဒီကုမ္ပဏီကို ကျွန်တော့်လက်ထဲ ပြန်အပ်ပါ ..”

“ဘယ်လို ...”

ဦးမြင့်မောင် မျက်နှာပျက်သွားတာကို ရန်ဘက်ချင်း က မိန့်မိန့် ကြီး စိုက်ကြည့်၏။

“ဒီလုပ်ငန်းက ကျွန်တော့်ကို စိတ်ဝင်စားကျွမ်းကျင်လာအောင် ကိုယ်တိုင်လေ့လာလုပ်ကိုင်ဖို့ မာမီကပေးခဲ့တာ ..”

“မင်းအခု စိတ်ဝင်စားပြီလား ..”

သူကမဲ့သည်။

“ကျွမ်းကျင်နေပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာလား၊ လွယ်ပါ တယ်လို့ ထင်နေတာလား ..”

“အဲ့ဒါတွေ မလိုဘဲနဲ့ သိမ်းယူလို့ရတယ်၊ ကျွန်တော့်လက်ထဲမှာ မှောက်လိုမှောက် သွန်လိုသွန် ဒါကို ကျွန်တော်ပိုင်တယ် ..”

ဦးမြင့်မောင် မျက်နှာတစ်ပြင်လုံး တည်တင်းသွားခဲ့သည်။ လူတစ် ယောက်ရဲ့ သည်းခံနိုင်စွမ်းဘယ်ရွေ့ဘယ်မျှရှိသလဲဆိုတာ မသိပေမယ့် သူ့ဘက်ကတော့ အစွမ်းကုန်ပဲဖြစ်၏။



“ကောင်းပြီ ချင်း .. ဒါပေမယ့် မင်း တစ်ပတ်တော့စောင့်ပါ၊ ငါ မင်းကို လွှဲပြောင်းပေးပြီးပြီဆိုတာ သက်သေရှိထားချင်တယ် ..”

“မစောင့်နိုင်ဘူး ..”

“ဒီမှာသော့ ..”

ဦးမြင့်မောင် က ရန်ဘက်ချင်း ဘာပြောမှာကို သိထားသည့်ပုံနှင့် သော့ကို အတွဲလိုက်ချပေးလိုက်ပြီး ...၊

“လောလောဆယ် .. မင်း ယူသုံးဖို့ငွေ ဒါနဲ့ယူလို့ရတယ်၊ နောက် ထပ်လိုသေးရင် ငါ့အတွင်းရေးမှူးဆီမှာ ..”

“ဘာဗျ ...”

ရန်ဘက်ချင်း ဆတ်ဆတ်ထပြော၏။

“ကျွန်တော်က ကိုယ့်ငွေကို အတွင်းရေးမှူးလိုလူဆီက ပြန်တောင်း ရမယ် ဟုတ်လား ..”

ဦးမြင့်မောင် က စူးစိုက်ကြည့်လိုက်ပြီး ...၊

“နောက်တစ်ပတ် မတိုင်မချင်းတော့ မင်း သည်းခံရလိမ့်မယ် ..”

မျက်ဝန်းနှစ်စုံ၏ ပြင်းထန်သော ဆုံဆည်းမှုက အတန်ကြာတွန်း ကန်နေခဲ့ကြသည်။ ဒေါသရောင် တလက်လက်နှင့် ရန်ဘက်ချင်း ၏ အကြည့် တွေက မတည်မငြိမ်လှုပ်ရှားနေခဲ့လျက် အာသက်ရှူတွေပါ ပြင်းနေ၏။

ထို့နောက် ရိုင်းစိုင်းစွာဖြင့် ...၊

“တောက် ...”

ခါးထောက်တက်ခေါက်ပြီး လှည့်ထွက်သွား၏။ သော့ကိုတော့ မထားခဲ့ဘဲ ချင်ခနဲမြည်သွားအောင် ဆွဲယူသွားလေသည်။ ဦးမြင့်မောင် စားပွဲနောက် ပြန်ရောက်သွားခဲ့ပြီး နောက်ထပ်တစ်ခါ ပြန်ထိုင်ကျသွား ပြန်ကာ ကျိုခနဲအံကြိတ်၏။

မေတ္တာတရားရဲ့ အသွားအပြန်ဆိုတာ စော်ကားခံရဖို့လား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ရန်ဘက်ချင်း အိမ်မှာဝင်ထွက်နေပြီမို့ သူ့အတွက် သွားလာခြင်းက မလွတ်လပ်တော့ပေ ...။ ပြီးတော့ သူက ဒီမိသားစုနဲ့ ဘာမှမသက်ဆိုင်တဲ့သူမဟုတ် ...။

ညခင်းရဲ့ အလှအပတွေက သူ့မျက်နှာကိုငုံ့မိုးကြည့်ရင်း လှောင်ရယ်ပြနေသလိုပင် ...။ တိုက်ကြီးရဲ့ အလယ်ဝရန်တာမှာ မတ်တတ်ရပ် လက်တင်ရင်း တိမ်ပါးပါးရှပ်ပြေးနေသည့် နောက်ကွယ်က တစ်ခြမ်းပဲ့လလေးကို မော့ငေးနေမိသည်။

မိုးရိပ်ဆင်နေပေမယ့် တိမ်မျှင်တို့နဲ့ လကလေးက ညကို အလှမပျက်စေခဲ့ပေ ...။ တစ်ခါတလေ တိမ်ထုထုတို့ ဖုံးကွယ်သွားသည့်အခါ ညက အမှောင်လွှမ်းသွားတတ်ပေမယ့် လ၏ ကရုဏာကြောင့် ပြန်လည်၍ ရန်းကြွအသက်ဝင်လာတတ်၏။

သူ့ဘဝက ဘာလဲ၊ ရန်ဘက်ချင်း နဲ့ သူ့ဘဝနှစ်ခုက ဘာနဲ့တူနေသလဲ ...။

ဇာတ်လမ်းတွေထဲကလို အကြောင်းတစ်ခုခုကြောင့် ကွဲကွာခဲ့ကြတဲ့ အမွှာညီအစ်ကိုဆိုရင်လည်းကောင်းသား ...။



ဒါပေမယ့် ဖြစ်နိုင်ဖွယ်မရှိခြင်းက သူ့ကိုမွေးပြီးသည့်နောက်မှာ မေမေ့ကျန်းမာရေးကြောင့် နောက်ထပ်ကလေးယူလို့မရတော့ပေ ...။

"ငါ့သားလေး တစ်ယောက်တည်းကို အသက်နဲ့ရင်းပြီး မွေးခဲ့ရတာ .." ဆိုတဲ့စကား မေမေ ခဏခဏပြောတတ်ခဲ့တာဖြစ်သည်။

"သားလေးကို မေမေ့အသက် နှစ်ဆယ်ကျော်မှာရခဲ့တာ၊ နောက်ထပ် သားသမီးတွေ အများကြီးထပ်ရနိုင်သေးပေမယ့် သားအိမ်အားနည်းလွန်းလို့ ထပ်မယူနိုင်တော့ဘူးလေ၊ ဒါပေမယ့် မေမေ ဝမ်းမနည်းပါဘူး သားလေး မွေးချင်းမရှိရတာကိုပဲ သနားနေမိတယ် .." တဲ့ ...။

သူ့ဘက်မှာ အမွှာညီအစ်ကိုရှိနိုင်စရာအကြောင်းမရှိပေ ...။ ရန်ဘက်ချင်းကလည်း တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိတဲ့သူဆိုတာ သူ သိထားခဲ့၏။

မျက်နှာနှစ်ခုက သွေးသားဆက်နွယ်မှုမရှိဘဲ ချွတ်စွတ်လာတူနေရသည့် အဖြစ်ကတော့ ...၊

"ချပ် ..."

နောက်က လှုပ်ရှားသံကြောင့် လှည့်ကြည့်လိုက်မိ၏။ အိန္ဒြစ် က ညဝတ်အင်္ကျီပွပွလေးနှင့် တံခါးကို အမှတ်တမဲ့တွန်းဖွင့်လိုက်ပြီးမှ သူ့ကို မြင်လိုက်သဖြင့် နောက်ပြန်လှည့်၏။

"အန္ဒြစ် ..."

သူမ ခြေလှမ်းတုံ့သွားပေမယ့် လှည့်မကြည့် ...။ အတွင်းက အလင်းရောင်နှင့် သူမရဲ့ ဆံပင်တွေကို တစ်ဖက်သိမ်းချထားပုံက ခါးစည်းလေး ဝတ်ထားသည့် ညဝတ်အင်္ကျီပွပွနှင့်ဆိုတော့ ဖရိုဖရဲဆန်တာမျိုးလည်း မဖြစ် ...။

"မင်းလည်း အိပ်မပျော်ဘူးမို့လား .. စကားပြောရအောင် .."

"မပြောချင်ဘူး .."

"နေပါဦး .."

www.burmeseclassic.com



သူမရှိရာ လျှောက်သွားပြီး လက်လေးတစ်ဖက်ကိုဆွဲယူလိုက်၏။ ပြီးတော့မှ တံခါးကို ပြန်စေ့ထားလိုက်ကာ ..၊

"ခဏပဲနေပေး .. ကိုယ် မင်းနဲ့ပြောစရာရှိလို့ .."

အနှစ် က မျက်နှာလေးတည်နေကာ သူ ကိုင်ထားသည့် လက်ကို ခါချပစ်၏။ ဝရန်တာက မီးလုံးပြာပြာလေးအောက်မှာ အဖြူရောင် ဝတ်စုံက ဒဏ္ဍာရီဆန်နေခဲ့လျက် ..၊

"ပဋ္ဌလက်တွေခင်းမနေနဲ့ ရန်ဘက်ချင်း .. ရှင်လိုတော့လာ .. မလိုတော့သွားနဲ့ ကျွန်မကို ဘာမှတ်နေလို့လဲ .."

"ကိုယ်မင်းကို အခု အရမ်းလိုအပ်နေတယ် အနှစ် .. အဲ့ဒါက.."

"ကျွန်မကတော့ ရှင့်ကို ဘယ်တုန်းကမှ မလိုအပ်ခဲ့ဘူး၊ ခုဆို မုန်းတဲ့စိတ်တွေပါ ဖိစီးနေသေးတယ်၊ ရှင့်လို မစာမနာအနိုင်နဲ့ပိုင်းနေတဲ့လူကို ဒီတစ်ဘဝမှာပဲ လက်တွဲဖော်ဖြစ်ပါရစေလို့ ဆုတောင်းတယ်"

"ညနေကကိစ္စအတွက် မင်းကို တောင်းပန်ပါတယ် .."

"တောင်းပန်လည်းအပိုပဲ .. ရှင့်ကို ထပ်တိုးနဲ့ မုန်းသွားတာက ပြန်ဖျက်လို့မရတော့ဘူး .."

"မင်းနဲ့ကိုယ် စကားပြောအဆင်မပြေဖြစ်ကြတာတွေကြောင့် မုန်းလာခဲ့တာလား၊ သတ်ပစ်ဖို့ကြံခဲ့တာကိုလား .."

အနှစ် က သူ့မျက်နှာကို သေချာစိုက်ကြည့်၏။ ကော့နက်သော မျက်တောင်ဖျားလေးတွေအောက်က လက်တောက်နေသည့် မျက်ဝန်းလေးတွေက ရန်လိုစွာ ..။

"အဲဒါတော့ ထူးဆန်းစွာပဲ ရှင် ကျွန်မကို သတ်ပစ်ဖို့အထိ မရမက ကြိုးစားခဲ့တုန်းက ကျွန်မကိုယ်ကျွန်မ ရှက်နေတဲ့စိတ်က ပြင်းထန်နေခဲ့တာ၊ ကိုယ့်ကို သတ်ပစ်ချင်အောင် မုန်းတီးနေတဲ့ ယောကျ်ားကို ဘာဖြစ်လို့ အိမ်ထောင်ဘက်ကောင်းဖြစ်လာဦးမလား တွေးနေမိပါလိမ့်ဆိုပြီးတော့လေ .."



"မင်း သူ့ရဲ့ .. အဲ့ .. ကိုယ့်ဆီက တစ်ခုခုကို မျှော်လင့်နေခဲ့တာပေါ့ .."

"ရှင် ဘယ်လိုသတ္တဝါမှန်း မသိရင်ခင်တုန်းကတော့ အဲ့လိုပဲဖြစ်မိတယ်ထင်တယ်၊ ကြံစည်ခံရတော့ ရှက်တယ်၊ ရှင် ပြန်ရောက်လာမယ် မထင်ဘဲနဲ့ ပြန်ရောက်လာတော့ အံ့သြမိတယ်၊ ထပ်ပြီးကြံစည်ဦးမှာလားလို့ ကြောက်လည်းကြောက်နေမိတယ်၊ ဒါပေမယ့် ရှင့်ကိုမြင်လိုက်ရတိုင်း ဒေါသထွက်ရ၊ မုန်းတီးရဖြစ်လာတာကတော့ ခုကျမှပဲ .."

"ဘာဖြစ်လို့လဲ .."

"မုန်းလာပါတယ်ဆိုမှ မုန်းစရာကောင်းလို့ပေါ့ .. ရှင့်ကို မမြင်ရသေးခင်တည်းက မမြင်ပါရစေနဲ့လို့ ဆုတောင်းမိတဲ့အထိ .."

"ဒါဆို မင်းက ကိုယ့်အကြောင်းတွေပဲ တွေးနေမိတာပေါ့ .."

"တလွဲစိတ်ကူးမယဉ်နဲ့ ရန်ဘက်ချင်း .. ရှင့်ကိုမုန်းတဲ့အကြောင်းတွေပြောနေတာ .."

"ကိုယ်ကတော့ မင်းကို မမုန်းပါဘူး .."

"အဲ့ဒီတော့ ..."

"ကိုယ်ဆိုလိုတာက ရန်ဘက်ချင်း က မျက်နှာနှစ်ဖက်နဲ့ ဘာနှစ်ခုရှိနေသလိုမျိုး .."

"အဲဒီလိုရှိကတတ်သလားလို့ ဖေဖေတို့က ဆရာဝန်နဲ့ဆွေးနွေးကြည့်ပြီးပြီ .."

အနှစ် က သူ့စကားကို ပိတ်ပြောလိုက်ပြီး ခပ်စောင်းစောင်းလေး လှည့်ရပ်လိုက်သည်။

"သူ့ရဲ့ ဆေးပညာသက်တမ်းမှာတော့ အတိတ်မေ့ဝေဒနာရှင်တစ်ယောက်က နောက်ထပ်စိတ်နှစ်ခုဖြစ်သွားတတ်တာမျိုးမရှိခဲ့ဖူးဘူးတဲ့၊ ဖေဖေတို့က ဆရာဝန်ဆီရောက်အောင် မေးမြန်းကြည့်ကြပေမယ့် ကျွန်မကတော့ စိတ်မဝင်စားပါဘူး .."

"ဘာဖြစ်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုယ်ရှင် တစ်ယောက်လို့ထင်တာပဲဖြစ်ဖြစ် ဘယ်နှစ်ယောက် ဖြစ်နေပြီလို့ထင်နေနေ ရှင့်တစ်ကိုယ်လုံးမှာ ရိုးသားမှုမရှိခဲ့ဘူးဆိုတာ ဖေဖေတို့ထက် ကျွန်မက ပိုသိတာပေါ့ ..."

"ပြောကြည့်ပါဦး .. ကိုယ် အခု ဘယ်လိုပုံကြံစည်နေတာလဲ .."

"ကျော့ချမှ ဓားပြမှန်းသိရတာမျိုးပဲလေ၊ ရှင့်ရင်ထဲကို နှိုက်ထုတ်မြင်နိုင်တဲ့အထိ ကျွန်မ တော်နေရင် ရှင် ဒီအိမ်မှာ ခုလိုနေခွင့်ရပါ့မလား"

နေရာသီ မျက်မှောင်ကုတ်သွားတာကို သူမက သေချာစိုက်ကြည့်ကာ ..၊

"ဒါ ရှင့်အိမ်မဟုတ်ဘူးနော် .. ရှင်က မေ့ချင်တာလေးတွေ ကွက်မေ့နေတတ်လို့ ပြောပြတာ၊ ရှင် ချမ်းသာသလောက် မမီပေမယ့် ကျွန်မတို့မှာလည်း ကိုယ့်အရိပ်နဲ့ကိုယ် ရပ်တည်နိုင်တဲ့အင်အားတော့ရှိသေးတယ် .."

"ဟုတ်ပါပြီ .. မင်းကိုရော အန်ကယ်လ်တို့ကိုရော အပြစ်မတင်ပါဘူး၊ ဒါပေမယ့် ဒီညမှာ ကိုယ်ပြောပြချင်တာက ကိုယ့်စိတ် ဘာဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် တကယ်မသိတော့ဘူး .."

ကိုယ်က ရန်ဘက်ချင်း ဆိုတာကို ပြောပြလိုက်လို့မဖြစ်သေးသည့်အခြေအနေမို့ အမှန်တချို့ မှသားတစ်ချို့နှင့် ရှင်းပြဖို့ကြိုးစားမိ၏။

အနှစ် ကတော့ မလိုမုန်းထားသည့်မျက်ဝန်းလေးတွေနဲ့ ကြည့်နေဆဲသာ ..၊

"မင်းက အသိဆုံးဆိုရင် ကိုယ်ပြောတာတွေဖြစ်နိုင်မဖြစ်နိုင် မင်းပဲ စဉ်းစားပေးပါ၊ ကိုယ် မင်းရှေ့ကို ဘယ်လိုပုံစံတွေနဲ့ ရောက်လာခဲ့သလဲ၊ မင်း ဘယ်လိုခံစားရသလဲ၊ မင်း ခံစားရတာတွေက ကိုယ့်ရဲ့ ကွဲပြားမှုတွေပဲ အနှစ် .. ကိုယ့်စိတ်တွေ ကြမ်းတမ်းနေတဲ့အခါ ကိုယ် ဘာမှမသိတော့သလိုပဲ .."

အနှစ် က တိတ်ဆိတ်စွာ နားထောင်နေခဲ့၏။



"ကိုယ် နူးညံ့လာရင် ကိုယ့်ရင်ထဲမှာ မေတ္တာစိတ်တွေရှိလာတယ်ထင်တယ်၊ အဲဒီအချိန်မှာ မင်းတို့အားလုံးရဲ့ အံ့ဩတဲ့မျက်လုံးတွေကို ကိုယ် ပြန်အံ့ဩရတယ်၊ စိတ်ပျက်ပြီး မတူတန် မဆက်ဆံချင်အောင်ဖြစ်နေတဲ့ မင်းနဲ့မှ ကိုယ် စကားတွေပြောချင်နေတယ် .."

အနှစ် ရဲ့ မျက်တောင်ဖျားလေးတွေ မသိမသာ စိုက်ကျသွားခဲ့သည်။

"အဲဒီအချိန်မှာ ကိုယ့်ကို မိုက်ရိုင်းတယ်၊ ဆိုးသွမ်းတယ်လို့ ဘာဖြစ်လို့ ပြောနေကြမှန်းကိုယ်မသိဘူး၊ အခု ကိုယ်အမှန်တွေပြောနေတာပါ .."

"အဲဒီတော့ ရှင် ဘာဖြစ်ချင်တာလဲ .."

"မင်း တစ်ယောက်ကိုပဲ နားလည်ခွင့်လွှတ်ပေးစေချင်တာ၊ ကိုယ် ဒေါသထွက်ပြီး ဘာတွေပြောခဲ့သလဲ မင်းနဲ့ အားလုံးအပေါ်မှာ ဘယ်လို မတရားသဖြင့် စကားတွေနဲ့ စော်ကားမိခဲ့သလဲ၊ အဲဒါတွေ ကိုယ်ပြောင်းလဲသွားတဲ့အချိန်မှာ ပြန်ပြောပြပါ .."

အနှစ် က နှုတ်ခမ်းလေးမဲ့လိုက်ပြီး တစ်ဖက်လွှဲပစ်လျှင် နေရာသီသူမ ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲဆွဲယူပြီး မျက်နှာချင်းဆိုင်လိုက်ကာ..၊

"ဒါလေးတော့ မင်း ကူညီနိုင်ပါတယ်၊ ကိုယ်က မင်း ယောကျ်ားပါ၊ မင်းနဲ့တစ်သက်လုံး လက်တွဲသွားရမယ့်သူအဖြစ် အားလုံးအဆင်ပြေဖို့ မင်းကူညီပါ .."

"ရှင် ဘာတွေပြောနေတာလဲ .."

"ကိုယ့်အပေါ်မှာ မင်း နည်းနည်းလောက် ယုံကြည်ပေးမယ်ဆိုရင် ကိုယ်ပြန်ရောက်လာမှ မင်း အပေါ်ဘာတွေထပ်ဆိုးခဲ့သလဲ၊ ဒါမှမဟုတ် တခြားလူတွေအပေါ်မှာဖြစ်ဖြစ် .."

"ဖေဖေ ဒီနေ့တစ်ခုခု ဖြစ်လာတယ်လို့ မေမေပြောတယ် .."

"ကိုယ်နဲ့ ဆိုင်နေတာလား .."

အနှစ် မျက်နှာလေးတည်တင်းသွားပြန်၏။ ခဏနေမှ ..၊

www.burmeseclassic.com

www.burmeseclassic.com



"မေမေကတော့ ခန့်မှန်းနေတုန်းပဲ၊ ကျွန်မကတော့ ရှင့်ကြောင့်ပဲဆိုတာသိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေ ခုလောက်ထိ စိတ်ပျက်ချောက်ချားနေတာမျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး၊ နောက်ပြီး တစ်နေ့တည်းမှာ အတိုင်ခံရတာ နှစ်ခါ .."

"ကိုယ့်ကိုလား .."

"ဟုတ်တယ် .. ကျွန်မကိုယ်တိုင်လည်း ခံလိုက်ရတာပဲလေ၊ ဒီနေ့တော့ မဟုတ်ဘူး .."

"ဘယ်နေ့ကလဲ .. ကိုယ် ဘာတွေလုပ်ခဲ့သလဲ .."

"ရှင့်ဖုန်း ဘယ်မှာလဲမေးပြီး ကြိမ်းလားမောင်းလားတွေလုပ်သွားတာလေ၊ အဲဒီအချိန်မှာ ရှင် အားလုံးကိုသိနေတာပဲ .."

ဟင်!...၊

ရန်ဘက်ချင်း က အတိတ်မေ့နေသလို ဟန်ဆောင်နေမှာမှ မဟုတ်ဘဲ ..၊

ပြီးတော့ သူနဲ့တူတဲ့နောက်တစ်ယောက် ဒီအိမ်မှာနေနေတာကိုလည်း သိထားမည်မထင် ..။

အားလုံးကလည်း အတိတ်မေ့နေသည့်အဖြစ်ကို အတည်ပြုထားကြသည့်အလျောက် သူ ပြောင်းလဲနေသည်ပဲတွက်၍ နှစ်ယောက်ရှိနေသည့်အဖြစ်ကို ဘယ်သူမှ မရိပ်မိကြပေ ..။

သူလည်း ဒီလိုပဲလိမ်ညာနေရသည့်အဖြစ်ကို မလိုချင်ပါ။ ဒါပေမယ့် လှမ်းပြီးသည့်ခြေလှမ်းက နောက်ဆုတ်ဖို့ ခက်နေပြီဖြစ်သည်။

ဒီမိသားစု ဒါမှမဟုတ် သူမအတွက် အန္တရာယ်ရှိနိုင်သေးသည်လို့ ထင်နေမိသည့်စိတ်က ကိုယ်သာ ကာကွယ်ပေးနိုင်မည်လို့ ခံစားနေမိခဲ့သည်။

ရှင်းရှင်းပြောရလျှင် တွက်မိသည့်နောင်ကြိုးတစ်စက စိုးရိမ်စိတ်တို့နှင့် စိတ်မချနိုင် ..။

ရန်ကုန်မှာ သူနဲ့ ရင်းနှီးပတ်သက်ထားတဲ့လူတွေရှိသည်။



"မင်းက ဝရမ်းပြေးလို ပုန်းနေရတာလည်း မဟုတ်ဘဲနဲ့ကွာ ..၊ သူတို့လည်းမင်းကို လိုက်မဖမ်းဘူး၊ မင်းကိုယ်တိုင်လည်း တရားခံမှ မဟုတ်တာ၊ ခဏတစ်ဖြုတ် စိတ်ပြေလက်ပျောက် အလည်လာသလိုပဲ၊ ငါ့ဆီမှာ လွတ်လွတ်လပ်လပ်လာနေစမ်းပါ .."

သူ့အပြစ်ကို သိထားကြသည့် အတွင်းလူတစ်ချို့ကလည်း သူ ဘယ်မှာပျောက်နေမှန်းမသိသဖြင့် မြင်လိုက်တာနှင့် အူယားဖားရားမေးမြန်းကြသည်။

တကယ်တမ်းကျတော့ မမျှော်လင့်ဘဲသွားခဲ့မိသည့်အရပ်မျက်နှာမှာ သူ့ခြေလှမ်းတွေ နှယ်ငြိနေခဲ့တာဖြစ်၏။ ဒါမှမဟုတ် တစ်ကိုယ်လုံးကို ရစ်ပတ်တုံ့ဆွဲခံလိုက်ရတာလား ..၊

"ရန်ဘက်ချင်း .."

"ဟင် ..."

ခဏတစ်ဖြုတ် ငိုင်ကျသွားခဲ့ရင်း ဆတ်ခနဲဖြစ်သွားသည်။

"ရှင် တစ်ခုခုကို ဝန်ခံချင်နေတာလား .."

"ဟင်!..."

"ရှင့်ကို ကျွန်မ နားလည်တာကတော့ အဲ့ဒါပဲ၊ ရှင့်ရင်ထဲမှာ မရိုးသားမှုတွေ အချိန်တိုင်းရှိနေတယ် .."

"မဟုတ်ဘူး .. ကိုယ်တွေးနေတာ မင်းကိုဝန်ခံဖို့လည်းမဟုတ်ဘူး၊ ကြံစည်ဖို့လည်းမပါဘူး၊ ခုရှိနေတဲ့စိတ်နဲ့ နှိုင်းရင် အဲဒီလိုစိတ်တွေ ပြောင်းလဲသွားခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် အရမ်းအံ့ဩလို့ .."

အနှစ် မယုံကြည်ဖို့ ကိုယ့်စိတ်ကိုတင်းနေရင်း သူ့စကားတွေကြောင့် စိတ်ဝင်စားလာမိသည်။ သူ တကယ် ဒီတိုင်းဖြစ်နေတာလားလို့ တွေးခဲ့ရတဲ့အထိ ..။

"ဖုန်းတောင်းပြီး ကိုယ် ဘာဖြစ်သေးလဲ .."

"အဲဒီမှာစပြီး ရှင့်ပြောင်းလဲမှုကိုတွေ့တာပဲ၊ အတိတ်မေ့နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့လူက ရန်ဘက်ချင်း လုံးလုံး ပြန်ဖြစ်သွားတယ်၊ အားလုံးကို သိနေတယ်၊ ခြံထဲစဝင်တည်းက အားလုံးကို ရှင် သယောက်သဟမ်းလုပ်သွားတာလည်း ရန်ဘက်ချင်းပဲ ..."

ရန်ဘက်ချင်း ဘာတွေဝင်လုပ်သွားတယ်၊ ဘာပြောသွားတယ်ဆိုတာ သူ သိရမှဖြစ်မှာပါ။

"ရှင် တကယ်မသိတာလား၊ လူတွေ မျက်စိလည်လောက်အောင် ဟန်ဆောင်ကောင်းနေတာလား .. အဲဒါကိုတော့ ကျွန်မ စိတ်ဝင်စားနေပြီ.."

"ဘာကြောင့်ဖြစ်ဖြစ် မင်းအပေါ် ကိုယ် မဆိုးချင်ဘူး အနှစ်၊ စကားအနိုင်လုပြောမိတာတွေက ရင်းနှီးတဲ့စိတ်နဲ့ပါ၊ ကိုယ် မင်းကို မင်းနဲ့ မုန်းနေရတဲ့အဖြစ်ကို မလိုချင်ဘူး .. တကယ်လို့ .."

သူ့ ပြောလက်စကို ခဏရပ်လိုက်ကာ ...၊

"နူးညံ့တဲ့စိတ်တွေဖြစ်လာတဲ့အချိန်မှာ မင်းကိုချစ်တဲ့စိတ်တွေ ဖြစ်လာမိပါတယ်ဆိုရင်ရော .."

အနှစ် နဲ့ သူ မျက်လုံးချင်းဆုံသွားခဲ့ကြသည်။

"မင်း ယုံကြည်ပေးနိုင်ပါ့မလား .."

"ဆောရီးလို့ ပြောရမှာပဲ ရန်ဘက်ချင်း၊ ကျွန်မ လည်ပင်းမှာ ရှင်ပေးခဲ့တဲ့ အချစ်တွေကြောင့် ဒဏ်ရာတွေ ခုထိ မပျောက်သေးဘူး .."

"ကိုယ်ပြောချင်တာက ရန်ဘက်ချင်း နှစ်ယောက်လို့ ခွဲခြားကြည့်ပြီး .."

"ရန်ဘက်ချင်း ဆိုရင် မုန်းပြီးသားပဲ .."

သူမက မဆိုင်းမတွဖြေ၏။ ပြီးတော့ အိမ်ထဲဝင်ဖို့ ခြေလှမ်းပြင်လိုက်ရင်း ...၊

"ရှင် လည်ပင်းညှစ်လိုက်တည်းက ရှင်နဲ့ ပတ်သက်တဲ့အရာရာဟာ ကျွန်မပါးစပ်ထဲကနေ ခုန်ထွက်ကျပျောက်သွားခဲ့ပြီး ရင်ထဲမှာ ဘာမှ မရှိတော့ဘူး၊ စိတ်တော့ မကောင်းပါဘူး .."



ထွက်လာခဲ့တာကတော့ အနိုင်နဲ့ပိုင်းနိုင်ခဲ့သဖြင့် ခြေလှမ်းတွေက မြန်သည်။ ဒါပေမယ့် တဖြည်းဖြည်းတုံ့နှေးလာခဲ့ရင်း တွေးစရာတွေက ခေါင်းထဲမှာ အစီအရီ ...။

"ဆေးသမားတွေက အရက်သမား ဖဲသမားထက်ကြောက်ဖို့ကောင်းတယ် အနှစ်၊ အဲဒါတွေ ငါ သေချာလေ့လာဖူးတယ် .." တဲ့ ...။

ထက်ထက် က ပြောခဲ့ဖူးသည်။ ပြီးတော့ အစ်ကိုလင်းမောင် ကလည်း ဒါကို ထောက်ခံခဲ့၏။

"ဟုတ်တယ် ညီမ .. ဆေးကြောင့်ဖြစ်တဲ့ ဆန္ဒအာသီသက သူ လိုချင်တာတစ်ခုကလွဲရင် တခြား ဘာကိုမှ မမြင်တော့ဘူး၊ အနီးစပ်ဆုံးပြောရရင် ဓနိမယားအပေါ်မှာ ခံစားချက်ကင်းမဲ့သွားတာမျိုးထိ ဆိုးတယ်၊ ဒါပေမယ့် ချင်း က အပေါင်းအသင်းမှားတာပါ၊ သူ့တို့ စည်းရုံးပြုပြင်ဖို့ အချိန်ပေးပါသေးတယ် .." တဲ့ ...။

လူကိုသတ်ပစ်ဖို့ထိ ဆိုးရွားခဲ့တဲ့ အခြေအနေကရော ပြောင်းလဲလာဖို့ရှိလို့လား ...။

ပြီးတော့ မနေ့တစ်နေ့ကအထိ ရန်ဘက်ချင်း ရဲ့ မူလဇာတ်ရုပ်က ဒီအတိုင်းမပြောင်းလဲခဲ့ဘဲ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

"မင်းကို ဆေးသမားရုပ်ပေါက်မနေအောင် ပြောင်းလဲစေချင်တာ မင်း လုပ်ချင်နေတဲ့ အလုပ်ကြောင့်ပဲ ရန်ဘက်၊ ဒါပေမယ့် မင်းက ဒီလူတွေနဲ့ ပြန်လုပ်တယ်၊ ဒီပုံစံပဲ ပြန်ဖြစ်နေတယ် .."

"ကျွန်တော် အလုပ်လုပ်ချင်တယ် ဦးနိုင် .."

"ဘာအတွက်လဲ .."

"ပထမဆုံးက ငွေလိုတယ် .."

"မင်း လိုချင်သလို ဖန်လို့ရနေတယ်မို့လား .. ဦးမြင့်မောင် က မင်းရဲ့ ဘဏ္ဍာထိန်းပဲ .."

ရန်ဘက်ချင်း မျက်နှာတွန့်မဲ့သွားသည်။ ဒီလိုပဲ နာမည်ကြီးထမင်းငတ်ဖြစ်နေရတာ သူ့ဘဝ ..။

"မင့်မိန်းမကိုလည်း မင်း နိုင်ရတာပဲ .."

အစက ဟုတ်ပေမယ့် အခု ကိုယ့်မှာ ပြစ်ချက်ကြီးနဲ့ အိမ်ကိုတောင် ထင်သလို ဝင်ထွက်ရဲတာမဟုတ် ..။

"ပြောလေကွာ .. မင်းအတွက် ငွေက ဘယ်လောက်တောင် အရေးကြီးနေလို့လဲ ငါတို့အလုပ်က ထောင်နှုတ်ခမ်းနင်းနေရတာမှန်တယ်



ဒါပေမယ့် ငါသက်တမ်းတစ်လျှောက်မှာ ငါ့အလုပ်ကြောင့် လူ မသက်သာ ကြည့်ခံရတယ်ဆိုတာ မရှိခဲ့ဘူး၊ စစ်လားဆေးလား ဘယ်မှာမှ မဖြစ်ခဲ့ဘူး၊ အဲ့ဒါ ငါ့အရည်အချင်းပဲ .."

တပည့်တပန်းတွေအများကြီးမွေးထားခဲ့သည်။ အာမခံ သယ်ယူပို့ဆောင်ရေးတွေ တွင်ကျယ်စွာ လုပ်သည်။ ဒါပေမယ့် ဦးနိုင်မင်း ရဲ့ နေအိမ်မင်္ဂလာမှာ ဦးနိုင်မင်း ရဲ့ ထမင်းချက် ဗာဟီရ နှစ်ယောက်သုံးယောက်ပဲ အမြဲတမ်းရှိတတ်ကာ ဘယ်တော့မဆို တစ်ခြံလုံးက ခြောက်ကပ်နေတတ်၏။

သူ့ရဲ့အမိက လူအများသိသော စီးပွားရေးသည် ဟိုတုန်းတည်းက မော်ဒယ်လ်မြင့် မော်တော်ကားများ ရောင်းဝယ်ရေးပဲဖြစ်ကာ ခုလည်း ကားရှိုးရွန်း(မ်)တွေ တစ်ခုပြီးတစ်ခု ထိုးထားခဲ့တာ လူတိုင်းအသိ ..။

နောက်ကွယ်မှာ သူ ဘာလုပ်နေသလဲဆိုတာ ဘယ်သူမှလည်း မသိ၊ ရိပ်မိတဲ့လူလည်းမရှိ၊ ထို့ပြင် သံသယဖြစ်ဖွယ် ဘယ်လိုမီးကြွင်းမီးကျန်မှ မကျန်အောင်လည်း ဦးနိုင်မင်း က အကွက်စေ့ပိရိခဲ့၏။

"ငါ မင်းကို ခိုင်းမှာ .. ဒါပေမယ့် မင်းရုပ်မင်းအဆင့်က ငါ နိုင်ဖို့အတွက် ပြည့်မီမှုမရှိသေးဘူး .."

"ကျွန်တော့်မှာလည်း .."

"ဒါဆိုရင်တော့ မင်း ငါ့ဆီမလာနဲ့တော့ ရန်ဘက်၊ ငါက လူတစ်ယောက်ကို အသုံးချရင် အများဆုံးမှ သုံးခေါက်ပဲ၊ ဒါကို အောင်မြင်ရင်တစ်သက်လုံးထိုင်စားသွားရမယ်၊ မအောင်မြင်နိုင်မယ့်လူကိုလည်း ငါ မခိုင်းဘူး၊ တစ်ပိဿာ နှစ်ပိဿာကို မမက်ဘဲ အဲဒီတစ်ကျပ်သား နှစ်ကျပ်သားကောင်တွေ ငါးစာချသလို ချနေတာကို မင်းမက်ရင်တော့ သဘောပဲ .."

"ဘော့စ် .."

"ပြော ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ဘော့စ်ကို အားကိုးနေကြတာပါ .."

"ငါက အားကိုးခံချင်တာ မဟုတ်ဘူး၊ ငါ နိုင်းချင်လာအောင် တော်စေချင်တာ၊ မင်းရုပ်က ဆေးသမားနဲ့တူနေတုန်းပဲ၊ မင်းကိုယ်မှာ အနံ့တွေထွက်နေတယ်၊ မျက်လုံးချင်းကြည့်လိုက်တာနဲ့ မင်း ဘာလဲဆို တာ ဖော်လို့ရတယ်၊ အဲဒီတော့ မင်း ငါ့ဆီက အလုပ်ဘယ်တော့ရမလဲ ဆိုတာ မမျှော်လင့်နဲ့ .."

ရန်ဘက်ချင်း မျက်နှာပျက်သွားသည်။ ရင်တွေတုန်နေတာက ပိုရှုံ ကတိမ်းကပါးဖြစ်လာခဲ့၏။ ဦးနိုင်မင်း ဘယ်လောက်ထိ လက်တံရှည် တာကိုသိသည်။ ဦးနိုင်မင်း နဲ့ တွေ့မှ သူ့လိုအပ်ချက်တွေပြည့်စုံမှာကို လည်း သိသည်။

ဒါပေမယ့် ရွှေမိုးငွေမိုးရွာမှာကို မျှော်ရင်း တိမ်ညိုမည်းလို့ရွာတဲ့ မိုးကိုတော့ လက်မလွှတ်နိုင်ပေ ..။

ရင်ထဲက ခြောက်သွေ့ပူပြင်းမှုကို အမြဲတမ်းစိုစွတ်နေစေဖို့က မိုး ရေမရလို့မဖြစ် ..။

ထို့ကြောင့် ရွှေပင်ငွေပင်အောက်ကနေ ဆီးသီးသီးနေသည့် ဆီးပင် အောက်ကိုလည်း ပြေးကောက်ရသေးသည်။ သူ့အဖြစ်က ခွေးရူးတစ် ကောင်နဲ့တူနေပြီထင်၏။

"ငါနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တစ်ခုခုဆိုတာ မရှိဘူး၊ တစ်ခုံ တစ်ယောက်ရဲ့ မကျေနပ်ချက်နဲ့ ချောက်တွန်းခံရမယ့်အဖြစ်မျိုး ဘယ် တော့မှ ရောက်မှာမဟုတ်လို့ မင်း ငါ့ကို တုံ့ပြန်တိုက်ခိုက်ဖို့ အကြောင်း ရှာနေရင်တော့ .."

"မလုပ်ငုံ့ပါဘူးဗျာ .. ဘော့စ်ကို မကြံစည်ရဲပါဘူး .. ကျွန်တော်.."

"မပြောနဲ့တော့ .. မင်းရဲ့ ပထမဆုံးက ငွေဆိုတော့ နောက်ဆုံးက ဘာလဲ ဆက်ပြော .."

ရန်ဘက်ချင်း တံတွေးမျိုချလိုက်မိသည်။ မာမီတို့က သူ့နာမည်ကို



'ရန်ဘက်ချင်း' လို့ ဘာဖြစ်လို့ ပေးခဲ့မှန်း သူမသိပေ ..။

ဒါပေမယ့် သူ့မှာတော့ ဘယ်လိုပြိုင်ဘက်ကိုမှ တုံ့ပြန်စူးရောက် နိုင်စွမ်းမရှိခဲ့ပေ။ အလိုမကျသမျှ နိုင်လို့ရတဲ့သူတွေအပေါ် မောင်းမဲနိုင် နှမ်းရှိသည့်တိုင် ရန်နဲ့ ဘက်ပြိုင်လာသမျှ သူ့မှာပဲ ခွန်အားမဲ့လျက် ..၊

"ပြောဖို့စိတ်ကူးမရှိဘူးလား .. ဒါဖြင့် ပြန်တော့ .."

"မဟုတ်ပါဘူး .. ကျွန်တော်ပြောမှာပါ၊ အလုပ်လုပ်ချင်တာက ကျွန်တော် ငွေကိုင်ချင်လို့၊ အလုပ်လုပ်နေမှ ကျွန်တော့်အတွက် အားလုံး ပြည့်စုံမှာ .."

"ဖောင်စီးရင်း ရေငတ်ကြတာ မင်း မကြားဖူးဘူးလား ရန်ဘက်၊ ဒီအလုပ်လုပ်နေတာနဲ့ မင်း ဒါတွေကို လုံလုံလောက်လောက်ကြီး မှီဝဲ နေလို့ရပြီထင်နေတာလား .. လောကကြီးက မင်းလောက် မတုံးဘူး.."

"ကျွန်တော် ..."

"မင်းကို ငါပြောဖူးပါတယ်၊ အိုးသည် အိုးကောင်းမကိုင်ရဘူး ဆိုတာ .."

ရန်ဘက်ချင်း မျက်နှာငုံ့သွား၏။ ဒါ သူ မကြားချင်ဆုံးစကားပဲ ဖြစ်သည်။ ငွေရှိမှ ပစ္စည်းရနေတဲ့အဖြစ်မှာ ဒီပစ္စည်းတွေ ကိုယ်တိုင်ရောင်း ဝယ်နေနိုင်ပြီဆို ဘာပူစရာလိုတော့လို့လဲ ..။

"မင်းဘဝကို ရပ်တည်ဖို့ကြိုးစားမှာလား .. ပျက်စီးသွားချင်သလား၊ ငါ မင်းကို လူကောင်းသူကောင်းဖြစ်ဖို့ ဆုံးမနေတာမဟုတ်ဘူး၊ မင်း လည်း ငါ့လို ချမ်းသာတဲ့ကောင်ပဲ၊ ဒါကြောင့် ငွေကို အကျိုးရှိရှိ အသုံး ချပြီး လူတွေကို ခိုင်းစားနေနိုင်တဲ့ အဆင့်အတန်းမျိုးရသွားစေချင်တာ.."

"ကျွန်တော်ကလည်း အဲဒါကိုပဲပြောတာပါ၊ ဒီလုပ်ငန်းတွေကို ကျွန်တော် သဘောကျတယ်၊ ဒါကြောင့် ရင်းနှီးမြုပ်နှံမှုများများနဲ့ .."

"ဟား .. ဟား .. ဟား .."

ဦးနိုင်မင်း က တဟားဟားရယ်ကာ၊ ထိုင်ရာကနေထလျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ညှော်ခန်းကျယ်ကြီးထဲမှာ သူနဲ့ ဦးနိုင်မင်း နှစ်ယောက်တည်း စကားပြောနေကြသော်လည်း မလှမ်းမကမ်းက ငါးကန်လေးနားမှာ အောက်စီဂျင်ပိုက်တွေနဲ့ အလုပ်ရှုပ်နေသူတစ်ယောက်ရှိသည်။

ပြီးတော့ အထဲကိုလှမ်းမြင်ရသည့် နေရာလောက်မှာ ပန်းပင်တွေ ကိုင်နေကြသော မာလီသမားနှစ်ယောက်က ခြံထဲမှာ သူ့အလုပ်နဲ့ သူ..။

ဒီလူတွေကို အလုပ်သမားတွေလို့ အများကထင်ကြလိမ့်မည်။ တကယ်က ဦးနိုင်မင်း ရဲ့ တပည့်ကျော်တွေဖြစ်၏။

ဓာတ်လမ်းတွေထဲမှာလို တောက်ပသားနားသောဝတ်စုံပြည့်နှင့် ကိုယ်ရံတော်တွေခြံရံနေတာမျိုး ဦးနိုင်မင်း ဘယ်တော့မှ မနေခဲ့ပေ ..။

ခြံကြီးဝင်းကြီးနဲ့ တခမ်းတနားနေပေမယ့် သူ့ကို မြင်လိုက်ရလျှင် သာမန်ရိုးစင်းသော ဘဝမျိုးနဲ့ ပကာသနကင်းစွာဖြစ်သည်။

ဒါပေမယ့် သက်ဆိုင်သူချင်းကတော့ ဒါတွေကို အားလုံးသိထားပြီးသားပါ။ ဦးနိုင်မင်း အနားကို ရောက်လာတော့ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ရင်း သူ ထရပ်လိုက်သည်။

မျက်လုံးချင်းဆုံမိသည်နှင့် သူပဲ မျက်လွှာချမိကာ ..၊

"ကျွန်တော့်ဆန္ဒကို အရိုးရှင်းဆုံးပြောပြတာပါ၊ မဖြစ်ဖြစ်အောင်လည်း လုပ်မှာ .. ဒါကြောင့် ကိုယ် ရသင့်တာတွေ အမြန်ဆုံးပြန်ရဖို့ ကျွန်တော် ကြိုးစားနေတာ .."

"ရမှာပေါ့ .."

ဦးနိုင်မင်း က သရော်လှောင်ပြောင်သလို ဆတ်ခနဲခေါင်းညိတ်ကာ ..၊

"မင်းရမယ့်ပစ္စည်းတွေပဲ မင်း ပြန်ယူလို့ရနိုင်တာမဆန်းပါဘူး၊ ဒါပေမယ့် မင်းကိုယ်တိုင် ဆေးသမားဖြစ်နေတဲ့အတွက် မင်း ဘယ်တော့မှ လုပ်ငန်းရှင်ဖြစ်လာမှာမဟုတ်ဘူး၊ ပြောရရင် ငါတို့လောကမှာ သူဌေးပေါ့ .."



ရန်ဘက်ချင်း မျက်မှောင်ကုတ်သွားတော့ ဂရုမစိုက်စွာကြည့်၍..၊

"မင်းကြီးပွားဖို့ မစဉ်းစားနဲ့ ရန်ဘက်ချင်း၊ မင်း ပစ္စည်းတွေ နေဝင်မှာတောင်မဟုတ်ဘူး .."

"ကျွန်တော့်မှာလည်း ရွှေကွက်တွေရှိပါတယ်၊ ပြီးတော့ သူဌေးတို့လို ပတ်ဝန်းကျင်လည်းရှိတယ်၊ ကျွန်တော့်ငွေပေမယ့် ကျွန်တော် ကိုင်သုံးမှာလည်း မဟုတ်ဘူး၊ သူဌေးကိုပဲ .."

"နိုး .. နိုး .. ငါ မင်းကို ခေါ်တွေ့တာ မင်းလုပ်မှာတွေ၊ မင်းစိတ်ကူးတွေကို သိချင်လို့မဟုတ်ဘူး၊ မင်းရဲ့ အရင်းအနှီးတွေကိုလည်း ငါ စိတ်မဝင်စားဘူး .. မင်းကို .."

"ကျွန်တော်ကတော့ သူဌေးအလုပ်တစ်ခုခု ခိုင်းတော့မှာထင်လို့ ပြေးလာခဲ့တာ .."

"မင်းကို ငါ ခေါ်တာပါ ရန်ဘက်ချင်း ရာ .. ငါ မခေါ်ဘဲ မင်း ငါ့ကို တွေ့ချင်တိုင်းတွေ့လို့မရပါဘူး၊ အေး .. အဲဒါ မင်းကိုနောက်ဆုံး သတိပေးချင်လို့ပဲ၊ ဒီပုံစံနဲ့ မင်း အကြီးကြီးမစဉ်းစားနဲ့ .. စက္ကူ တို့က လည်း ငါ ခေါ်ခိုင်းဖူးတာပဲ၊ ငါ့လူတွေမဟုတ်ဘူး၊ ငါက ငါ့အလုပ်ကို လုပ်ပေးခဲ့ရင် တစ်သက်စာရင်းနှီးမြုပ်နှံနိုင်အောင် ချပေးတဲ့လူမျိုး .."

ဦးနိုင်မင်း က သူ့ရှေ့မှာ စမတ်ကျကျ လျှောက်နေရင်း ပြန်လှည့်ကြည့်ကာ ..၊

"ဒါပေမယ့် ဒီကောင်တွေက မရပ်တန့်နိုင်ကြဘူး၊ ကိုယ်တိုင်သုံးစွဲတယ်၊ မရိုးမသားကြံစည်ကြတယ်၊ မင်းကိုလည်း သူတို့ ဒီနည်းနဲ့ စည်းရုံးထားတာပဲလေ .. ဒါ သိပ်ကိုအောက်တန်းကျတဲ့အလုပ်၊ ဒုစရိုက်လုပ်တာဖြစ်ဖြစ် သမ္မာအာဇီဝဖြစ်ဖြစ် စည်းဆိုတာရှိတယ်၊ ဒီကောင်တွေက နားမလည်ဘူး .."

နားမလည်တော့ ဘာတွေဖြစ်နေလို့လဲ၊ သူတို့လည်း သူတို့လောကမှာတော့ ဆရာတစ်ဆူပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဘက်ချင်း စိတ်ထဲက တွေးနေပေမယ့် သူ့မျက်နှာကို စိုက်ကြည့်ပြီး ဦးနိုင်မင်း က ပြုံးကာ ...၊

"ငါတို့လောကမှာ လက်လုပ်လက်စားကောင်တွေရှိတယ်၊ အဲ့ဒါ သူတို့ပဲ .. ဘယ်တော့မှ ပြေးလွှားငေါ်ပြတ်နေရတဲ့ဘဝကတက်မှာ မဟုတ်ဘူး၊ မင်းလိုကောင်လေးတွေကို စည်းရုံးပြီး ကြံရည်ညှစ်သလိုပေါ့၊ ကြိတ်ဖတ်ဖြစ်သွားတဲ့အခါ နောက်ထပ်တစ်ကောင်ရှာ .."

သိပြီးသားတွေကို ဘာလို့ လာပြောနေတာလဲ၊ အချင်းချင်းရဲ့ လုပ်ကွက်တွေကို ဖော်ထုတ်ပြီး အတင်းချနေတာရော ကောင်းတဲ့လုပ်ရပ်မို့လို့လား ...။

ကိုယ့်ကို ဘာမှသုံးစားမရတဲ့ အသုံးချခံကြံဖတ်တစ်စလို ပြောနေတာကြတော့ ခံရခက်လာခဲ့၏။ တကယ်ဆို ကိုယ်က သူဌေးသား ...။

အမွေလွှဲဖို့ကိစ္စကို သူစိမ်းတွေလက်ထဲ အပ်ထားတဲ့မိဘတွေကိုရော၊ စကားချိုချိုပြောပြီး လက်ကြဲကြီးနဲ့အုပ်ကာ ခွစီးထားကြသည့် အနှစ်တို့ မိသားစုကိုရော ...၊

နားကြည်းလာသမျှထဲမှာ အားလုံးပါလေသည်။ ကိုယ်ပိုင်တဲ့ ပစ္စည်းတွေ ငွေတွေကို သူက ဘာဖြစ်လို့ လက်ဖြန့်နေရမှာလဲ ...၊

ဦးနိုင်မင်း ၏ နိမ့်ချသည့်စကားသံများကြားမှာ ရန်ဘက်ချင်းရဲ့ စိတ်တွေအရိုင်းဆန်လာ၏။ ဒီလိုအပြောခံနေရတာ ငါ့အခြေအနေက ကလေကချေဆန်နေလို့လို့ တစ်ထစ်ကျတွက်၏။

ထိုခြံဝင်းထဲကနေ အပြန်လမ်းသည် သူ့အတွက် သွေးပွက်ပွက်ဆူစေသော နေလောင်ကန္တာရကြီးထဲက ဖြတ်သန်းလာခဲ့ရသလို စိတ်တို့သည်လည်း ...၊



## အခန်း (၂၆)

"အဖေကြီး .. အဖေကြီး သတိထားလေ .."

"ရ .. ရတယ် .. ဖယ်ပေး .."

"ရတယ်သာဆိုတယ် အဖေကြီး ကောင်းကောင်းမှ မရပ်နိုင်တော့တာ၊ လာပါ .. အေးအေးပြန်ထိုင်ပါဦး .."

ဦးမြင့်မောင် မြင်ကွင်းထဲမှာ အရာဝတ္ထုပစ္စည်းအားလုံးက သူ့ဆီ ခုန်ပျံဝင်လာကြသလိုလို ဘေးပတ်ပတ်လည်မှာပဲ စက်ဝိုင်းလှည့်နေသလိုလို ...။

"ခဏထိုင်မယ် .. ခဏ .."

"ဟုတ်ပါပြီ .. ခဏပဲထိုင်ပါ .. နုနု ရေ .."

"ရှင် မေမေကြီး .."

နုနု က အနားမှာရှိနေသဖြင့် ပြေးလွှားကပ်လာ၏။

"သွားကြည့်ပါဦး .. ချင်း ပြန်မလာသေးဘူးလားလို့ .."

"ခုပဲကြည့်ခဲ့တာ မေမေကြီး အပေါ်ကနေ ကားဂိုက်ကိုလည်း လှမ်းကြည့်သေးတယ်၊ လုံးဝ ပြန်မလာသေးတာ .."

www.burmeseclassic.com

www.burmeseclassic.com



"သဲနှစ် .."

"ရှင် .. အဖေကြီး .."

ဦးမြင့်မောင် ဆိုဖာမှာ ခပ်လျှော့လျှော့မှီနေရင်း မျက်လုံးတွေ မှိတ်ထားလျက် လက်ကာ၍ ..၊

"ချင်း .. ချင်း မဖြစ်ဘူး .. မခေါ်နဲ့ .."

"အဖေကြီးရယ် .. သူက စိတ်ဝေဒနာသည်ပဲ၊ ခုတစ်လောကျမှ နလာလိုက်၊ ကြမ်းသွားလိုက်ဖြစ်နေတာပါ၊ အိမ်မှာနေတဲ့ အချိန်တွေဆို ပြောဆိုကောင်းပါတယ်၊ ဖြစ်ခဲ့တာတွေကို ခဏလောက်မေ့ထားလိုက်ပါနော် .."

ဦးမြင့်မောင် ခေါင်းတွင်တွင်ခါနေသဖြင့် ဒေါ်သဲနှစ် ရင်ထဲမကောင်းနိုင်၊ ချင်း ကို ခင်ပွန်းဖြစ်သူက ပိုချစ်တာဖြစ်သည်။ အလိုလိုက် ဂရုစိုက်တဲ့နေရမှာလည်း သူမတောင် လိုက်လို့မမီပါ။

"ငါတို့သမီးလေးအတွက်ပါကွာ .. ဒီကလေးနဲ့ သမီးကိုပေးစားခဲ့တာက ငါတို့ပဲ၊ ခုထိ အိမ်ထောင်ရေးမပြေလည်ကြတာ ချင်း ဘက်က အေးစက်နေလို့မို့လား .. သူတင်းကိုယ်တင်းနဲ့ ပြတ်တောက်ကုန်မှာ အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် ချင်း ကို ပြုပြင်ပေးချင်တယ်၊ ယောကျ်ားလေးဘက်က လိုက်လျောမှုတွေရှိလာရင် သမီးလည်း နူးညံ့လာမှာပဲ.."

လို့ ပြောခဲ့ဖူး၏။ ဟိုအရင်တည်းက ချင်း က အပြောမတတ်ခဲ့တာဖြစ်သည်။ ဒါကို ဘယ်တုန်းကမှ အပြုံးမပျက်ခဲ့ဘဲ ဒီတစ်ခါကျမှ..၊

"ချင်း သိပ်ကိုရိုင်းလွန်းတယ် သဲနှစ် .. သူ အားလုံးကိုသိတယ်.."

လို့ အလုပ်ထဲကနေ ဖုန်းဆက်သည်။ စိတ်မငြိမ်မှုတွေဖြစ်လို့ ကောင်းလိုက်ဆိုးလိုက်ဖြစ်တာပါဆိုတာ ဘယ်လိုပြောပြလို့မှ လက်မခံတော့ဘဲ ..၊

"ဒီတစ်ခါ ငါတို့တွေ အဆင်ပြေအောင် ကြိုးစားဖို့မလွယ်တော့



ဘူးထင်တယ် .."

"ငါတို့ရဲ့ စေတနာစကားတွေက ကျောက်ခဲတွေထဲ ဆန်ပက်ထည့်နေရသလိုပဲ၊ သူများစီးပွားဥစ္စာကို ထိန်းသိမ်းကာကွယ်နေရတာ ငါ စိတ်ပျက်မိပြီ .."

"သူ့ကို ပြန်လွှဲပေးဖို့ ငါကတိပေးခဲ့ပြီးပြီ .."

"မခင်နှောင်း တို့ကို အကြောင်းကြားလိုက် သဲနှစ်၊ သူတို့သဘောတူတူ မတူတူ ငါလွှဲပေးလိုက်မယ့်အကြောင်း တစ်ခါတည်းထည့်ပြော၊ အမွေလွှဲမယ့်ကိစ္စတွေက သူတို့အပိုင်း၊ ငါနဲ့ ပတ်သက်တာကိုပဲ ငါ ဆုံးဖြတ်မှာ .." တဲ့ ..။

ညနေတိုင်း ဒီစကားတွေပြောပြနေခဲ့ပြီး ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ထိုင်လုပ်နေတာ ထမင်းလည်း ထမစား ..၊

ချင်း ဘယ်လိုစကားလုံးတွေနဲ့ ရိုင်းရိုင်းစိုင်းစိုင်းပြောသွားခဲ့သလဲဆိုတာ သေချာမသိရပေမယ့် ဦးမြင့်မောင် ခံစားနေရပုံကြောင့် စိုးရိမ်စိတ်ဖြစ်နေခဲ့မိသည်။

ခုတော့ အခြေအနေက သူမ စိုးရိမ်နေခဲ့တာထက် ပို၍ဆိုးရွားနေခဲ့လျက် ..၊

"ကိုးနာရီထိုးတော့မယ် .. သမီး ထွက်သွားတာ အဆင်ပြေပါ့မလား .."

"ငါ ရပါတယ်ဆိုတာ မင်း ဘာဖြစ်လို့ သမီးကို လွှတ်လိုက်တာလဲ .."

ဦးမြင့်မောင် စကားသံပီပီသသပြောနိုင်လာ၏။ ဒေါ်သဲနှစ် ကတော့ ခင်ပွန်းသည်နားက မခွာရဲသေးဘဲရှိကာ ..၊

"ဆရာဝန်တွေက ဖုန်းဆက်လို့မှမရတာ အဖေကြီးရယ်၊ ပြီးတော့ သိပ်ဝေးဝေးလည်းမသွားရဘူးဆိုပြီးတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းနေတုန်း ဖုန်းခဏခဏသွားခေါ်မနေနဲ့၊ ငါ့ကို ကိုထွန်းလုံဆီ ဖုန်းခေါ်ပေးစမ်း .."

"အလုပ်ကိစ္စတွေကို ခဏဖြစ်ဖြစ် .."

"ခဏမှထားလို့မရဘူး၊ ငါတို့ သူ့လုပ်ငန်းစီးပွားတွေကို စေတနာသန့်သန့်နဲ့ ထိန်းသိမ်းပေးခဲ့တာ သူ့ကို သိစေချင်တယ်၊ အားလုံးတိကျမှဖြစ်မှာ .. ထွန်းလုံ ကို ပြောလိုက် မန်နေဂျာနှစ်ယောက်ကိုပါခေါ်ပြီး ငါ့ဆီလာဖို့ .."

"ဟုတ်ပါပြီ .. ဟဲ့ .. နုနု .. ငါ့ကို ဖုန်းယူပေးစမ်း .."

ဒေါ်သဲနှစ် က အနားက မထဘဲ ဖုန်းလှမ်းတောင်း၏။ ဦးမြင့်မောင်က မျက်တောင်ဖျားတွေ ခပ်မှေးမှေးပွင့်လာပြီး ..၊

"မနက်မှ မဟုတ်ဘူး .. ခု ညတွင်းချင်း လာခဲ့ဖို့ပြောလိုက် .."

"ဟင် .. ခုချက်ချင်းလား၊ အဆင်ပြေပါ့မလား အဖေကြီးရယ်၊ သူတို့လာရင်တောင် အဖေကြီး နေမကောင်းဘဲနဲ့ .."

"ခေါ်လိုက် .."

လေသံမာသွားတာကို သတိထားမိကာ ဒေါ်သဲနှစ် ခိုင်းတဲ့အတိုင်းပဲ လုပ်ပေးလိုက်သည်။ ဒါပေမယ့် အတွင်းရေးမှူးက သူ့ဇနီးမီးဖွားနေလို့ ဆေးရုံရောက်နေသည်။

မန်နေဂျာနှစ်ယောက်ကလည်း ဒီညတော့ ဘယ်လိုမှ လာလို့မရသည့်အကြောင်းပြချက်တွေနှင့် ငြင်းကြ၏။ ထို့ပြင် သူတို့လာရမယ့်ခရီးကလည်း နီးနီးလေးမဟုတ်တော့ ဘာမှမတတ်နိုင် ..။

ကားတစ်စီးနဲ့ လမ်းပေါ်ရောက်နေခဲ့သည့် အနှစ် မှာလည်း လူကသာ ကားမောင်းနေရပေမယ့် စိုးရိမ်စိတ်တွေ ဒေါသစိတ်တွေနှင့် ဆင်းရဲကြီးစွာဖြစ်နေခဲ့၏။

အိမ်မှာ ဖေဖေ ဒီလိုဖြစ်နေချိန် မိန်းမသားတွေချည်း ဘာလုပ်ရမှန်း



မသိဖြစ်နေခဲ့သည်။ ရန်ဘက်ချင်း ဘယ်ရောက်နေသလဲ၊ ကုမ္ပဏီထဲထိရောက်သွားပြီး ဖေဖေ့ကို ရိုင်းပျစွာ ပြောဆိုစော်ကားသွားသည်ဆိုတာ မသိလို့မဟုတ်ပါ။

ဒါပေမယ့် သူ့စိတ်တွေ နှစ်မျိုးနှစ်စားကွဲပြားနေပါသည်လို့ သူ့မရှေ့မှာ ဝန်ခံထားသည်။ အိမ်မှာရှိနေချိန်တော်တော်များများမှာလည်း ကောင်းနေတတ်တာမို့ ဒုက္ခများနေရချိန်မှာ ရှိနေစေချင်တာတော့ အမှန်ပင် ..။

ဒီလူ အိမ်ပြန်မအိပ်တာတောင် နှစ်ရက်ရှိပြီဖြစ်သည်။ လူကို ဘာလိုလို ညာလိုလိုပြောသွားပြီးမှ ဘာလုပ်တာလဲ ..၊

ဒေါသဖြစ်စရာတွေ တွေးရင်း တက်ခေါက်မိစဉ် ကားမီးရောင်ထဲမှာ လမ်းလျှောက်သွားနေသည့် ကျောပြင်တစ်ခုကို သတိထားမိလိုက်၏။

သေချာပါသည်။ ထိုသူက ရန်ဘက်ချင်း ..၊

"တီ ..."

ဟွန်းသံပေးပြီး သူ့ဘေးမှာ ကားရပ်လိုက်တော့ လှည့်ကြည့်သည်။ အနက်ရောင်ဆွယ်တာပေါ်မှာ အဖြူအနက်ဂျာကင်လက်ပြတ်နှင့် ဖြစ်ကာ ခေါင်းစွပ်ကို ပခုံးနောက်မှာ လှန်ချထား၏။

အနှစ် နဲ့ ကားကိုမြင်မှ လက်ကြားညှပ်ထားသည့် စီးကရက်ကို လမ်းပေါ်ပစ်ချပြီး ခြေဦးထိပ်နဲ့ ဖိချေပစ်လိုက်သည်။ ပြီးမှ အနားကပ်လာကာ ..၊

"ဒီအချိန်ကြီး ဘယ်ကိုလဲ .."

အသိမိတ်ဆွေကို နှုတ်ဆက်သလိုမျိုး ..၊

အနှစ် ဒေါင်းခနဲစိတ်တိုသွားသည်။

"ဒီအချိန်ကြီးကျမှ ဘာထွက်ရှာတယ်ထင်လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုရှာတာမဟုတ်မှန်းတော့ သိပါတယ်၊ တစ်ခုခု ဝယ်ခြမ်းစရာပေါ်လာလို့လား .."

ဒီလူ ဘယ်လိုလူလဲ ..၊

သူနဲ့ကိုယ်က ဘာမှမဆိုင်ဘူးလား၊ သူ့ကိုယ်သူ ကိုယ့်မိသားစုဝင်မဟုတ်ဘူးလို့ သတ်မှတ်လိုက်တာလား ..။ ရှိုင်းသည်ယဉ်သည်မမည်သော ဤသို့သော ဥပေက္ခာမျိုးကို ဘယ်လိုနားလည်ပေးရဦးမှာလဲ ..။

ဘာမှပြောပြချင်စိတ်မရှိတော့ဘဲ အနှစ် ကားကို ဝေါခနဲဆောင့်ထွက်ခဲ့သည်။ ညဦးနက်ခြင်း၏အသွင်ကို ကြိုးစားပမ်းစားရယူနေသည့် ပတ်ဝန်းကျင်တစ်ခွင်မှာ ကားတွေရှိနေပေမယ့် လူသွားလူလာတော့ ရှင်းနေပြီဖြစ်၏။

မည်းနက်သော ကတ္တရာလမ်းမည်းကြီးကနေ လမ်းသွယ်တစ်ခုထဲကို ဖဲ့ဆင်းလိုက်ပြီး 'ဒေါက်တာသွင်' ဆိုသော ဆိုင်းဘုတ်လေးနှင့် ခြံရှေ့မှာ ကားရပ်လိုက်သည်။

ဆိုင်းဘုတ်ကတော့ ရှိနေသေးပေမယ့် ခြံတံခါးရှေ့ထိ ကျူးကျော်နေပြီဖြစ်သော မြက်ပင်တစ်ချို့နှင့် ခြုံတွေက လူကိုစိတ်ဓာတ်ကျသွားစေ၏။

ပိုဆိုးတာက ခြံရှေ့တည့်တည့်မှာ မှောင်ရိပ်ကျနေခြင်းပင် ..။

ကားပေါ်က မဆင်းသေးဘဲ အတန်ကြာအောင် ကြည့်နေမိသည်။ လမ်းသွယ်ကလည်း ဒီတိုင်းတော့ ကားပြန်ဆုတ်ဖို့ မလွယ်ပေ ..။ ရှေ့ဆက်ပြီး လမ်းခွဲတစ်ခုခုရောက်အောင် မောင်းသွားပြီးမှ ဆုတ်လို့ရမှာဖြစ်သည်။

လှမ်းမျှော်ကြည့်တော့လည်း ခြံထဲက အဆောက်အဦးကို ပုံရိပ်လောက်သာမြင်ရပြီး မီးရောင်မတွေ့ရ၊ ရောက်လာမှတော့ စုံစမ်းကြည့်တာ မမှားပါဘူးလို့ တွက်လိုက်ပြီး ကားပေါ်ကဆင်းလိုက်၏။



ဘေးက အုတ်တိုင်မှာ လူခေါ်ဘဲလ်လေး တွေ့လိုက်သဖြင့် ဝမ်းသာအားရနှိပ်လိုက်ပြီး ခဏစောင့်နေမိ၏။ သိပ်မကြာခင် တံခါးနားမှာ လှုပ်ရှားသံတစ်ခုခု ကြားလိုက်ရပြီး အလုံပိတ်တံခါးကြီးပေါ်မှာ လေးထောင့်ကွက်လေးပေါ်လာ၏။

အနှစ် က ကားမီးကို မပိတ်ဘဲ ထားတာမို့ မီးရောင်နဲ့ လှမ်းမြင်လိုက်ရသည့် မျက်နှာတစ်ဝက်က ခပ်ပြူးပြူးမျက်လုံးတစ်စုံနှင့် ပေါ်လွင်သော နှာခေါင်းတစ်ဝက်တစ်ပျက် ..။

သေချာကြည့်လိုက်တော့ အသားမည်းမည်းနှင့် ယောကျ်ားတစ်ယောက်ဖြစ်နိုင်မှန်း တွက်မိလိုက်သည်။

"ဟော့ .. ဘာလဲ .."

"ဒေါက်တာသွင် နဲ့ တွေ့ချင်လို့ပါရှင်၊ ဟိုလေ .. အရေးကြီးလူနာရှိနေလို့ .. ပင့်ချင်လို့ပါ .."

ရှောက်ခနဲ အသံနှင့်အတူ မျက်နှာလည်း ပျောက်သွားကာ လေးထောင့်အပေါက်လည်းပိတ်သွား၏။ တွေ့ခွင့်ရမှာလား မရဘူးလား ဘာမှန်းမသိရဘဲ အကြာကြီးရပ်စောင့်နေရ၏။

နာရီကြည့်မိရင်း အိမ်ကို ဖုန်းဆက်မည်ကြံကာမှ တံခါးသော့ဖွင့်သံထွက်ပေါ်လာကာ ..၊

"အထဲကို မောင်းသွင်းလာခဲ့ .."

"ရှင်!..."

"ဒေါက်တာ ရေအိမ်ဝင်နေလို့ အထဲကို မောင်းဝင်ခဲ့လို့ .."

လှမ်းကြည့်တော့လည်း လူသူအရိပ်အခြည်မမြင်ရဘဲ အိမ်ကြီးဆီဝင်လမ်းကလေးက သစ်ပင်ကြီးတစ်ချို့၏အရိပ်အောက်မှာ မှောင်နေ၏။

မီးလုံးဝါဝါလေး ထွန်းထားပေမယ့် အလင်းရောင်ကလည်း မှိန်

www.burmeseclassic.com

www.burmeseclassic.com



ပျပျ ..။

"ရပါတယ် .. ကျွန်မ ဒီကပဲ စောင့်ပါ့မယ် .."

"ဘာ ..."

"ဟို .. ညဥ့်နက်ပြီဆိုတော့ အားနာလို့ပါ .."

အသားမည်းမည်းဗိုက်ရွှဲရွှဲနှင့် အသက်သုံးဆယ်လောက်လူက မျက်နှာမှာ အလိုမကျဟန်တွေဖြစ်သွားလျက် တံခါးရွက်ကြီးကို ထပ်၍တွန်းဖွင့်လိုက်ကာ ..။

"ဘာမှမဖြစ်ဘူး .. ဒေါက်တာ ခေါ်ခိုင်းတာ .. ဝင်ခဲ့ .."

ဒေါက်တာသွင် ဆိုတာ မိန်းမလား ယောကျ်ားလားတောင် သူမ မသိခဲ့ပေ ..။ ဒါပေမယ့် အလုပ်ကိစ္စနဲ့ ဒီပတ်ဝန်းကျင်ကိုရောက်တိုင်း ဒီခြံနဲ့ ဆိုင်းဘုတ်ကို မြင်နေရသဖြင့် တခြားဆရာဝန်ကိုခေါ်မရတော့ သတိရမိတာဖြစ်သည်။

သို့သော် ခြံထဲထိဝင်သွားရမည်ဆိုတော့ စိတ်ထဲမှာ မလုံခြုံသလို ခံစားမိလာသည်။ ဒီတိုင်းရပ်နေပြန်ရင်လည်း တစ်ဖက်က ရိုးသားနေရင် စော်ကားရာကျနိုင်၏။

"ဟော့ .. ဘာလုပ်နေတာလဲ .."

"ဟုတ် .. ဟုတ်ကဲ့ပါ .. ကားတော့မဝင်တော့ပါဘူး၊ ကျွန်မပဲ .."

"ဒေါက်တာ့ကား ပျက်နေတယ်၊ သူက မင်းကားဆီရောက်အောင် လျှောက်ထွက်လာရမှာလား .."

"ဩော် .. ဟုတ်ကဲ့ .. ဒါဆို မောင်းခဲ့ပါမယ် .."

အနှစ် သံသယကင်းစွာ ကားပေါ်ပြန်ရောက်သွားသည်။ စက်နှိုးပြီး ဘတ်ခ်ပြန်ဆုတ်၍ ခြံထဲကို ဦးတည်လိုက်လျှင် ..။

"တီ ..."

မီးရောင်ဝင်းခနဲကျလာကာ လမ်းမပေါ်ကနေ ကွေ့ဝင်လာသည့်



ကားတစ်စီးက ဟွန်းသံပါပေး၏။ လမ်းလေးပေါ်မှာ ကန့်လန့်ဖြတ် ဘာသလို ဖြစ်နေသော အနှစ် ရဲ့ ကားက လမ်းဖယ်ချင်ဇောနှင့် ခြံထဲကို မြန်မြန်မောင်းဝင်ဖို့ ပြန်ချိုးလိုက်၏။

ထိုအခါ ..။

"တီ ..."

နောက်ထပ် ဟွန်းသံနှင့်အတူ ကားက အနှစ် ရဲ့ ကားရှေ့ကို အတင်းဆိုးဝင်မလို မြန်မြန်ဆန်ဆန်ကြီး ရှေ့ရောက်လာ၏။

သူမသာ အချိန်မီဘရိတ်မအုပ်လိုက်နိုင်ရင် မလွယ် ..။

"ဂျိမ်း ..."

ထိတ်လန့်သွားသည့်စိတ်က ထိုကားပေါ်ကဆင်းလာသည့် နေရာသီ ကို မြင်လိုက်တော့ အံ့ဩသွားသည်။

တခြားဘာကိုမှ ရုတ်တရက်သတိမရဘဲ ဝမ်းသာသွားခြင်းက ဖြစ်လျက် ဘေးမှန်ကို ချလိုက်မိ၏။

"ဒီကို ဘာလုပ်ဖို့လဲ .."

သူက ဘေးရောက်လာပြီး ငုံ့မေးသည်။ ကားနှစ်စီး၏ မီးရောင်များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေလျက် ..။

"ဖေဖေ နေမကောင်းဖြစ်နေလို့ ဆရာဝန်လာပင့်တာ .."

နေရာသီ ကိုယ်ကို ပြန်မတ်လိုက်ပြီး တံခါးဟောလောဖွင့်ထားသည့် ခြံကြီးထဲကို လှမ်းကြည့်သည်။

ပြီးတော့ ခြံစောင့်လူမည်းဆီ မျက်လုံးရောက်သွားပြီးမှ ပြန်လှည့်၍ ..။

"အဲ့ဒါ ကားကြီးမောင်းဝင်သွားပြီး ဘာလုပ်ဖို့လဲ .."

"ဒေါက်တာက ရေအိမ်ဝင်နေလို့တဲ့ .. ကားလည်းပျက်နေလို့ .."

အနှစ် နဲ့ သူ အမေးအဖြေလုပ်နေချိန်မှာ ခြံစောင့်က တံခါးပြန်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဖို့ လက်တပြင်ပြင် ...။

"ဒါဆိုသွားမယ်လေ .. ငါ့ကားနဲ့ ပင့်ခဲ့မယ် .. မင်း ပြန်တော့.."

"ဒီလိုတော့ မရဘူး .."

ခြံစောင့်က လှမ်းပြောရင်း တံခါးကို တစ်ဝက်ထိ ပြန်ဆွဲပိတ်လိုက်၏။ နေရာသီ မျက်နှာမှာ ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် ...၊

"ဘာဖြစ်လို့လဲ .. ခင်ဗျားတို့ဆရာဝန်က မိန်းကလေးလာပင့်မှ လိုက်တာလား .."

"ဟုတ်တယ် .. အချိန်ကိုလည်းကြည့်လေ ခြံထဲကိုယောကျ်ားလေးတွေ အဝင်မခံနိုင်ဘူး၊ လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ .."

ပြောပြီး ခြံတံခါးကို အပြီးသတ်ဆွဲပိတ်၏။ နေရာသီ က ပိတ်လို့ မရအောင် ဖမ်းဆွဲထားလိုက်ကာ ...၊

"လူဆိုးမှန်း လူကောင်းမှန်းမသိ ဝင်လာရမယ့် မိန်းကလေးကတော့ ဘယ်အချိန်ဖြစ်ဖြစ် ဟုတ်လား .."

"ဟေ့ .. တံခါးပိတ်လိုက်စမ်း၊ အချိန်မတော် ဘာဖြစ်လို့ လာသနှ လူကို ညှော်ထောက်ခံနေရတာလဲ .."

ယောကျ်ားကြီးတစ်ယောက်၏ ဝေါက်ငမ်းသံထွက်လာ၏။ အနှစ် စိတ်ထဲမှာ ထိုသူကို ဆရာဝန်လို့ပဲ ထင်လိုက်သော်လည်း ခြံစောင့်က တံခါးပိတ်ပစ်လိုက်သဖြင့် ဘာမှ မလှုပ်ရှားလိုက်နိုင် ...။

နေရာသီ ဆိုင်းဘုတ်ကို မရမကဆွဲဖြုတ်လိုက်ပြီး ခြံထဲရောက် သွားအောင် လွှဲပစ်ထည့်လိုက်ရင်း ...၊

"အဲ့ဒီဆိုင်းဘုတ် ထပ်မချိတ်နဲ့တော့ ဟန်ဆောင်ပန်ဆောင်တွေ-"

တစ်ဖက်ကို ဆိုင်းဘုတ်ပြုတ်ကျသွားသံက ကျယ်လောင်စွာထွက် ပေါ်လာ၏။ သူက လက်ဖဝါးနှစ်ဖက်ကို အသံမြည်အောင်ပွတ်ခါပစ် ရင်း ...၊



"ဒါမျိုးတွေပဲဆိုတာ သိသားပဲ .. မင်းမို့လို့ ယုံယုံကြည်ကြည်.."

အော်ကြီးဟစ်ကျယ်ပြောနေသဖြင့် အနှစ် ပါးစပ်လေးအဟောင်း သားနှင့် အထဲက တုံ့ပြန်သံကို နားစွင့်နေမိ၏။ သို့သော် ပတ်ဝန်းကျင်က ဘိတ်ဆိတ်နေမြဲမို့ တော်သေးသည်လို့ တွေးနေမိသည်။

"ဒီတည့်တည့်ကိုသွားမယ်၊ အဲဒီမှာ နှလုံးရောဂါအထူးကု ဆရာဝန် ရှိတယ်၊ လိုက်မလိုက်တော့ မသေချာဘူး .."

သူ့ကားကို ပြန်လှွတ်လိုက်ပြီး လမ်းပေါ်ပြန်ရောက်တော့ သူ့မျက်နှာ က နသည်ကြမ်းသည်မဟုတ်ဘဲ တည်ငြိမ်နေ၏။

အနှစ် သိချင်တာတွေများနေပေမယ့် ဆရာဝန်ပင့်နေရခြင်းမှာ မအားလပ်နိုင်ဖြစ်နေရကာ ...၊

"ကျွတ် ..."

ဆရာဝန်ကို နှိုးလို့မရတော့ နေရာသီ ခြံရှေ့မှာ ခေါက်တုံ့ခေါက် ပြန်လျှောက်ရင်း စုတ်သပ်၏။ ခြံက သိပ်မကျယ်ပေ၊ အိမ်ကလေးက လည်း တစ်ထပ်တိုက်ပြားလေးဖြစ်ကာ ခြံနဲ့ သိပ်ဝေးတာလည်း မဟုတ်..။

ခြံစောင့်ထားသည့်နေရာမျိုးမဟုတ်သောကြောင့် အထဲကိုလှမ်းခေါ် နိုးရတာ ပတ်ဝန်းကျင်ကိုလည်း အားနာရသေးသည်။ အနှစ် ခေါင်းလေး ဘုတ်မိကာ ...၊

"ဒီပြင်မှာ ဆရာဝန်ရှိဦးမှာပါ .. ထပ်ရှာရအောင် .."

"မသေချာတာကို ရှာနေရင်းနဲ့ လူမမာ ဒုက္ခရောက်သွားလိမ့်မယ်"

နောက်ထပ်ခေါ်ပြီး မကြာခင် လူကြီးတစ်ယောက် ခေတ်မီးကိုင် ရင်း ထွက်လာကာ ...၊

"ဒေါက်တာမရှိဘူးကွယ့် .. တိုးချောင်ကလေးမှာ သူ့လူနာဖမ်းဖွား နာမို့လို့ သွားစောင့်နေရတယ်၊ ကျုပ်တို့ကလည်း နားသိပ်မကောင်း လို့ မင်းတို့ခေါ်နေတာကို ချက်ချင်းမကြားဘူး .."

www.burmeseclassic.com

www.burmeseclassic.com



အားနာစွာနှင့် တောင်းပန်ပြီး လှည့်ပြန်ခဲ့ရသည်။ နောက်ထပ် ဆရာဝန်တစ်ယောက် မရှာရသေးမီ အိမ်က ဖုန်းဝင်လာကာ ...၊

"ဟုတ်လား .. ဝမ်းသာလိုက်တာ ထက်ထက် ရယ်၊ ဖေဖေ စကားတွေဘာတွေပြောလို့ပေါ့ .."

အနှစ် ဖုန်းပြောပြီးသည်နှင့် ကားက အရှိန်လျှော့ကျသွား၏။ ပြီးတော့ ရပ်တန့်သွားခဲ့ပြီး ...၊

"မင်းပဲ ပြန်လိုက်တော့ .."

"ဘာ!..."

"ကိုယ် ဒီနားတစ်ဝိုက်မှာပဲ ရှိနေမှာပါ .."

"ရှင်က အိမ်ကိုပြန်မလာတော့ဘူးလို့ ပြောလိုက်တာလား .."

မှောင်ရိပ်ထဲမှာ လှိုင်းတွန့်ထင်နေသော သူ့ဆံပင်ပုံနဲ့ နှာတံပေါ်ပေါ်ကို မြင်နေရသည်။ ဒီဘက်လှည့်လိုက်တော့ မျက်နှာပုံသဏ္ဌာန်က ခပ်ရေးရေးနှင့် ...၊

"ဟုတ်တယ် .. ကိုယ် အပြင်မှာပဲနေဖို့ဆုံးဖြတ်ထားလို့ .."

ဘာဖြစ်လို့မှန်းမသိဘဲ အနှစ် ရင်ထဲမှာ မကျေနပ်တာလိုလို ဟာတာတာလိုလိုနှင့် အောင့်သက်သက်ဖြစ်သွားတာသေချာ၏။

ဒီလူကို ကိုယ့်ဘက်ကစပြီး ပြန်လည်မဆက်ဆံလိုသည့် ခါးသီးမှုတွေ ဖြစ်ခဲ့တာပါ။ သူ့ဟာသူ နောက်ဆုတ်နေတော့မည်ဆိုတာကို ဘာသဘောမကျစရာရှိလို့လဲ ...၊

သို့သော် ...၊

"ရှင့်ကို ဆိုးလွန်းလို့ပါဆိုပြီး ဘယ်သူကမှ နှင်မထုတ်ခဲ့ဘူး .."

"နှင်ထုတ်ရတဲ့အထိ မနေချင်လို့ပါ၊ အစတုန်းက ဘယ်လောက်ရိုင်းခဲ့သလဲ မသိဘူး၊ ခု နောက်ပိုင်းမှာ ဖောက်လွဲဖောက်ပြန်တွေ ဖြစ်လာပြီး ရိုင်းလိုက်ယဉ်လိုက်ဖြစ်လာတယ်ဆိုတာလည်း ကိုယ် ဘာတွေပြော



ခဲ့မိမှန်း မသိဘူး၊ ဒါပေမယ့် ရိုင်းခဲ့မိပြီလို့ တွေးမိလာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ် .."

"ဒါဆိုလည်း အဲဒီကောင်းတဲ့စိတ်ကိုပဲ ဆုပ်ဖမ်းထားနိုင်အောင် ရှင် ကြိုးစားရမှာပေါ့ .."

ကိုယ်က နေရာသီ ပဲ အနှစ်၊ အစတည်းက မရိုင်းတတ်တဲ့သူပါ။ ဒါကြောင့် ရိုင်းတဲ့လူတစ်ယောက်လိုဆက်ပြီးဟန်ဆောင်ဖို့က မဖြစ်နိုင်ဘူး ...။

နောက်ပြီး ကိုယ့်မှာ အခက်အခဲတွေ ဘယ်လောက်ပဲရှိပါစေ သက်ရှိထင်ရှားရှိနေ သေးတဲ့ လူတစ်ယောက်နဲ့ နေရာဝင်လုပြီး လိမ်ညာဟန်ဆောင်နေဖို့အထိ ကိုယ် မယုတ်မာချင်ဘူး ...။

စိတ်အတွေများနှင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကိုယ် ပြန်မလိုက်ချင်တော့ဘူး .."

ဒါပဲ ထပ်ပြောတော့ အနှစ် မျက်နှာလေးတင်းသွားသည်။

"ရပါတယ် .."

အနှစ် ဖျတ်ခနဲတံခါးလှည့်ဖွင့်၍ လမ်းမပေါ် ဆင်းထွက်လိုက်သည်။ ပြီးတော့ သူ့ဘက်ကိုသွားပြီး တံခါးကို ဆိုးဆိုးဆတ်ဆတ်ဆွဲဖွင့်လိုက်ကာ ...၊

"ဆင်း ..."

နေရာသီ က စတီယာရင်ကိုဖိဆုပ်ထားရင်း လှည့်ကြည့်ပေမယ့် ဆင်းမည့်ဟန်လည်းမရှိ ...။

အပြင်က အလင်းရောင်ခပ်ဖျော့ဖျော့မှာ သူမရဲ့ မျက်နှာမှုန်ညက်ညက်လေးက ထင်လင်းနေသည်လို့ထင်၏။ သူ့မျက်လုံးထဲမှာ သူမဟာ အမြဲတမ်း လင်းလက်နေတဲ့ ကြယ်ပွင့်လေးပဲဖြစ်လေသည်။

"ရှင် .. ဘာလုပ်နေတာလဲ၊ လမ်းပေါ်မှာ ညဥ့်နက်သွားလိမ့်မယ်"

"ဟုတ်တယ် .. ဟိုမှာ ဆိုင်ကယ်လ်လာနေပြီ .."

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ .."

ကားကို ရှောင်လိုက်သည့် ဆိုင်ကယ်လ်က ဒီဘက်ကို တရားလွန်ဖွဲဆင်းလာသဖြင့် နေရာသီ အနှစ် လက်လေးတစ်ဖက်ကို စောင့်ဆွဲလိုက်၏၊

ဆိုင်ကယ်လ်က ဝေါခနဲကပ်ဖြတ်သွားကာ အနှစ် နဲ့ သူ ရင်ဘတ်ချင်း ထပ်လျက်သားဖြစ်သွားခဲ့ပြီး .. နီးကပ်လွန်းသော အကွာအဝေးလေးမှာ မျက်နှာနှစ်ခုက အထက်အောက် ငုံ့မိုးငေးစိုက်နေမိလျက် မျက်နှာလွှဲဖို့မေ့နေကြ၏။

တဒင်္ဂအတွင်းမှာ လှုပ်ရှားမှုတွေ ရပ်တန့်သွားခဲ့ပြီး ရင်ခုန်သံနှစ်ရပ်ပေါင်းက ဆူညံစွာကြီးစိုးနေခဲ့၏။ ထို့နောက် နှစ်ယောက်ပြိုင်တူ ရှန်းရှန်းဖယ်ဖယ်နှင့် လူချင်းခွဲလိုက်ကြကာ ..၊

"ဆောရီး .. မင်းနဲ့ မလွတ်မှာစိုးလို့ ဆွဲလိုက်တာ .."

"ရှင် ဆင်းလေ .."

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ရဲကြဘဲ ဘာတွေပြောမိမှန်းမသိ လုပ်မိမှန်းမသိ ..။

"ကိုယ် .. လိုက်ခဲ့မယ် .."

"ဟင် ..."

"အန်ကယ်လ် နေမကောင်းတုန်းမို့လို့ အေးထွက်မနေချင်လို့ပါ.."

ဒီရာသီကတော့ မိနစ်ပိုင်းအတွင်းအမျိုးမျိုးပြောင်းလဲနေပါလားလို့ ကိုယ့်ဘာသာ တွေးမိလိုက်သည်။

ဘာဖြစ်လဲ .. နွေမိုးဆောင်းနဲ့ နေရာသီ ..၊

လေးရာသီဆိုတော့ အဆင်ပြေသားပဲ ..၊



အခန်း (၂၇)

"သက်သာတုန်းလေး သက်တောင့်သက်သာနေလိုက်ပါ အန်ကယ်လ် ဒါတွေ ကျွန်တော် လုပ်လိုက်ပါ့မယ် .."

ဦးမြင့်မောင် က အေးမှာလာရပ်သည့် နေရာသီ ကို တအံ့တသြမော့ကြည့်သည်။ မျက်မှန်ကို ထပ်ပင့်ကြည့်တော့လည်း အံ့သြနေသေးကာ တစ်စုံတရာ အတွေးဝင်လာမှ ဆွေးရိပ်ထင်သွားခဲ့လျက် ..၊

"နေပါစေကွာ .. မင်း လက်ထဲကို ဒါတွေအပြည့်အဝရောက်လာမှာပါ၊ အဲဒါကြောင့် အန်ကယ်လ် ပေးထားတဲ့ကတိအတိုင်း တည်ချင်လို့လည်း ကိုယ်တိုင် စေ့စေ့စပ်စပ် စာရင်းပြုစုနေတာပေါ့ .."

"အန်ကယ်လ် .."

"နေ .. နေ .. ရပါတယ် .."

စာရင်းစာရှက်ဆိုတာ စက္ကူစုတ်တွေပါပဲလို့ ဒီကောင်လေး ပြောခဲ့ဖူးသည်။

ကွန်ပျူတာဆိုတာလည်း ကိုယ်စိတ်ဝင်စားတာမှ လုပ်နေရင် ဘာလုပ်မှာလဲ၊ ကျွန်တော့်အတွက်တော့ ကစားစရာပဲ .. တဲ့ ..။

ပြောခဲ့တဲ့လူက မေ့နေပေမယ့် ဦးမြင့်မောင် နားထဲမှာ စွဲနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ .. သူ ဝိုင်းကူမယ်ဆိုတာ ခိုင်းကြည့်လိုက်ပါဦး အဲဖေကြီးရယ်၊ ဖေကြီး နည်းနည်းသက်သာတာပေါ့ .."

ဦးမြင့်မောင် နာကျင်သည့်အပြုံးနှင့် ခေါင်းခါလိုက်သည်။ အပေါ်မြှောက်တင်လိုက်၊ ပြန်ဆွဲချပြီး ဖနောင့်နဲ့ ပေါက်လိုက် ..။

စိတ်ဝေဒနာကြောင့် ပြောင်းလဲနေသည်ဆိုရင်လည်း စိတ်ဝေဒနာမဖြစ်သည့်လူတွေက ဝေဒနာသည်နဲ့အပြိုင်ရှုးနေကြတာလား ..။

စိတ်ကောင်းလေးတစ်ချက်လောက် ဝင်လာတုန်း ကုမ္ပဏီမှာ ဝင်လားထွက်လားလုပ်ခဲ့ဖူးသည်။ ဒီလောက်နဲ့ ဘာတွေတတ်သိနားလည်သွားမှာလဲ ..။

ကူညီမယ်ဆိုလို့ အားကြိုးမာန်တက် ရှင်းပြနေရပြီး စိတ်က ဖောက်ပြန်သွားတာနဲ့ အားလုံးကို စုထပ်ကောက်ကပ်ပြီး အမှိုက်ထဲသွားမပစ်ဘူးလို့လည်း မပြောနိုင် ..။

စိတ်ဝေဒနာတစ်ရပ်နှင့် ကြမ်းတမ်းရိုင်းပျခွင့်တွေရနေသမျှ ကိုယ်က ဝေဒနာသည်မဟုတ်ဘဲ ရောသောရှူးသွပ်မိလို့ ဇော်ကားခံရတာတွေ တော်သင့်ပါပြီ။

'ခင်ဗျား' ဆိုတဲ့ အသုံးအနှုန်းနဲ့ တက်ခေါက်ခါးထောက်သွားတဲ့ပုံရိပ်တွေက ဦးမြင့်မောင် ကို နှောင်တကြီးစွာရစေခဲ့လျက် အရှက်ကြီးရှက်မိခြင်းကြောင့် သူ့စိတ်သူမနိုင်ဘဲ လူမမာလုံးလုံးဖြစ်ခဲ့ရသည်။

အနှစ် နဲ့ ဒေါ်သဲနှစ် တို့ကတော့ ဘယ်လိုမှ နားမလည်နိုင်ဘဲ ဖြစ်နေခဲ့ကြ၏။ လုပ်ငန်းတွေ လွှဲယူတော့မယ်လို့ကြိမ်းဝါးသွားတာရော၊ ဖေဖေ တစ်ပတ်အတွင်းလွှဲပေးဖို့ပြောခဲ့တာကိုရော သူမတို့ သိထားခဲ့၏။

ဒါပေမယ့် ဒီထက်မကသော မောက်မာခြင်းတွေကိုတောင် သည်းခံလာခဲ့ကြတာ ကိုယ် မကျန်းမာနေကာမှ ဘာဖြစ်လို့ တင်းခံနေတာလဲ..။

"ဖေဖေ ပြန်လဲသွားမှာစိုးတယ် မေမေ .. သူ့အလုပ်သူ့ပစ္စည်းတွေ



ပဲ မလုပ်တတ်လို့ မှားရင်လည်း သူကိုယ်တိုင်လုပ်ခဲ့တာ ဘာဖြစ်လဲ၊ ဒါမှမဟုတ် တစ်ပတ်ထိမစောင့်ဘဲ ခုတစ်ခါတည်း ပေးပစ်လိုက်ရင် မပြီးဘူးလား .."

အနှစ် ကရုဏာဒေါသနှင့် ပြောမိ၏။ မိုးစုပ်စုပ်ချုပ်မှပဲ ဦးမြင့်မောင် အခန်းထဲဝင်သွားကာ ဖုံမလီဒေါက်တာရောက်လာတာနှင့် အတော်ပဲ ဖြစ်သွား၏။

"ပရက်ရှာအရမ်းကျနေတယ်၊ အနားမယူလို့လုံးဝမဖြစ်ဘူး ဒေါ်သဲနှစ် ပေါ့ဆရင်တော့ အကြီးကြီးဖြစ်သွားမယ်နော် .. သေချာဖျောင်းဖျပါဦး.."

ဦးမြင့်မောင် အလုပ်တွေ ဇွတ်လုပ်နေတာ မျက်မြင်ပဲမို့ ဆရာဝန်ကလည်း ပြောသွားသည်။

"အန်ကယ့်လ်ကို အပြင်ထွက်မလာပါစေနဲ့တော့ .. ကျွန်တော်လုပ်နိုင်ပါတယ် .."

နေရာသီ ဒီလောက်ပဲ ပြောပေးနိုင်ခဲ့၏။ ပြဿနာတစ်ခုခုရှိထားကြတာကိုသိပေမယ့် ရန်ဘက်ချင်း ဘယ်လိုကိစ္စကို ဘယ်လောက်ထိ ပြောခဲ့သလဲဆိုတာ မသိခဲ့တာမို့ ဦးမြင့်မောင် ခုလိုခံစားနေရတာကို နှစ်သိမ့်ပေးဖို့ခက်နေသည်။

ဒါပေမယ့် ကိုယ့်ဘာသာဆုံးဖြတ်ထားခဲ့သည့်အတိုင်း ဒီအိမ်မှာ ဆက်လက်ဟန်ဆောင်မနေတော့သည့်အတွက် သူ အနေအထိုင်ပိပိရိရိ မရှိခဲ့ရင်လည်း ပူစရာမလိုတော့ပေ ..။

ထို့ကြောင့် ကုမ္ပဏီကိစ္စတွေမှာ သူ ကျွမ်းကျင်ပြီးသားမို့ ဦးမြင့်မောင်ရဲ့ ကိုင်တွယ်လက်စတွေအတိုင်း အနည်းအပါး တီးခေါက်မေးမြန်းပြီး သေချာဂရုစိုက်လုပ်ပေးလိုက်သည်။

ဦးမြင့်မောင် အခန်းထဲဝင်သွားတည်းက အလုပ်လက်စတွေကို စာကြည့်ခန်းထဲယူပြီး မထတမ်း လုပ်နေခဲ့တာ ညနေထမင်းတောင် ထွက်

www.burmeseclassic.com

www.burmeseclassic.com



မစားဖြစ်ပေ ..။

"သားရေ ..."

ဘယ်လိုအပြစ်မျိုးတွေ ကျူးလွန်ခဲ့ပါစေ ရန်ဘက်ချင်း အတွက် ဒီအိမ်မှာ အပြစ်သားလို့ သတ်မှတ်သည်ဆိုတာမရှိ ..။

ဒေါ်သဲနှစ် က မုန့်နဲ့အိုဗာတင်းတွေ ယူလာပေးရင်း ..၊

"ဘာဖြစ်လို့ အပြင်မှာ မလုပ်တာလဲ သားရယ်၊ ဧည့်ခန်းမှာက သစ်ပင်တွေနဲ့၊ ငါးကန်လေးနဲ့ ကျယ်ကျယ်ဝန်းဝန်းရှိတယ်၊ ဒီစာကြည့်ခန်းက ကျဉ်းတော့ .."

"ရပါတယ် အန်တီ .. အာရုံစိုက်လို့ ပိုကောင်းလို့ပါ .."

"ဒါပေမယ့် ညစာလေးတော့ ထွက်စားလိုက်နော်၊ အထဲကို မပို့ခိုင်းတာက သား အပြင်ထွက်စေချင်လို့ပါ .."

"ဟုတ်ကဲ့ .."

"ရော့ .. ဒါလေး အဆာပြေစားလိုက်ဦး၊ လေခံနေရင် ထမင်းစားမဝင်ဘဲနေမယ် .."

လောလောဆယ် လေခံနေတာမဟုတ်ပေ၊ ရန်ဘက်ချင်း ရောက်လာမှာကို စိုးရိမ်နေတာကြောင့် စိတ်အိုက်နေခြင်းဖြစ်၏။

"သား ..."

ဒေါ်သဲနှစ် က ထွက်မသွားသေးဘဲ သူ့ဘေးမှာပဲရပ်နေကာ ..၊

"ဒီအလုပ်တွေ မင်း အန်ကယ်လ် ဘာဖြစ်လို့ တွန်းလုပ်နေတာလဲ သိလားဟင် .. သားကို ဘာဖြစ်လို့ ဒီပုံစံဆက်ခံတာမှန်းရော သိရဲ့လား"

"ရန် ..."

ရန်ဘက်ချင်း က ကိုယ်ပဲဆိုတာ ရုတ်တရက်မေ့သွားပြီး လွှတ်ခနဲထွက်သွား၏။ ပြီးမှ ..၊

"ကျွန်တော် အန်ကယ့်လ်ကို တစ်ခုခု .."



"ဟုတ်တယ် သား .. သား ဘာပြောခဲ့တယ်ဆိုတာ သိနေသေးလား .. မေ့သွားပြီလား၊ ဒါမှမဟုတ် စိတ်တစ်မျိုးပြောင်းသွားလို့ မင်း အန်ကယ်လ်ကို စိတ်သက်သာရာရစေချင်တာလား .. ဘာကြောင့်ဖြစ်ဖြစ်ပါ သား ခုလို အလုပ်တွေဝိုင်းကူပေးနေတာ ကျေးဇူးလည်းတင်တယ်၊ အန်တီ စိတ်လည်းချမ်းသာတယ် .."

ကွန်ပျူတာဆီမှာ အကြည့်တွေပို့ထားရပေမယ့် ဦးမြင့်မောင် ရဲ့ ဆွေးမြေ့သော အပြုံးယဲ့ယဲ့ကို သူမြင်ယောင်နေမိသည်။

"သားက ဒီလုပ်ငန်းနဲ့ ဘတ်ဂျက်(ဒ်)တစ်ခုလုံးကို လွှဲပေးဖို့တောင်းထားတယ် .."

လှုပ်ရှားနေသည့် နေရာသီ လက်တွေ တုံ့ခနဲရပ်သွား၏။ ဒေါ်သဲနှစ် က သေချာအကဲခတ်နေတာမို့ ရန်ဘက်ချင်း အနေနဲ့ တကယ်ပဲ မသိတော့ခြင်းလို့ ယုံကြည်သွားခဲ့၏။

အစတည်းက အပြစ်မမြင်ချစ်ခင်ခဲ့သော မျက်ဝန်းတို့က နားလည်ခြင်းများနှင့် ပြည့်လျှမ်းသွားခဲ့လျက် ..၊

"အန်တီ တွေးမိပါတယ်၊ ဒါပေမယ့် သားရယ် .. သား အန်ကယ်လ်ကတော့ ကုမ္ပဏီမှာ သူ့စိမ်းတစ်ရံ တစ်ဦးဦးရှိချင်လည်းရှိနေမှာဆိုတော့ သားရဲ့ စကားလုံးရင့်သီးခဲ့တာကို သူ ခံစားနေရရှာတာ၊ အဲ့ဒါကို သား နားလည်ပါ .."

နေရာသီ ကလည်း တော်တော်နားလည်နေပြီဖြစ်သည်။ ထို့ပြင် ခုနေ ရန်ဘက်ချင်း ရောက်လာလျှင် ပြဿနာက ဘယ်လိုမှ ရှင်းဖို့မလွယ်မှာကိုတွေးမိရင်း စိတ်က ကြားနေရသည့်အကြောင်းအရာတွေဆီရောက်လာလိုက် အပြင်ရောက်သွားလိုက် ..။

"ခါတိုင်းဆို အလုပ်တွေပိလာရင် သမီးကို ဝင်ကူခိုင်းတာ၊ အခု ဒီအလုပ်တွေအတွက် သူ အာရုံစိုက်ပြီး သူကိုယ်တိုင် အဆုံးသတ်ပေးချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့စိတ်တွေပဲ ပြင်းထန်နေတော့ ဝင်ကူတာတောင် မကူရဘူးပြောတာ သိရဲ့လား ..”

ဒါဆိုရင်တော့ သူ့ကို ‘မျက်စိရှေ့ကထွက်သွားစမ်း’ လို့ မောင်းမထုတ်တာပဲ ကျေးဇူးတင်ရတော့မှာပါ။ သူကရော ဘာနဲ့တူနေပြီလဲ..။

ကိုယ်ပဲ လွှဲပေးဖို့ပြောခဲ့သည်။ ကိုယ်ပဲ မြန်မြန်ပြီးအောင် လာဝိုင်းကူနေခဲ့သည်။ ဒီလောက်တောင်လိုချင်လွန်းလို့ ဖြစ်နေတာလို့ အနစ် တွေးမိနေလောက်ပါပြီ။

သို့သော် အနစ် ကိုယ်တိုင် ပြန့်လိုက်ခဲ့ဖို့ သူ့ကိုခေါ်လာခဲ့သည်။ အလုပ်ကို ဝိုင်းကူပေးလို့ မိသားစုလိုက်ကျေးဇူးတွေတင်နေကြသေး၏။

ဒီအိမ်သားတွေ ဘယ်လိုခံစားပါရမီတွေပြည့်နက်ပြီး ရန်ဘက်ချင်း ကတော့ မိကောင်းဖခင်ကမွေးပါလျက်နဲ့ အပြည့်အဝ ရိုင်းပျစော်ကားနိုင်ခြင်းပါရမီတွေနဲ့ ဘာကြောင့် ဇုန်းပြူးဖြစ်နေခဲ့တာလဲ ..။

“သား .. အခု ဒီအလုပ်တွေကို ကျွမ်းကျင်နေတာ အရမ်းအံ့သြဖို့ကောင်းတာပဲ ..”

“ကျွန်တော်လည်း အဲဒါတွေကို ..”

“မိဘလုပ်ငန်းဆိုတော့ ကိုယ်နဲ့အမြဲတမ်းနီးစပ်နေခဲ့တာပဲ သားရယ်၊ မျက်စိရည်နားရည်ဝနေတော့ လိုအပ်တဲ့အချိန်မှာ တုတ်သည့်ပညာ မနေသာဆိုတာလိုပေါ့၊ သားက ဆိုးတတ်ပေမယ့် နေရာတိုင်းတော့ မဟုတ်ဘူးဆိုတာ အန်တီ တွက်မိပါတယ်၊ ဒါပေမယ့် ဒီတိုင်းမပြောင်းလဲရင် ဘယ်လောက်ကောင်းမလဲနော် ..”

“ကျွန်တော် ကြိုးစားမှာပါ၊ ဒါကြောင့် ခရီးထွက်ဖို့လည်း စီစဉ်ထားတယ် ..”

“ဟင် ...”

“ခုတစ်လော မှန်မှန်ပြန်မလာဖြစ်တာ အဲဒါကြောင့်ပါ ..”



ဒီနေ့ ဒါမှမဟုတ် ဦးမြင့်မောင် မကျန်းမာသေးလို့ မလွှဲသာ၍ နေနေရခြင်း တစ်ရက်နှစ်ရက်၊ ဒါက နောက်ဆုံးပဲဖြစ်သည်။

ကိုလင်းမောင် ဆီမှာ သူ အမှန်အတိုင်းဝန်ခံခဲ့ပြီး ဘယ်တော့မှ ပြန်မလာတော့ဖို့ ဆုံးဖြတ်ထားခဲ့၏။

“ဒါဖြင့် အခု သားကလည်း ဒါကို တွန်းလုပ်ပေးနေတာ၊ ပြီးတာနဲ့ ထွက်သွားတော့မလို့ပေါ့ ဟုတ်လား .. စိတ်ကိုပြောင်းလဲဖို့ ခရီးထွက်မယ်ဆိုတာ သဘာဝကျပါတယ်၊ ဒါပေမယ့် သားက သာမန်လူမှမဟုတ်တာ .. ကိုယ့် ကျန်းမာရေးကို ..”

“ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်း တစ်ခုခုမကောင်းတာလုပ်မိရင် သတိရတဲ့အခါ ခံစားနေရတာကို မလိုချင်ဘူး အန်တီ ..”

“ဟင် .. သား .. သား အဲ့လိုသတိရတယ် .. ဟုတ်လား ..”

“ကျွန်တော် ဘာပြောခဲ့တယ်ဆိုတာ သတိမရပေမယ့် မကောင်းတာပြောခဲ့တယ် လုပ်မိတယ်ဆိုတာတော့ ခံစားမိပါတယ်၊ ဒါကြောင့် အန်ကယ့်လ်ကျန်းမာရေးစိတ်ချရရင် ကျွန်တော် သွားတော့မယ် ..”

“အိုကွယ် .. အမန်းဖြေခရီးထွက်တာကို ‘သွားတော့မယ်’ လို့ မပြောပါနဲ့ ..”

ပြောရတာက ကျွန်တော်တစ်ခါတည်း ရှုတ်ဆက်တာမို့လို့ပါ။ စိတ်ထဲကပြောရင်း ပြုံးပြမိသည်။

ထိုညမှာပဲ ဦးမြင့်မောင် ပြောထားခဲ့တဲ့အထိ စာရင်းဇယားအားလုံး အပြီးသတ်နိုင်ခဲ့ကာ ..၊

“ရှင့်ကို ထမင်းစားဖို့စောင့်နေတာ ..”

“ဟင်!...”

စားပွဲကထကာ ခြေဆန့်လက်ဆန့်လုပ်ရင်း ပြတင်းပေါက်နားမှာ ရပ်နေမိစဉ် အနစ် က ရောက်လာခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူစောင့်နေတာလဲ .. မင်းလား .."

"မမေ စောင့်နေနိုင်းလို့ပါ .."

"ကျေးဇူးပဲ .."

အနှစ် မျက်မှောင်ကုတ်သွား၏။

"ရှင် ကျေးဇူးတင်တာကို လာနားထောင်တာမဟုတ်ဘူးလေ၊ အခု ဘာလုပ်နေတာလဲ .."

"ကိုယ် ခုမှ အလုပ်ပြီးတာ .."

"အခု ဆယ်နာရီခွဲနေပြီ .. ကျွန်မ ဘာမှမစားရသေးဘူး .."

သူမနဲ့ ထမင်းအတူစားချင်ပါသည်။ အပြင်ကိုလည်း ထွက်လိုက်သွားချင်၏။ ဒါပေမယ့် သူ ထွက်လို့မဖြစ်တာ သူဟာသူ နားလည်နေသည်။

ထို့ပြင် သူ ဘယ်မှာနေနေ သူ့နားမှာ အိမ်သားတစ်ယောက်ယောက် ရှိနေလို့လည်း မဖြစ်ရာ ..၊

"ဒါဖြင့်လည်း မင်းပဲ စားလိုက်ပါကွာ .. ဝမ်းချင်းဆုံတာမှမဟုတ်တာ၊ ကိုယ် မစားချင်သေးလို့ .."

အနှစ် ရဲ့ ပါးပြင်လေးတွေ နီမြန်းသွားတာ မီးရောင်အောက်မှာ ဒီတိုင်းမြင်နေရ၏။ ပြီးတော့ နှုတ်ခမ်းသားလေးတွေ တင်းခနဲဖြစ်သွားကာ ..၊

"ရှင် လုပ်အားပြနေလို့ မမေက အရမ်းကို အားနာနေတာလေ၊ ရှင်နဲ့ လက်ဆုံစားချင်လွန်းလို့ ထင်မနေနဲ့၊ မမေ ငုတ်တုတ်ထိုင်စောင့်နေတာ ရှောင်ထွက်လို့မရလို့ .."

"ဟုတ်ပါပြီ .. မင်းကိုလည်း ကိုယ်နဲ့စားချင်လွန်းလို့လို့ မထင်ပါဘူး၊ ဒါနဲ့ တစ်ခုလောက် မေးခွဲစမ်းပါ၊ ကိုယ် ခုတစ်လော အိမ်ပြန်နောက်ကျရင်ရော မင်း ထိုင်စောင့်ရတာပဲလား .."



"ရှင်နဲ့ကျွန်မကြားမှာ ဘယ်လိုဝတ္တရားမှ မရှိခဲ့ဖူးဘူး၊ တစ်ယောက်က တစ်ယောက်ကို အချိန်တိုင်း မမြင်ရလေ ကောင်းလေပဲ .."

"သူများအတွက်ပါ ဘာလို့ထည့်ပြောနေတာလဲ၊ မင်းက မမြင်ရလေ ကောင်းလေပေမယ့် ကိုယ်က ဟုတ်ချင်မှဟုတ်မှာပေါ့ .."

"ဂျိမ်း ..."

အနှစ် ပြန်ထွက်သွားတော့ ရယ်ဟဟဖြစ်နေသည့် သူ့မျက်နှာတည်သွားသည်။ ညဘက် ရန်ဘက်ချင်း ရောက်လာတတ်သလား သိချင်လို့ တမင်မေးကြည့်လိုက်တာဖြစ်သည်။

ဖြေသွားတဲ့ပုံအရဆို ရန်ဘက်ချင်း ပြန်လာနိုင်တယ်ဆိုတာ တွက်မိလိုက်သည်။

"ဟား ..."

စိတ်အိုက်ခြင်းကြောင့် သက်ပြင်းရှည်ကြီးချပစ်လိုက်ရင်း စားပွဲမှာ ပြန်ထိုင်မိသည်။ အလုပ်တွေကို ပြန်၍စီစစ်ရင်း ဦးမြင့်မောင် ဦးစီးဦးဆောင်ပြုခဲ့သော ကာလအပိုင်းအခြားအတိုင်း ကုမ္ပဏီ၏ တိုးတက်နှုန်းကို ကြည့်မိ၏။

ရှေ့မရောက် နောက်မကျသော်လည်း ပုံမှန်နှုန်းအတိုင်း လည်ပတ်နေခဲ့တာ ဘယ်အချိန်မှာမှ ယုတ်လျော့လစ်ဟာမှုမရှိခဲ့ပေ ..။

ဒါပေမယ့် ဒီလောက်နှစ်ပိုင်းနဲ့ စာရင်းတွေကို တစ်ယောက်တည်း သိမ်းကျုံးပြီး လုပ်ပစ်လိုက်တာ တစ်ရက်နှစ်ရက်တည်းနဲ့ ပြီးသွားတာ နည်းနည်းနောနောမဟုတ်ပေ ..။

တစ်ယောက်တည်း ပခုံးတွန့်မိရင်း နာရီကြည့်လိုက်မိသည်။ အလုပ်တွေလည်းပြီးပြီ၊ ဦးမြင့်မောင် လည်း အေးဆေးအနားယူနိုင်ပြီဆိုတော့ သူ နေဖို့လိုသေးလို့လား ..၊

ထို့ကြောင့် ပြန်ထွက်သွားဖို့ပဲ စိတ်ကဖြစ်နေသဖြင့် နေရာမှ ထရပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် ...၊

"ဟဲ့ .. သားက စာကြည့်ခန်းထဲမှာမို့လား .. ဘာတွေလာပြောနေတာလဲ နန ရယ် .."

သေချာကြားလိုက်သဖြင့် နေရာသီ ထိတ်ခနဲဖြစ်သွားသည်။ ထို့ကြောင့် ဘာလုပ်ရမည်ဆိုတာ စဉ်းစားထားခဲ့သည့်အတိုင်း ...၊

"ဘာဖြစ်လို့လဲ မေမေ .."

"အပြင်မှာ အစ်ကိုလေး ငုတ်တုတ်ထိုင်နေတယ် မမလေး .. အရက်တွေ မူးနေလားမသိဘူး .."

"ဘာ!..."

"ခုမေမေ အဲဒါပြောနေတာ နေပါဦး .. သွားကြည့်လိုက်တာပဲကောင်းပါတယ် .."

သားအမိနှစ်ယောက်စလုံး အပြင်ဘက်ကိုပဲ ထွက်ခဲ့မိကာ တံခါးဒရှေ့ကို စိတ်ဝင်တစားသွားကြည့်မိ၏။

"ဟင်!..."

"ချင်း ပါလား .."

ရုပ်အကျီအဖြူရဲ့ ကော်လံလေးပဲ မြင်ရကာ စပို့ရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်က အနက်တွေချည်းပဲဖြစ်၏။

တံခါးကို ကျောကပ်ထိုင်နေလျက် ခေါင်းငိုက်စိုက်ကျနေသေမယ့် ပြန်မတ်လာလိုက် ဘေးကို တိမ်းသွားလိုက်နှင့် ...၊

"ဘယ်လိုဖြစ်ပြီး အပြင်ရောက်နေတာလဲ ..."

"ထွက်သွားလို့ဖြစ်မှာပေါ့ မေမေ .. အဲ့လိုသောက်စားနေချင်လို့ အခန်းတံခါးပိတ်ပြီး လုံးဝမထွက်ဘဲနေတာပေါ့ .."

"ဘာလဲ .. အေ့ .. ဘာပြောနေကြတာလဲ၊ ငါ့အတင်းမပြောနဲ့နော် ဟိုကောင်မလေး .. မိန .. ခေါ်ခဲ့စမ်း အဲ့ဒီထဲက တစ်ယောက်ယောက်



ကို .."

ရန်ဘက်ချင်း က လေသံကြားတာနှင့် ခေါင်းထောင်ထလာပြီး အာလေးလျှာလေးအော်နေ၏။ ဒေါ်သဲနှစ် မျက်နှာပျက်နေရှာ၏။

ခုပဲ စိတ်ချမ်းသာနေတာလေးတွေ တွေးရင်း မိုးလင်းရင် ဘာဖြစ်လာမလဲ ပူပန်နေမိတာပါ။

"ဟေး .. ဘယ်တွေရောက်ကုန်တာလဲ .."

"ဂျိမ်း .. ဂျိမ်း .."

ခါးလှည့်ပြီး တံခါးကိုဆုပ်ကိုင်ဆွဲခါနေ၏။

"ဒီအိမ်က အိမ်ဦးနတ် လုပ်ငန်းရှင်သူဌေးပြန်လာတာ မသိဘူးလား .. အေ့ .. အေ့ .."

"မေမေ သွားလေ .. သမီးတွဲခေါ်လိုက်မယ် .."

"သမီးရယ် .. မူးနေတဲ့သူနဲ့ ရန်ဖက်မဖြစ်နဲ့နော် .. အချိန်လည်း မရှိတော့ဘူး၊ သမီး အဖေကြီးလည်း အိပ်နေပြီလေ၊ သူ ဘာပြောနေနေ ကြားသလိုနေလိုက်ပါကွယ် .."

မေမေ တုရရမှာနေတာကို မျိုသိပ်သည်းခံရင်း ခေါင်းညိတ်နေရသည်။ ဘယ်လိုမှ နားလည်ကြည့်လို့မရအောင် အမျိုးမျိုးဖြစ်နေသည့်ယောကျ်ားမို့ သည်းခံနိုင်စွမ်းက ကုန်ပြီဖြစ်၏။

စကားကောင်းတွေ ပြောပြီး မှားတာမှန်တာတွေ တင်ပြခဲ့တာတော့ သူ မဟုတ်သလိုပါလား ...။ ခုန အခန်းထဲမှာ ဖေဖေ့အလုပ်တွေကို လုပ်ပေးနေတဲ့ ရန်ဘက်ချင်း ဘယ်ရောက်သွားပြီလဲ ...။

"ဟင် .. ဘယ်သူလဲ .. အနှစ်သား .."

သူ့ကိုတွဲလိုက်တော့ မျက်နှာကြီး လှည့်လာပြီးမေးတော့ နှာခေါင်းချွန်ချွန်က အနှစ် ရဲ့ ပါးလေးနားမှာ တဝဲဝဲ ...။

"အနှစ်သား .. ခေါ်နေတာမကြားဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ် .. ရှင် အိပ်မှာလား .. ထမင်းစားမလား .."

ဒယိမ်းဒယိုင်နဲ့ တွဲခေါ်လာရင်း ဧည့်ခန်းရောက်တော့ ရန်ဘက်ချင်းက တွဲထားသည့် လက်ကို ဖြုတ်ချပစ်လိုက်ပြီး အနှစ် မျက်နှာကို မျက်နှာချင်းဆိုင်ကြည့်သည်။

"ဘာလို့အိပ်ရမှာလဲ .. ငါ အိပ်ဖို့လာတာမဟုတ်ဘူး .."

"နုနု ရေ .. ထမင်းပြင်ထားလိုက် .."

"ဘာလဲ .. ဘာလုပ်ဖို့လဲ .. အဲ့ဒါ .. အေ့ .. ငါ့ကို စားပိုးနင့်အောင်ကျွေးပြီး အိပ်ခိုင်းမလို့ဟုတ်လား .. ဟား .. ဟား .. ဟား .."

လက်ခါခြေကာနှင့် ယိမ်းယိုင်ရယ်မောနေတာကြည့်၍ အနှစ် ပါးပြေးရိုက်ချင်စိတ်တွေ ပေါက်နေမိသည်။

"ဟား .. ဟား .. ဟား မအိပ်ဘူး၊ လုံးဝမအိပ်ဘူး .. အဲ .. ငါ .. အေ့ .. ငါဘာလုပ်ဖို့လဲ .. ငါ ဘာလာလုပ်တာလဲ .."

ကိုယ့်ခေါင်းကိုပုတ်ခတ်ပြီး စဉ်းစားနေသေးသည်။ ပြီးမှ လက်ထောင်လိုက်ကာ ..၊

"သိပြီ .. ဘယ်မှာလဲ ငါ့လုပ်ငန်းစာရွက်စာတမ်းတွေ .."

"ရှင် အဲဒါတွေယူဖို့လာတာပဲမို့လား .. ကျွန်မ သိပြီးသား .."

"သိရင်ပေးလေ .. ဘယ်မှာလဲ ပေးစမ်း .."

အနှစ် သူ့ကိုတွဲလာရင်း ဖရိုဖရဲဖြစ်သွားသည့် ညဝတ်အင်္ကျီကို ဆွဲဆန့်ပြုပြင်ရင်း နောက်ဆုတ်ရပ်တော့ သူက ရှေ့တိုးလိုက်ကာ -

"အနှစ်သား .."

"ရှင် ဘာဖြစ်နေတာလဲ .. ဖယ် .."

"ငါ့ဟာတွေပေးဆို .."

"သား .. ချင်း .. ဒီမှာကြည့် .. အနှစ်ပြောမယ် .."

အနှစ်ဗျာများနေတာမြင်ကာ ဒေါ်သဲနှစ် ပြန်ထွက်လာခဲ့ရပြီး -



"သားကိုယ်တိုင် လုပ်နေတာတွေပဲလေ၊ စာကြည့်ခန်းထဲမှာရှိတယ်၊ စကားတိုးတိုးပြောပါကွယ် .. သား အန်ကယ်လ်နေမကောင်းလို့ အိပ်နေတယ် .."

"ဘာတွေလဲ .. ဒီအဘိုးကြီးစာကြည့်ခန်းထဲမှာရှိနေတာ ကျွန်တော်က ဘာသွားလုပ်ရမှာလဲ၊ မေးနေတာက စာရွက်စာတမ်းတွေ ကျွန်တော်ပိုင်ဆိုင်တာတွေ .."

"ရန်ဘက်ချင်း .."

အနှစ် အသံတုန်လေးနှင့် ရှေ့တက်လာကာ ရန်ဘက်ချင်း ရဲ့ လက်မောင်းကို တအားဆွဲလှည့်ခေါ်၏။ မူးနေတဲ့လူက သူ့အာရုံနဲ့သူမို့ဒယိမ်းဒယိုင်ဖြစ်သွားပေမယ့် ရုတ်တရက် ဂရုမစိုက်မိ ..။

ဒေါ်သဲနှစ် ကတော့ စိုးရိမ်ကြီးဖြစ်သွားပြီး နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်ကာ ..၊

"စာကြည့်ခန်းထဲမှာ သူလိုချင်တာရှိတယ်မို့လား .. သမီးခေါ်သွားလိုက်သွား .. ဒေါ်သရှေ့မထားနဲ့လို့ မေမေ ပြောထားတယ်လေ .."

"မေမေ့ကို သူ ဒီလောက် .."

ဒေါ်သက ထိန်းမရအောင်ဖြစ်နေပေမယ့် မေမေ့မျက်နှာ ငိုတော့မလိုဖြစ်နေတာကြောင့် အနှစ် မျိုသိပ်လိုက်၏။

"တောက် ..."

"ငါ့ကို တက်မခေါက်နဲ့ .. ဟွန်း .. သွားမယ် .. ငါပိုင်တာတွေ ငါ သွားယူမယ် .."

ဆံပင်လိုင်းတွန့်တွေက နဂိုတည်းက ခပ်အုပ်အုပ်မို့ အထပ်ထပ်ဖြစ်နေတော့ ပွယောင်းပြီး ဖရိုဖရဲဖြစ်နေ၏။

စာကြည့်ခန်းဆီ သူ့ဟာသူ လှည့်လျှောက်သွားရင်း မျက်နှာမော့ရယ်လိုက်၊ ခေါင်းညိတ်လိုက် ..။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီတိုင်းဆွဲချယူသွားလို့မဖြစ်ဘူး မေမေ၊ ဖေဖေက အသိသက်သေနဲ့ တရားဝင်လွှဲပေးဖို့ စီစဉ်ထားတာ .."

"သူ့မိဘပစ္စည်းပဲ သမီးရယ် .. ယူပါစေတော့ .."

"မရဘူး .. သူက သူ့ခိုးဂျပိုးတွေနဲ့ပေါင်းသင်းနေတာ၊ ဟိုမရောက် ဒီမရောက်နဲ့ ဒါ ပျက်စီးသွားရင် တာဝန်ယူထားတဲ့ သမီးတို့ ဘယ်လို ဖြေရှင်းမလဲ .. လက်မှတ်ဖြစ်ဖြစ် သက်သေတစ်ခုခုတော့ ယူထားလိုက်မှ၊ ဒါမှ သူယူသွားတာ သက်သေထူနိုင်မှာ .."

"သမီး .. သမီး အနှစ် သူ ပြန်ချင်မှပြန်မှာပါ၊ ဒီလောက်မူးနေတာ သူ .."

"မေမေ မလိုက်ခဲ့နဲ့ .."

ဒေါ်သဲနှစ် စကားဆုံးအောင် မပြောလိုက်ရဘဲ ကျန်ရစ်ခဲ့၏။ စိတ်မချလို့ အနားထိသွားကြည့်တော့ ရန်ဘက်ချင်း ဘသောကျကျေနပ်စွာ ရယ်နေသံကြားရသောကြောင့် သက်ပြင်းချမိ၏။

မူးနေတာဆိုတော့ တော်ရုံစကားအမှားလောက်ကို ဂရုထားချင်မှ ထားမိမှာပါ။ မလှမ်းမကမ်းမှာရပ်စောင့်နေသော နုနု ကို သွားတော့ဖို့ လက်ပြ၍ ဒေါ်သဲနှစ် ကိုယ့်အခန်းဆီ ပြန်လာခဲ့သည်။

တကယ်တော့ အခန်းထဲမှာဖြစ်နေတာက သူမ ထင်နေသလို အေးချမ်းသွားသည့်အခြေအနေမျိုးမဟုတ်ပေ ..။

"ငါ့ဟာတွေ .. ဟား .. ဟား .. ဟား .. ဒီစာရွက်စုတ်တွေကိုပဲ ပြန်ရအောင်ကြိုးစားလိုက်ရတာ အေ့ .. ခုတော့ သိပြီ၊ သား သိပြီ မာမ်ရေ .. ဒီစာရွက်စုတ်တွေကို မသမာသူတွေလက်ထဲ မရောက်အောင် သေချာသိမ်းပါတော့မယ် .."

"ပါးစပ်ပြောသလောက် အော်မနေနဲ့ ရန်ဘက်ချင်း .. ဒါ လူတွေ အိပ်ချိန် .."



"ဘာ .. ဘာပြောတယ် .."

"ရော့ .. ဒီမှာ လက်မှတ်ထိုးခဲ့ .."

စာချုပ်မှာ လိုအပ်သည့် အချက်အလက်အမြန်ဖြည့်လိုက်ပြီး သူ့ရှေ့မှာချပေးလိုက်၏။ ပြီးတော့ ဗီဒီယိုအသင့်ဖွင့်ပြီးသား ဖုန်းကို နေရာချထားလိုက်၏။

ရန်ဘက်ချင်း က စာရွက်စာတမ်းတွေနဲ့ ဖိုင်တွေကို အထည်စတွေပိုက်သလို သိမ်းကျုံးပွေ့ပိုက်ထားရင်းစာချုပ်ဆိုတော့ ငုံ့ကြည့်သည်။

"ဒါ ဘာလဲ .."

"စာချုပ်လေ .. လွှဲပြောင်းပေးတဲ့စာချုပ်မဟုတ်ဘူး၊ အခု ရှင့်သဘောနဲ့ အတင်းအဓမ္မလာသိမ်းယူသွားတဲ့အကြောင်း သက်သေအဖြစ် သက်မှတ်ထိုးရုံပဲ .."

"မလိုပါဘူး .. ဟား .. ဟား .. ဟား .. အေ့ ငါ့ပစ္စည်းငါယူတာ ဘာဖြစ်သွားမှာမို့လို့လဲ .. ဖြော် .. သိပြီ .. မင်းအဖေ ဥစ္စာရူးကြီး ဘက်(ထ်)ထိပြီး တစ်ခါတည်း ရောသွားမှာစိုးလို့လား .."

"တောက် ..."

နားထဲမှာ သံပူရည်တွေ လျှောစီးဝင်သွားသလို ပူလောင်ပြင်းရှသွားသည်။

"ဒီလောက်တောင် မိုက်ရိုင်းတဲ့ကောင် .."

"ဟ ..."

"ဖလပ် .. ဖလပ် .. ဒုန်း .."

အနှစ် သူ့လက်မောင်းကို အားရှိသလောက် ဆွဲလှည့်ပစ်လိုက်သည်။ သူ ကိုင်ထားသမျှ လွှတ်ကျကုန်ကာ သူ့မျက်နှာ ကိုယ့်ဘက်လှည့်လာ ပြီ ..

"အဲ့ဒါ စော်ကားဦး .."

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း .."

တအားလွှဲရိုက်ပစ်လိုက်၏။ မျိုသိပ်ခဲ့ရသမျှ ခံပြင်းဒေါသတွေက လက်တစ်ဖက်ထဲမှာ မီးကုန်ယမ်းကုန် ပေါက်ကွဲသွားခဲ့၏။

ရန်ဘက်ချင်း မျက်နှာလည်ထွက်သွားကာ နဂိုတည်းက ယိမ်းယိုင်နေသည့် ကိုယ်ကြီးပါ စားပွဲပေါ်မှောက်လျက်လဲကျသွား၏။

"အား ..."

ပါးရိုက်ခံရတာထက် စားပွဲနဲ့မျက်နှာ ကိုင်ရိုက်သလိုဖြစ်သွားသဖြင့် မျက်နှာကို ပြန်ခွာမိမှ ညည်းသံထွက်၏။

ရန်ဘက်ချင်း ၏ ရီဝေဝေ မသဲကွဲခြင်းတွေက ပြင်းထန်သည့် ရိုက်ချက်ကြောင့် လွင့်စင်ပျောက်ကွယ်သွားကြသလားမသိ ..။

"ကျွတ် .. ကျွတ် .."

စားပွဲပေါ်ကနေ ကိုယ်ကိုတဖြည်းဖြည်းအားယူကျုံးထနေရင်း ပါးစောင်းတစ်ဖက်က ငံကျိကျိအရာတွေများပြားလာတာကို သတိရလာ၏။

သွေးတွေ ..၊

သူ ဘာဖြစ်သွားတာလဲ ..၊

ခေါင်းတစ်ချက်ခါလိုက်ရင်း ဒေါသတကြီးရပ်ကြည့်နေသည့် အနှစ် ရဲ့ ပုံရိပ်က မီးရောင်ထဲမှာ သဲကွဲလာသည်။

"မင်း .. မင်းက ငါ့ကို ပါးရိုက်တယ် ဟုတ်လား .."

"ရိုက်တယ် .. ရှင် မိုက်ရိုင်းလွန်းလို့ ဆုံးမပေးလိုက်တာ .."

"ဟုတ်လား .. ကောင်းတာပေါ့ .."

"အား ..."

သူ့ မျက်နှာကြီးကြောက်မက်ဖွယ် အေးစက်သွားကာ အနှစ် ဝင်းနှစ်ဖက်ကို ဆောင့်ဆွဲခါလိုက်၏။

"မင်းက ငါ့အသားကို ရိုက်ရဲတယ်ဆိုတော့ ငါကလည်း ငါ့အကြောင်း



ပြရတာပေါ့ .."

"ဖြန်း ..."

"အား ..."

အနှစ် မျက်နှာလေး ပက်မနဲ့လန်ထွက်သွားကာ ဦးမြင့်မောင် အနားယူသည့် တစ်ယောက်အိပ်မွေ့ရာလေးပေါ် ထိုင်ကျသွား၏။ ပြန်ထမရပ်နိုင်ခင်မှာ ရန်ဘက်ချင်း ရဲ့ ကိုယ်ကြီး သူမ ကိုယ်ပေါ်မှာ အုပ်စီးလာခဲ့ပြီး ..၊

"ငါ သွေးထွက်သလို မင်းလည်း သွေးထွက်ရမယ်မှတ် .."

အနှစ် ရဲ့ လည်ပင်းမှာ လက်တစ်ဖက်နဲ့ ဖိထောက်ကာ ညာဘက်လက်ကို တအားလွှဲမြှောက်လိုက်၏။

သို့သော် လက်သည် လေထဲမှာပဲ ရပ်တန့်သွားခဲ့၏။

မျက်လုံးတွေကို ဖိမှိတ်၍ အံကြိတ်တောင့်ခံထားသည့် အနှစ် ရဲ့ မာန်မာနနှင့် မျက်နှာဝင်းဝင်းလေးက ဖရိုဖရဲပြုတ်ထွက်နေသော ညဝတ်အင်္ကျီ၏ သစ္စာမဲ့မှုကြောင့် ..၊

"မင်းက ချစ်ဖို့ကောင်းသားပဲ .."

အရိုင်းဆန်လာသောစိတ်ကြောင့် ဒေါသတို့၏ အားမာန်က ရမ္မက်နယ်တွင်းသို့ ရုတ်ချည်းကူးပြောင်းနယ်ကျွံသွားခဲ့လျက် ..၊

"ရှင် .. မယုတ်မာနဲ့နော် .. လူကို ရိုက်သတ်ချင်သတ်သွား .."

"သတ်မှာ .. အခုတော့ မသတ်သေးဘူး .."

"ဟင့်အင်း .. လွှတ် .. မေမေရေ လူယုတ်မာ မယုတ်မာနဲ့ .."

အနှစ် ကိုယ်ပေါ်က အင်္ကျီကို မဟားတရားဆွဲဆုတ်ပစ်လိုက်သဖြင့် သူမ မရုန်းနိုင်တော့ဘဲ ကိုယ့်ရင်ဘတ်ကို အရှက်သည်းစွာကာကွယ်လိုက်ရ၏။

ညနှင့် ရမ္မက်စိတ်တို့ မွှန်နေသော လူ့ရဲ့လက်ထဲမှာ သူမဘာဝဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပြီးဆိုတာ သိလိုက်သည်။ သို့သော် .. ဖျတ်ခနဲ မီးတွေမှောင်ကျသွားခဲ့ပြီး ..။

"ဒုတ် ..."

"အား .. ဘယ်ကောင်လဲ .. ငါ့ကို .."

"ခွပ် ..."

"အား ..."

အမှောင်ထဲမှာ ရုတ်ရုတ်သဲသဲတွေဖြစ်သွားတာကိုသိနေပေမယ့် အနှစ် ဂရုလည်းမစိုက်မိ၊ ဘယ်သူဝင်ကယ်တာလဲဆိုတာလည်း မကြည့်နိုင်ပေ ..။

ရန်ဘက်ချင်း ရဲ့ ကိုယ်ကြီး ဝုန်းခနဲလန်ကျသွားသည်နှင့် ခုတင်ပေါ်ကနေ လူးလဲထကာ မလုံခြုံဖြစ်နေသည့် ကိုယ်ကို တွေ့ရာအဝတ်နဲ့ ကောက်ကပ်ကွယ်၏။

မှောင်နဲ့မည်းမည်းထဲမှာပေမယ့် ကိုယ့်အရှက်သိက္ခာကိုပဲ အရင်ကာကွယ်မိကာ ထိုးကြိတ်သတ်ပုတ်နေတာတွေ အသံတိတ်သွားမှ စူးစိုက်ရှာဖွေမိ၏။

"မမလေး .. မမလေး .. မေမေကြီးရေ .."

အပြင်ကနေ တံခါးတွန်းဖွင့်လိုက်မှ အလင်းရောင်အထဲဝင်လာသည်။ သို့သော် တံခါးက ပြန်၍စေ့သွားကာ နနဲ့ နဲ့ မေမေတို့ရောက်လာကြကာမှ အထဲဝင်လိုက်ကြပြီး မီးခလုတ်ကိုဖွင့်လိုက်၏။

"ဟင်!..."

"ဒါ .. ဒါ .. သမီးတို့ဘာတွေဖြစ် .."

"မေမေ .."

အနှစ် ဒေါ်သဲနှစ် ရင်ခွင်ထဲပြေးဝင်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်၏။ အခန်းထဲမှာ ဖိုင်တွေစာရွက်စာတမ်းတွေ တစ်စစီ တစ်ရွက်စီကြဲ



ပြန့်နေကာ ရှိသမျှပစ္စည်းအားလုံး ဖရိုဖရဲကွဲရှ ရှုပ်ပွနေလေသည်။

အဆိုးဆုံးက တစ်ယောက်အိပ်မွေ့ရာလေးမှာ ခေါင်းအုံးနဲ့ အိပ်ခင်းတွေ အပေါ်တစ်ဝက် အောက်တစ်ဝက်နှင့် အကျည်းတန်စွာရှိနေလျက် ဦးမြင့်မောင် ၏ တိုက်ပုံအင်္ကျီကြီးနဲ့ မာဖလာကို ကိုယ်မှာဖြစ်သလို ပတ်ကွယ်ထားရှာသည့် အနှစ် ကြောင့် ..။

"သမီး .."

"ဖေဖေ .."

သတိလက်လွတ် ဝရုန်းသုန်းကားဖြစ်သွားသဖြင့် လူမမာကိုလည်း မေ့သွားခဲ့၏။ ဦးမြင့်မောင် သည် တံခါးဝကနေ အထဲကမြင်ကွင်းကို ငေးနေရင်း ကျောက်ရုပ်ကဲ့သို့ တောင့်မတ်ငြိမ်သက်နေ၏။

"ငါ့သမီးလေးကို .. ဟိုကောင် .."

"ဖေဖေ .."

အနှစ် ဖအေ့ရင်ခွင်ထဲ ကူးပြောင်းပြေးဝင်ကာ ..။

"ရန်ဘက်ချင်း .. သူ ..."

"ဖေဖေ သိပြီ .."

ဦးမြင့်မောင် မေးကြောကြီးတွေထောင်ကားနေလျက် သမီးကို ဖက်ထားရင်း မျက်နှာတစ်ပြင်လုံး တစ်စစီ ပြိုကျတော့မတတ် ရှုံ့မဲ့တုန်ယင်နေခဲ့၏။

အချစ်နဲ့မဟုတ်ဘဲ နိုင်လိုမင်းထက် အဓမ္မရယူခြင်းမျိုးကိုတော့ ဘယ်လိုမှ လက်မခံနိုင်ပေ ..။ ချစ်လို့မရပါဘူး၊ လွတ်လပ်မှုကို ဆုံးရှုံးမခံနိုင်ဘူးလို့ ဖွင့်ပြောခဲ့တာ ဘယ်သူလဲ ..။

အိမ်ထောင်ပြုဖို့ လက်ခံခဲ့တာက မိဘလက်ထဲမှာ ကျဉ်းကြပ်ရတာတွေကနေ လွတ်မြောက်ဖို့ပါလို့ ကိုယ့်မျက်နှာကိုကြည့်ပြောခဲ့တာရော ဘယ်သူလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးကို မချစ်ပါဘူးလို့ သင်းကိုယ်တိုင်ကြေညာသည်။ အခန်းခွဲအိပ်ကြဖို့တောင်းဆိုခဲ့ကြတာလည်း အတူတူ၊ ဒီလောက်ထိ အားလုံးက သည်းခံနားလည်ပေးခဲ့ကြသည်။

လူငယ်ချင်း ဘယ်လိုပဲပြောဆိုဆက်ဆံနေကြပါစေ လူကြီးတွေနားထဲမရောက်ရင် အကြောင်းမဟုတ်၊ ခုတော့ ဒါက အားလုံးကို တန်းစီစော်ကားလိုက်တာပဲဖြစ်သည်။

"လင်မယားချင်းဖြစ်ဖြစ် ဆံဖြူသွားကျိုးနေပေ့စေ ဒီလို မိုက်ရိုင်းချင်တိုင်း မိုက်ရိုင်းလို့မရဘူး၊ ဘယ်မှာလဲ ချင်း .."

ရင်ခွင်မှာ မျက်နှာအပ်၍ ငိုနေသည့် အနှစ် မျက်နှာလေးမော့လာသည်။ လှည့်ကြည့်လိုက်တော့ ဘယ်သူမှ ဖြေမယ့်သူမရှိဘဲ နုနု နဲ့ ဒေါ်သဲနှစ်တို့ကလည်း တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်နေကြ၏။

ပြီးတော့ ရှုပ်ပွနေသည့်အခန်းထဲမှာ မျက်လုံးတွေ တစ်ပတ်ပြန်ဝေ့လျက် ..၊

"ချင်း ဘယ်ရောက်သွားလဲ .."

ဒေါ်သဲနှစ် နားမလည်သလိုမေး၏။

"နုနု နင် ဝင်ရိုက်တာမို့လား .."

"ဟင့်အင်း .. ဟင့်အင်း .. အစ်ကိုလေးကို ကျွန်မ ရိုက်ရဲပါ့မလား မမလေးရယ် .. မဟုတ်ရပါဘူး .."

အနှစ် ကိုယ့်နားကိုမယုံနိုင်အောင် ဖြစ်သွားကာ မျက်ရည်တွေသုတ်ပစ်ရင်း မွေ့ရာဆီ ပြန်ကြည့်မိ၏။ ပြီးတော့ မှောင်မည်းမည်းထဲမှာ ဖြစ်ပျက်သွားတာတွေကို ပြန်စဉ်းစားရင်း ..၊

"မီးပျက်သွားတယ်လေ .. အဲ့ဒါ .. အဲ့ဒီမှာ ရန်ဘက်ချင်း သမီးကို စော်ကားမလို့ကြိုးစားနေတုန်း ဟုတ်တယ် .. မီးပျက်သွားပြီး တစ်ယောက်ယောက်ဝင်လာတာ သေချာတယ်၊ ရိုက်တဲ့အသံရော ရန်ဘက်ချင်း



အော်သံရော ကြားလိုက်တယ်၊ ပြီးတော့ ဒီအပေါ်က ပြုတ်ကျပြီး တွန်းထိုးသတ်ပုတ်နေသေးတယ် .."

"ဟုတ်ပါပြီ .. ဘယ်သူနဲ့လဲ .."

"သမီး မသိဘူး .."

အဖြေက ဒီမှာပဲဆုံးသွားသလို ခြေရာကောက်ဖို့လည်း ခက်သွား၏။

"ဒါဆို အိမ်ထဲကို လူဝင်နေပြီ .."

ဦးမြင့်မောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ပြီးတော့ အနှစ် ကိုယ်လေးကို ရင်ခွင်ထဲက ခွာထုတ်၍ ..၊

"စိုးမြင့် နဲ့ ထွန်းဝင်း တို့ကို ဖုန်းခေါ်စမ်း .. ခြံထဲမှာ လှည့်ပတ်ရှာဖို့ .."

"အဖေကြီးရယ် .. သူက သမီးကို ဝင်ကယ်သွားတာဥစ္စာ .."

"ယောကျ်ားတိုင်း ဒီလိုအောက်တန်းကျတာ မဟုတ်ဘူး သဲနှစ်၊ သူခိုးက ခိုးဖို့လာရင်း မဖွယ်မရာတွေ့လို့ ဝင်ကယ်သွားတာလည်း ဖြစ်နိုင်တာပဲ .."

"နေပါဦး .. သမီးက နုနု ဝင်လာတယ်လို့ထင်တယ်ဆိုတော့ မိန်းမသံ ကြားလို့လားဟင် .."

"မီးမှိတ်ထားမှတော့ ဘာမြင်ရမှာလဲကွာ ..၊ ချင်း က သေးသေးကွေးကွေးလူလည်းမဟုတ်ဘူး၊ ဝင်ရိုက်တယ်ဆွဲထုတ်သွားတယ်ဆိုတည်းက မိန်းမတစ်ယောက်လုပ်နိုင်တဲ့ အလုပ်မှ မဟုတ်တာ .."

ဦးမြင့်မောင် ပြောနေရင်း အပြင်ကို လှည့်ထွက်သွား၏။ ဒေါ်သဲနှစ် သမီးနဖူးလေးကို ပွေ့သပ်၍ ..၊

"သမီး အဝတ်စားလဲလိုက်နော် .. မကြောက်နဲ့တော့ နုနု သမီးကို ကူလိုက်စမ်း .."

"သမီးရတယ် မေမေ .. ဖေဖေ နေမကောင်းဘဲနဲ့ သမီးကြောင့်.."

www.burmeseclassic.com

www.burmeseclassic.com



"မပူနဲ့သမီး .. မေမေ ဂရုစိုက်လိုက်မယ်၊ ချင်း ဘယ်ရောက်သွားလဲဆိုတာလည်း ရှာရဦးမယ် .."

အနှစ် မျက်နှာလေးတင်းသွားသည်။ ပါးပြင်လေးတွေပါ ချက်ချင်းရဲတက်လာ၏။ ဆွဲခြုံထားခဲ့သည့် တိုက်ပုံအင်္ကျီစကို ပို၍တင်းအောင်ဆုပ်ဆွဲထားမိရင်း ချင်း ရဲ့ မိုက်ရိုင်းခြင်းတွေကို အသစ်ပြန်ခံစားမိလာသည်။

နနု က အခန်းထဲမှာ ရှုပ်ပွနေတာတွေကို ပြေးလွှားစုသိမ်းနေရင်း...၊

"မမလေး အခန်းနဲ့ မလှမ်းမကမ်းမှာနေဖို့ မမကြီးက မှာထားတာသိလား၊ အဲဒါ ကျွန်မ ဗိုက်တွေအောင့်လာလို့ ရေအိမ်ပြေးလိုက်မိတုန်း..."

"တော်တော့ နနု .. သိမ်းစရာရှိတာသိမ်း .."

ဗီရိုထဲက ခေါင်းစွပ်ဆွယ်တာလက်ရှည်လေးထုတ်ဝတ်ရင်း ဒါတွေပြန်မကြားချင်တော့သဖြင့် တားဆီးလိုက်မိသည်။

နနု က သူမအင်္ကျီကျောနောက်မှာ လိပ်နေတာကို ကပျာကယာလာပြီး ဆွဲချကူညီရင်း ...၊

"မမလေး ညဝတ်အင်္ကျီမလဲဘူးလား .. ဒါကြီးနဲ့ .."

"မလဲဘူး .. ငါ့ဘဝမှာ အကုသိုလ်တွေမကင်းရှင်းသရွေ့ ညဝတ်အင်္ကျီနဲ့ ဘယ်တော့မှမနေတော့ဘူး .."

နနု စိတ်မကောင်းဖြစ်သွားမိကာ မျက်နှာလေးလည်း ရှုံ့မဲ့နေလျက်...၊

"အစ်ကိုလေးကလည်း တစ်မျိုးပြီးတစ်မျိုး လုပ်နေတာပဲနော် .. အရက်တွေပါသောက်လာပြီဆိုတော့ ပိုဆိုးသွားပြီပေါ့၊ ကျွန်မ ပေါ့လျော့မိတာ တောင်းပန်ပါတယ် မမလေးရယ်၊ နောက်တစ်ခါ အစ်ကိုလေးညဘက်ပြန်မလာပါစေနဲ့လို့ ဘုရားရှိခိုးတိုင်း ဆုတောင်းတော့မယ် .."

"ရပြီ .. ရပြီ .. မေမေ့နောက်လိုက်သွားဦး .."

အနှစ် ဖေဖေ့မျက်နှာကိုတောင် မကြည့်ရဲတော့ပါ။ မိဘကိုမြင်



လိုက်တော့ ဝမ်းနည်းပြီး ရှက်တရက် ရင်ခွင်ထဲပြေးဝင်ခဲ့မိပေမယ့် သူ့မကိုယ်မှာ ဖရိုဖရဲနှင့် ..။

ခုကျမှ ပြန်တွေးပြီး ရှက်နေမိသည်။ သူမဘဝ ကာမဘီလူးလက်အောက်မှာ ရေတိမ်နစ်တော့မလို့ပါလား ..။ လက်မတင်လေး ဝင်ရောက်ကယ်တင်သွားခဲ့တာ ဘယ်သူလဲ ..။

သူခိုးပဲဖြစ်ဖြစ် ဓားပြကြီးပဲဖြစ်ပါစေ ထိုသူကို အနှစ် ကျေးဇူးတင်မိ၏။ သူ ကယ်တင်ခဲ့သော အရှက်သိက္ခာအတွက် အိမ်မှာရှိသမျှပစ္စည်းတွေကို အပြောင်ခိုးယူသွားမည်ဆိုလျှင်တောင် ..။

ဟင်!...၊

အခန်းပြင်ကို တစ်ချက်လှမ်းကြည့်ပြီး အထဲကိုပြန်လှည့်လိုက်လျှင်စားပွဲနဲ့ ကုလားထိုင်ရဲ့ ခြေထောက်တွေကြားမှာ ဖုန်းတစ်လုံးကို မြင်လိုက်ရ၏။

ဒီဖုန်းကို သူမ မြင်ဖူးသည်။ ချင်း ပြန်ရောက်လာပြီးမှ အသစ်ဝယ်ကိုင်လိုက်သည့် ရွှေရောင်ကာဘာလေးနဲ့ ဖုန်းဖြစ်သည်။ ဈေးပေါပေါဟန်းဆက်လေးမို့ သူမတောင် အံ့သြခဲ့ရသေးသည်။

ဖုန်းကိုကောက်ယူပြီး ဖွင့်ကြည့်လိုက်တော့ စခရင်န်မှာပေါ်လာတာက သူမပုံလေးဖြစ်နေ၏။ အလွယ်တကူဖွင့်လိုက်လို့ ရသွားသည့်ပြင် အင်တာနက်လိုင်းပါပွင့်နေသဖြင့် ထိုင်ခုံမှာ ထိုင်ချလိုက်ပြီး ဖွင့်ကြည့်နေမိ၏။

ဖုန်းထဲမှာ သာမန်လူတစ်ယောက်လိုပဲ ချက်တင်(န်)ထိုင်ကာ ဗိုက်တဲ့သုံးထားတာတွေမှာ ဘာထူးခြားမှုမှ မရှိခဲ့ပေ ..။

သူ့ဖုန်းထဲမှာ မကောင်းတဲ့အရောင်းအဝယ်တွေ၊ လူဆိုးတွေအကြောင်း သူ့ခြေလှမ်းဘယ်လိုလှမ်းမှုတွေ ပါမည်ထင်ပြီး အနှစ် သည်းကြီးမည်းကြီးရှာလိုက်သေး၏။ ဒါပေမယ့် ဘာမှမတွေ့ခဲ့ပေ ..။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး နာမည်ကအစ 'နေရာသီ' ဆိုသည့် ပရိုဖိုင်းပေါ်က နာမည်တစ်ခုကိုပဲတွေ့ရပြီး ဘာမှမရှိ ..။ သို့သော် တင်ထားသည့် ကဗျာလိုလို စာလိုလို စာပိုဒ်လေးကတော့ အနုအရှုတွေနဲ့ဖြစ်လျက် ..၊

လွမ်းခွင့်မရှိတဲ့ ရင်ခွင် ..၊

နမ်းခွင့်မရှိတဲ့ နှုတ်ခမ်း ..၊

အထီးကျန်အညတရနယ်မြေမှာ ...

ကိုယ်ဟာ မင်းအတွက်တော့

ပေးဆပ်သူသက်သက်မို့ ..၊

ဒါ ဘယ်သူ့ရင်ထဲက သယံဇာတလဲ ..၊

ဘယ်သူ့ဟာပဲဖြစ်ဖြစ် ဒီလိုအနုအရှုတွေကို ဆင့်ပွားခံစားရလောက်အောင် ရန်ဘက်ချင်း ဆိုတဲ့ အရိုင်းအစိုင်းက နူးညံ့တတ်တဲ့သူမဟုတ်..။

အနှစ် ရင်ထဲမှာ ဒေါသမပြေခြင်း၊ အံ့သြခြင်းတွေ ရှုပ်ထွေးနေခဲ့လျက် သူခိုးတစ်ယောက်ဖြစ်နိုင်သော တစ်စုံတစ်ယောက်သော ကယ်တင်ရှင်ကို သတိရလာခဲ့၏။

နေရာသီ ဆိုတာ ကိုယ်နှစ်သက်ရာကောက်ကက်တင်ထားသည့် နာမည်တစ်ခုလား၊ ဒါမှမဟုတ် ရန်ဘက်ချင်း က သူများဖုန်းကို ယူကိုင်ထားတာလား ..။

ဒါမှမဟုတ်လျှင် သူ့စိတ်နူးညံ့နေချိန်မှာ ခံစားရတဲ့အတိုင်း ချရေးခဲ့တာလား ..။

မဟုတ်ဘူး .. အတိတ်မေ့နေတဲ့လူတစ်ယောက်က အရိုင်းနဲ့ အယဉ် ဆိုသည့်နှစ်ရပ်ကြားမှာ ဒီလောက်ထိ ပြောင်းလဲနိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်ဆိုရင်တောင် သူမ မယုံကြည်နိုင်ပေ ..။

အလုပ်တွေ ဝိုင်းလုပ်ပေးနေခဲ့သည်။ မလုပ်တတ်သည့်အလုပ်တွေကို ကျွမ်းကျင်နေခဲ့သည်။ သူမကိုကြည့်သည့်မျက်လုံးတွေမှာ ယုတ်မာ



အောက်တန်းကျနိုင်ဖွယ်ရှိသော ပြောင်းလဲနိုင်ချေဆိုတာလည်း မမြင်..။

ဒါပေမယ့် တစ်နာရီတောင် မရှိသေးသည့်အချိန်မှာ ပြောင်းလဲသွားခဲ့တာ ဂျွမ်းစိုင်းအောင်မှူးနေသည့် အရက်သမားတစ်ယောက်လို ..။

ဒါ ဖြစ်နိုင်ရဲ့လား ..၊

မျက်လုံးက အခန်းထဲမှာ အရက်ပုလင်း ဘီယာပုလင်းတစ်ခုခုတွေ့ခလားလို့ လှည့်ပတ်ရှာဖွေမိသည်။ ဒါတွေ သောက်စားချင်လို့ အခန်းအောင်းနေခဲ့တာမှန်လျှင် ဒီထဲမှာ သူ့ပုလင်းတွေ ရှိကိုရှိနေရမှာဖြစ်သည်

ဒါမှမဟုတ် အိပ်ခန်းထဲမှာလား ..၊

နေရာမှ ဆတ်ခနဲထရပ်ကာ အနှစ် အိမ်ပေါ်ပြေးတက်ခဲ့မိသည်။ သူ့အိပ်ခန်းထဲမှာလည်း ဘာမှမတွေ့ပေ ..။ ထိုစဉ် သူမ အခန်းရှေ့ကနေပြန်လှည့်လိုက်တာနှင့် ညည်းသံသဲ့သဲ့ကိုကြားလိုက်ရ၏။

"အား .. ဟား .. ဟား .. သေပါပြီ၊ ဘယ်ကောင် ငါ့ကို ရိုက်သွားတာလဲ .."

ရန်ဘက်ချင်း ..၊

အနှစ် အခန်းထဲ တန်းဝင်သွားကာ ရေချိုးခန်းတံခါးကိုတွန်းဖွင့်လိုက်၏။ အထဲမှာ ရန်ဘက်ချင်း က လက်တွေခြေတွေပူး၍ တိတ်(ပ်)တွေနဲ့ တုပ်နှောင်ခံထားရပြီး ..၊

"မင်း .. မင်း .. ငါ့ကို ရိုက်လိုက်တာလား .. မဟုတ်ရင် မင်းအဖေပဲ.."

အနှစ် တံခါးဝကနေ စူးစိုက်ကြည့်နေရင်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲနေလျှင် ..၊

"ငါ့နောက်စေ့မှာ သွေးတွေထွက်နေတာ မင်း ကြည့်စမ်း၊ ငါ့ကိုသွေးထွက်အောင်ပါးရိုက်တယ်၊ ဖအေက ခေါင်းကွဲအောင် ဝင်ရိုက်တယ်၊ မင်းတို့ကို ငါ ပညာပေးမယ် ကြည့်နေလိုက် .."

"လာဖြည်ပေးစမ်း ဒါတွေ .. ငါ့ကို ချေးယိုအိမ်သာနဲ့ ပူးကပ်တုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ သတိလစ်အောင်ရိုက်ပြီး အိမ်သာထဲထိခေါ်လာသေးတယ်၊ မင်းတို့ ဘယ်လောက်အပြစ်ကြီးသွားပြီလဲဆိုတာ မကြာခင်သိရမယ် မှတ်ထား ..''

ထိုစဉ် အနှစ် ရဲ့အားကို ဒေါ်သဲနှစ် နဲ့ ဦးမြင့်မောင် တို့ ရောက်လာကြ၏။ ဒေါ်သဲနှစ် နှုတ်ခမ်းတွေ ဖွင့်ဟနေကာ ဘာစကားမှမပြောနိုင်တော့ပေ ..။

ဦးမြင့်မောင် ကတော့ အံ့ဩသွားပေမယ့် နာကြည်းခါးသီးသော အကြည့်တို့ဖြင့်ရှိကာ ရေအိမ်ငုတ်တိုင်နှင့် ခါးကို အထပ်ထပ်ချည်ခံထားရသော ရန်ဘက်ချင်း ထံမှ မျက်လုံးတွေကို မခွာဘဲ ..။

''ဒီလိုလုပ်သွားတာ သူခိုးတစ်ယောက်တော့ မဖြစ်နိုင်ဘူး ..''

ဟု မှတ်ချက်ချလေသည်။

ညတစ်ည၏ ခဏတာအတွင်းမှ သားနဲ့မခြား နားလည်ချစ်ခင်ခဲ့ရသော ရန်ဘက်ချင်း သည် ဒီမိသားစုနှင့် ဘယ်တုန်းကမှ မသက်ဆိုင်ခဲ့သော လူတစ်ယောက်ကဲ့သို့ ဝေးကွာခြားနားသွားစေခဲ့လျက် ..။

ချစ်တတ်တဲ့လူတွေ မုန်းပြီဆိုရင် လိုက်လို့မမီ ..။



အခန်း (၂၈)

''ဟိတ်ကောင် ..''

အမှောင်ကို အားကိုးပြီး ထွက်လာခဲ့သည့် သူ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ မှောင်ရိပ်ထဲမှာ ရပ်ထားသည့် ကားနက်ကြီးတစ်စီးလုံးကို မမြင်ခဲ့ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိပေမယ့် ..၊

''မင်း သိပ်အဆင်ပြေနေတယ်ဟုတ်လား ..''

အသံတွေကြားတည်းက စတ္တ တို့ လူစုမှန်းသိလိုက်၏။ သို့သော် ဒီတစ်ခါ မှောင်ရိပ်ထဲက ထွက်လာကြတာနှစ်ယောက်သုံးယောက်သည်းမဟုတ်ပေ ..။

နောက်တိုးသုံးယောက် ပိုလာကာ ထိုလူသုံးယောက်စလုံးက ခက်ထန်သော မျက်နှာပုံတွေရှိကြပြီး ထွားကျိုင်းသန်မာကြပုံလည်းရှိလျက်..၊

''မင်းက ဦးနိုင် တစ်ယောက်ကိုပဲ ရှိခိုးရိုကျိုးရမှန်းသိနေတော့ ငါတို့ကလည်း မင်း သိသွားအောင် အကြောင်းပြရဦးမှာပဲ ..''

သူ့ဘေးမှာ လူခြောက်ယောက်ပတ်လည်ဝိုင်းသွားသည်နှင့် ဒီလူတွေကို ခုခံဖို့မလွယ်တော့မှန်းသိလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ပြေပေါက်များအောင် မျက်စိနဲ့နားကို အပြင်းအထန်အလုပ်ပေး၍ ..၊

''မင်းတို့နဲ့ ငါ ရှော့ခ်မရှိဘူး စတ္တ ..''

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ .."

စက္ကု ယမ်းပုံမီးကျဖြစ်သွားသည်။ ဦးမြင့်မောင် တို့ရဲ့ ခြံအဝင်ဝ မီးလုံးတွေရဲ့ အလင်းရောင်မစို့မပို့မှာ သူတို့ကစ်ယောက်မျက်နှာကို တစ်ယောက် မြင်နေကြရကာ စက္ကု က အားလုံးထက်ရှေ့ကို ပိုတိုးလိုက်ပြီး ..၊

"ရှော့ခ်မရှိဘူး ဟုတ်လား .. ရှော့ခ်ရှိရုံတင်မကဘူး မီးပါလောင်နိုင်တယ်ကွ .. အဲဒါ မင်းကြောင့် မင်း မီးမွေးတာ .."

သူတို့ ဘာကိုဒေါသဖြစ်နေကြသလဲဆိုတာ ရန်ဘက်ချင်း ပဲ သိမှာဖြစ်သည်။ ကိုယ်က နေရာသီ အဖြစ်နှင့် ဘယ်လိုအဆင်ပြေအောင် ပြန်ပြောရမည်ဆိုတာမသိ ..။

"မင်းကို ငါတို့ရမယ့်ပိုက်ဆံတွေလည်း လျှော့လိုက်ရပြီးပြီ၊ အရှုံးကွက်နင်းပြီး မင်းလုပ်နေသမျှ ငါတို့က သိုးကိုက်ခံရတဲ့ ကျား .."

"စက္ကု မင်းစကားတွေရှည်မနေနဲ့ .. ပြောစရာရှိတာပြောလိုက်.."

ခြောက်ယောက်ထဲမှာ အရှည်ဆုံးဆံပင်ကောက်ကောက်ဘုတ်သိုက်နှင့် လူက အသံသြဇာလည်းညောင်း၏။ သူ လောဆော်လိုက်တာနှင့် စက္ကု ဆတ်ခနဲခေါင်းညိတ်၍ ..၊

"ဒီတစ်ခေါက် ငါတို့ဆီလာမယ့်အဝယ်တော်ကို ဦးနိုင် နဲ့ မင်း လှည့်ချိတ်လိုက်တာ .. ငါတို့က မကျေနပ်ဘူး .."

"ငါက ဘာမို့လို့ ဒါတွေတတ်နိုင်ရမှာလဲ .. ငါ လုပ်ခဲ့တဲ့အလုပ်ကိုတောင် သတိရလိုက်မေ့သွားလိုက်နဲ့ .."

"ဟိတ်ကောင် ..."

မျိုးသူ က ရှေ့တက်လာပြီး ခါးတပ်ထားသည့် ဓားအိမ်နှင့် သူ့ မေးဖျားကိုပင့်လိုက်၍ ..၊

"ဟုတ်တယ် .. မင်းက ဘာမှမဟုတ်တဲ့ကောင်၊ ဘာမှမဟုတ်တဲ့ကောင်တွေပဲ လုပ်လို့ရတဲ့အလုပ်မို့ကို မင်းကို ဦးနိုင် က ငါးစားချပိုင်



တာ၊ မင်းကိုမှ သူ့အဖွဲ့ထဲရောက်လာအောင် ဘယ်လိုမက်လုံးတွေပေးခဲ့သလဲ မင်းပဲသိမှာပေါ့ .."

ခက်နေတာက သူ့က ရန်ဘက်ချင်း မဟုတ် ..၊

မေးဖျားမှာ ထောက်ထားသည့် ဓားအိမ်ကို လက်နဲ့အသာလေးဖယ်ဝစ်လိုက်ပြီး နေရာသီ က သူတို့အားလုံးကိုကြည့်၍ ..၊

"ဘာပဲဖြစ်ဖြစ် ငါ့နောက်မှာ ဦးနိုင် ရှိနေတော့ မင်းတို့ခြိမ်းခြောက်နေလည်း အပိုပဲပေါ့ .."

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ခြေလှမ်းတွေရှေ့လျားလာကြပြီး ဝိုင်းပတ်ထားသည့် စည်းဝိုင်းက ပို၍ကျဉ်းမြောင်းသွား၏။

"ဟား .. ဟား .. ဟား .."

စက္ကု က မျက်နှာမော့၍ ခပ်အုပ်အုပ်ရယ်လိုက်ကာ ..၊

"မင်းကို မထိရဲဘူးထင်ရင် အခု ငါတို့ပြောတာကို မင်း ငြင်းကြည့်လိုက်လေ .."

"ပြောကြည့်လေ .."

နေရာသီ ပြောဆိုပုံကိုကြည့်၍ ကျန်သည့်လူတွေအသည်းယားနေကြ၏။ မျိုးသူ နဲ့ မဟူရာ ကို့က ပိုဆိုးကာ လက်သီးဆုပ်အံကြိတ်နေကြတာကို သိသာအောင် ပြနေသေးသည်။

"ဒီကောင် တွင်းအောင်းပြီး ထွက်လာကာမှ ဒီလိုအချိုးမျိုးဖြစ်လာတာ .."

ခေါင်းချင်းငုံ့ကပ်ကာ အံကြိတ်သံနှင့် အချင်းချင်း ပြောကြသည်။ အကယ်တော့ နေရာသီ ဟန်ကိုယ့်ဖို့လုပ်နေရတာဖြစ်၏။

ရှိလာသည့် ပြဿနာဘယ်လောက်ကြီးကျယ်မှန်းပါလာကြသည့် သူတွေရဲ့ အရိပ်အကဲကို မြင်လိုက်တာနှင့် သူ တွေးမိနေသည်။

"မင်း အဲ့ဒီပွဲကိုပျက်အောင် ဖျက်ရမယ် ရန်ဘက် .."

"ငါကျတော့ ဦးနိုင် နဲ့ ဘယ်လိုရင်ဆိုင်မလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင့်ကိစ္စပဲ .. စပြီးစည်းမစောင့်ခဲ့တာက မင်း .. မြှောက်ပေးတိုင်း ကွေးအောင်ကပြီးမှ မျောက်ဖိုးစိန်နဲ့တူတယ်ပြောတာကို မနာနဲ့၊ မင်းက မျောက်လောက်တောင်ဦးနှောက်မရှိတဲ့ကောင်၊ မင်း အခု မင့်အဘိုးကြီးဆီမှာ ပစ္စည်းတွေမားပြတိုက်ယူနေတယ်မို့လား၊ ဦးနိုင် က တစ်သက်စာပုံပေးမယ်ပြောတာတွေနဲ့ စိတ်ကူးတွေယဉ်ပြီး ဟား .. ဟား ဟား .."

"သူ့ကို စင်ကာပူမှာ ကာစီနိုရုံထောင်ပေးထားမယ်ပြောတာ မက်လို့နေမှာပေါ့၊ ဦးနိုင် က သူ လိုချင်တာရပြီးရင် အဲဒီလူကို မဲတော ပို့ပစ်တာပဲ၊ လူသတ်နှုတ်ပိတ်တာထက် ထိရောက်တယ်၊ အဲဒါတွေ မင်းနားလည်လား .."

"ကြာတယ် မျိုးသူ .. မေးစရာရှိတာမေးကွာ .."

မဟူရာ က အားကလူတွေကို ငဲ့ကြည့်ပြီးမှ မျိုးသူ နဲ့ စတ္တ ကို သတိပေး၏။ လူနေရပ်ကွက်ထဲမှာ ရန်ဘက်ချင်း ကို အမိလာဖမ်းပြီး ပြောရကာမို့ နောက်ကျောလည်းမလုံ ..။

တော်ကြာ လုံခြုံရေးလှည့်ကင်းရဲတွေနဲ့ ပက်ပင်းတိုးရင်မလွယ်။

"အေး .. ငါပြောတာကို မင်း အခု မှတ်သွား .. လာမယ့် ပြာသိုလ မှာ မင်း နောက်ဆုံးလှုပ်ရှားမယ့်ပွဲက ဦးနိုင် ရဲ့ ပွဲမဖြစ်စေရဘူး၊ အဲဒါ ငါတို့ပွဲ .."

ဘာပွဲလဲဆိုတာ ခေါင်းထဲမှာ မြည်သံတွေပေးလာ၏။ ဒီကောင်တွေနဲ့ တွေ့ဖူးပြီးသားပေမယ့် ကိုယ်အတိတ်မေ့နေတယ်ဆိုတာ သူတို့ယုံသလား မယုံကြည်ဘူးလား မသိ ..။

"မင်းလက်ထဲရောက်လာမယ့်ပစ္စည်းတွေ ငါတို့လက်ထဲကိုအပ်ရမယ်၊ မင်း ယူသွားရမှာက အတု .."

"အဲဒါကို ငါက အောင်မြင်အောင်လုပ်နိုင်ရင် ငါ့ပြေးလမ်း ငါ့ရှာလို့ရသေးတယ်၊ မပြီးခင် မိသွားရင် ငါ မရှောင်တတ်ဘူး၊ မင်းတို့ကို



ဘယ်လိုလုပ်ကတိပေးရမလဲ .."

"ဒါ မင်းကိစ္စလို့ ငါတို့ပြောပြီးပြီပဲ .."

"လုံးဝမလုပ်နိုင်ဘူး .."

"ဘာပြောတယ် မင်းက .."

နေရာသီ ရဲ့ ရှေ့တည့်တည့်မှာရှိနေသည့် ဂျာကင်အနက်နှင့် လူကရင်ဘတ်က အင်္ကျီစကို ဆောင့်ဆွဲလိုက်သည်။ အားက တစ်ယောက်က ဝင်းလက်နေသည့် ဓားမြှောင်နှင့် သူ့လည်ပင်းကို ဖိထောက်ပေးလိုက်၏။

သူတို့တွေအားလုံးမှာ ဓားမြှောင်တွေပါလာကြတာကို ခန့်မှန်းမိကာ နေရာသီ ကိုယ့်စိတ်ကူးအတိုင်း ရှေ့ဆက်ဖို့ သက်ပြင်းတစ်ရှိုက်နှင့်အတူ ..၊

"ငါ့ကိုသတ်ပစ်လဲ သေရုံပဲ မျိုးသူ .. ရှေ့မှာလည်း သေနတ်မောင်းတင်ပြီး ချိန်ထားတယ်၊ နောက်ကလည်း ဓားနဲ့ထောက်ထားတယ်၊ ရှေ့တိုးတိုး နောက်ဆုတ်ဆုတ် သေမှာပဲ .."

"ဒါပေမယ့် ငါတို့က မင်းကို မသတ်ဘူး .."

"အဲဒါကိုလည်း ယုံရမှာဖြစ်မှာ .."

"မင်းလိုကောင်ကိုသတ်တော့ ဘာဖြစ်မှာလဲ ရန်ဘက်၊ မင်း ရှုပ်ထားတာကို မင်း မရှောင်နိုင်ရင်သာ ဦးနိုင် သက်ချက်နဲ့ သေမှာ၊ အဲဒီတော့ မင်းဘက်က မင်း လွတ်အောင် ရုန်းနိုင်ရင် ငါတို့က မင်းကို ထုံးစံအတိုင်းပေးမယ်၊ မင်းအလုပ်က လက်လွှဲလေးလုပ်လိုက်ရုံပဲ .."

"ဒီတစ်ခေါက်က တော်တော်များတယ်၊ ဦးနိုင် က ပေါ့လျော့မှာ မဟုတ်ဘူး .."

နေရာသီ ထိတ်လန့်သလိုနှင့် ပမာထကို အစ်ကြည့်လိုက်သည်။ အလုပ်ကိစ္စစဖြစ်တာက စတ္တ ကို့နဲ့မို့ ဒီကောင်တွေသိမှာပဲဟု တွက်မိ၍ဖြစ်၏။ ထင်သည့်အတိုင်းပင် ..။

"သိပ်မှန်တာပေါ့ .. မင်းကိုတောင် အငြိမ်းစားပေးလိုက်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုတွက်ကြည့်လေ၊ ဦးနိုင် ကလည်း သူ့ရဲ့လုပ်သက်က ဇရာ ထောင်းနေပြီဆိုတော့ သူလည်း တစ်ပွဲနှစ်ပွဲခင်းပြီးတာနဲ့ လစ်တော့ဖို့ ခြေလှမ်းပြင်နေတာပဲ ...၊ သွားပါများတဲ့တောက လမ်းကြောင်းပေါ်လာ တာပဲလေ၊ ဒီလူကြီးက ဒါမျိုးအဖြစ်ခံတဲ့လူမှ မဟုတ်တာ .."

စက္က တို့ကို ဦးနိုင် ဆိုတဲ့လူကြီးက ထိန်းချုပ်ထားသည်လို့ သူ အစကထင်ခဲ့မိသည်။ ကြည့်ရတာ စက္က တို့က သင်းကွဲအုပ်စုဖြစ်နိုင်၏။ ဒါမှမဟုတ် ပညာစုံမှ ဆရာကို ခြေရာတိုင်းလာကြတဲ့ အကြံတူရန်သူ တွေလား ..။

ဦးနိုင် ဆိုသူကို သူ တစ်ခါမှ မမြင်ဘူးခဲ့တာ အဆိုးဆုံး ...၊

"ဘယ်လိုလဲ .. မင်း သဘောတူပြီလား .."

"မတူရင် ဘာဖြစ်မှာလဲ .."

ရင်ဘတ်မှာဆွဲထားသည့် လက်က ပို၍တင်းကျပ်သွားကာ လည်ပင်း မှာ ဓားမျှားနှစ်ဝင်သွားသလားမသိ ...၊

"အ ..."

"သိပြီလား .."

"ငါက ခေါင်းညိတ်သွားပေမယ့် တစ်မျိုးလုပ်လိုက်ရင်ရော .."

"ဟား .. ဟား .. ဟား .. ရန်ဘက် .. ရန်ဘက် မင်း ဦးနှောက် လေး ပုရွက်ဆိတ်ခေါင်းလောက်နဲ့ကွာ .."

"အေး .. ငါပြောပြမယ် မှတ်ထား၊ မင်း စင်ကာပူမှာ ကာစီနိုရုံ ပိုင်မဖြစ်ဘဲ မြန်မာနိုင်ငံမှာတင် ဆေးထိုးအပ်တန်းလန်းနဲ့ သေနေတဲ့ မသာဖြစ်သွားမှာပေါ့၊ ဒီတစ်ခါ မင်း ဘယ်သစ်ခေါင်းထဲ ဝင်ပုန်းနေလို့ မှ လွတ်မှာမဟုတ်ဘူး၊ မင်းလို ဆေးသမားကို ရှင်းပစ်ဖို့က လွယ်လွယ် လေး .."

နေရာသီ ခေါင်းညိတ်လိုက်သည်။

ရင်ဘတ်အကျႌစကို ဆုပ်ကိုင်ထားသည့်လက်က တဖြည်းဖြည်း



လျှော့သွားသည်။ လည်ပင်းထဲက ဓားမျှားပါ ပြန်ရုတ်သွားတော့ ကိုယ့် လည်ပင်းကို စမ်းကိုင်ကြည့်လိုက်မိ၏။

လက်ထဲမှာ စေးပျစ်သော သွေးစတွေကို စိုစွတ်ပါလာတာကို ပွတ် ချေနေမိရင်း ...၊

"ငါ့ကိုတစ်ခုတော့ ပြန်လုပ်ပေးရမယ် .."

ပြောပြီး မျက်နှာတွေကို လိုက်ကြည့်ကာ ...၊

"ငါ့ခေါင်းတွေ သိပ်မမှတ်နိုင်ဘူး ဖြစ်နေတဲ့ ကိစ္စ ဦးနိုင် မသိဘူး.."

"ဟိတ်ကောင် .. လုပ်မနေနဲ့ .."

"မင်းတို့မယုံလည်း မတတ်နိုင်ဘူး၊ ငါ မင်းတို့ အကြွေးကို ဘာတွေ မှန်းမသိပေမယ့် ပြန်ဆပ်ရမယ်ဆိုတာသိတော့ ငွေလိုတယ်၊ ပြီးတော့ ငါ့စိတ်ကို ငါ မထိန်းနိုင်မသိမ်းနိုင်ဖြစ်လာခဲ့ရင်လည်း ငွေလိုတယ်၊ ဦးနိုင် အလုပ်ပေးမှ ငါ ငွေရမှာမို့လို့ ဒါကိုဖုံးဖိပြီး နေနေရတယ် .."

"အဲဒီတော့ အခု ဘာဖြစ်လဲ .."

"အလုပ်ကိစ္စနဲ့ ပတ်သက်တာတစ်ချို့ ငါ မေ့နေပြီ .."

သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ကိုယ်တိုင် အလုပ်လုပ်မယ့်လူကို ဒါတွေပြောပြလည်း ပြဿနာမရှိပေမယ့် စိတ် မူမမှန်ဖြစ်နေသည့်ကိစ္စကိုတော့ သိပ်လက်မခံချင် ...။

"ဦးနိုင် သိရင် ဒီအလုပ်ကြီးကို ပေးလုပ်မှာမဟုတ်ဘူး၊ ငါလည်း လုပ်ချင်တယ်၊ ပြဿနာသိပ်မရှိနိုင်ဘူးလို့ ထင်ခဲ့တာလည်း ပါတယ်၊ ဒါပေမယ့် အခု သွားရမှာတွေ တွေ့ရမယ့်လူတွေ ငါ သိပ်မမှတ်မိတော့ ဘူး .."

"ပြာသိုပွဲမှာ အရောင်းအဝယ်ဖြစ်ကြလိမ့်မယ် .."

ပြာသိုပွဲဆိုတာ ဘယ်မှာမှန်းမသိ၊ ဘာမှန်းလည်းမသိ၊ သို့သော်...၊

"အဲဒါတော့ မှတ်မိတယ်၊ လုပ်မှာက အဖြူ .."

"ဟုတ်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဝယ်လက်က .."

"ထိုင်း အဝယ်တော်နှစ်ဦးပဲ .. သူတို့ အခု ကလေးမှာရှိတယ်၊ ပြာသိုပွဲကျမှလာမှာ၊ ဒီဝယ်လက်တွေကို မင်း ငါတို့နဲ့ ချိတ်ပေးခဲ့ဖူးတယ်၊ ဒါကြောင့် မင်း မဆိုးဘူးဆိုပြီး ဦးနိုင် နားထဲထိ မင်း သတင်းပေါက်သွားအောင် ငါတို့ပဲ ပို့ပေးခဲ့တာ .."

ရန်ဘက်ချင်း ဒါတွေကို ထဲထဲဝင်ဝင်လုပ်နေတာပါလား ..၊ ထပ်ဝတ်ထားသည့် ကုတ်အင်္ကျီအိတ်ထဲ လက်တစ်ဖက်ထည့်ထားရင်း ကြက်သီးများတောင် ထချင်မိ၏။

"ဟုတ်တယ် တိုက်ကြီး၊ ဒီကောင် မဲဆောက်ကပြဿနာမှာ ခွေးပြေးပြေးရလို့ ဒဏ်ရာဗလပွနဲ့ ဆေးရုံရောက်သွားသေးတယ်၊ အဲဒီမှာ ခေါင်းထိပြီး ဖြစ်သွားတာပဲ .."

မျိုးသူ က နောက်တိုးထဲက တိုက်ကြီး ဆိုသည့် နာမည်တစ်ခုကို ခေါ်၍ရှင်းပြနေသေးသည်။ စက္ကု ကတော့ သူ့စကားကို ဖြီးဆုံးအောင် ပြော၍ ..၊

"အလုပ်ဖြစ်မယ့်ရက်ကိုတော့ ဦးနိုင် က ဘယ်တော့မှ ကြိုပြောမှာမဟုတ်ဘူး၊ ဒါ သူ့ရဲ့ စီးခရက်(တ်)ပဲ .. အလွန်ဆုံးကြိုပြောရင် သူသွားလာမယ့်အချိန်ကိုတွက်ပြီး အပိုအလိုတစ်နာရီထပ်ဆောင်းမယ်၊ ပြီးမှ မင်းတို့ကို အသိပေးမှာ .."

ဦးနိုင်မင်း အကြောင်းကိုတော့ အတွင်းကျကျ သိနေသည့် လူတွေဖြစ်သည်။

"မင်းအလုပ်က ငါတို့လှုပ်ရှားဖို့အတွက် အချိန်မီ အကြောင်းကြားရုံပဲ .."

"ပြာသိုပွဲက ဘယ်နေရာမှာလဲ .."

"ဟား .. မင်း ပြာသိုပွဲတောင် မသိဘူးလား .."

"ဟုတ်တယ် .. မသိလို့မေးနေတာ .."





"စက္ကု ဒီကောင် ဘာမှမမှတ်မိဘူးပြောနေတာ၊ ငါ သိပ်မယုံဘူး.."

တိုက်ကြီး ဆီကပဲ အသံထွက်လာသည်။ နေရာသီ ထိတ်ခနဲဖြစ်သွား၏။ ဒီလိုဝင်ထောက်လိုက်လို့ သံသယရှိသွားရင် သူ့ဘက်က အမှားတွေဆက်တိုက်ဖြစ်ကုန်ဖို့သေချာ၏။

"ဘာပဲဖြစ်ဖြစ် စိတ်ပူစရာမရှိပါဘူးကွာ .. ဒီကောင်က ခေါင်းယောင်ဆောင်တဲ့ကျိုးပါ၊ မြေခွေးလည်းမဟုတ် သိုးလည်းမဟုတ်၊ သူ့ကမ္ဘာက ငါတို့ထက် ပိုကျဉ်းပါတယ်၊ ဒီမှာ ရန်ဘက် သေချာမှတ်ထား ပြာသိုပွဲဆိုတာ ရှင်းပင်အာနန္ဒာဘုရားကြီးမှာ တစ်လလုံးခင်းတဲ့ပွဲ .."

ပုဂံမှာပဲ ..၊

သူ သေချာမှတ်ထားလိုက်သည်။ ပြီးတော့ စက္ကု က ပြောလိုက်၊ မျိုးသူ က ဝင်ပြောလိုက်နှင့် ဦးနိုင်မင်း နဲ့ ပတ်သက်တာတွေ တော်တော်များများကိုပါ ထပ်သိခဲ့ရသည်။

"မကောင်းတဲ့အရောင်းအဝယ်ကိစ္စတွေကို ဘယ်သူမှ မထင်မှတ်တဲ့နေရာမှာပဲ လုပ်တတ်တာလည်း ဦးနိုင်မင်း တစ်ယောက်ပဲရှိတယ်၊ အေး .. မင်း ငါတို့အတွက် ဒီကိစ္စကို အောင်မြင်အောင်မကြိုးစားဘဲ ဦးနိုင် နဲ့ လှည့်ချွန်ပေးဖို့ထပ်လုပ်ရင်တော့ မင်းကို ထောင်ထဲမှာ အရိုးဆွေးသွားအောင်လုပ်ဖို့ ငါတို့မှာ သက်သေတွေအခိုင်အလုံရှိတယ် .."

"ငါ့မှာ ထောက်စရာအပြစ်တွေရှိနေတယ်ဆိုရင် မင်းတို့ကိုဆို အသာလေးကောက်ပြလိုက်လို့ရတာပေါ့ .."

"ဘာ ..."

"ပြောပြတာ .."

"ဒီကောင် သောက်ချိုးကိုက .."

"မင်းတို့ကို ငါ သတိပေးနေတယ်နော် စက္ကု .. ဒီကောင် မင်းတို့ထင်သလို ငတုံးမဟုတ်ဘူး .."

"တုံးတယ် .. တုံးတာမှ ခပ်ပျာပျာလက်ကြောမတင်းတဲ့ သူခွေး

www.burmeseclassic.com

www.burmeseclassic.com



သား၊ ဒီကောင် ခေါင်းထိထားလို့ ရုပ်ကသုံးပန်လှဖြစ်နေတာ ..."

ပြောကြသည့် စကားတွေကြောင့် သူ ပြုံးလိုက်မိသည်။

ဘယ်သူက တုံးတာလဲ ...၊

လူတစ်ယောက်တည်းနဲ့ စရိုက်နှစ်မျိုးဖြစ်နေတယ်ဆိုတာ ယုံရအောင် ရုပ်ရှင်ရိုက်နေတယ်မှတ်လို့လား ...။

သူကတော့ လောလောဆယ် သွေးထွက်သံယိုဖြစ်ရမည့်အခြေအနေက လွတ်မြောက်သွားသည်မို့ ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ရင်း ဆံပင်တွေသပ်မိ၏။

ပြီးတော့ ရှုးရှုနာကျင်နေသည့် လည်ပင်းက ဓားဒဏ်ရာကို စမ်းလိုက်မိသည်။

သူများကိုသတ်သည့်အမှုနဲ့ စွပ်စွဲခံရသည့်အဖြစ်ကနေ သူများသတ်လို့သေရဦးမည့်ကိန်းဆိုက်နေပြန်ပြီ ...။

ဒီလောက်ထိ ကံတွေကောင်းနေတော့ ကျေးဇူးတင်ပါတယ်ဆိုပြီး လက်ဆွဲနှုတ်ဆက်ဖို့တောင်ကောင်းနေပါပြီ ...။

ဘယ်သူ့ကိုမှန်းတော့မသိ ...။



## အခန်း (၂၉)

"သူတို့ ရတ်တရက်မလာနိုင်လို့တောင် သားတစ်ယောက်လုံးကို အိမ်ထောင်ချပေးပြီး လုပ်ငန်းတွေပါ ကျွန်မတို့နဲ့ ထားပစ်ခဲ့တာ အဖေကြီးရယ်၊ လှမ်းခေါ်လိုက်တာနဲ့တော့ ချက်ချင်းကြီး ဘယ်ရောက်လာပါ့မလဲ ..."

ရက်ပိုင်းလေးအတွင်းမှာ ပိန်လှီညှိုးခြောက်သွားသော ဦးမြင့်မောင် မျက်နှာက စိတ်ဖိစီးမှုတွေ ဘယ်လောက်များနေခဲ့သလဲဆိုတာ တွေးကြည့်စရာပင်မလိုပေ ...၊

"သူတို့ရောက်လာမှဖြစ်မယ်၊ ကလေးတွေရဲ့ အိမ်ထောင်ရေးကို ငါတို့ပဲ စီစဉ်ခဲ့ကြတာ၊ ငါတို့ကိုယ်တိုင် ဖျက်ရမယ်၊ မင်းလည်း အားတင်းထား သဲနှစ် .. သူတို့ ဘာအကြောင်းနဲ့ပဲ တောင်းပန်ပါစေ လုံးဝမစဉ်းစားနဲ့တော့ .."

ဒေါ်သဲနှစ် ခေါင်းညိတ်ရင်း ဦးမြင့်မောင် လက်မောင်းကို ဆုပ်ကိုင်ထားမိသည်။ ဒီအကြောင်းတွေ ပြောနေပြီဆို လေသံတွေမာကြောနေကာ ခါးမတ်ခေါင်းထောင်နေပေမယ့် တခြားအချိန်တွေမှာ ဦးမြင့်မောင် ပျော့ခွေပေးဝိုင်နေခဲ့တာမို့ ခင်ပွန်းသည်အတွက် စိုးရိမ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးအလိမ္မာလေးကို မိဘဆိုဆုံးမနိုင်တဲ့ လူမိုက်ကလေးနဲ့မှ လက်ထပ်ပေးမိတယ် .."

"အဖေကြီးရယ် ကျွန်မတို့လည်း သူ့ကို ပြုပြင်ပေးနိုင်မယ်ထင်လို့ အကောင်းဆုံး မျှော်လင့်ပြီး လုပ်ခဲ့ကြတာပဲ၊ သမီးလေးလည်း နားလည်ပါတယ် .."

"နားလည်တာပေါ့ .. ငါတို့သမီးက မိဘကို အမြဲတမ်းနားလည်ခဲ့တဲ့ သမီးပဲ၊ ဒါကြောင့် ဘဝမှာ အိမ်ထောင်ရေးက ဘယ်လောက်ပဲအရေးကြီးကြီး ထုံးတမ်းစဉ်လာ ဂုဏ်သိက္ခာတွေဘယ်လောက်ပဲအရေးပါပါစေ၊ ငါ့သမီးရဲ့ စိတ်ချမ်းသာမှုနဲ့ ငါကိုယ်တိုင်လဲယူမယ် .."

ထိုစဉ် ဖုန်းမြည်လာသဖြင့် ဦးမြင့်မောင် က တယ်လီဖုန်းကိုင်ဖို့ မေးဆတ်ပြကာ ဒရင်းဘတ်ဒ်မှာ အသာပြန်မှီ၍ မျက်လုံးတွေကို မှိတ်ထားလိုက်၏။

"ဟလို ..."

"... ... ..."

"သြော် .. အေး .. မောင်လင်းမောင် .. ပြောလေ လူလေး၊ မင်းသူငယ်ချင်း ဒီနေ့ပွဲရုံမှာ စာရင်းစစ်ခေါ်ထားလို့ အိမ်ပြန်နောက်ကျတယ် သားရဲ့ .."

"... ... ..."

"ဟုတ်လား .. ပြောပြီးပြီလား .. အရေးကြီးတိုင်ပင်စရာရှိလို့လား သား .. ပြောလေ .."

"... ... ..."

"ဟင် .. ဘာ .. ဘာရယ် .."

"... ... ..."

"ချင်း .. ချင်း ဟုတ်လား .."

ဘုရားတရင်း လှည့်ကြည့်လိုက်တော့ ဦးမြင့်မောင် ကလည်း လှမ်း



ကြည့်နေတာနှင့် ဆုံ၏။ ဒေါ်သိန်းနှစ် နောင်တရသွားပေမယ့် ခုမှတော့ ပေးမသိချင်လို့လည်းရမှာမဟုတ်သည်မို့ ဒီတိုင်းပဲဆက်ပြောဖို့ ဆုံးဖြတ်၍ ..၊

"သေချာသွားပြီပေါ့ .. ဟုတ်လား သား .."

"... ... ..."

"သူ အိမ်ပြန်မလာတာ သုံးရက်ရှိပြီ၊ လူလေးနဲ့ သမီး ဖုန်းပြောပြီးပြီဆိုတော့ သူ မင့် အန်ကယ့်လ်ဆီမှာ လုပ်ငန်းတွေ လွှဲပြောင်းပေးဖို့ နားပူခဲ့တာတွေလည်း သိပြီးရောပေါ့ .."

"... ... ..."

"ဟုတ်ပါတယ် လူလေးရယ် .. မင်းကိုတော့ သူ မသိသေးဘူးပေါ့နော် .."

"... ... ..."

"အန်တီတို့ နားလည်ပါတယ်၊ ဥပဒေကို ချိုးဖောက်ရင်တော့ ထိုက်သင့်တဲ့အပြစ်ခံရမှာပဲလေ၊ အန်တီတို့ကို မင်း အားနာဖို့မလိုပါဘူး ဂုဏ်သိက္ခာတွေနဲ့ပေးဆပ်ရမယ့်ကံက ပါလာတာကိုး .."

ဒေါ်သိန်းနှစ် တယ်လီဖုန်းကို ချလိုက်ပြီးမှ ဖုန်းကိုကြည့်၍ အသိမဲ့နေသူကဲ့သို့ ရပ်နေခဲ့မိသည်။

"ဒီကောင်လေး မဟုတ်တာတွေ လုပ်နေပြီမို့လား .."

ဦးမြင့်မောင် အသံက တုန်အက်နေလျက် ..၊

"ဖြစ်လာနိုင်တယ်ဆိုတာ သိခဲ့တယ်၊ ဒီလောက်မြန်မြန်ဖြစ်မယ်လို့ မထင်ခဲ့တာ .."

"ကလေးမှာ သူတို့ကို ဖမ်းမိထားပြီတဲ့ အဖေကြီးရယ် .."

"ငါခေါ်တာကို တလေးတစားနဲ့ ချက်ချင်းရောက်လာကြမယ်ဆိုရင် ငါ့သမီးလေး ဂုဏ်သိက္ခာ အဖက်ဆည်စရာကျန်ဦးမှာ၊ ခုတော့ .. တောက် .."

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မောင် မေးကြောကြီးတွေ ထောင်ကားနေအောင် အံကြိတ်၏။

"ငါတို့ ဒီလောက်ပဲ ကံဆိုးနေကြသလား .."

"အဖေကြီးရယ် .. တော်ပါတော့၊ လူကောင်းသူကောင်းအတွက် ကံကြမ္မာက တစ်ကွက်တော့ ချန်ပေးတတ်ပါတယ်၊ ဟိုတစ်နေ့ညက ဘယ်သူမှန်းမသိဘဲ သမီးရဲ့ အရှက်ကို ကယ်တင်သွားတာ အဖေကြီး သိတာပဲ၊ ပြီးတော့ လူငယ်တစ်ယောက်ကို အဖေကြီး အရှုံးပေးလိုက်ရတာ မဟုတ်ဘူးလေ၊ သူ တောင်းနေတာတွေ သူ ဘာမှယူမသွားနိုင်ဘူး မို့လား .."

ဒေါ်သဲနှစ် က တွင်တွင်နှစ်သိမ့်ရင်း သူမကိုယ်တိုင် မျက်ရည်ဝေနေတာကိုလည်း ထိန်းချုပ်ရှာ၏။

"အခု သူ့မိဘတွေရောက်လာရင် ကျွန်မတို့ ဒါတွေကို အတိအကျ ပြန်အပ်မယ်၊ သူ့သားကိုလည်း .."

"မေမေ ..."

ဒေါ်သဲနှစ် စကားတွေ ဒီမှာတင်ရပ်သွားကာ အနှစ် က အခန်းထဲ ဝင်လာ၏။ ဆင်စွယ်ရောင် စတိုင်လ်ဘောင်းဘီရှည်နှင့် မိတ်ကပ်ရောင် ရှပ်လက်ရှည်ကိုဝတ်ထားလျက် ဂျင်းဂျက်ကက်ချိုင်းပြတ်ခါးတိုလေးကို ထပ်ဝတ်ထားသေးသည်။

ပခုံးသာသာ ရှည်သည့်ဆံပင်တွေကို နောက်မှာစုစည်းထားကာ အဖြူနဲ့ ဆင်စွယ်ရောင် လခြမ်းပုံနားဆွဲလေးကိုဆွဲထား၏။

ပင်ပန်းလာသည့်ပုံပေါ်ပေမယ့် မိတ်ကပ်ပြေပြေနှင့် မျက်နှာလေးက နှုတ်ခမ်းသားလေးတွေလည်း ရဲနေဆဲပဲဖြစ်၏။ ပြီးတော့ ကြည်လဲ့သည့် မျက်ဝန်းလေးတွေမှာ မာန်မာနတို့ဖြင့် တည်ငြိမ်နေကာ ..၊

"မျက်နှာတွေလည်း မကောင်းပါလား .. ဘာဖြစ်လို့လဲ .."

အိမ်တွင်းရေးပြဿနာတွေကို သူမ ဘာမှမသိသလိုမေးရင်း တစ်ဖက်မှာ ခုံပုလေးဆွဲထိုင်လိုက်၏။



"သမီးနဲ့ မောင်လင်းမောင် ဖုန်းပြောဖြစ်တယ်ဆို .."

"ဟုတ် .."

"သမီးကို ချင်း ရဲ့သတင်း ဘာမှမပြောပြဘူးလား .."

"ပြောတယ် .."

"ပြောတယ် .. ဟုတ်လား .. အဲဒါ .. သမီးက .."

အနှစ် ရဲ့ မျက်ဝန်းလေးတွေ ဦးမြင့်မောင် ဆီ ရောက်သွားသည်၊ ပြီးတော့ ပြုံးပြလိုက်ပြီး လက်ချင်းထပ်ဆုပ်ကိုင်လိုက်ကာ ..၊

"အဲ့ဒါဘာဖြစ်လို့လဲ ဖေဖေ .. မတူညီတဲ့သဏ္ဌာန်နှစ်ခုကို ထပ်တူညီလို့မရဘူး၊ သူ မိုက်ရိုင်းဆိုးသွမ်းလို့ သူ့တရားသူ စီရင်သွားတာ သမီးတို့က ဘာဖြစ်လို့ ခံစားရမှာလဲ .."

ရင်နင့်သွားသည့်မျက်နှာနှင့် ဦးမြင့်မောင် မျက်ဝန်းတွေတခြားကို ရွှေ့လျားသွားသည်။ အနှစ် ဘာမှမဖြစ်သလို အပြုံးမပျက် ကြိုးစားလိုက်ရင်း ..၊

"သမီးကတော့ သမီးတို့ အမျိုးမျိုးသည်းခံလာခဲ့ရတဲ့ ဝဋ်ကြွေးကုန်သွားတာလို့ပဲ မှတ်တယ်၊ သမီးကို တကယ်ငဲ့ညှာချင်ရင် ဒီ အိမ်ထောင်ရေးကို သမီးကိုယ်တိုင် ဆုံးဖြတ်ခွင့်တစ်ခုပဲပေးပါ .."

"ဆုံးဖြတ်ရမယ် သမီး .. သမီး စိတ်ကြိုက်ဆုံးဖြတ်ရမှာ၊ ဒါပေမယ့် ဆက်လက်သည်းခံသွားပါ့မယ်ဆိုတဲ့စကားတော့ လုံးဝမပါစေနဲ့ .."

အနှစ် ဖေဖေ့မျက်နှာကို နားလည်စွာကြည့်မိသည်။ ပြီးတော့ မကြည်ပေမယ့်ပြုံးလိုက်မိ၏။ မိုက်ရိုင်းခဲ့တာတွေထဲက လူကောင်းသူကောင်းဖြစ်နေပြီလိုလို၊ ကဘောက်တိကဘောက်ချာ လိမ်ညာသွားတာတွေအတွက် သူမရင်ထဲမှာလည်း ကယောက်ကယက်ဖြစ်ခဲ့ရသေးသည်။

ထို့ကြောင့် ဘယ်သူမှ မသိလိုက်ပေမယ့် ရှက်မိပါ၏။ သူမ ရှုံးမိတော့မလို့ ..၊

သေသင့်လောက်သော မိုက်မဲခြင်းဖြင့် နောက်ထပ် ရှုံးမိတော့မလို့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပဲလိုတော့သည်။

မျက်ဝန်းတို့ကို မှိတ်ချပစ်ရင်း အံတင်းတင်းကြိတ်၍ ...၊

"အရမ်းမုန်းတယ် .."

တစ်ခွန်းချင်းပီသစွာ ရေရွတ်မိ၏။ ဦးမြင့်မောင် နဲ့ ဒေါ်သဲနှစ်တို့ ခေါင်းတွေညိတ်ရင်း သမီးလေးကို နှစ်သိမ့်ဖို့ကြိုးစားကြသေးသည်။

သို့သော် ကိုယ်တိုင်တည်ဆောက်ပေးခဲ့သော အိမ်ထောင်ရေးကြောင့် သမီးလေးဘဝက ဒုစရိုက်ကောင် ဆေးသမားရဲ့ဇနီးအဖြစ် အမည်းစက်စွန်းထင်းခဲ့ပြီကို ဘယ်လိုစကားမျိုးနဲ့ နှစ်သိမ့်ရမှန်းမသိ ..။

"အကုသိုလ်စိတ်ကြီးမားတယ်ပဲပြောပြော သင်းကို လက်ပူးလက်ကြပ်ဖမ်းနိုင်ပါစေ .. ထောင်ကျသွားပါစေလို့ပဲ သမီး ဆုတောင်းနေမှာ-"

"ဟင်!..."

"ဘယ်လို သမီး .. ဒါနဲ့ သူတို့ကို လက်ပူးလက်ကြပ်မိထားတယ်ဆို .."

အနှစ် က ခေါင်းခါ၍ ..၊

"အစ်ကိုလင်းမောင် မေမေတို့ကို သေချာရှင်းပြဖို့ရောက်လာခဲ့ပါ၊ ဒါပေမယ့် အဲဒီအချိန်မှာ အန်တီခင်နှောင်း တို့က သူတို့ရဲ့ သားကို ငွေများတရားနိုင်ဇာတ်ခင်းပြီး ဆွဲထုတ်သွားပြီဆိုရင်တော့ .."

"ဘယ်လို ..."

လူမမာလည်း လှဲမနေနိုင်တော့ဘဲ ငုတ်တုတ်ထိုင်လိုက်ခြင်းသို့ ရောက်လျှက် ..၊

"မခင်နှောင်း တို့ သိနေတယ်ဟုတ်လား .."

"မေမေက ခုပဲ ဖုန်းပြန်ဆက်တော့မလို့ .."

"သိတယ် မေမေ .. အစ်ကိုလင်းမောင် အကြောင်းကြားတာလည်း မဟုတ်ဘူး၊ ဖြစ်ပြီးတဲ့ ညဘက်ပဲ သူတို့က ဆက်သွယ်ကြတာတဲ့ နောက်ဆို ရောက်နေလောက်ပြီ .."



"ရောက်လာကြရင် မေမေတို့ဆီပဲ အရင်လာရမှာကို .."

"မေမေတို့က ခမည်းခမက်မတော်ချင်လို့ ဆွေခန်းမျိုးခန်းဖြတ်ဖို့ ခေါ်ထားတာလေ၊ သူ့သားအတွက် ဝိုင်းဖြေရှင်းပေးမယ့်လူတွေမဟုတ်ဘူးလို့ တွက်လို့ပေါ့ .."

"မဟုတ်တာကွယ် .. ဟိုဟာက တစ်ကဏ္ဍ၊ ပြဿနာရှိလာရင် မိတ်ဆွေကောင်းလို ကူညီဖေးမဖို့တာဝန်ရှိတာက သပ်သပ်ပဲ .."

"သူတို့စိတ်ထားမမှန်တာ သိသာသွားပြီ မေမေ ..၊ တကယ်ဆို အလုပ်တွေများလို့ သားကိုပစ်ထားခဲ့ကြတာမဟုတ်ဘူး၊ သူတို့ ဆုံးမမနိုင်လို့ သမီးတို့လက်ထဲ ချီးထုပ်ထည့်ခဲ့တာ၊ သူတို့ ဂုဏ်သိက္ခာတွေကိုတော့ သီးသန့်မွေးပြီး သမီးတို့ကို လှဆိုးထိန်းငှားခဲ့တာ .."

အနှစ် ရဲ့ ဒေါသသံလေးက မာထန်ပြတ်တောက်နေခဲ့၏။

"သူတို့သားရဲ့ အခြေအနေကို သူတို့ မပြတ်ထောက်လှမ်းနေတာ၊ ဒီက သတင်းအစုံ ဟိုကိုရောက်တယ်၊ ဒီမှာ သူတို့ရဲ့ စပိုင်ရှိလို့ ပြဿနာဖြစ်တာနဲ့ ချက်ချင်းသိကြတာပေါ့၊ သိပ်ကို ကောက်ကျစ်ယုတ်ညံ့တဲ့ လူတွေ၊ တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ .."

ကိုလင်းမောင်မောင် ပြောသွားတဲ့စကားတွေကို အနှစ် ခုထိကြားယောင်နေဆဲဖြစ်သည်။

"ပစ္စည်းတွေနဲ့ နှစ်ဖွဲ့စလုံးကိုမိတယ်၊ အစစ်ခံကြတော့လည်း သူ့နာမည်ပါတယ်၊ အဲဒီအရောင်းအဝယ်ထဲမှာ သူ့ရှယ်ယာ နှစ်ဆယ်ရာခိုင်နှုန်းပါတယ်ဆိုတာ အတိအကျသိရပြီးပြီ၊ ဒါပေမယ့် လူကိုတော့ မမိသေးဘူး .."

"အန်တီခင် အစ်ကို့ဆီ ဖုန်းဆက်တယ် ညီမ၊ ဘာတွေပြောသွားသလဲဆိုတာတော့ ပြန်မပြောတော့ပါဘူး၊ ဒါပေမယ့် ချင်း ကို ဒီထဲက ပြန်ဆွဲထုတ်ဖို့ မီးကုန်ယမ်းကုန်ကြိုးစားကြလိမ့်မယ်၊ ညီမရော ဘယ်လိုမျှော်လင့်ထားသလဲ .. အစ်ကိုမေးတာက ဘယ်လိုဖြစ်သွားမယ် ဘာညာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ဆိုးရွားသွားမယ်ဆိုရင်လေ ..”

ဒီလိုမေးလို့ သူမ ပြန်မေးခဲ့သေးသည်။

“အစ်ကိုလင်းမောင် က သူ့အတွက် ညီမ အရှုံးမီးပိုင်းဖြစ်နေမယ် ထင်လို့လား .. လူကြီးတွေ ပြောကြတဲ့စကားရှိတယ်၊ ထောင့်အပြင် တန်းမရှိဘူးတဲ့၊ ညီမကတော့ သူ့အတွက် တန်းရှိစေချင်တာ၊ ငွေများလို့ တရားနိုင်တဲ့အဖြစ်မျိုးရှိလာရင်တောင် လောကငရဲမှာကျပါစေ၊ ငွေကုန်လူပမ်းဖြစ်ပြီး အမှန်တရားက ဒဏ်ခတ်ပါစေ ..”

လို့ သူမ ဒီတိုင်းပြန်ပြောခဲ့သည်။ ဒီနာမည်ကို ထပ်မကြားချင်၊ မျက်နှာကိုလည်း နောက်ထပ်မမြင်ချင်တော့ပေ ..။ ကိုယ့်ထက် ပို၍ ခံစားနေကြရမည့် မိဘနှစ်ပါးရဲ့ရင်ထဲကို ဝင်ကြည့်ဖို့မလိုဘဲ သူမ နားလည်နေ၏။

စိတ်သဘောထားနူးညံ့ကြသူတွေမို့ သားသမီးနဲ့ ဂုဏ်သိက္ခာကြားမှာ ဆုံးဖြတ်ရခက်ခဲနေမှာမျိုး သူမ မလိုချင်ပါ။ ထို့ကြောင့် ဖြစ်သင့်သည့်အတိုင်း ဖြစ်သွားစေချင်တာဖြစ်သည်။

ဒါဟာ မစာနာတတ်ခြင်းပဲဆိုရင်တော့ သူမကိုယ်သူမ မစာနာတတ်သူပါလို့ ဝန်ခံလိုက်ရုံ ...၊



## အခန်း (၃၀)

“ကျွန်တော် ကားလက်မှတ်ဖြတ်ပြီးနေပြီ အန်တီ .. ဆောရီးပါ ..”

သူ ဖုန်းချပစ်လိုက်သည်။

“ဘယ်သူဆက်တာလဲ နေရာသီ ..”

“ရန်ဘက်ချင်း ရဲ့ အမေ ..”

“ဘာကိစ္စတဲ့လဲ ..”

“မသိဘူး ကိုမင်း .. ကျွန်တော် အဲ့ဒီပတ်ဝန်းကျင်ကို ခြေဦးမလှည့်တော့ဖို့ ဆုံးဖြတ်လိုက်ပြီ အားလုံးလည်း ပြီးသွားပြီပဲ ..”

“မင်းကို ကျေးဇူးတင်စကားပြောချင်လို့ နေမှာပေါ့ကွ ..”

“ဟွန်း ..”

မဟုတ်ဘူးဆိုတာ သူသိနေသည်။ စီးကရက်တစ်လိပ်ထုတ်ယူပြီး ညှိမလို့လုပ်ပြီးမှ စီးကရက်ကို ထောင်ကြည့်မိ၏။ ပြီးတော့ ဘူးထဲကို သေချာပြန်ထည့်ပေးလိုက်သည်။

မင်းမင်းဦး က သူလုပ်တာကို ဘေးကနေကြည့်ပြီး ပြုံးသည်။

“ဆေးလိပ်ထဲမှာ မူးယစ်ဆေးထည့်မထားပါဘူးကွ ..ဘာဖြစ်တာလဲ ..”

“ဆင်တူရိုးမှားတောင် အဖြစ်မခံနိုင်လို့ ..”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မီးခြစ်ကို စားပွဲပေါ်မှာ အသံမြည်အောင်ချလိုက်သည်။ ထိုစဉ် ဖုန်းသံထမြည်လာ၏။ နေရာသီ က ထုတ်ကြည့်ပြီး ပြန်ပိတ်ထားလိုက်လျှင် မင်းမင်းဦး က ဆွဲထားပြီး ဖွင့်လိုက်၏။

"ဟာလို ..."

"..... ..... ....."

"မဟုတ်ဘူးခင်ဗျ .. ကျွန်တော်က နေရာသီ ရဲ့ မိတ်ဆွေပါ .."

"..... ..... ....."

နားထောင်နေရင်း မင်းမင်းဦး က နေရာသီ ကို လှမ်းကြည့်သည်။ ပြီးမှ ...

"ဟုတ်တယ် အန်တီ .. သူ ဒီည ပြန်တော့မှာ .."

"..... ..... ....."

"အဲ့ .. အဲ့ဒါတော့ .."

"..... ..... ....."

"သူကတော့ အားလုံးပြီးနေပြီလို့ ပြောတာပဲ .."

"..... ..... ....."

"ဗျာ .. အဲ .."

ပြောရခက်နေရင်း သူ လှည့်ကြည့်တော့ နေရာသီ က ဖုန်းကို ဆွဲယူလိုက်ပြီး ပိတ်ပစ်လိုက်၏။

"ဟ .. မင်းကလည်း ဘယ်တုန်းက အဲ့လိုရိုင်းတတ်သွားတာလဲ"

"ခုပဲ .."

ပြောပြီး နောက်ထပ် ဘယ်သူ့ကိုခေါ်နေမှန်းမသိပေ ...။ စကား ထွက်လာတော့မှ ...

"ဟုတ်တယ် မေမေ .. ကျွန်တော်ပါ .."

"..... ..... ....."

"သိတယ် မေမေ .. ဒါပေမယ့် မိတ်ဆွေတစ်ယောက် အခက်အခဲ



ဖြစ်နေတာနဲ့ သူ့ကို ကူညီလက်စ မပြတ်သေးလို့ပါ၊ ဒီည ပြန်လာခဲ့မယ်လေ .."

"..... ..... ....."

"ကျွန်တော် အဲ့ဒီမှာတော့ ပြန်မလုပ်ချင်ဘူး မေမေ .."

"..... ..... ....."

"ဟုတ်ကဲ့ပါ .. ပြန်လာမှ မေမေနဲ့ တိုင်ပင်မယ်လေ .. နော် .."

"..... ..... ....."

"ဟုတ်ကဲ့ မေမေ .. စိတ်ချပါ .."

ဖုန်းချလိုက်တဲ့အထိ မင်းမင်းဦး က ကြည့်နေကာ ...

"ယုဇနခင် ရဲ့ ယောကျ်ားက မင်းကို သူ့ဆီမှာ ပြန်လုပ်စေချင်တာလား .."

"ဟုတ်တယ် .. ငါ မလုပ်ချင်ဘူး .."

"ဘာဖြစ်လဲကွာ .. ယုဇနခင် လည်း ရှိတော့တာမှမဟုတ်တာ၊ မင်းကို ပုတ်ခတ်ထားတဲ့စကားတွေလည်း ပြေတာပေါ့၊ သူ့ ယောကျ်ား ကိုယ်တိုင်က ခေါ်တာပဲ၊ ပြီးတော့ မင်းရဲ့ အမှုမှန်ပေါ်အောင် ဒီဘဲကြီး က ဖော်ထုတ်ခဲ့တာ၊ မင်း သူ့ကို ကျေးဇူးတောင် တင်သင့်တာကို .."

နေရာသီ က မတုန်မလှုပ်နှင့် ငြိမ်နေ၏။ ယုဇနခင် ကို သူ့မောင်ဝမ်းကွဲ မိုးငြိမ်း က လုပ်ကြံလိုက်တာဖြစ်ကြောင်း အမှုမှန်က ပေါ်သွားခဲ့ပြီဖြစ်သည်။

ထိုညက အားလုံးတိုက်ဆိုင်ကုန်အောင် ဖန်တီးပြီး လူသတ်သမားက ယုဇနခင် ရဲ့ အိပ်ရာအောက်မှာ ဝင်ပုန်းနေခဲ့၏။ မီးမှောင်ကျသွားသည့်ခဏမှာ ပိပိရိရိလုပ်ကြံပြီး နေရာသီ ကို လက်ပူးလက်ကြပ်ဖမ်းပြခဲ့တာဖြစ်သည်။

ဒီကိစ္စတွေ အဖြေမှန်ပေါ်သွားပြီဆိုတာ မေမေ အကြောင်းကြားလို့ သူ သိခဲ့ပြီးပြီ၊ ဦးမြင့်မောင် တို့ မိသားစုကြောင့် သူ ချက်ချင်းမပြန်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းကသာ အဖြေရှာမရသည့် တွေဝေခြင်းဖြစ်၏။

တကယ်ဆို ကိုယ်နဲ့ဘာဆိုင်လို့လဲ ..၊

ခုတော့ ရန်ဘက်ချင်း အနေနဲ့ ရရှိခဲ့သည့်သတင်းတွေကို ကိုလင်းမောင်ထံ ပို့ပေးခဲ့ရင်း ကိုယ်တိုင်ပြေးလွှားသရုပ်ဆောင်ခဲ့တာတွေတောင်ရှိသေးသည်။

' အပန်းမကြီးဘူးဆိုပေမယ့် အခန့်မသင့်လျှင် အသက်ပါဆုံးသွားနိုင်၏။ ဒါပေမယ့် သူ့ သတ္တိတွေ ရှိနေခဲ့သည်။ ဘယ်ကနေ ခိုအောင်းဝင်ရောက်လာတဲ့ သတ္တိတွေလဲဆိုတာလည်း သူ မသိတော့ပါ။

သိဖို့လည်း မကြိုးစားချင်ပေ ..။ သူ့အတွက် အဆုံးသတ်ထွက်မည့် အဖြေက ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာ နားလည်နေခဲ့သဖြင့် ဖြေရှင်းဖို့တာဝန်ကို ကျေပွန်ခဲ့ပေမယ့် အဖြေကိုမသိချင် ..။

"နေရာသီ .. မင်းနဲ့ ဟို ဒုရဲအုပ်တို့ အချိန်မီအကွက်ရွှေ့နိုင်ခဲ့လို့ ရန်ဘက်ချင်း က လွတ်သွားတာမို့လား .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"သူ့အမေက မင်းကို .."

"တော်ပါတော့ ကိုမင်းရာ .. ဘာဖြစ်လို့ ရန်ဘက်ချင်း ကိုပဲ စိတ်ဝင်စားနေရတာလဲ .."

"ဩော် .. သူတို့က အရမ်းချမ်းသာတယ်လေကွာ .."

"ချမ်းသာတော့ .."

"ကျေးဇူးဆပ်ခံရမယ်ဆိုရင်လည်း မင်းအတွက် .."

"ဘာမှမယိုချင်ဘူး .."

"နေရာသီ .."

"ပြော .."

"မင်း တစ်ခုခုတော့ ဖြစ်နေပြီ .."

"ဘာမှမဖြစ်ဘူး .."



"ဖြစ်နေပါတယ်ကွာ .. မင်း ရန်ဘက်ချင်း ကိုလေ .."

နေရာသီ က စာအုပ်စင်ကို အလုပ်မရှိအလုပ်ရှာ ဖွနေရင်း လှည့်ကြည့်သည်။ မင်းမင်းဦး ကလည်း ပြန်ကြည့်ပြီး ခေါင်းငုံ့ညိတ်ကာ ..၊

"ဟုတ်တယ်လေ .. ငါစဉ်းစားလို့ရတာ ဒါပဲရှိတယ် .."

"ဘာလို့ စဉ်းစားနေလဲ .."

"စဉ်းစားစရာဖြစ်လာလို့လေ .. ရန်ဘက်ချင်း အကြောင်း မင်းအပြောကိုမခံဘူး၊ ပြီးတော့ ဒီနေ့တစ်မနက်လုံး ဘာမှလည်းမလုပ်ဘဲနဲ့ မင်းဖြစ်နေတာ မျောက်ငါးပိကိုင်မိတာကျနေတာပဲ၊ ရန်ဘက်ချင်း ကို မင်း သဝန်တိုနေတာ ..'

"လျှောက်ပြောနေပြန်ပြီ .."

"မင်းရှေ့မှာ ရပ်ပြောနေတာပါ၊ ဒီမှာ ငါ့ကိုကြည့်စမ်းပါ .."

"ကြည့်ချင်စရာရှိမှ ကြည့်မှာပေါ့ကွ .."

နေရာသီ စာအုပ်စင်ရှေ့ကမခွာဘဲ သူ့ဘက်ကိုလည်း မလှည့်ဘဲနေသဖြင့် မင်းမင်းဦး က သူ့ရှေ့ စားပွဲစွန်းမှာ သွားထိုင်ပြီး လက်ပိုက်ထားလိုက်ကာ ..၊

"နာမည်က ဘာ .. အနှစ်သား .. ဟုတ်လား ဟုတ်တယ်မို့လား"

"မင်းမင်းဦး တိတ်တိတ်နေစမ်းပါကွာ .."

"မနေနိုင်ဘူး ဟေ့ကောင် .. မင်း ဘာဖြစ်နေလဲဆိုတာ ငါသိရမှဖြစ်မယ်၊ အဲဒီ အနှစ်သား က တော်တော်လှသလား .."

"သိချင် သွားကြည့်ပေါ့ .."

"အေးပါ .. ထားလိုက်တော့၊ မင်း သူတို့အိမ်မှာ ဘယ်လောက်ကြာအောင်နေခဲ့တာလဲ .."

နေရာသီ စာအုပ်နှစ်အုပ်ကို ထပ်ကိုင်ထားရင်း သူ့ကိုမော့ကြည့်၏။ ပြီးတော့ ခါးမတ်မတ်ပြန်ရပ်လိုက်ပြီး ..၊

"ငါ .. ဦးကျော်မျိုး တို့ဆီ သွားလိုက်ဦးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မေးနေတာကို မဖြေဘဲနဲ့ လုပ်ပြီ .."

"ဒီတိုင်းနှုတ်ဆက်ပြီး ပြန်သွားလို့မကောင်းဘူး၊ ဒီမှာနေတည်းက သူ့ဆီလာနေဖို့ ခဏခဏဖုန်းဆက်ဖူးတယ် .."

"နေရာသီ မင်း ရှောင်ထွက်သွားနိုင်လည်း ငါမေးတာကို မင်း ဖြေပြီးသွားပြီဆိုတာ နားလည်တယ်နော် .."

"ဘာ!..."

"ဟုက်တယ် .. အနှစ်သား ဆိုတဲ့နာမည်ကြားမှ မင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားတာ .."

"ဒီမှာ ကိုင်ထားတာ မမြင်ဘူးလား၊ ခြေထောက်က ကိုင်ဖို့မဟုတ်ဘူး .. လမ်းလျှောက်ဖို့ .."

စာအုပ်ကိုပြ၍ သူ့ပခုံးကို ဘုန်းခနဲရိုက်ပြီး နေရာသီ က ထွက်လာခဲ့သည်။

မေ့ထားလိုက်ဖို့ ဆုံးဖြတ်လိုက်ရတာ ရင်ထဲမှာ ဆုံးဖြတ်ချက်က လှုပ်လီလှုပ်လဲ့ရယ် ..၊

အလိုက်ကမ်းဆိုးမသိ မေးလိုက်တဲ့မေးခွန်းတွေ ..၊

ကိုယ့်ရင်ဘတ်နဲ့ကိုယ် ဘာရှိရှိ ..။



## အခန်း (၃၁)

"စဉ်းစားပါဦး သမီးလေးရယ် .. အန်တီတို့ကလေ .."

"အန်တီတို့က ကိုယ့်သားအတွက် အများကြီးလုံးပမ်းနေကြတာ အနှစ် သိပါတယ်၊ ဒီပြစ်မှုထဲမှာ မပါအောင် ဒါကို ဘယ်သူမှထပ်ငြီး သံသယမဖြစ်အောင် .."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အိမ်ထောင်ရေးထိခိုက်ရင် သမီးလည်း .."

"အနှစ် က ထိခိုက်ခဲ့ပြီးသားပါ၊ အနှစ် တင်မကဘူး၊ ဒီအိမ်ထောင်ရေးစပြီဆိုတည်းက အနှစ် တို့ မိသားစုတစ်ခုလုံး ထိခိုက်နစ်နာခဲ့ကြတာ.."

"အိမ်ထောင်သက်တမ်းက တစ်လနှစ်လတည်းလည်း မဟုတ်တော့ပါဘူး သမီးရယ် .. လင်နဲ့မယားမှာ အနည်းနဲ့အများတော့ နားလည်ခွင့်လွှတ်မှုတွေ အပြန်အလှန် .."

"တစ်ဖက်သတ်ကိုပေးထားခဲ့တာပါ၊ ပြောရမယ်ဆို .. သူ့မိဘဆွေမျိုးတောင်မှ သည်းခံနိုင်မှာမဟုတ်တဲ့ မိုက်ရိုင်းဆိုးသွမ်းမှုမျိုးတွေရောပဲ .."

ဒေါ်ခင်နှောင်း မျက်နှာပျက်နေလျက် ခံရခက်သွားသည့် အမူအရာတွေလည်း ဖျတ်ခနဲ ထင်သွားတတ်၏။ သို့သော် မိသာကရိပ်တွေသာ အားပြင်းစွာ လွှမ်းခြုံနေခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် အန်တီ အနူးအညွတ်တောင်းပန်ပါတယ်ကွယ် ..၊ သမီး အန်ကယ်လ်ကဆို သမီးတို့မိသားစုကို အရမ်းကိုယုံကြည်အားကိုးတာ၊ သမီးတို့အနေနဲ့ ဒီပြဿနာကို တက်နိုင်သလောက် ဖြေရှင်းပေးကြမှာ ပါလို့တောင် ပြောနေတာသိလား .."

ဦးမြင့်မောင် မျက်နှာတင်းသွားသည်။ ဒေါ်သဲနှစ် က လက်ကို ဖိဆုပ်၍ သတိပေးလိုက်သဖြင့် ဘာမှမပြောဘဲ နေလိုက်ရကာ ..၊

"ပြောပေးပါဦး သဲ ရယ် .. ကိုယ်တို့က ဒီအမှုနဲ့ပတ်သက်တာ တွေကို ဖြေရှင်းမှာပါ၊ သဲ တို့ ဘာမှခေါင်းမရှုပ်ရပါဘူး၊ အခု .. အခု ပြောချင်တာက သားနဲ့သမီး ဘာမှမဖြစ်သလိုမျိုးပဲ .. နောက်ထပ် .."

"ဘယ်လိုပြောလိုက်တာလဲ ခင်နှောင်း ရယ် .. ဒီအမှုကိုဖြစ်ဖြစ် ဘယ်လိုအမှုပဲဖြစ်ဖြစ် သားနဲ့သမီးကို လက်ထပ်ပေးဖို့ သဘောတူပြီး တည်းက ခင်နှောင်း တို့ရဲ့သားကို တို့သားလိုပဲ လက်ခံခဲ့တာပါ .."

"သိပါတယ် သဲ ရယ် .. ခုလည်းလေ .."

"အိမ်ထောင်ရေးအကြောင်းပဲ ပြောကြရအောင် မခင်နှောင်း .."

ဦးမြင့်မောင် မျိုသိပ်မထားနိုင်တော့သဖြင့် တည်ငြိမ်ပြတ်သားစွာ အရေးဆိုလာ၏။ ဧည့်ခန်းထဲမှာ လက်ထပ်စဉ်က သက်သေပါဝင်ခဲ့ကြ သော မိတ်ဆွေရင်းတွေချည်းရှိနေကြကာ ဒေါ်ခင်နှောင်း ကလည်း ဆွေမျိုးမကင်းတွေမို့ ယုံကြည်စိတ်ချစွာ ခေါ်လာခဲ့တာဖြစ်သည်။

သားသမီးတွေလက်ထပ်ပေးခဲ့တုန်းကတော့ မိသားစုနှစ်စုက တစ်စု တည်းလိုရင်းနှီးချစ်ခဲ့ကြသည်။ သူ့သားရယ်၊ ကိုယ့်သမီးရယ် မသတ် မှတ်ဘဲ ချစ်ကြည်ဖြူကြေးဆိုတဲ့ ကတိတွေနဲ့ နှုတ်ဆက်ခဲ့ကြ၏။

ခုတော့ တစ်မိုးပြင်ပြင်ပါ။

တကယ်ဆို ဒေါ်ခင်နှောင်း မြန်မာပြည်ကို ရောက်လာတည်းက ကိုယ့်သားရှိတဲ့ ခမည်းခမက်အိမ်ကိုပဲ တန်းတန်းမတ်မတ်ရောက်လာခဲ့ သင့်တာဖြစ်သည်။



သားမရှိသည့်အိမ်က သူစိမ်းပါပဲဆိုသည့် သတ်မှတ်ချက်မျိုးနှင့် တခြားဆွေမျိုးနီးစပ်အိမ်မှာတည်းပြီး အမှုကိစ္စတွေကို ဖြေရှင်းနေခဲ့သည့် အဖြစ်ဟာ ..၊

"ဒီအမှုကိစ္စမဖြစ်ခင် သုံးရက်ကျော်က မခင်နှောင်း ကို ကျွန်တော် တို့ ပြန်လာပေးဖို့အကြောင်းကြားခဲ့တာပါ၊ ဒါတော့ မှတ်မိတယ်မို့လား.."

"မှတ်မိပါတယ် .. ကျွန်မတို့လည်း .."

"ထားလိုက်ပါ .. ကျွန်တော်တို့လိုချင်တာ ဒီအမှုမဖြစ်ခင်တည်းက သမီးရဲ့ အိမ်ထောင်ရေးကိစ္စကို အပြီးသတ်ဆွေးနွေးကြဖို့ ဆုံးဖြတ်လုပ် ဆောင်ခဲ့တယ်ဆိုတာပဲ .."

"ဒီလိုရှိပါတယ် ကိုမြင့် ရယ် .."

တစ်ယောက်က လည်ချောင်းတစ်ချက်ရှင်းရင်း ဝင်ပါလာကာ ..၊

"အစတည်းက စိတ်အခံဖြစ်နေခဲ့တာရှိရင်တောင် ခုလို အခြေအနေ မျိုးမှာ .."

"စကားဖြတ်ပြောခွင့်ပြုပါ၊ ဒီကိစ္စကို သမီးသဘောလို့ ပြောပြီး သားပါ၊ ဒါပေမယ့် သမီးက လက်ခံစဉ်းစားဦးမယ်ဆိုရင်တောင် သူ့ ဆုံးဖြတ်ချက်ကို ဒီခြံဝင်းထဲမှာ ဆုံးဖြတ်ခွင့်မပြုနိုင်ဘူး .."

အလွန်အမင်းခံစားနေရသည့်စိတ်ဖိစီးမှုတို့သည် ဦးမြင့်မောင် ၏ အဖျားခတ်တုန်ယင်နေသော စကားသံတို့က သက်သေခံနေကြ၏။

နှစ်ဖက်လူကြီးတွေက နှစ်ဦးစလုံး ပြန်လည်ငြိမ်းချမ်းအောင် ရင် ကြားစေ့ပေးကြဖို့အတွက် ဒေါ်ခင်နှောင်း နှင့်အတူ လိုက်ပါလာကြတာ ဖြစ်သည်။

ဒါပေမယ့် မိန်းကလေးရှင်ဘက်က ဘယ်လိုမှ ငြိမ်းချမ်းချင်ဖွယ် မရှိသည့်အဖြစ်နှင့် ပတ်သက်ပြီး ..၊

"သူတို့ရဲ့အိမ်ထောင်သက်တမ်း ဘယ်လောက်ပဲကြာကြာ ကျွန်တော် အဖေတစ်ယောက်အနေနဲ့ ပြောရရင် နားနဲ့မနာ ဖဝါးနဲ့နာပါဗျာ .. သူတို့

www.burmeseclassic.com



ချင်း လင်မယားမည်ခဲ့တာမဟုတ်ပါဘူး ..”

“အဖေကြီးရယ် ..”

အားလုံးအံ့အားသင့်ကာ မျက်စိမျက်နှာတွေ ပျက်နေကြ၏။ ဦးမြင့်မောင် က ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ဒေါ်ခင်နှောင်း ကိုပဲ စူးစိုက်ကြည့်၍ ..၊

“ကျွန်တော်က ဖအေဖြစ်နေပြီး ဒီလောက်ထိ ပြောနေရသလားလို့ ခင်ဗျားတို့ထင်မှာပဲ၊ အဲဒီ ဖအေရှေ့မှာပဲ ရန်ဘက်ချင်း က သူ့ သမီးကို လင်မယားအရာမထားနိုင်ပါဘူးလို့ တရားဝင်တောင်းဆိုခဲ့တာပါ ..”

“ဟင်!...”

ဒေါ်ခင်နှောင်း က ဟင်ခနဲဖြစ်သွား၏။ ကျန်သည့်လူကြီးတွေ မျက်နှာတွေပူကာ ဦးမြင့်မောင် အတွက် နှစ်သိမ့်ပြုးကို မျက်နှာခပ်ငုံ့ငုံ့နှင့် ပေးခဲ့ကြလျက် ..၊

“သမီးနဲ့ အခန်းခွဲအိပ်ဖို့ မိဘတွေဆီမှာ သူပဲ ခွင့်တောင်းခဲ့တယ်၊ ကျွန်တော်တို့လည်း သူတို့ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပေးခဲ့ကြပါတယ် ..”

“ဒါ .. ဒါက .. အစ်ကိုမြင့် ရယ်၊ သူတို့လူငယ်ချင်း ဘယ်လို ပြဿနာရှိလို့ ဒီစကားသံထွက်လာသလဲဆိုတာ တစ်ချက်လောက်တော့..”

ဒေါ်ခင်နှောင်း က မရဲတရဲဝင်ပြီး ဖြေရှင်းဖို့ ကြိုးစား၏။ ဦးမြင့်မောင် မျက်နှာညိုမှောင်သွားခဲ့ပြီး ..၊

“ယောကျ်ားလေးကိုယ်တိုင် တောင်းဆိုခဲ့တဲ့ကိစ္စကို ကျွန်တော် အဖေတစ်ယောက်က ဒီထက်ထဲထဲဝင်ဝင် စုံစမ်းရဦးမှာလား မခင်နှောင်း...”

“ဒီလိုတော့ မဟုတ်ရပါဘူး အစ်ကိုမြင့် ရယ် .. ကျွန်မက ..”

ထိုစဉ် ဒုရဲအုပ်ကိုလင်းမောင် ဝင်လာသဖြင့် အားလုံးစကားစြတ်သွားပြီး လှမ်းကြည့်ကြ၏။ ပြီးမှ ဒေါ်ခင်နှောင်း က ဆက်၍ ..၊

“သားလေးကို အစ်ကိုမြင့် တို့ ချစ်ကြမှန်း ကျွန်မတို့သိပါတယ်၊



သားကလည်း သိတယ်လေ .. ဒါကြောင့် မိဘအပေါ် ဆိုးသလိုမျိုး ..”

“ဒါဆို မိဘလိုသဘောထားပြီး ခင်ဗျားတွေ ဥစ္စာရှုးတွေ ပြော သွားတာလား ..”

“ဟင်!...”

“ကျုပ်ကို သူ့လုပ်ငန်းတွေကို ချုပ်ကိုင်အပိုင်ကြံဖို့ကြိုးစားတယ်လို့ မျက်နှာကြည့်ပြီးပြောတယ်၊ ကျုပ် အိပ်ရာထဲလဲနေတဲ့အချိန်မှာ အရက်တွေမူးလာပြီး စာရွက်စာတမ်းတွေနဲ့ ဖိုင်တွေကို မားပြတိုက်သလိုလုယူတယ်၊ ပြီးတော့ သမီးကို အစမ္မကျင့်ဖို့ကြိုးစားခဲ့တယ် ..”

“အို ...”

ဒေါ်ခင်နှောင်း မျက်နှာငုံ့သွားခဲ့လေသည်။

“ဒီတော့ တော်သင့်ပြီ မခင်နှောင်း ခင်ဗျားလည်း ကိုယ့်သား ဒုက္ခရောက်ပြီဆိုတော့ မဖြစ်မနေရောက်လာပြီး ဖြေရှင်းရတယ် ..”

ဆိုလိုချင်တာက ကိုယ့်ဘက်က ပြောရေးဆိုတာပေါ်လာလို့ ခေါ်တုန်းကတော့ မလာခဲ့သည့်အဖြစ်ကြောင့် ..၊

“ကျွန်တော်တို့ကလည်း ကိုယ့်သမီးဘဝပျက်ခဲ့ရတဲ့ကာလတစ်လျှောက်လုံးအတွက် ပြန်ပေးဆပ်ဖို့ကြိုးစားရတော့မယ်၊ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်မှာ ကိုယ့်ပြဿနာတွေနဲ့ ကိုယ်ပါ ..”

ဒီစကားရဲ့ဆိုလိုရင်းသည်လည်း စည်းလုံးနေကြဖို့မလိုတော့သည့် အသွင်ဆောင်နေခဲ့လျက် ..၊

“အခု မခင်နှောင်း တို့မှာ ပြဿနာကြီးနေသလို ကျွန်တော်တို့ကလည်း မင်္ဂလာမရှိတဲ့စကားကိုပဲ ပြောရတော့မယ်၊ ကလေးနှစ်ယောက်ကို ဒီနေရာမှာပဲ တစ်ခါတည်း ကွာရှင်းပြတ်စဲဖို့ ..”

“အစ်ကိုမြင့် ရယ် ..”

“အဲ့ဒါတွေက အနှစ် ကိုယ်တိုင်ဆုံးဖြတ်ထားတာ အန်တီ .. သူ့ကို နောက်ထပ် တစ်နာရီလောက်တောင် လင်မယားမတော်နိုင်ဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



"အန်တီပြောတာကို နည်းနည်းလောက်ဆုံးအောင် နားထောင်ပေးပါဦး သမီးရယ် .. နော် .."

တောင်းပန်ရင်း လက်တကာကာနှင့် ရှိနေသဖြင့် အနှစ် ဆက်မပြောဘဲ နားထောင်နေလိုက်သည်။

"သားကို မပေါင်းရပါဘူး၊ ဒါပေမယ့် ရှိခဲ့တဲ့သံယောဇဉ်လေးကို ငဲ့ပြီး ဟိုလေ .. အန်တီတို့တွေ ချစ်ခင်ခဲ့ကြတာကိုပြောတာပေါ့၊ အဲ့ဒီ ရင်းနှီးမှုလေးကိုတော့ ငဲ့ပါကွယ် .. သမီး ဒီတိုင်း တစ်နှစ်လောက်ပဲ သည်းခံပြီး .."

"ဘာကိုလဲ အန်တီ .."

"ဒီ .. ဒီတိုင်းလေးရှိနေပေးဖို့ပါ၊ သားကို အန်တီက ပြန်ခေါ်သွားမှာပါ၊ ဒီမှာ သမီးနဲ့သား အရင်လိုပဲ အတူတူနေကြတဲ့ပုံစံ .."

"ဒါဆိုလည်း အခု ကွာရှင်းခြင်း မကွာရှင်ခြင်းက ဘာထူးသွားမှာမို့လို့လဲ .."

"ထူးတာပေါ့ သမီးရယ်၊ နှစ်ဦးနှစ်ဖက်ရဲ့ ဂုဏ်သိက္ခာကို ရသမျှ အဖက်ဆယ်နိုင်ဖို့ပါ၊ သမီးဘေးမှာ ရန်ဘက်ချင်း ဆိုတဲ့ ယောကျ်ားကို ပုံမှန်အတိုင်း မြင်နေရရင် တစ်ဖက်မှာ ရင်ဆိုင်နေရတဲ့အမှုကို ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူးလေ .."

"ဘယ်လို .. အန်တီ ဘာပြောလိုက်တယ် .."

ပြန်ခေါ်သွားပါမည်လည်းပြောခဲ့သည်။ ပုံမှန်အတိုင်း ဒီမှာ မြင်နေရရင်ဆိုတာ အနှစ် သာမကဘဲ နားထောင်နေတဲ့သူတွေပါ နားရှုပ်ကုန်ကြ၏။

ဒေါ်ခင်နှောင်း ကိုယ်တိုင် ဘာက ပြန်စပြီး ရှင်းပြရမှန်းမသိဖြစ်သွား စဉ် ...၊

"ဒီလို ညီမ .."

ကိုလင်းမောင် ခုနဝင်လာပြီး ဝင်မထိုင်ဘဲ ဘယ်ပျောက်သွားသည်



ကို သတိမထားမိလိုက်ပေ ...။ ခုကျမှ အနှစ် ရဲ့ မျက်နှာချင်းဆိုင် မကျတကျ ဆိုဖာအစွန်းတစ်ဖက်မှာ ဝင်ထိုင်ကာ ...၊

"အန်တီ့စကားတွေ နားထောင်ရတာ ဘယ်သူမှ မသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ထည့်မပြောမိတဲ့ပုံပဲ၊ အဲ့ဒါကို အစ်ကိုရှင်းပြမယ် နော် .."

"ဟင် .. ဟုတ်တယ် .. အဲ့ဒါကိုလေ .. အဓိက အရေးကြီးတာကို အန်တီ မပြောမိဘူး၊ ခေါင်းထဲမှာလည်း နောက်ကျိုနေပါပြီကွယ် .."

ဒေါ်ခင်နှောင်း ခုကျမှသဘောရကာ ကိုလင်းမောင် ကို အားကိုးတကြီး ကြည့်၍ ဆက်ပြောပေးဖို့ အမူအရာနဲ့ တောင်းဆိုနေ၏။

"အစ်ကို ညီမကို ဖုန်းဆက်တည်းက ပြောပြချင်တာပါ၊ ဒါပေမယ့် ကာယကံရှင်က မပြောဖို့တားဆီးခဲ့လို့ .."

"ဘာများလဲ မောင်လင်းမောင် .. ဘာကိစ္စမို့လို့လဲ .."

ဒေါ်သဲနှစ် စိတ်စောစွာမေး၏။ ကိုလင်းမောင် က လူကြီးတွေကိုပါ ဝေ့ကြည့်လိုက်ကာ ...၊

"ခုလို မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ ပတ်သက်တဲ့ မှောင်ခိုသမားတွေကို ဖမ်းမိတာရော၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရန်ဘက်ချင်း အထိမနာအောင် အချိန်မီကာကွယ်နိုင်ခဲ့တာရော၊ အားလုံးက တစ်ယောက်သောသူရဲ့ ကူညီမှုကြောင့်ပါ .."

အားလုံး စိတ်ဝင်တစားတိတ်ဆိတ်နေကြ၏။ သို့သော် ကိုလင်းမောင်က ဆက်မပြောသေးဘဲ ကိုင်ထားသည့်ဖုန်းကို ဖွင့်တော့မလိုလိုနှင့် နာရီကြည့်သည်။

ပြီးတော့ တံခါးဘက်ကို သမင်လည်ပြန်ကြည့်၏။ ပြီးမှ ...၊

"အဲ့ဒါကို ပြောပြရမှာဆိုရင်လည်း တစ်ခါတည်း မိတ်ဆက်ပေးချင်လို့ပါ .. သူက .."

စကားမဆက်နိုင်ဘဲ နောက်ထပ် လှည့်ကြည့်မိပြန်သည်။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းဘီရှည်အဖြူ ဘီလူးရုပ် အဖြူ အပြာ ဖျော့ကွက်စိပ်နှင့် အဝါရောင်ဂျက်ကက်ကို ဝတ်ထားသော နေရာသီ က တံခါးဝမှာပေါ်လာခဲ့၏။

"ဟင် ..."

"ရန်ဘက်ချင်း ပါလား .."

ဧည့်ခန်းထဲက လူစုံတက်စုံကို မြင်လိုက်ရမှ နေရာသီ တုံ့ခနဲဖြစ်သွားသည်။ ပခုံးတစ်ဖက်ပေါ်မှာတင်ထားသည့် ကျောပိုးအိတ်လေးကို ထပ်ဆွဲတင်လိုက်ရင်း တစ်ယောက်ချင်းစီကို လိုက်ကြည့်နေမိသည်။

ဦးမြင့်မောင် သည် အားလုံးထဲမှာ စိတ်လှုပ်ရှားဆုံးဖြစ်ကာ ဖြတ်တောက်မည်ဆိုကာမှ အမျှင်တန်းနေမှာမျိုးကို မလိုလားနိုင် ..၊

"ဒီကလေးက ဒီကိုဘယ်လိုလုပ်ရောက်လာရတာလဲ .."

ဒီအချိန်ဆို သံတိုင်တွေရဲ့နောက်မှာ နှောင်တများစွာနဲ့ ငိုကြွေးနေသင့်သည့်အပြစ်သား ..။

"သူက ရန်ဘက်ချင်း မဟုတ်ပါဘူး အန်ကယ်လ် .. သူ့နာမည်က နေရာသီ ပါ .."

နေရာသီ ...၊

အနှစ် အသိမဲ့သွားသကဲ့သို့ စူးစိုက်ငေးကြောင်သွားခဲ့၏။ ပြီးတော့ နေရာမှတဖြည်းဖြည်းထရပ်လေသည်။

"နေရာသီ .. ရန်ဘက်ချင်း က ဘယ်လိုလုပ် နေရာသီ ဖြစ်သွားတာလဲ .."

"ဒါ .. ဒါ ဘယ်လိုဖြစ် .."

မေးဖို့တောင် ဆွံ့အနေတဲ့သူက ထစ်ငေါ့နေဆဲဖြစ်ကာ ဘယ်သူမှ မယုံနိုင် ..၊

အနှစ် ကတော့ ယုံကြည်သည်။

ဒီလောက်ထိ ခွဲမရအောင်တူနေသူနှစ်ဦး ရှိနေနိုင်တာကို မတွေးခဲ့သော်လည်း ရှိနေပြီကို သိလိုက်ရတာနှင့် အားလုံးကိုနားလည်သွားခဲ့၏။



နေရာသီ ကလည်း အံ့ဩနေသော မျက်လုံးတွေကို ကျော်လွှားကာ သူ့ထံမှာ စူးစိုက်နေခဲ့သည့် အနှစ် ရဲ့ မျက်ဝန်းလေးတွေကိုသာ ပြန်လည်ငေးကြည့်နေမိ၏။

ပြီးတော့ မရည်ရွယ်ဘဲ နောက်ဆုတ်လိုက်မိသည့် ကိုယ့်ခြေလှမ်းကိုလည်း သတိထားမိနေသည်။ အနှစ် ကတော့ သူ့မျက်ဝန်းတွေကအစ လှုပ်ရှားမှုတိုင်းကိုပါ စူးစိုက်ကြည့်နေဆဲဖြစ်ကာ ..၊

"နေရာသီ .."

နှုတ်ခမ်းဖျားလေးတွေ လှုပ်ခတ်သွားခဲ့ရင်း ဟိုတစ်ညက ကောက်ရခဲ့သည့် ဖုန်းထဲက နာမည်ကို သတိရလိုက်၏။

ထို့ပြင် သူ ပြောခဲ့ဖူးသော စကားတွေ ..၊

'မင်းကိုတော့ ကိုယ်မမုန်းပါဘူး ..'

'မင်းနဲ့မှ ကိုယ်စကားတွေ ပြောချင်နေတာ ..'

'မင်းတစ်ယောက်တည်းကိုပဲ နားလည်ခွင့်လွှတ်ပေးစေချင်တာ..'

'ကိုယ့်ကို ဘာလို့မုန်းတာလဲ ..'

'ကိုယ်ပြန်ရောက်လာမှ မင်းအပေါ် ဘာတွေထပ်ဆိုးခဲ့သလဲ ..'

'ကိုယ် မင်းအပေါ် မဆိုးချင်ဘူး အနှစ် ..'

'မင်းနဲ့ မုန်းရတဲ့အဖြစ်ကို မလိုချင်ဘူး ..'

'နူးညံ့တဲ့စိတ်တွေ ဖြစ်လာတဲ့အချိန်မှာ မင်းကိုချစ်တဲ့စိတ်တွေ ဖြစ်လာမိတယ်ဆိုရင်ရော ..'

'ကိုယ်ပြောချင်တာက ရန်ဘက်ချင်း နှစ်ယောက်လို့ ခွဲခြားကြည့်ပြီး ..'

သူ့စကားတွေကို ပြန်တွေးမိရင်း အနှစ် မျက်တောင်ခတ်ဖို့သတိရသွားသည်။ ထိုစဉ် ကိုလင်းမောင် က နေရာမှထရပ်လိုက်ပြီး နေရာသီ့ဆီ လျှောက်သွား၏။

"တကယ်တော့ ကျွန်တော်ကိုယ်တိုင် ဆေးရုံတင်ပေးပြီး အိမ်

www.burmeseclassic.com

www.burmeseclassic.com



အရောက်ပြန်ပို့ခဲ့တာ ရန်ဘက်ချင်း မဟုတ်ပါဘူး၊ အဲဒီအချိန်မှာ ချင်းကလည်း နယ်စပ်က အရောင်းအဝယ်တစ်ခုမှာ ကြားညပ်ပြီး ခြေရာပျောက် ထွက်ပြေးနေရတော့ သူ့ကို ချင်း လို့ပဲထင်ခဲ့တာ ..”

“ဖြစ်ရလေ .. ဒီလောက်တောင်တူနေရသလား ..”

“ဘာမှလည်း မတော်ဘဲနဲ့ ..”

ဒါတွေကို သိထားပြီးသည့် ဒေါ်ခင်နှောင်း က မျက်ရည်ဝဲနေသည့် မျက်ဝန်းတို့ကို မျက်တောင်ခတ်ထုတ်ပစ်ရင်း ...၊

“ဟုတ်ပါတယ် .. ဘာမှမတော်စပ်ပါဘူး၊ ဒါပေမယ့် ဒီကလေးက ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး၊ မုလို အခြေအနေတွေ အဆိုးရွားဆုံး မဖြစ်ခဲ့တာ သူ့ကြောင့်ပါ၊ အဲ့ဒါကြောင့် .. အဲ့ဒါကြောင့် ကျွန်မပြောချင်တာက အစ်ကိုမြင့် တို့ကို သူ့ကို ရန်ဘက်ချင်း အဖြစ်နဲ့ ..”

“ဟာ .. အန်တီ ..”

နေရာသီ အသံ ချက်ချင်းထွက်လာလျှင် ကိုလင်းမောင် က သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...၊

“ဒီလိုပါ .. အစ်ကို ရှင်းပြဦးမယ် ..”

အစချီကာ အနှစ် ကို လှည့်ကြည့်သည်။ ပြီးမှ ...၊

“ခုန အန်တီပြောခဲ့တဲ့ ချင်း ကို ဒီမှာ ပုံမှန်အတိုင်း မြင်နေရတယ်ဆိုတာက ညီလေး နေရာသီ ကို ဒီမှာ ..”

“ပြောရက်လှချေလား အစ်ကိုလင်းမောင် ..”

အနှစ် က ရပ်နေရာကနေ ရှေ့ကိုတစ်လှမ်းချင်းလျှောက်ထွက်လာကာ ...၊

“ရန်ဘက်ချင်း ရဲ့ ရာဇဝင်အစွန်းအထင်းဖြစ်မကျန်ခဲ့အောင် ကျွန်မက ယောကျ်ားနှစ်ယောက်နဲ့ ..”

“ဟာ .. အဲ့လိုမဟုတ်ဘူး ညီမ၊ ညီလေးကို ဒီထိခေါ်လိုက်တာအစ်ကို လူမှားပြီး ခေါ်လာခဲ့တာကိုရော၊ သူ့ဘက်ကလည်း တတ်နိုင်



သလောက် ကူညီခဲ့တာတွေ ရှိတယ်ဆိုတာ ရှင်းပြချင်လို့ပါ၊ အန်တီပြောနေတဲ့ကိစ္စမှာ အစ်ကိုက ဘယ်ဘက်ကမှ ဝင်မပါပါဘူး၊ ညီမတို့ချင်း ဆွေးနွေး ..”

“ဆွေးနွေးဖို့ မလိုပါဘူး .. ပြောခဲ့တာတွေလည်း တော်တော်များနေပါပြီ၊ ဒီတော့ အခု အားလုံးကို မေတ္တာရပ်ခံပါတယ်၊ ကျွန်မအိမ်ထဲက ထွက်သွားပေးကြပါ ..”

“သမီး ...”

“ကျွန်မ ဒီ့ထက်မရှိင်းချင်ဘူး အန်တီ .. ကုန်ကုန်ပြောလိုက်မယ် အိမ်မှာ ရန်ဘက်ချင်း ဆိုတဲ့ နာမည်ပါတဲ့ စာရွက်စုတ်တောင် မထားဘူး၊ အခု အားလုံးပြန်ကြတာနဲ့ တစ်အိမ်လုံးကို နံ့သာရည်နဲ့လောင်းပြီး အမှုရာယ်ကင်းပရိတ်တရားပါ နာပစ်လိုက်မယ်၊ ကျွန်မအိမ်မှာ အကုသိုလ်တင်းပြီ ..”

ဒေါ်ခင်နှောင်း နေရာမှ ဆတ်ခနဲထရပ်လိုက်သည်။ အဆုံးစွန်ကျ ဖွင့်ထုတ်လိုက်သည့် မာနနှင့် ဒေါသစိတ်သည် တစ်ကိုယ်လုံးမှာ တင်ထားသည့် စိန်ထည်တို့ထက်ပို၍ ရူးတောက်လာခဲ့လျက် ...၊

“အန်တီကလည်း အခု လက်ရှိလည်ပတ်နေတဲ့လုပ်ငန်းတွေရှိသားတဲ့ ဘက်ဂျက်တွေအားလုံးကို သားလေးရဲ့ ဂုဏ်သိက္ခာအတွက်ကြောင့် ခေါင်းလောင်းထိုးလျှသလို ဒီတိုင်းထားခဲ့ဖို့ စိတ်ကူးခဲ့တာပါ ..”

တစ်ဖက်သက်ဆန်ဆန် ရယူလိုမှုများသည် ဒေါသကြောင့် ရပ်လုံးပေါ်လာခဲ့၏။ ဒေါ်ခင်နှောင်း မျက်နှာတစ်ပြင်လုံးနီရဲတင်းမာနေခဲ့ပြီး..၊

“မင်းအတွက် တစ်ခုလပ်ဘဝမရောက်ရအောင်၊ ပြီးတော့ ငါ့သားအလည်း ဒီတိုင်းလှလှပပလေး ရှေ့ဆက်နိုင်အောင် ငါ ပုံပေးခဲ့မှာပေါ့သူပြီး ဟန်မပျက်နေသွားရုံပဲကို .. မင်းက ..”

“မခင်နှောင်း .. ခင်ဗျားစကားတွေကို ဒီမှာတင်ရပ်ပြီး ကျုပ် ချက်ချင်း ကျုပ်အိမ်ထဲက ထွက်သွားပေးပါ ..”

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မောင် ဆတ်ခနဲထရပ်လိုက်၏။ သို့သော် ကတုန်ကယင်ဖြစ်လာပြီး တဖြည်းဖြည်းပြန်ထိုင်ကျသွားကာ ..။

"သွားကြပါ .. ကျေးဇူးပြုပြီး .."

"သွားကြပါတော့ရှင် .. ရှင်တို့ ဘယ်လိုလူတွေလဲ ခုကစပြီး ကျွန်မတို့မိသားစုနဲ့ ဘာပတ်သက်မှုမှမရှိတော့ဘူး၊ ဘာမှလည်း သတင်းမပို့ပါနဲ့၊ တောင်းပန်နေတာပါ .. ထွက်သွားကြပါတော့ .."

ဒေါ်သဲနှစ် ခင်ပွန်းသည်ကို တွဲကူရင်း ခပ်ရိုင်းရိုင်းပဲနှင်လွှတ်လိုက်မိသည်။ ဒေါ်ခင်နှောင်း က အားလုံးကို စူးစူးရှါးရှါးကြည့်ပြီး ထွက်သွား၏။

သူမ၏ နောက်လိုက်နောက်ပါ မိတ်ဆွေရင်းချာကြီးတွေလည်း အသီးသီးထထွက်သွားကြပြီး ..၊

"မောင်လင်းမောင် .."

"ကျွန်တော့်ကိုတော့ မနှင်ပါနဲ့ အန်တီ .. ကျွန်တော် ရှင်းပြပါရစေ"

"ကျေးဇူးပဲ မောင်လင်းမောင် .. မင်း သူ့ကို ချင်း နဲ့ မှားယွင်းပြီး ခေါ်လာပေမယ့် ဒီကောင်လေးက ရန်ဘက်ချင်း နဲ့ တခြားစီပါ၊ အိမ်မှာလည်း အများကြီးကူညီသွားပါတယ်၊ ဒါပေမယ့် အားလုံးစိတ်ထိခိုက်နေချိန်မှာ .."

"ရန်ဘက်ချင်း လို ဟန်ဆောင်နေခဲ့တဲ့ အဲဒီပုံတူမျက်နှာကို [illegible] မမြင်ချင်ဘူး၊ ဘယ်လောက်ပဲကောင်းအောင်နေနေ လိမ်ခဲ့တာ [illegible] ပဲ၊ သိရဲ့သားနဲ့ လိမ်တာပိုဆိုးတယ်၊ ခုလည်း ဒီအခွင့်အရေးကို [illegible] မလားလို့ .."

"အနှစ်သား .. မင်း ငါ့ကို မစော်ကားနဲ့ .."

နေရာသီ အသံက ဟိန်းထွက်လာသည်။ သူမနဲ့ သူ လက်[illegible] သာသာပဲကွာတာမို့ ရှေ့ထပ်တိုးဖို့ပြင်လိုက်တာနှင့် ကိုလင်းမောင် က ကမန်းကတန်းဆွဲထားလိုက်၏။



"သူ ဒီလိုမဟုတ်ပါဘူး ညီမရယ် .. ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိသိကူညီခဲ့တာတွေအတွက် စခန်းက ဂုဏ်ပြုလွှာဖိတ်တာတောင် သူ လက်မခံဘူး .."

အနှစ် က မျက်ခုံးလေးမသိမသာပင့်၍ တစ်ဖက်လှည့်၏။

ဖွတ်တိုးမပြောဘဲ နေနေသည့် နေရာသီ မျက်လုံးတွေကလည်း စူးစူးရဲရဲ ..။

ပြီးတော့ သူ့အကြောင်းကိုလူကြီးတွေဘက်လှည့်၍ ဆက်လက်ရှင်းပြနေသော ကိုလင်းမောင် ရဲ့လက်ကို ဖယ်ချပစ်လိုက်ပြီး အနှစ်ရှေ့တိုးကာ ..၊

"အဲ့ဒီအခွင့်အရေးတွေ ငါလိုချင်ရင် မင်း အော်ချိန်တောင်ရလိုက်မှာမဟုတ်ဘူး၊ အဲဒါကိုမင်းနားလည်၊ ငါ မင်းအိမ်မှာ လိမ်ညာနေခဲ့မိတာမှန်တယ်၊ အဲ့ဒါ ရန်ဘက်ချင်း နဲ့ ပုံမှားရိုက်ချင်လွန်းလို့မဟုတ်ဘူး၊ မင်း ငါ့ကို နောက်ထပ်မနှိုင်းနဲ့ .."

သူ့ဒေါသသံကြောင့် စကားပြောနေရင်းကနေ ဒေါ်သဲနှစ် တို့က လှမ်းကြည့်၏။ နေရာသီ စိတ်ထိန်းသလိုပင့်သက်ရှိုက်လိုက်သည်။ ပြီးတော့ လှုပ်ရှားနေသည့်စိတ်ကြောင့် ဆံပင်တွေထဲ လက်ထည့်ဖွပစ်ရင်းပြန်သပ်ချကာ ..၊

"မင်းရဲ့ ချီးထုပ်နဲ့ ငါ့ကို မနှိုင်းနဲ့ နောက် ဘယ်တော့မှ ထပ်တူပြန်မပြောနဲ့ အနှစ်သား .."

ရုတ်တရက် ပတ်ဝန်းကျင်ကိုမေ့ကာ သူမ မျက်နှာရှေ့မှာ တိုးကပ်၍ ..၊

"မင်း ဂုဏ်သိက္ခာကြောင့် ငါ သူ့ကို ဟိုရောက်မသွားအောင် ကူညီခဲ့တာ .."

အနှစ် ရဲ့ အရှက်ကိုကယ်ရင်း ထိုညမှာပဲ လူတစ်စုရဲ့အကြံအစည်တွေ၊ လမ်းကြောင်းတွေကို သူ သိခဲ့ရသည်။ ထို့ကြောင့် ကိုလင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



ကို အားလုံးပြောပြပြီး ရန်ဘက်ချင်း ဟိုရောက်မသွားအောင် တားဆီးနိုင်ဖို့ သူ ကူညီခဲ့သည်။

အရောင်းအဝယ်မှာ ရန်ဘက်ချင်း နာမည်ပါပေမယ့် လူကို မမိလိုက်တာ သူ့ကြောင့် ..။

သူ ကူညီခဲ့တာလည်း သူမကြောင့်ပဲဖြစ်သည်။

အနှစ် က သူ့မျက်ဝန်းတွေကို စူးရဲစွာပြန်ကြည့်နေလျက် ..၊

"အဲဒါကြောင့် ရှင့်ကို ကျွန်မက ကျေးဇူးတင်မယ်ထင်နေသလား.."

"ငါကလည်း မင်းအိမ်မှာ ကပ်နေလို့ တာဝန်ကျေချင်ခဲ့တာ မဟုတ်ဘူး .."

စကားသံတို့သည် ပို၍တိုးကျသွားခဲ့ပြီး နှစ်ကိုယ်ကြားသံနှုန်းအတိုင်း ..၊

"ငါ မင်းကို မထိခိုက်စေချင်တဲ့စိတ်ရင်းအတိုင်း လုပ်ပေးခဲ့တာ၊ ရန်ဘက်ချင်း ဘာတွေလုပ်ထားတယ်၊ သူ ဘာတွေဖြစ်သွားနိုင်တယ်ဆိုတာ ငါ မသိဘူး၊ ငါ သိတာ သူက မင်းယောကျ်ားပဲ .."

စကားဆုံးတော့ နောက်ကို ခြေလှမ်းပြန်ဆုတ်လိုက်သည်။ ပြီးတော့ ကျောပိုးအိတ်ကို လက်ဆန့်ချသည့်အတိုင်း တစ်ဖက်မှာ ဆွဲထားလျက်..၊

"အဲ့ဒီအတွက် ရန်ဘက်ချင်း နှစ်ယောက်မရှိဘူးလို့ မင်း မှတ်ထားရင် ရပြီ .."

"ဒီမှာ ရန် .. အဲ့ .. နေရာသီ .."

ဒေါ်သဲနှစ် က ခေါ်ရင်း လက်နဲ့ပါ လှမ်းတားသလိုပြု၍ ..၊

"ခုပဲ မင်းအကြောင်း ကိုလင်းမောင် ပြောပြနေတာ .."

လူကြီးဘက်ကိုလှည့်တော့ မျက်ဝန်းတွေကိုလွှဲထားမိပေမယ့် မျက်နှာတင်းနေတာကို ပြန်လျှော့လိုက်ရင်း ..၊

"ဟုတ်ပါတယ် အန်တီ .. ကျွန်တော် ရုတ်တရက်သွားလာရခက်ခဲနေလို့ လိမ်ညာပြီး .."



"အိုကွယ် .. အဲ့ဒီအပိုင်းတွေကို ထည့်ပြောမနေပါနဲ့တော့၊ ရွှေထုပ်ထင်ပြီး မက်မက်မောမောပြေးကောက်လိုက်မိပေမယ့် အမှိုက်ထုပ်ဖြစ်နေတတ်သလိုပဲ၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံကြခြင်းဆိုတာ ပဋ္ဌာန်းဆက်ရှိခဲ့တဲ့အတိုင်းပါ၊ အန်တီတို့ ရုတ်တရက် ထုပ်ပုရှုပ်ထွေးပြီး အားလုံးအတူတူလိုပဲ ပြောဆိုခဲ့မိတယ်၊ အဲ့ဒါအတွက် စိတ်မကောင်းပါဘူး .."

"ဟုတ်တယ် ညီလေး .. အန်တီတို့မိသားစုက သဘောထားပြည့်တဲ့လူတွေပါ၊ စိတ်ထားလည်း နူးညံ့ကြတယ်၊ ချင်း အပေါ်မှာ ဘယ်လောက်သည်းခံနားလည်ပေးခဲ့သလဲ ညီလေး အမြင်ပဲ၊ ငါ့ညီက လူဆိုးလည်းမဟုတ်ဘူးလေ၊ ရှေ့လျှောက် မိတ်ဆွေရင်းတွေလို ဆက်ဆံသွားကြရင် မကောင်းဘူးလား .."

ဦးမြင့်မောင် ကလည်း နေရာသီ ကို မော့ကြည့်ရင်း ခေါင်းညိတ်နေသည်။

"အစ်ကိုပြောတာက ရန်သူတွေလည်းမဟုတ်ကြဘူးမို့လား .. အမုန်းနဲ့ လမ်းမခွဲဘဲ အချစ်နဲ့ ခွဲခွာကြရင် ဘယ်အချိန်မှာဖြစ်ဖြစ် မိတ်ဆွေကောင်းအဖြစ် သတိတရရှိကြတာပေါ့ .."

နေရာသီ အကြည့်တွေ အနှစ် ဆီ ရောက်သွားသည်။ မျက်လုံးချင်းဆုံပြီးမှ အနှစ် က မျက်နှာလွှဲ၏။

"အန်တီတို့ကလည်း မိတ်ဆွေကောင်းကို ရတနာပစ္စည်းထက် မက်ပါတယ်၊ လူလေးက ဟိုကအမှုကိစ္စတွေ အဖြေမှန်ပေါ်သွားပြီးတာတောင် အန်တီတို့ကို ပစ်မထားခဲ့ဘဲ ကူညီနေခဲ့တာသိရတော့ ကျေးဇူးတင်ပါတယ်ကွယ် .."

"အန်ကယ်လ်က မင်းရဲ့ အပြုံးတွေကိုမြင်ပြီး ရန်ဘက်ချင်းပြောင်းလဲသွားပြီပေါ့ .."

ဦးမြင့်မောင် က ဆိုဖာမှာ သက်တောင့်သက်သာမှီနေရင်းကနေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ရေရွတ်သလို အသံတိုးတိုးနှင့် ...၊

"ဟွန်း .. ပြောင်းပြန်ဆန်တတ်တဲ့ ရေတံခွန်ဆိုတာမရှိဘူး၊ မေတ္တာတရားကလည်း အသွားအပြန်ရှိတယ်ဆိုပေမယ့် မေတ္တာပေးတိုင်း မေတ္တာပြန်လာတာမှမဟုတ်ဘဲ၊ ငါတို့ရလိုက်တာကတော့ နုံးတင်မြေနုလောက်တောင် အသုံးမဝင်တဲ့ အမှိုက်နဲ့ ကျောက်ခဲသလဲတွေပါ .."

"ဒါကို ဒီလိုမတွက်ဘဲ အန်ကယ်လ်တို့ မေတ္တာစေတနာမှန်ခဲ့လို့သာ ကူညီမယ့်သူ ပေါ်လာတယ်လို့ မှတ်လိုက်ပါ အန်ကယ်လ် ...၊ ဘုန်းကံကြီးမြတ်သူရဲ့နားမှာ သူယုတ်မာမနေနိုင်ဘူးတဲ့၊ အားလုံးလည်း သူ့လမ်းသူသွားပါပြီ .."

ပြောပြရင်း ကိုလင်းမောင် က နေရာသို့ ပခုံးကိုဖက်လိုက်ပြီး ...၊

"ငါ့ညီကတော့ အစ်ကိုတို့အတွက်ရော အန်တီတို့မိသားစုအတွက်ပါ ကံကောင်းခြင်းလက်ဆောင်တွေကို ပေးတဲ့သူပါ၊ အခုအားလုံးလည်း နားလည်သွားကြပြီဆိုတော့ .."

"ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ .. အန်ကယ့်လ်ကိုရော .."

ကိုလင်းမောင် စကားမဆက်နိုင်အောင် ကြားဖြတ်နှုတ်ဆက်၍ အနှစ် ဘက်ကိုလှည့်ကာ ...၊

"ကျေးဇူးပဲ ပြန်လိုက်ပါဦးမယ် .."

"ဘာကိုကျေးဇူးလဲ .."

အနှစ် စိတ်တိုကာ ငေါက်ဆက်ဆက်ပြန်မေး၏။

"ကျေးဇူးရှင်ကြီးလို့ အားလုံးက ဝိုင်းပြောနေလို့ ကျွန်မကပါ ကျေးဇူးတင်စေချင်တာလား .."

"အဲဒီလိုပြောမလာသေးတာကို ကျေးဇူးတင်တာပါ၊ ပြောပြီးရင်တော့ တင်စရာမလိုတော့ဘူး .."

သူ ချာခနဲလှည့်ဆင်းသွား၏။

"ဟာ .. ညီလေး .. ဟေ့ .."



"ကျေးဇူးတွေထပ်တင်နေဦးမယ် အစ်ကိုလင်းမောင် .. သွားပါစေ .."

သူမစကားသံကြောင့် ပေါ်တီကိုအောက်ရောက်ကာမှ နေရာသီ ခြေလှမ်းတုံ့သွားသည်။

ပြီးတော့ နှုတ်ခမ်းခပ်လွန့်လွန့်နှင့်ပြုံးရင်း ဒီတိုင်းလျှောက်ထွက်လာခဲ့၏။

သူ့ခြေထောက်တွေ ဘယ်ကိုပဲလှမ်းနေနေ ဘယ်နေရာထိပဲ ရောက်သွားပါစေ သူ့စိတ်ကတော့ ဘယ်ကိုမှ ရွေ့လျားနိုင်မည်မထင်ပါ ...။

နေကမ္ဘာ

ရေကမ္ဘာ

မင်းရှိတဲ့ ကမ္ဘာမြေ .. မှ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"မေမေ .. ဖေဖေအိပ်သွားပြီလားဟင် .."

"အိပ်ချင်မှလည်း အိပ်မှာပေါ့ သမီးရယ်၊ မေမေ့ကို နားစေချင်လို့ အိပ်သလိုနေလိုက်တာလည်း ဖြစ်နိုင်တာပဲ .."

မိုးသက်လေလေး စိမ့်လာသဖြင့် ဒေါ်သဲနှစ် က မျက်နှာကို ဟိုကြည့် ဒီကြည့်သလို လှည့်ပတ်မျှော်၍ သိုင်းခြုံထားသည့် တဘက်ကို ပို၍လုံအောင် ဆွဲတင်သည်။

"ဘယ်မှာ မုန်တိုင်းရှိနေသလဲ မသိဘူး၊ တစ်နေကုန်အုံ့နေတဲ့ မိုးက တစ်ချက်မှ မလင်းဘူး .."

"မေမေ .."

"ဟင် ..."

"မေမေ .. သမီးကို တစ်ခုခုပြောချင်နေတာလားဟင် .."

ဒေါ်သဲနှစ် က အနှစ် ပြောလိုက်မှ မျက်လုံးချင်းဆုံကြည့်ကာ ...၊

"ဘာဖြစ်လို့လဲ သမီး .."

"မေမေ မျက်နှာမကောင်းတာ သမီး သိတယ်၊ ဖေဖေရောပဲ - ဖဲဖေက နဂိုတည်းက စိတ်ထိခိုက်နေတာ သမီး နားလည်တယ်၊ ဒါပေမယ့်



အခု မျက်နှာပျက်နေတာက အဲ့ဒါတွေနဲ့ မတူဘူး .."

ဒေါ်သဲနှစ် မျက်နှာ ငိုင်တွေသွားခဲ့၏။ အနှစ် က မိခင်ဖြစ်သူကို လက်တစ်ဖက်ကနေ ဆွဲခေါ်လာခဲ့ရင်း အခန်းထဲရောက်မှ သူမ အိပ်ရာပေါ်မှာ ထိုင်စေကာ ..၊

"သမီးကို စိတ်တိုင်းမကျတာတစ်ခုခုဖြစ်နေတယ်မို့လား မေမေ- အဲဒါကိုပြောပြပါ .."

"မရှိပါဘူး သမီးရယ် .. မေမေတို့မှာသာ .."

"အဲဒါတွေတော်ပါတော့ မေမေရယ်၊ သမီး နားလည်တယ်လို့ ပြောပြီးပြီပဲ၊ အန်တီခင် တို့နဲ့ ဖြစ်ခဲ့တဲ့ပြဿနာမှာ သမီးပြောတာတွေက ဘာအမှားပါသွားလို့လဲ .."

"သမီး ဘာမှမမှားဘူး၊ ပြောသွားတာတွေပဲမို့လို့ သမီးဖေဖေ ကိုယ်တိုင် သမီးပြောရမယ့်စကားတွေ သူ ဝင်ပြောခဲ့တာပဲ၊ မေမေ့စိတ်ထဲမှာ လိုအပ်သလို ဖြစ်နေတာတစ်ခုပဲ .."

"ဘာလဲဟင် .."

ဒေါ်သဲနှစ် က ပါးစပ်ပြင်လိုက်ပြီးမှ သက်ပြင်းအရင်ချသည်။ ပြောချင်ပေမယ့် ပြောရခက်နေသလိုရှိလျက် ..၊

"မေမေတို့ သမီးဆန္ဒကို နောက်ထပ် ဖျက်တာပြင်တာတွေ လုပ်မပေးချင်တော့ပါဘူး၊ ဒါကြောင့် နောက်တစ်ခါထပ်ပြီး စွက်ဖက်သလို ဖြစ်သွားမှာစိုးတယ် .."

"ဘယ်နှစ်ခါဖြစ်ဖြစ် စွက်ဖက်လို့ရပါတယ် မေမေ၊ ရန်ဘက်ချင်းကို ပြန်လက်ခံလိုက်ပါဆိုတဲ့စကားမျိုး မေမေတို့ ဘယ်တော့မှ ပြောမှာမဟုတ်ဘူးဆိုတာ သမီး ယုံကြည်တယ်၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ်ပြောပါ .."

ဒီလိုမပြောဘူးဆိုသည့် အကြည့်တို့နှင့် ဒေါ်သဲနှစ် က ခေါင်းတွင်တွင်ခါပြရင်း ..၊

"မပြောပါဘူး သမီးရယ် .. ရန်ဘက်ချင်း အကြောင်းကို သမီး

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း နောက်ဘယ်တော့မှ စကားထဲပါမလာစေနဲ့လို့ မှာထားတယ်၊ ဒါပေမယ့် နေရာသီ ကတော့ ရန်ဘက်ချင်း နဲ့ လူတူပေမယ့် စိတ်အခြေခံကွဲပြားတဲ့ကောင်လေးပါ ..”

အနှစ် မျက်နှာလေးကို ပြန်ကြည့်လိုက်ပြီးမှ ပြုး၍ ...

“မေမေ တွေးနေတာကလေ သမီးရဲ့ အရှက်ကိုလည်း သူ ကာကွယ်ပေးခဲ့တယ်၊ ရန်ဘက်ချင်း ကသာ ဒီလိုလူမဟုတ်ခဲ့ဘူးဆိုရင် သူ ကာကွယ်ပေးသွားတာ ဘယ်လောက်ကျေးဇူးတင်ဖို့ကောင်းသလဲ ..”

“မေမေတို့လည်း ကျေးဇူးတင်ကြောင်း ပြောလိုက်တာပဲ မေမေရယ်..”

“ကျေးဇူးတင်ရခြင်းအကြောင်းက ဈေးအပြန်ဆွဲခြင်းတောင်းလေး ဝိုင်းကူဆွဲပေးတာမျိုး မဟုတ်ဘဲ သမီးရယ်၊ အဲ့ဒီညကဆို သမီးကို သူ ဘယ်လိုခဲခဲယဉ်းယဉ်းကယ်တင်သွားခဲ့သလဲ ဒါတွေ သမီးပြန်ပြောလို့ မေမေတို့သိတာပါ၊ မေမေတို့ကတော့ ထိုင်ပါဦး .. နေပါဦးတောင် မပြောခဲ့မိဘူးလေ ..”

“အဲဒါကလည်း သမီးတို့ ရှင်းနေရတဲ့ပြဿနာကို သူသိတာပဲ၊ အစ်ကိုလင်းမောင် ကလည်း ပြောပေးနေတယ်၊ သူ့ကို သမီးတို့က အကူအညီခေါ်တောင်းခဲ့တာလည်း မဟုတ်ပါဘူး မေမေရယ်၊ ကူညီပေးခဲ့တာ မှန်ပေမယ့် ..”

“ဘယ်လိုပြောလိုက်တာလဲ သမီး .. ကျေးဇူးတရားဆိုတာ သူ့ကျေးဇူးကိုမှတ်ထားရတယ်၊ ကိုယ့်ကျေးဇူးနဲ့ ပြန်ချေဖို့မတိုင်းတာရဘူး..”

“မဟုတ်ပါဘူး .. အဲ့လိုပြောတာလည်းမဟုတ်ဘူး .. ဟို ..”

“မေမေကလည်း တမင်တကာပုံကြီးချဲ့တွေးနေတာ မဟုတ်ဘူး သမီး .. ပြဿနာရှိနေတာမှန်ပေမယ့် ခုနေ အိမ်မှာ ဒီကောင်လေးရှိနေရင် သမီးဖေဖေ စိတ်ခံစားရသက်သာမလားလို့ ..”

“ဘယ်လို ...”

“တွေးကြည့်တာပါ၊ ချင်း က ဆိုးပေမယ့် သူက လူကောင်းလေးလေ၊ ချင်း ကြောင့် ကြေကွဲနေတဲ့စိတ်က နေရာသီ နဲ့ဆို ဖြေသိမ့်သလို ဖြစ်မလားလို့ပါ ..”

“မဖြစ်နိုင်တာ မေမေရယ်၊ အန်တီခင် အဲ့လိုဖြစ်စေချင်နေတာကို သမီးတို့က ဖြစ်ပေးစရာလား ..”

“သူ ဖြစ်စေချင်တာ မေမေတို့ မိသားစုအတွက်မဟုတ်ဘူး သမီး၊ သူ့သားရဲ့ ဆိုးသွမ်းမှုတွေကို နေရာသီ ရဲ့ ပုံတူနဲ့ ဖာထေးချင်တာ၊ ဒီမှာ နေရာသီ ကို ထားလိုက်ရင် သူ့သား ဘာဖြစ်နေသလဲဆိုတာ ဘယ်သူမှ မသိတော့မယ့်အပြင် ဒီကောင်လေး အချိုးပြောင်းသွားပါလားလို့ ထင်သွားကြမှာလေ၊ သူ့အတွက် သူ ကြည့်တာပါ ..”

“ဘာပဲဖြစ်ဖြစ် မေမေ ..”

“သမီး သိလား .. ဒီလုပ်ငန်းတွေအပိုင်လွှဲပေးခဲ့မယ်၊ လုပ်ငန်းနဲ့ ပတ်သက်သမျှ ဘတ်ဂျက်တွေလည်း ပေးဦးမယ်နဲ့ နေရာသီ ကို ခင်နှောင်းက စည်းရုံးထားသေးတယ် ..”

“ပြောဆိုနေကြတုန်းက ကြားလိုက်သလိုပဲ ..”

“မေမေတို့ကို မောင်လင်းမောင် သေချာပြောပြတယ်၊ ခင်နှောင်းက မြန်မာပြည်ကို အားချင်းရောက်လာပြီး ဒီကိစ္စတွေ လူမသိခင် သူ့သားလွှတ်အောင် အင်အားဖိဖို့ကြိုးစားတာ၊ မေမေတို့ မသိရသေးခင်တည်းက သူက မောင်လင်းမောင် ကို မေးပြီးပြီ၊ ဒါကြောင့် နေရာသီ ကို ကြိုသိပြီး လူချင်းလည်းသွားတွေ့ခဲ့တယ်၊ ဖုန်းနဲ့လည်း ပြောနေကြတယ် ..”

“သူတို့ ဒီလောက်တောင် သေးသိမ်မယ်လို့ မထင်ဘူးနော် ..”

“ဟုတ်တယ် .. မေမေတို့ဘက်မှာ ဘယ်လိုနေနေ သူ ဖြစ်ချင်တာကို ဖြစ်ဖို့ နေရာသီ ကိုပဲ အတင်းစည်းရုံးနေတာ တို့မိသားစုထဲမှာ ရန်ဘက်ချင်း အသွင်နဲ့ လူကောင်းသူကောင်းလိုနေပေးဖို့ အပြင်းအထန်ကြိုးစားတယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီထိရောက်လာတာက သူ့ဆီက အဖြေရပြီးလို့ပေါ့ .."

"မဟုတ်ဘူး သမီး .. နေရာသီ က လက်မခံဘဲ တင်းနေတာ၊ သမီးကြောင့်မှန်း နားလည်သွားတဲ့ပုံပဲ၊ သမီးက အစကလို့ ပြန်နားလည်သွားလို့ ဒီဘက်ပြန်ရောက်လာတာ၊ နောက်တစ်ခုက သူ မေမေတို့နဲ့ စည်းလုံးဖို့မကြိုးစားချင်တော့တာလည်းပါမယ်၊ ချင်း ကို သမီး ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်တော့ဘူးဆိုတာ သိနေလို့လေ .."

ဒေါ်သဲနှစ် က အနှစ် မျက်နှာလေးကိုကြည့်ပြီး နဖူးဆံစလေးတွေကို သပ်တင်ပေးရင်းပြုံးလိုက်သည်။

"ကဲ .. ကဲ .. ပြတင်းတံခါးတွေသွားစစ်လိုက်ဦး၊ အိပ်ပျော်နေပျော်ကျမှ မိုးရွာနေရင် အိမ်ထဲကို မိုးပေါက်စင်ဦးမယ်၊ နုနု က စိတ်ချရတာမဟုတ်ဘူး .."

ပြော၍ ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ ပြန်ငုံ့ကြည့်ကာ ..၊

"မေမေကတော့ ကိုယ့်အတွက်ကိုယ်လုပ်တာမှာ သူများဘာပြောမလဲလို့ ပြန်ကြည့်နေစရာမလိုဘူးထင်တာပဲ .."

"မေမေက သူ့ကို ဧည့်ဝတ်မကျေလိုက်ရလို့ စိတ်မကောင်းဖြစ်နေတာလား .. ဒါမှမဟုတ် ဖေဖေက ပြောလို့လား .."

"မေမေတို့ ဘာပြောချင်ပြောချင် သမီးပြောတဲ့ စကားတစ်ခွန်းနဲ့မတူဘူးလေ .. သမီး စိတ်ကသိကအောက်မဖြစ်ဘူးဆိုရင်တော့ မေမေတစ်ခုပြောချင်တယ် .."

အနှစ် က ကြည့်နေရင်း ခေါင်းညိတ်ပြလျှင် ..၊

"သမီး သူ့ကို ဆက်ဆံလိုက်တဲ့ပုံစံ နည်းနည်းတော့ ရိုင်းတယ် သမီး .."

အနှစ် ဘာမှမပြောလိုက်နိုင်ပေ ..။

ခဏရပ်နေပြီး ဒေါ်သဲနှစ် ထွက်ခွာသွားခဲ့၏။ နောက်ဆက်တွဲ ဘာမှမပြောဘဲ ထွက်သွားတာမို့ သူမ ဒေးကြောင်ကျန်ရစ်ခဲ့၏။



တကယ်ဆို သူမရင်ထဲမှာ တစ်စုံတရာပျောက်ဆုံးသွားခဲ့သလို လစ်ဟာလျက် အချိန်တိုင်း သူ့အကြောင်းပဲတွေးနေမိတာ ကိုယ့်ကိုယ်ကိုယ် ဟောင် မှန်းမိပါ၏။

သူမ ရန်ဘက်ချင်း ကို နောက်ဘဝအထိ သတိမရချင် ..။ ထိုယောက်ျားနဲ့ တူနေသူကိုတော့ ဘာဖြစ်လို့ မေ့မရနိုင်တာလဲ ..။ တံခါးတွေ စစ်ရမည့်တာဝန်ကို မေ့လျော့ကာ အဖြေမသိချင်တဲ့ မေးခွန်းတွေမေးနေမိသည်။

သူ ကျန်ခဲ့သည့် ဖုန်းကို ထုတ်ယူကြည့်နေမိရင်း ခေါင်းရင်းဘက်ဝရန်တာဘက်ကို ထွက်လာမိ၏။ မိုးသက်လေရှိနေပေမယ့် ညဝတ်ရင်ဖုံးအကျီအထူကြီးဝတ်ထားတာမို့ သိပ်တော့မအေးပါ။

ပြီးတော့ တိမ်ညိုတို့ရဲ့နောက်က လရောင်ခပ်ဝါးဝါးကိုမြင်နေရသေးသဖြင့် မိုးရွာနိုင်သည့်အရေးကလည်း ခေါင်းထဲမရှိ ..။

ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ရုတ်တရက်လန့်သွား၏။ ကိုင်ထားသည့်ဖုန်းက ထမြည်လာသောကြောင့် အံ့သြကာ မက်ဆေ့ချ်ကိုဖွင့်ဖတ်လိုက်မိ၏။

"အနှစ် .. ကိုယ်ဖုန်းခေါ်လိုက်ရင် ပြန်ပြောမှာလား .."

ဖတ်ကြည့်ပြီး အနှစ် မျက်နှာလေးတင်းသွားသည်။ စိတ်ထဲမှာဘယ်လိုပဲခံစားနေရပါစေ အသံကြားလိုက်တော့ မကျေနပ်ခြင်းက တစ်က ပြန်စ၏။

ထိုအခါ သူမ ဘာကြောင့် ဒေါသထွက်ရသလဲဆိုသည့် မေးခွန်းအတွက် အဖြေတစ်ခါတည်းရလေသည်။ အားလုံးရှေ့မှာတော့ မာနကြီးတစ်ခွဲသားနဲ့ ပြတ်ပြတ်သားသား ထွက်သွားခဲ့ပြီး .. ခုမှ ..၊

ကလေးလို ခြေထောက်ဆောင့်အော်ပစ်ချင်မိ၏။ ထိုစဉ် ဖုန်းခေါ်သံ ပေါ်လာသဖြင့် ချက်ချင်းပိတ်ပစ်လိုက်၏။

နောက်ထပ်တစ်ခါ မက်ဆေ့ချ်သံဝင်လာလျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမပြောချင်ရင်လည်း Viber မှာတော့ ပြောခွင့်ပေးပါ Please.."

ဘာလဲ သူ့ဖုန်းကို ဒီက ကောက်ရထားတာ သိထားလို့လား ..၊ ကိုယ်ကိုင်ထားကာမှ တိုက်တိုက်ဆိုင်ဆိုင် ..။

မနေနိုင်သည့်စိတ်ကို ဘယ်ကြိမ်လုံးနဲ့ ဆုံးမရမှန်းမသိပေ ..။ သူမ Viber ဖွင့်လိုက်မိ၏။

"မင်းကို အရမ်းသတိရတယ် အနှစ် .."

သေလိုက် ..၊

အနှစ် စိတ်တိုသွားမိ၏။ ပြီးတော့ ပြန်ရိုက်ထည့်လိုက်သည်။

"ကျွန်မကတော့ သတိမရဘူး .."

"ကိုယ့်ဖုန်းကို ကိုင်ထားပြီးတော့လား .."

ဟင်!..၊

အနှစ် မျက်လုံးဝိုင်းသွားသည်။ မဖြစ်နိုင်မှန်းသိလျက်နှင့် ပတ်ဝန်းကျင်အမှောင်ထုထဲကို ကျီးတည့်ကြောင်တည့်ဖြစ်ရလျက် ..၊

"ဒီဖုန်း ကျွန်မ ကောက်ထားတာ ရှင် ဘယ်လိုသိလဲ .."

"ဒီလိုပဲ ..."

"သေချာဖြေစမ်းပါ .."

"ဒါဆို ကိုယ်မေးတာရော သေချာဖြေမလား .."

ကျွတ် ..၊

စာတွေရိုက်နေရတာ စိတ်တိုတာလောက် မမြန်ဘူးဖြစ်နေသဖြင့် ဒေါသထွက်လာ၏။

"မမေးနဲ့ .."

"ဟုတ်ပါပြီ မမေးတော့ဘူး၊ မင်းဆီမှာ ကိုယ့်ဖုန်းရှိတာ၊ အဲဒီညတည်းက သိတယ်လေ၊ အိမ်ထဲမှာပဲ ကိုယ်ရှိနေတာကို .."

အနှစ် ရင်ထဲမှာ ညှို့သက်ခြင်းတွေ ချက်ချင်းဝင်ရောက်လာခဲ့၏။ ရန်ဘက်ချင်း ရောက်လာတာနဲ့ သူ ပုန်းကွယ်နေခဲ့သည်။ ကိုယ့်ကို



စော်ကားဖို့ကြံသည့်အချိန်မှာ သူ ဝင်ကယ်ခဲ့လို့သာ ..။

"ရှင့်ကို ကျေးဇူးတင်ပါတယ် .."

"ကိုယ်လိုချင်တာ အဲဒါမဟုတ်ဘူး .."

"ကိုယ်လိုချင်သမျှ ရနေတဲ့လူမရှိဘူး .."

"ကိုယ်က အများကြီးလိုချင်တာမှမဟုတ်ဘဲ .."

"ရှင် .. အခု ကားပေါ်မှာလား .."

"အင်း ..."

"ကိုယ်သွားစရာရှိတာ အေးဆေးသွားပါ၊ ပျင်းပျင်းရှိတာနဲ့ စာတွေ ထိုင်ရိုက်နေတာလား .."

"ဒီလောက်နေလို့မရအောင် လွမ်းနေတာ ဘယ်မှာ ပျင်းချိန်ရှိလို့လဲ .."

"ရှင် ခုထိ အတိတ်မေ့နေတုန်းပဲလား နေရာသီ .."

"ဘာဖြစ်လို့လဲ .."

"ရှင် ကျော့ကျော့မော့မော့လေး ထွက်သွားပြီး ခုတော့ လွမ်းနေရပြီဆိုတာ .."

"ကိုယ့်နှလုံးသားတစ်ခုလုံးထားခဲ့ရတာကို ကျော့ကျော့မော့မော့ ထွက်သွားနိုင်မလား .."

"သွေးတိုးစမ်းမနေနဲ့ နေရာသီ .. ရှင့် မျက်နှာကြီးကိုမြင်လိုက်ရရင် ခုလိုတောင် ရှင့်ကို ပြန်ဖြေနေမှာမဟုတ်ဘူး .."

"မျက်နှာက ချစ်တာမဟုတ်ဘူး နှလုံးသားနဲ့ ချစ်တာ .."

"ကျွန်မ out တော့မယ် .."

"အရမ်းချစ်တယ် အနှစ် .."

စာကြောင်းလေးကို ဖတ်လိုက်ရတာတောင် ရင်ထဲမှာ ဖျင်းခနဲ နွေးသွား၏။ သို့သော် မိုးစက်တွေက နွေးခွင့်မပေးဘဲ တဖြောက်ဖြောက် ကျလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် နောက်ထပ်ဝင်လာတော့လည်း 'မင်းကိုအရမ်းချစ်တယ်' ပဲဖြစ်နေ၏။ သူမ ဘာမှပြန်မပို့ပေမယ့် တကယ်တမ်းလည်း မဟ နိုင်ဘဲ ဒီတိုင်းငေးကြည့်နေခဲ့မိ၏။ မိုးစက်တို့က ပို၍စိပ်လာစဉ် ...။

"မိုးရွာလာပြီ .. မင်း အထဲဝင်တော့လေ .."

ဟင်!...၊

အနှစ် ကိုယ်လေးတောင့်မတ်သွား၏။ သူမ ဝရန်တာမှာ ထွက်ရပ်နေတာကိုသိတဲ့အထိတော့ တိုက်ဆိုင်တာမဖြစ်နိုင် ...။ ခြံထဲမှာ မီးတိုင်တွေရှိပေမယ့် ခြံရှေ့လမ်းပေါ်မှာက အလင်းရောင်မရှိပေ ...။

အနှစ် ဖျတ်ခနဲပြန်လှည့်ကာ အတွင်းနံရံက မီးခလုတ်ဟစ်ခုကို ဖွင့်လိုက်၏။ ပြီးတော့ ဝရန်တာကနေ ပြန်ထွက်ကြည့်လိုက်လျှင် ခြံတံတိုင်းက မီးရောင်တွေဖြာလျက် အိမ်ရှေ့မကျတကျမှာ ရပ်ထားသည့် ကားတစ်စီးကို မြင်လိုက်ရ၏။

ဒီထဲမှာ သူ ရှိနေတာလား .. မဖြစ်နိုင်ဟာ ...။

သူ ပြည်ကိုပြန်သွားပြီပဲ ...၊ ခုန ကားပေါ်မှာလားလို့မေးတာတောင် ဟုတ်တယ်လို့ဖြေခဲ့သေးသည်။

ထိုစဉ် မက်ဆေ့ချ်ဝင်လာပြန်ကာ ...၊

"မင်း ဝင်တော့လေ .."

အနှစ် ချက်ချင်းပြန်ရိုက်လိုက်၏။

"ရှင် ဘယ်မှာလဲ .."

"ကားပေါ်မှာ .."

"ကားက ဘယ်ရောက်နေပြီလဲ .."

"မင်း အိမ်ရှေ့မှာပဲ .."

ဘုရား!...၊

အနှစ် ကားဆီကို လှမ်းကြည့်မိပြန်ကာ ...၊

"ရှင် ပြန်သွားပြီဆို .."



"မပြန်ဖြစ်ဘူး .. ကားဂိတ်ရောက်မှလေ၊ တစ်ရက်နေ့ နဲ့ နှစ်ရက်နေ့မှားပြီး မှတ်ထားလို့တဲ့၊ ကိုယ်ဝယ်တဲ့နေ့က မနက်ဖြန်မှ ဖြစ်နေလို့.."

အနှစ် စိတ်မရှည်တော့ဘဲ ဖုန်းခေါ်လိုက်မိ၏။

"ရှင် အချိန်မတော်ကြီး ဘာလာလုပ်တာလဲ ဟင် .."

"ဘယ်လိုမှ မနေတတ်လို့ .."

"ရှင် မနေတတ်တိုင်း ဒီလိုလာလုပ်လို့ရမလား၊ ဘေးပတ်ဝန်းကျင် မြင်ရင် မကောင်းဘူး .."

"လောလောဆယ်တော့ ရန်ဘက်ချင်း ဆိုတဲ့ကောင် သူ့မိန်းမစိတ်ဆိုးနေလို့ ချော့နေရတယ်ပဲထင်လိမ့်မယ်ကွာ .. ဒီတစ်ညတော့ ထင်ချင်သလိုထင်ပါစေ .."

"အို .. အထင်မခံနိုင်ဘူး .. ရှင် ပြန်တော့ .."

"ကိုယ့်ကား ထွက်လို့မရတော့ဘူး .."

"ဘာ!..."

အနှစ် လှမ်းကြည့်နေစဉ် သူက ကားမီးဖွင့်လိုက်သဖြင့် ပတ်ဝန်းကျင်မှာ လင်းထိန်သွားသည်။ ဒါပေမယ့် ချက်ချင်းပြန်ပိတ်လိုက်သဖြင့် မှောင်ကျသွား၏။

သူ့ကား ပြိုင်ကားလေးကိုတော့ သူမ သေချာမြင်လိုက်ရလေသည်။

"ပြိုင်ကားမောင်းပြီး ဘာလို့ထွက်မရတာလဲ .."

"ဆီကုန်တာထင်တယ် .."

"ဖြစ်နိုင်တယ် ဒီအိမ်ရှေ့ထိ အရောက်ပို့ပြီးမှလေ .."

"ဟွန်း .. ကိုယ်တကယ်ပြောနေတာ .."

မိုးကလည်း အမှန်တကယ်ရွာချလာလေသည်။ အနှစ် ခေါင်းမိုးစွန်းထိ ဆုတ်လိုက်ပြီးမှ ...၊

"မိုးရွာနေပြီ .. ရှင့် ဘယ်လို .."

သူ့ကို စိတ်ပူနေပါလားဆိုပြီး အခွင့်အရေးတွေ ထပ်ဆိုလာမှာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောမယ့်စကားက ထစ်ငေါ့နေ၏။

"အနှစ် မင်း အိမ်ထဲဝင်တော့လေ .. ဖုန်းတော့မချနဲ့နော် .."

"ရှင့် .. ရှင် ဘယ်လိုလုပ်မှာလဲ .."

"ကိုယ်လား .. ဘာမှမဖြစ်ဘူး၊ မိုးရွာထဲမှာ ဘောလုံးကန်နေကျ.."

"ကျွန်မ ခြံစောင့်ကိုပြောလိုက်မယ်၊ အိမ်ထဲဝင်ခဲ့ .."

"ဝင်လာလို့ရမှန်း ကိုယ်သိပါတယ်၊ ဒါပေမယ့် မဝင်ချင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ကိုယ် ညှို့သည်မလုပ်ချင်လို့ .."

မိုးက ခပ်စိပ်စိပ်ရွာလာသဖြင့် အနှစ် ဖုန်းကိုင်ထားရင် ရှေ့ကို ပြေးထွက်ကြည့်မိပြန်သည်။ သူက စခရင်နီလင်းနေသည့် ဖုန်းကို ကိုင်ပြီး လက်ဗျေ့ပြနေ၏။

ကျွတ် .. ဒီလူ တမင်လုပ်နေတာ ..။

ဒေါသဖြစ်လာတာက ကရုဏာဒေါသဖြစ်မှန်း ကိုယ့်ကိုယ်ကိုယ် နားမလည်ပေမယ့် သူမ ထီးတစ်ချောင်းဆွဲယူပြီး ခြံထဲဆင်းခဲ့မိပြီဖြစ်၏။

မိုးစက်မှုန်များတွေပါသည့်လေက ထီးအောက်ထိ ပြေးစင်လာကြသည်။ လှမ်းနေသည့် ခြေလှမ်းတွေမှာ မိုးစက်တွေစိုလေသည်။

ခြံတံခါးကို ကိုယ့်ဘာသာဖွင့်ပေမယ့် စိုးမြင့် နိုးသွားပြီး ဓာတ်မီးနဲ့ ထွက်လာတာကို မမြင် ..။

"ရှင် ဘယ်လိုစိတ်ကူးတွေနဲ့ အရူးရင့်နေတာလဲ .."

နေရာသီ က ကားကိုမှီလျက် လက်ပိုက်ရပ်နေ၏။ ဘောင်းဘီရှည် အနက် စပို့ရှပ်အဝါရောင်ပေါ်မှာ ဂျာကင်အနက်ကို ထပ်ဝတ်ထားသည်။

ခေါင်းမှာစိုရွှဲနေပြီဖြစ်သည့် ဆံပင်တွေက မျက်နှာပေါ်ထိ ဇွေကျ စိုကပ်နေကြ၏။ ခြံတိုင်က မီးရောင်ကြောင့် ဖြူဝင်းနေသော မျက်နှာက အပြုံးသဲ့သဲ့ကိုပါ မြင်လိုက်ရကာ ..။

"ပြောနေတာ မကြားဘူးလား .. ရှင့်ကို .."



"ကြားတယ် .. ပြန်ဖြေမလို့ မင်း ကိုယ့်နားမရောက်သေးလို့ စောင့်နေတာ .."

ပြောပြီး သူက မတ်မတ်ပြင်ရပ်သည်။ မျက်နှာကနေ ဆံပင်တွေထိ လက်တစ်ဖက်နဲ့ ဖိပွတ်သိမ်းလှန်ပစ်လိုက်ပြီး ..၊

"မင်းကိုချစ်မိတဲ့ စိတ်တွေနဲ့ ကိုယ် အရူးရင့်နေတာ .."

"ရှင် ဘယ်လိုလုပ်တာလဲ .."

"မင်းကို ချစ်တယ် .."

"ဘာလုပ်တာလဲ .. ရှင့်ကို အိမ်ထဲဝင်ဖို့လှာပြောတာ .."

"ညှို့သည်အဖြစ်နဲ့ မဝင်ချင်ဘူးလို့ ကိုယ်ပြောပြီးပြီပဲ .."

နေရာသီ က အနှစ် ရဲ့ ကိုယ်လေးကို ရင်ခွင်ထဲမှာ သိမ်းပိုက်ဆွဲဖက်ထားလိုက်၍ ..၊

"ဆေးမိသွားသလိုပဲ သိလား .. ကိုယ် တကယ်ရူးနေပြီ .."

မိုးစက်တွေက အေးနေပေမယ့် သူ့အနမ်းတွေက နွေးနေသည်။ အနှစ် ကိုင်ထားသည့် ထီးလည်း ဘယ်ဆီလွတ်ကျလွင့်ပါသွားပြီမသိ..။

လမ်းပေါ်မှာဆိုတာလည်း မေ့နေသည်။ မီးရောင်ရှိနေတာကိုလည်း သတိမရ ..။ ထို့ပြင် ပါးစပ်အဟောင်းသားနှင့် ဝေးရင်း နောက်ကို ကဗျာကယာ ပြန်ကွယ်ပုန်းနေလိုက်သည့် ခြံစောင့်စိုးမြင့် ကိုလည်း သတိမထားမိပေ ..။

သူ့ကို ပြန်ဖက်ထားရင်း သူ့ရင်ခွင်မှာ ရွှေပါးအပ်၍ အနှစ် မျက်ဝန်းတွေကို ဖိပိတ်ထားမိသည်။ တစ်ခါတစ်ရံ အချစ်က သူ့ကို လက်သင့်မခံခဲ့ဘဲ ခပ်မိန့်မိန့်နေရာယူတတ်သည်လား ..။

သို့သော် ကိုယ့်ရင်ခုန်သံတွေကိုတော့ အပြစ်ပေးချင်မိသည်။

သူ့ကို သူမ မေ့ပစ်သင့်တာပါ။

ဒါပေမယ့် မေ့လို့လည်းမရ ..၊

ဒါပေမယ့် သူ့ကို မုန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟလို .. ဟလို မေမေကြီး .. ခြံပြင်မှာ မိုးသည်းနေတာလေ၊ အဲဒါ မမလေးနဲ့ အစ်ကိုလေးနဲ့ .."

"ဟဲ့ .. ဘာပြောတာလဲ .. သမီးက အပြင်မှာလား .."

"ဟုတ်တယ် မေမေကြီး .. မမလေးနဲ့ အစ်ကိုလေးနဲ့ .."

"ဘယ်သူ .. ချင်း .. ချင်း လား .."

"မဟုတ်ဘူး .. အစ်ကိုလေး နေရာသီ ပါ၊ အစ်ကိုလေး ချင်း မဟုတ်တာ လုံးဝသေချာပါတယ်၊ ကျွန်တော် သေချာကြီးကို ကြည့်နေတာပါ.."

"မိုးရေကြီးထဲမှာ ခြံပြင်မှာ ဘာတွေပြောနေကြလို့လဲ .. နင်က ဘာရစ်ကြည့်နေတာလဲ .."

"ကျွန်တော် ကြည့်ချင်လို့တော့မဟုတ်ပါဘူး .. ဒါပေမယ့် မမလေးနဲ့ အစ်ကိုလေးနဲ့ .."

"စိုးမြင့် ရေ .."

"ဗျာ ..."

"မင်း .. ငါတို့ခြံထဲဆင်းလာရအောင် လုပ်နေတာလား .. သမီးနဲ့ နေရာသီ ကို ခေါ်လိုက်စမ်း .."

"ဟာ .. အဲ့လိုကြီးတော့ မကောင်းပါဘူး မေမေကြီးရာ .."

"ဘာ!..."

"မမလေးနဲ့ အစ်ကိုလေးနဲ့ ..."

*လရောင်ကျူးရှင့်*

www.burmeseclassic.com